## အခန်း (၁-က) နွေရာသီကျောင်းပိတ်ရက် အကြုံပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ♦ နွေရာသီကျောင်းပိတ်ရက် အတွေ့အကြုံများကို ရုပ်ပုံများ အသုံးပြု၍ ပျော်ရွှင်စွာ ပြောနိုင်ရန် (အပြော)
- ♦ သူငယ်ချင်းများ၏အတွေ့အကြုံများကို နားထောင်ကာ မေးခွန်းများ မေးတတ်ရန် (နားထောင်ခြင်း)

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ "ကလေးတို့ နွေရာသီကျောင်းပိတ်ရက်မှာ ဘာလုပ်ခဲ့သလဲ။ ဘယ်တွေသွားခဲ့သလဲ ဆိုတာတွေကို ပြောကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ ဆရာက မိမိ၏ နွေရာသီကျောင်းပိတ်ရက် အတွေ့အကြုံများကို ပြောပြပါမည်။
- ♦ ကလေးများကိုလည်း "ဘယ်ကိုသွားခဲ့သလဲ။ ဘယ်သူနဲ့သွားခဲ့သလဲ။ ဘာနဲ့သွားခဲ့သလဲ။ ဘယ်အချိန်က သွားခဲ့တာလဲ" စသဖြင့် မေးခွန်းများမေးကာ ကလေးများကို ဖြေစေပါမည်။
- ⊙ ကလေးများ၏ နွေရာသီကျောင်းပိတ်ရက်အကြောင်းကို နှစ်ယောက်တစ်တွဲ ပြောကြားစေမည်။ (အကြောင်းအရာ တစ်ခုထက်ပို၍လည်း ပြောလိုက ပြောနိုင်ပါသည်။)

**နိဂုံးချုပ်ခြင်း**

- ♦ "ကလေးတို့ ပြောပြတဲ့ နွေရာသီကျောင်းပိတ်ရက် အတွေ့အကြုံတွေထဲက ကလေးတို့ အပျော်ရွှင်ဆုံးဖြစ်တဲ့ အကြောင်းအရာတစ်ခုကို နောက်နေ့မှာ ပုံဆွဲပြီး သူငယ်ချင်းအချင်းချင်း ပြန်ပြောကြည့်မယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း ပုံပြင်ပါ ရုပ်ပုံများကိုကြည့်ပြီး ပြန်လည်ပြောပြနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း ၁ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)

### (က) နွေရာသီကျောင်းပိတ်ရက်







### အဓိကအချက်များ

- ♦ ကျောင်းစတင်တက်ရောက်သောနေ့ဖြစ်၍ ကလေးများ ပျော်ရွှင်လာအောင် ကူညီပေးရပါမည်။
- ♦ အတွေ့အကြုံသာမက မိမိ၏ စိတ်ခံစားချက်များကိုပါ ပြောပြစေရပါမည်။
- ♦ နွေရာသီကျောင်းပိတ်ရက်နှင့် ဆက်စပ်သော လွယ်ကူသည့်ပုံကို ရေးဆွဲကာ ထိုပုံအား အသုံးပြု၍ မိမိတွေ့ကြုံခဲ့ရသည်များကို ပြောပြနိုင်ရပါမည်။

### အရေးကြီးသောအချက်များ

- ♦ "သားက သူငယ်ချင်းတွေနဲ့ ကစားခဲ့တယ်။ အလွန်ပျော်ဖို့ ကောင်းတယ်" စသည့် ဝါကျတိုများ သာမက ဝါကျ ၄၊ ၅ ကြောင်းခန့် ပြောနိုင်ရန်လည်း လေ့ကျင့်ပေးရမည်။
- ♦ ဆရာတစ်ဦးတည်းကို ပြောပြသကဲ့သို့ မဟုတ်ဘဲ တစ်တန်းလုံးကို ပြောပြသကဲ့သို့ ပြောရန် လမ်းညွှန်ပေးရပါမည်။
- ♦ ကလေးအချင်းချင်း မေးခွန်းများ မေးမြန်းရာတွင် အစီအစဉ်မကျပါက ဆရာက ဦးဆောင်မေးခွန်း အနည်းငယ်ကို မေးပေးရပါမည်။

DREBox - Copyright Protected

၁။ အသတ်လက္ခဏာသိမှတ်စရာ ဖျည်းနဲ့တွဲကြမှာ (၁)









**အရေးကြီးသောအချက်များ**

- ပုံမှာ ကလေးအဆင့် ရေးဆွဲနိုင်သလောက်သာ ရေးဆွဲသည့် ပုံကြမ်းဖြစ်ပြီး လှပသေသပ်ရန် မလိုပါ။
- အတွေ့အကြုံအားလုံးကို ပုံတွင် ဖော်ပြရန် မလိုအပ်ပါ။ လွယ်ကူသော ပုံသာဖြစ်ရမည်။

**ဆရာ၏အတွေ့အကြုံနမူနာ**

- ဆရာက ဘုရားပွဲကို သွားခဲ့တယ်။ ဘုရားပွဲမှာ ပြဇာတ်ကြည့်ခဲ့တယ်။ ကလေးတစ်ယောက်က ဗိုလ်ချုပ်အောင်ဆန်း လိုဖြစ်ချင်တယ်ဆိုတဲ့ ပြဇာတ်ကောင်းတစ်ခုဖြစ်တယ်။ ဇာတ်စင်ပြင်ဆင်ထားပုံမှာ အလွန်လှပတယ်။ သရုပ်ဆောင်လဲ အလွန်ကောင်းတယ် ဟူ၍ ဆရာက ပြောပါမည်။

**မှတ်ချက်**

- ဆရာ၏ ကိုယ်ပိုင်အတွေ့အကြုံကိုလည်း ပြောပြနိုင်ပါသည်။

## အခန်း (၁-က) နွေရာသီကျောင်းပိတ်ရက်
## အကြံပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- "ပထမအချိန်မှာ ပြောခဲ့ကြတဲ့ နွေရာသီကျောင်းပိတ်ရက်အကြောင်းကို မှတ်မိသေးရဲ့လား။ ဒီအကြောင်းလေးတွေကို ပုံဆွဲပြီး ပြောကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက မိမိအတွေ့အကြုံကို ပုံဆွဲပြရင်း ပြန်လည်ပြောပြပါမည်။
- "ကလေးတို့ရော ဘာပုံဆွဲမယ်ဆိုတာ ရွေးပြီးကြပြီလား၊ ဘာဖြစ်လို့ ဒီအကြောင်းအရာကို ရွေးကြတာလဲ" စသည့် မေးခွန်းများကို မေးမြန်းပါမည်။
- ကလေးများကိုယ်တိုင် ရွေးချယ်ထားသော အကြောင်းအရာတစ်ခုကို သီးသန့်စာရွက်တွင် ရေးဆွဲစေပါမည်။
- ရေးဆွဲထားသော ပုံများ၊ အကြောင်းအရာများကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။ မိမိစိတ်ဝင်စားခဲ့သော အကြောင်းအရာ၊ ပျော်ရွှင်ခဲ့သော အကြောင်းအရာများကို ပြောစေပါမည်။ နားထောင်နေသော ကလေးများထံမှ မေးခွန်းများ မေးလိုပါကလည်း မေးမြန်းစေပါမည်။
- ကလေး ၄၊ ၅ ယောက်ခန့်ကိုလည်း အတန်းရှေ့တွင် ပြောစေကာ အခြားကလေးများကို မေးခွန်းများ မေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများ ရေးဆွဲထားသော ပုံများကို အတန်းထဲတွင် ကပ်စေပါမည်။ (စာသင်ခန်း အခြေအနေပေါ်မူတည်၍) ဆရာက "သူငယ်ချင်းတွေနဲ့ နွေရာသီ ကျောင်းပိတ်ရက်အကြောင်းတွေကို ပြောနိုင်ကြတယ် မဟုတ်လား ကလေးတို့ သူငယ်ချင်းအချင်းချင်း ချစ်ချစ်ခင်ခင် နေကြရမယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မိမိ၏ နွေရာသီအတွေ့အကြုံအကြောင်း ဆွဲထားသောပုံပါ အကြောင်းကို ပြောနိုင်ခြင်း ရှိ၊ မရှိနှင့် သူငယ်ချင်း ပြောသည်ကို နားထောင်ကာ မေးခွန်း မေးနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box — Copyright Protected

## အခန်း (၁-ခ) တောကြီးထဲကဆင်
## အကြံပြုစာသင်ချိန် ၂ ချိန်

### သင်ယူမှုဦးတည်ချက်
- ကဗျာကို ပျော်ရွှင်စွာရွတ်ဆိုရင်း အင် အင့် အင်း သင်ခန်းစာပါ သင်္ကေတများကို မှတ်မိသိရှိလာစေရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- "ကလေးတို့သိတဲ့ တိရစ္ဆာန်လေးတွေရဲ့ အမည်ကို ပြောကြည့်ကြရအောင် အဲဒီအထဲကမှ နှာမောင်းပါတဲ့ တိရစ္ဆာန်က ဘာကောင်လေးဖြစ်မလဲဆိုတာ စဉ်းစား ကြည့်ကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ကလေးများ စဉ်းစားထားသည့် ထင်မြင်ချက်များကို ကလေးအချင်းချင်း ဦးစွာပြောစေပါမည်။
- ထို့နောက် ကလေးတစ်ဦးစီ ပြောစေပါမည်။
- ⊙ ဆရာက ကဗျာကို ရွတ်ဆိုပြပါမည်။ ကလေးများကို လိုက်၍ ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။ ကလေးများ ကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
- ⊙ ကလေးများကို မြန်မာ ဗျည်းအက္ခရာများအား ပြန်လည် ရွတ်ဆိုစေပါမည်။

**နိဂုံးချုပ်ခြင်း**
- ကဗျာလေးကို ရွတ်ဆိုရင်း "အင် အင့် အင်း အသတ်စဉ် လေးတွေနဲ့ ဗျည်းလေးတွေကို တွဲပြီး ရွတ်ဆိုတတ်ပြီ မဟုတ်လား"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- လုပ်ငန်းစဉ်အတွင်း ကဗျာပါ ထင်မြင်ချက်များကို ပြောနေချိန်၊ ကဗျာရွတ်ဆိုနေချိန်၊ အသတ်စဉ်နှင့် ဗျည်းများတွဲကာ ရွတ်ဆိုနေချိန်တွင် ကလေးများ အမှန်တကယ် ပြောနိုင်ခြင်း၊ ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (ခ) တောကြီးထဲကဆင် (ကဗျာ)




### အဓိကအချက်များ
- ကဗျာကို လွတ်လပ်ပျော်ရွှင်စွာ သီဆိုစေပါမည်။

### အရေးကြီးသောအချက်များ
- အင် အင့် အင်း အသတ်စဉ်ကို မသင်မီ အစပျိုးသော ကဗျာဖြစ် ပါသည်။
- ကလေးများ ကဗျာကို ရွတ်ဆိုတတ်ရန်သာ လိုပါသည်။
- ကဗျာကို ရေးသားရန် မလိုပါ။

DBE Box – Copyright Project

## (ဂ) အင် (–င်) အင့် (–င့်) အင်း (–င်း) အသတ်များ သင်ကြားကြစို့လား



❶

| | | |
|---|---|---|
| အင် | အင့် | အင်း |
| –င် | –င့် | –င်း |
| –ဉ် | –ဉ့် | –ဉ်း |



❷

| | | |
|---|---|---|
| ဆင် | ဆင့် | ဆင်း |
| တင် | တင့် | တင်း |
| ထင် | ထင့် | ထင်း |
| နင် | နင့် | နင်း |
| ပင် | ပင့် | ပင်း |

❸

| | | |
|---|---|---|
| စဉ် | စဉ့် | စဉ်း |
| ကျင် | ကျင့် | ကျင်း |
| မြင် | မြင့် | မြင်း |
| ခွင် | ခွင့် | ခွင်း |
| နှင် | နှင့် | နှင်း |



❹ စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ပင် ပင့် ပင်း

စဉ် စဉ့် စဉ်း

## အခန်း (၁–ဂ) အင် အင့် အင်း အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၉ ချိန် (ပထမအချိန်)**

### သင်ယူမှုဦးတည်ချက်

♦ ဗျည်း၊ ဗျည်းတွဲနှင့် အင် အင့် အင်း အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ်ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ
(ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ တောကြီးထဲကဆင် ကဗျာကို ဦးစွာရွတ်ဖတ်စေပြီး "ကဗျာတွင် ပါဝင်သော -င် -င့် -င်း အသတ်သင်္ကေတနဲ့ ဗျည်း၊ ဗျည်းတွဲလေးတွေကို တွဲကာ သင်ယူကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ -င် -င့် -င်း အသတ်သင်္ကေတကို သင်ပုန်းတွင်ရေးကာ ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)

♦ သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။

♦ ❶ ရှိ အသတ်သင်္ကေတ၏ အမည်ကို ဖတ်စေပါမည်။

⊙ ဗျည်းနှင့် -င် -င့် -င်း အသတ်သင်္ကေတ တွဲဖက်၍ ❷ ကို ရွတ်ဖတ်စေပါမည်။

⊙ အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။

⊙ ဗျည်းနှင့် အင် အင့် အင်း အသတ်တွဲဖက်၍ ဆရာကဦးစွာရေးသားပြပါမည်။ ကလေးများကိုလိုက်၍ ကြည့်စေပါမည်။

⊙ ဗျည်းနှင့် အင် အင့် အင်း အသတ် ❷ ကို နှုတ်ဖြင့်ရွတ်၍ ကူးရေးစေပါမည်။

⊙ ကူးရေးစေရာတွင် ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ ကလေးများသင်ကြားပြီးသော ဗျည်းနှင့် အင် အင့် အင်း အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် အင် အင့် အင်း အသတ်အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ

♦ အသတ်သင်္ကေတ -င် -င့် -င်းကို အသံထွက် ရွတ်ဖတ်ပြီး ဗျည်း၊ ဗျည်းတွဲနှင့်အသတ်တို့ ပေါင်းစပ်၍ စကားလုံးများ၊ စာကြောင်းတို့များ ရွတ်ဖတ်ရေးသားနိုင်သည်အထိ သင်ကြားပါမည်။

♦ ဆရာက သင်ကြားရာတွင် စာလုံးပေါင်းနည်းနှင့် အသံထွက်နည်း နှစ်မျိုးကို သင့်လျော်သလို အသုံးပြု သင်ကြားရပါမည်။

### အရေးကြီးသောအချက်များ

♦ အင် အင့် အင်း အသတ်များကို ဥပမာများပေးကာ ရှင်းလင်းပြပါမည်။

♦ တ ဝမ်းပူရေး ငသတ် တင်
တ ဝမ်းပူရေး ငသတ် တင် အောက်ကမြစ် တင့်
တ ဝမ်းပူရေး ငသတ် တင် ဝစ္စနှစ်လုံးပေါက် တင်း
ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့

ဗျည်း + အသတ်

♦ တ + - င် (အင်) = တင်

♦ တ + - င့် (အင့်) = တင့်

♦ တ + - င်း (အင်း) = တင်း

ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

DBE Box Copyright Protected

| | |
|---|---|
| **အခန်း (၁–၈)** | **အင် အင့် အင်း အသတ်များ သင်ကြားကြစို့လား** |
| **အကြံပြုစာသင်ချိန်** | **၉ ချိန် (ဒုတိယအချိန်)** |

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ဗျည်းနှင့် အင် အင့် အင်း အသတ် အတွဲ ❷ ကို ပြန်လည် ရွတ်ဖတ်စေပြီး "ဗျည်း၊ ဗျည်းတွဲနဲ့ -ဉ် -ဉ့် -ဉ်း အတွဲ ❸ ကို ဆက်လက်သင်ကြားမယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- -င် -င့် -င်း (င သတ်) အတွဲနှင့် -ဉ် -ဉ့် -ဉ်း (ဉကလေး အသတ်) သင်္ကေတ နှစ်မျိုး၏ အသုံးပြုပုံကို ရှင်းလင်းပြပါမည်။
- အသတ်သင်္ကေတ ပြောင်းသည်နှင့် အသံ၊ အဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ဗျည်း၊ ဗျည်းတွဲနှင့် -ဉ် -ဉ့် -ဉ်း၊ -င် -င့် -င်း သင်္ကေတတွဲဖက်၍ ❸ ကို ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ဗျည်း၊ ဗျည်းတွဲနှင့် အင် အင့် အင်း အတွဲ ❸ ကို နှုတ်မှ ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

### နိဂုံးချုပ်ခြင်း

- ကဗျာလေးကို ရွတ်ဖတ်ရင်း "အင် အင့် အင်း အသတ်စဉ် လေးတွေနဲ့ ဗျည်းလေးတွေကို တွဲပြီး ရွတ်ဖတ်တတ်ပြီ မဟုတ်လား"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း အသတ်စဉ်နှင့် ဗျည်းများတွဲကာ ရွတ်ဖတ်နေချိန်တွင် ကလေးများ အမှန်တကယ် ပြောဆိုရွတ်ဖတ် နိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (၈) အင် (–င်) အင့် (–င့်) အင်း (–င်း) အသတ်များ သင်ကြားကြစို့လား



❶

| | | |
|---|---|---|
| **အင်** | **အင့်** | **အင်း** |
| **–င်** | **–င့်** | **–င်း** |
| **–ဉ်** | **–ဉ့်** | **–ဉ်း** |



❷

| | | |
|---|---|---|
| ဆင် | ဆင့် | ဆင်း |
| တင် | တင့် | တင်း |
| ထင် | ထင့် | ထင်း |
| နင် | နင့် | နင်း |
| ပင် | ပင့် | ပင်း |

❸

| | | |
|---|---|---|
| စဉ် | စဉ့် | စဉ်း |
| ကျင် | ကျင့် | ကျင်း |
| မြင် | မြင့် | မြင်း |
| ခွင် | ခွင့် | ခွင်း |
| နှင် | နှင့် | နှင်း |



❹ စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ပင် ပင့် ပင်း

စဉ် စဉ့် စဉ်း

## အရေးကြီးသောအချက်များ

- -င် -င့် -င်း (င သတ်) အတွဲနှင့် -ဉ် -ဉ့် -ဉ်း (ဉကလေး အသတ်) သင်္ကေတ ၂ မျိုး၏ အသုံးပြုပုံကို ခွဲခြားသိရှိ၍ အမည်များကို ဖတ်တတ်၊ ရေးသားတတ်ရပါမည်။
- သင်္ကေတပြောင်းသည်နှင့် အဓိပ္ပာယ်ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ဉကလေးသတ် 'ဉ်' သင်္ကေတအသုံးကို ကျောင်းသားကိုင် စာအုပ်တွင် ရေးထုံးအမှန်ဖြင့် ခြေထောက်ရှည်ရှည်ပုံစံဖြင့် ဖော်ပြထားပါသည်။
- သို့သော် ဆရာကိုင်စာအုပ်တွင်မူ ဉကလေးသတ် 'ဉ်' အသုံးကို ပုံမှန် 'ဉ်'အတိုဖြင့်သာ ဖော်ပြထားပါသည်။

DBE Box – Copyright Protected

၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❶

| | | |
|---|---|---|
| <br>မြင်း | <br>တံစဉ် | <br>ဆင် |
| <br>နှင်းဆီပွင့် | <br>ရေအိုးစင် | <br>ထမင်း |
| <br>လယ်ကွင်း | <br>ပုစဉ်း | <br>သဇင် |

❻

| | | | | | |
|---|---|---|---|---|---|
| ထင်း | စင်မြင့် | ဆီးနှင်း | ယဉ်ကျေး | မိခင်ဖခင် | သူငယ်ချင်း |
| ငါးရှဉ့် | မြေပြင် | ပျဉ်ပြား | ရှင်းလင်း | အချိုအချဉ် | အလေ့အကျင့် |

## အခန်း (၁-၈) အင် အင့် အင်း အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ❸ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❶ တွင်ပါရှိသော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ်သင်္ကေတ အသံထွက်အတိုင်း ဖတ်ပြပါမည်။
  ဥပမာ။ ။ မြင်း
  မရရစ် င သတ်မြင် ဝစ္စနှစ်လုံးပေါက် မြင်း ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့
  မြ + -င်း(အင်း) = မြင်း ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါ စကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box – Copyright Protected

## အခန်း (၁-၈) အင် အင့် အင်း အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန်** ၉ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ❸ ❺ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❻ တွင်ပါရှိသော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဌာန်ကို စဉ်းစားစေမည်။
- ကလေးများကို ပြောစေပါမည်။
- ကလေးများပြောသည့် ❻ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ထို့နောက် လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "အင် အင့် အင်း အသတ်နဲ့ဆိုင်တဲ့ စကားလုံးလေးတွေ ရွတ်ဖတ်ပြီး ရေးနိုင်ပြီမဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စကားလုံးများကို သေချာစွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ နှင့် စာလုံးပေါင်း၊ အရစ် အဆွဲမှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)

❺ ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။


မြင်း


တံစဉ်


ဆင်


နှင်းဆီပွင့်


ရေအိုးစင်


ထမင်း


လယ်ကွင်း


ပုစဉ်း


သဇင်

❻

| | | | | | |
|---|---|---|---|---|---|
| ထင်း | စင်မြင့် | ဆီးနှင်း | ယဉ်ကျေး | မိခင်ဖခင် | သူငယ်ချင်း |
| ငါးရှဉ့် | မြေပြင် | ပျဉ်ပြား | ရှင်းလင်း | အချိုအချဉ် | အလေ့အကျင့် |

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box – Copyright Protected

၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၇



မိုးစင်စင်လင်းပြီ။
ပြတင်းများ ဖွင့်ထားပါ။
သတင်းစာ နေ့စဉ်ကြည့်ရှုပါ။
သတင်းထူးလျှင် ပြောပါ။

၈



တွင်းရေ ကြည်လင်၏။
ရေငင်နေသလား။
ရေအိုးကို ပင့်ပေးပါ။
အချင်းချင်း ကူညီရမည်။

၉



ပညာရှိနှင့် ယှဉ်တွဲပါ။
စဉ်းစားတွေးခေါ် ဆင်ခြင်ပါ။
ယဉ်ယဉ်ကျေးကျေး ပြောဆိုပါ။
စည်းမျဉ်းစည်းကမ်းကို လေးစားပါ။

၁၀



လယ်ကွင်းပြင်မှာ ရေဖွေးဖွေး
ပျိုမေလေးများ လယ်ထဲဆင်းကြမည်။
ပျော်ပျော်ရွှင်ရွှင် သီချင်းဆိုကြ၏။
ပျိုးပင်များ သယ်လာကြသည်။

## အခန်း (၁-၈) အင် အင့် အင်း အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန်** ၉ ချိန်(ပဉ္စမ မှ အဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- စာပိုဒ် ၇ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက စာပိုဒ် ၇ ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို မိမိမှတ်စုစာအုပ်တွင် တစ်ကြောင်းချင်းစီ ကူးရေးစေမည်။
- စာပိုဒ် ၇ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "စာပိုဒ် ၇ ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၇ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် အသတ်တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ်ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

**မှတ်ချက်**

- စာပိုဒ် ၈ ၉ ၁၀ ကိုလည်း စာပိုဒ် ၇ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

DBE Box - Copyright Protected

**အခန်း (၁-ဂ)** **အင် အင့် အင်း အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန်** **၉ ချိန် (နဝမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ⑦ ⑧ ⑨ ⑩ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အင် အင့် အင်း အသတ်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဆရာက ပထမစာကြောင်းကို ဦးစွာဖတ်ပြပါမည်။
- ရွေးချယ်ရမည့် စကားလုံးနေရာတွင် ပေးထားသော စကားလုံးနှစ်လုံးကို သေသေချာချာ ဖတ်ပြပါမည်။
- ကလေးများကိုယ်တိုင် စကားလုံးအမှန်ကို ရွေးချယ်စေပါမည်။
- ရွေးချယ်ထားသော စကားလုံးအမှန်ဖြင့် စာကြောင်းကို လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါ နည်းအတိုင်း ဆက်လက်ရွေးချယ် ရေးသားစေပါမည်။

### နိဂုံးချုပ်ခြင်း

- ⑦ မှ ⑩ အထိ ရွတ်ဖတ်စေကာ "အင် အင့် အင်း အသတ်ကို ဖတ်နိုင် ရေးနိုင်ပြီ မဟုတ်လား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စကားလုံးအမှန်ကို ရွေးချယ်နိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)



စကားလုံးအမှန် ရွေးပါ။

(က) အစာများကို (ယင်၊ ယဉ်) မနားပါစေနဲ့။

(ခ) စကားကို (ညင်ညင်၊ ညဉ်ညဉ်) သာသာပြောပါ။

(ဂ) (စဥ့်၊ စင့်) အိုးထဲမှာ ရေအပြည့်ရှိတယ်။

(ဃ) အချင်းချင်း (ရိုင်းပင်း၊ ယိုင်းပင်း) ကူညီပါ။

(င) ဒီအသီးက (ချဉ်၊ ချင်) လိုက်တာ။

### အရေးကြီးသောအချက်များ

- စကားလုံးအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံး စာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေ လေ့ကျင့်စေပါမည်။

DBE Box – Copyright Protected

## (ဃ) အောင် (ော‌င်) အောင့် (ော‌င့်) အောင်း (ော‌င်း) အသတ်များ သင်ကြားကြစို့လား



၁

| | | |
|---|---|---|
| **အောင်** | **အောင့်** | **အောင်း** |
| **ော‌င်** | **ော‌င့်** | **ော‌င်း** |



၂

| | | |
|---|---|---|
| စောင် | စောင့် | စောင်း |
| ဆောင် | ဆောင့် | ဆောင်း |
| တောင် | တောင့် | တောင်း |
| ထောင် | ထောင့် | ထောင်း |
| ရောင် | ရောင့် | ရောင်း |

၃

| | | |
|---|---|---|
| ကြောင် | ကြောင့် | ကြောင်း |
| ဖြောင် | ဖြောင့် | ဖြောင်း |
| မြောင် | | မြောင်း |
| နှောင် | နှောင့် | နှောင်း |
| မြှောင် | မြှောင့် | မြှောင်း |



၄

စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

စောင် စောင့် စောင်း

ဖြောင် ဖြောင့် ဖြောင်း

### အစိကအချက်များ

- အသတ်သင်္ကေတ ော‌င် ော‌င့် ော‌င်း ကို အသံထွက် ရွတ်ဖတ်ပြီး ဗျည်း၊ ဗျည်းတွဲနှင့်အသတ်တို့ ပေါင်းစပ်၍ စကားလုံးများ၊ စာကြောင်းတိုများ ရွတ်ဖတ်ရေးသားနိုင်သည်အထိ သင်ကြားပါမည်။
- ဆရာက သင်ကြားရာတွင် စာလုံးပေါင်းနည်းနှင့် အသံထွက်နည်း နှစ်မျိုးကို သင့်လျော်သလို အသုံးပြုသင်ကြားရပါမည်။

### အရေးကြီးသောအချက်များ

- အောင် အောင့် အောင်း အသတ်အသုံးကို ဥပမာများ ပေးကာ ရှင်းလင်းပြပါမည်။
- သဝေထိုး စလုံးရေးချသတ် စောင်
  သဝေထိုး စလုံးရေးချသတ် စောင် အောက်ကမြစ် စောင့်
  သဝေထိုး စလုံးရေးချသတ် စောင် ဝစ္စနှစ်လုံးပေါက် စောင်း
  ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့
  ဗျည်း + အသတ်
- စ + ော‌င် (အောင်) = စောင်
- စ + ော‌င့် (အောင့်) = စောင့်
- စ + ော‌င်း (အောင်း) = စောင်း

  ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

## အခန်း (၁–ဃ) အောင် အောင့် အောင်း အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်း၊ ဗျည်းတွဲနှင့် အောင် အောင့် အောင်း အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အောင် အောင့် အောင်း အသတ်နဲ့ သက်ဆိုင်တဲ့ စကားလုံးတွေကို ဆက်လက်သင်ကြားကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ော‌င် ော‌င့် ော‌င်း အသတ်သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- အသတ်သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ❶ ရှိ သင်္ကေတ၏ အမည်ကို ဖတ်စေပါမည်။
- ⊙ ဗျည်း နှင့် ော‌င် ော‌င့် ော‌င်း အသတ်သင်္ကေတ တွဲဖက်၍ ❷ ကို ရွတ်ဖတ်စေပါမည်။
- ⊙ အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။
- ⊙ ဗျည်းနှင့် အောင် အောင့် အောင်း အသတ်တွဲဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ⊙ ဗျည်းနှင့် အောင် အောင့် အောင်း အတွဲ ❷ ကို နှုတ်ဖြင့်ရွတ်၍ ကူးရေးစေပါမည်။
- ⊙ ကူးရေးစေရာတွင် ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင်ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများသင်ကြားပြီးသော ဗျည်းနှင့် အောင် အောင့် အောင်း အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ် ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် အောင် အောင့် အောင်း အသတ်အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

## အခန်း (၁-ဃ) အောင် အောင့် အောင်း အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဖျည်းနှင့် အောင် အောင့် အောင်း အသတ်အတွဲ ❷ ကို ပြန်လည် ရွတ်ဖတ်စေပြီး "ဗျည်း၊ ဗျည်းတွဲနဲ့ အောင် အောင့် အောင်း အသတ် အတွဲ ❸ ကို ဆက်လက် သင်ကြားမယ်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဗျည်း၊ ဗျည်းတွဲနှင့် ောင် ောင့် ောင်း အသတ်သင်္ကေတ ကို တွဲဖက်၍ သင်ပုန်းတွင်ရေးကာ ရွတ်ဖတ်ပြပါမည်။ ကလေးများကိုလိုက်၍ ကြည့်စေပါမည်။
- ❸ ရှိစကားလုံးများကို ဆရာက ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ❸ တွင်ပါဝင်သော စကားလုံးများကို ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေ ပါမည်။
- ❸ ကို နှုတ်မှ ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်း တွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများကို သင်ကြားပြီးသော ဗျည်း၊ ဗျည်းတွဲနှင့် အောင် အောင့် အောင်း အသတ်အတွဲများကို ရွတ်ဖတ် စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် ောင် ောင့် ောင်း အသတ်သင်္ကေတကို ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**(ဃ) အောင် (ောင်) အောင့် (ောင့်) အောင်း (ောင်း) အသတ်များ သင်ကြားကြစို့လား**



❶

| | | |
|---|---|---|
| အောင် | အောင့် | အောင်း |
| ောင် | ောင့် | ောင်း |



❷

| | | |
|---|---|---|
| စောင် | စောင့် | စောင်း |
| ဆောင် | ဆောင့် | ဆောင်း |
| တောင် | တောင့် | တောင်း |
| ထောင် | ထောင့် | ထောင်း |
| ရောင် | ရောင့် | ရောင်း |

❸

| | | |
|---|---|---|
| ကြောင် | ကြောင့် | ကြောင်း |
| ဖြောင် | ဖြောင့် | ဖြောင်း |
| မြောင် | | မြောင်း |
| နှောင် | နှောင့် | နှောင်း |
| မြှောင် | မြှောင့် | မြှောင်း |



❹

စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

စောင် စောင့် စောင်း

ဖြောင် ဖြောင့် ဖြောင်း

### အရေးကြီးသောအချက်များ

- အောင် အောင့် အောင်း အသတ်သင်္ကေတအသုံးကို ဥပမာများ ပေးကာ ရှင်းလင်းပြပါမည်။

DBE Box – Copyright Protected

၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၁



စာသင်ကျောင်း



ခေါင်းလောင်း



ကျောင်းသား



လှောင်အိမ်



မောင်း



စောင်း



ကြောင်



ပြောင်းဖူးပင်



ဝါးဖောင်

၆

| | | | | |
|---|---|---|---|---|
| အောင်မြင် | ပျော့ပျောင်း | ဖြောင့်ဖြောင့် | သူရဲကောင်း | ပြည်ထောင်စု |
| ခြင်းတောင်း | ကောင်းကင် | ဆောင်းရာသီ | ခေါင်းဆောင် | အပေါင်းအဖော် |

## အရေးကြီးသောအချက်များ

♦ အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ် နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

## အခန်း (၁–ဃ) အောင် အောင့် အောင်း အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ၂ ၃ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ၁ တွင်ပါရှိသော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။

♦ ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။

♦ ထိုစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ်သင်္ကေတ အသံထွက်အတိုင်း ဖတ်ပြပါမည်။

ဥပမာ ။ ။ ကျောင်းသား

သဝေထိုး ကကြီးယပင့် ရေးချ ငသတ်ကျောင် ဝစ္စနှစ်လုံးပေါက် ကျောင်း၊ သ ရေးချ ဝစ္စနှစ်လုံးပေါက် သား ကျောင်းသားဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင် သကဲ့သို့

ကျ + ေ-ာင်း (အောင်း) = ကျောင်း

သ + -ား (အား) = သား ကျောင်းသားဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

♦ ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။

♦ ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ ရုပ်ပုံပါ စကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box — Copyright Protected

## အခန်း (၁–ဃ) အောင် အောင့် အောင်း အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၂ ၃ ၅ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ၆ တွင်ပါရှိသော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဌာန်ကို စဉ်းစားစေမည်။
- ကလေးများကို ပြောစေပါမည်။
- ကလေးများပြောသည့် ၆ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ထို့နောက် လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- “အောင် အောင့် အောင်း အသတ်နဲ့ဆိုင်တဲ့ စကားလုံးလေးတွေ ရွတ်ဖတ်ပြီး ရေးနိုင်ပြီမဟုတ်လား” ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စကားလုံးများကို သေချာစွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ နှင့် စာလုံးပေါင်း၊ အရစ်အဆွဲမှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)


ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၅


စာသင်ကျောင်း


ခေါင်းလောင်း


ကျောင်းသား


လှောင်အိမ်


မောင်း


စောင်း


ကြောင်


ပြောင်းဖူးပင်


ဝါးဖောင်

၆

| | | | | |
|---|---|---|---|---|
| အောင်မြင် | ပျော့ပျောင်း | ဖြောင့်ဖြောင့် | သူရဲကောင်း | ပြည်ထောင်စု |
| ခြင်းတောင်း | ကောင်းကင် | ဆောင်းရာသီ | ခေါင်းဆောင် | အပေါင်းအဖော် |

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box – Copyright protected

၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



၇ ပြည်ထောင်စုသား ညီနောင်များတို့
ကောင်းစားစေကြောင်း
အားဖြည့်လောင်း၍
စုပေါင်းညီညာ ကြိုးပမ်းပါ။



၈ ရွာနံဘေးက ချောင်းကလေး
လောင်းလှေကို လှော်ကြမည်။
ဖောင် မျှောလာသည်။
သဲသောင်ကို ရှောင်ပါ။



၉ စာကြောင်းကို ဖြောင့်အောင်ရေးပါ။
မစောင်းပါစေနှင့်။
အရေးအသား ကောင်းအောင်ကြိုးစားပါ။
အစကောင်းမှ အနှောင်းသေချာမည်။



၁၀ ကျောင်းသားလူငယ်များ
ရိုးသားဖြောင့်မှန်ကြသည်။
အများအကျိုးဆောင်ကြ၏။
ချီးကျူးစရာကောင်းသည်။

## အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် အသတ်သင်္ကေတ တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ်၊ ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

## မှတ်ချက်

- စာပိုဒ် ၈ ၉ ၁၀ ကိုလည်း စာပိုဒ် ၇ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

# အခန်း (၁-ဃ) အောင် အောင့် အောင်း အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (ပဉ္စမ မှ အဋ္ဌမအချိန်)

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- စာပိုဒ် ၇ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက စာပိုဒ် ၇ ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- စာပိုဒ် ၇ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။ ကလေးများရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

### နိဂုံးချုပ်ခြင်း

- "စာပိုဒ် ၇ ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၇ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

## အခန်း (၁–ဃ) အောင် အောင့် အောင်း အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၉ ချိန် (နဝမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၇ ၈ ၉ ၁၀ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အောင် အောင့် အောင်း အသတ်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပေးထားသော စကားလုံးများ၏အဓိပ္ပာယ်ကို ဆရာက ဦးစွာ ရှင်းပြပေးပါမည်။
- ဆရာက ပထမစာကြောင်းကို ဖတ်ပြပါမည်။
- ကွက်လပ်တွင် ထည့်ရမည့်အဖြေကို ကလေးများအား စဉ်းစားစေပါမည်။ ပြောစေပါမည်။
- ကလေးများပြောပြသော အဖြေကို ဝါကျတစ်ကြောင်းချင်း စီတွင် ထည့်၍ ကလေးအားလုံး ရွတ်ဖတ်စေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါ နည်းအတိုင်း ကွက်လပ်တွင် ဖြည့်စေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ၇ မှ ၁၀ အထိ ရွတ်ဖတ်စေကာ "အောင် အောင့် အောင်း အသတ်ကို ဖတ်နိုင် ရေးနိုင်ပြီ မဟုတ်လား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ချိန်တွင် စကားလုံး မှန်ကန်အောင် ရွေးချယ်နိုင်ခြင်း ရှိ၊ မရှိ၊ စာလုံးပေါင်း အရစ်အဆွဲမှန်ကန်အောင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ် မူတည်၍စစ်ဆေးအကဲဖြတ်ပါမည်။

၁။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)



ကွက်လပ်ဖြည့်ကြရအောင်။

စုပေါင်း | ဖြောင့်တန်း | ဝါးဖောင် | စောင်းသံ | မီးဖိုချောင်

(က) ရွာလမ်းကလေး ------ နေသည်။

(ခ) ဟိုမှာ ------ မျောနေတယ်။

(ဂ) မေမေ ------ မှာ မီးမွှေးနေသည်။

(ဃ) မမရဲ့ ------ က သာယာတယ်။

(င) ကျောင်းမှာ ------ သန့်ရှင်းရေးလုပ်ကြမယ်။

### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကို ပြပြီး ကလေးများကို ပြောစေ ရေးစေပါမည်။
- စကားလုံးအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

DBE Box – Copyright Protected




## အခန်း (၁-င) ဆယ့်နှစ်လရာသီပွဲတော်များ
## အကြံပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)

**သင်ယူမှုဦးတည်ချက်**

- ဆယ့်နှစ်လရာသီ၏ အမည်နှင့်ပွဲတော်များကို မှတ်မိသိရှိပြီး ပြောပြတတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- "ကလေးတို့ ဆရာ ဆရာမတို့နိုင်ငံက တစ်နှစ်မှာ မြန်မာလပေါင်း ဘယ်နှလရှိသလဲ သိလား"
- "ကလေးတို့သိတဲ့ လ အမည်လေးတွေ ပြောကြည့်ပါအုံး" စသည်ဖြင့် မေးခွန်းများ မေးကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်၍ မေးခွန်းများ မေးပါမည်။
  "ကဲ ပထမပုံလေးကို ကြည့်ပါအုံး"
  "သူတို့ဘာလုပ်နေကြလဲ"
  "အပြင်မှာရော တွေ့ဖူးသလား"
  "ဘယ်လမှာ ရေကစားကြတာလဲ"
  "ကလေးတို့ရော ကစားဖူးသလား၊ ပျော်သလား" စသဖြင့် မေးခွန်းများ မေးပါမည်။
- ⊙ ထို့နောက် ဆရာက အောက်ပါအတိုင်း ရွတ်ဆိုပြပါမည်။
  တန်ခူးလ သင်္ကြန်ပွဲ
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ ကလေးများအား နောက်မှလိုက်ဆိုစေပါမည်။
- ⊙ ကလေးများကိုယ်တိုင် ရွတ်ဖတ်စေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ အထက်ပါနည်းအတိုင်း ဆယ့်နှစ်လရာသီကို လအလိုက် မေးခွန်းများမေး၍ နောက်မှ ရွတ်ဆိုစေပါမည်။
  (တစ်လလျှင် အနည်းဆုံး ၃ ကြိမ်ခန့်)

**နိဂုံးချုပ်ခြင်း**

- "ဆယ့်နှစ်လရာသီပွဲတော်များအကြောင်းကို ပြန်ရွတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဆယ့်နှစ်လရာသီပွဲတော်များ အကြောင်းအရာကို အုပ်စုလိုက်၊ တစ်ဦးချင်း အသံနေ အသံထားမှန်မှန် ရွတ်ဆိုစေခြင်းဖြင့် စစ်ဆေးအကဲဖြတ်ပါမည်။

**အဓိကအချက်များ**

- ဆယ့်နှစ်လရာသီပွဲတော်များ အကြောင်းကို ရွတ်ဆိုရင်း လအမည်များကို မှတ်မိသိရှိလာသည်အထိ သင်ကြားပါမည်။

**အရေးကြီးသောအချက်များ**

- လအမည်များနှင့် ရာသီအလိုက်ပွဲတော်များကို ရွတ်ဆိုရင်း မှတ်သားစေပါမည်။

DBE Box – Copyright Protected

## အခန်း (၁–င) ဆယ့်နှစ်လရာသီပွဲတော်များ
## အကြံပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ "ဆယ့်နှစ်လရာသီပွဲတော်များအကြောင်းကို ဟန်အမူအရာနဲ့ ရွတ်ဆိုကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ဆယ့်နှစ်လရာသီတွင် ပါဝင်သော လအမည်နှင့် ပွဲတော်များကို ဆရာက ရုပ်ပုံကိုပြ၍ ကလေးများကို ဖြေစေပါမည်။

⊙ ထို့နောက် ဆရာက ကလေး ၂ ယောက်ကို အတန်းရှေ့ထွက်၍ နမူနာ မေးခွန်း အမေးအဖြေ ပြုလုပ်စေပါမည်။

⊙ "ဒီပုံက ဘာပွဲတော်လဲ" "ဒီလအမည်က ဘာလဲ" စသည်ဖြင့် ကျောင်းသုံးစာအုပ်ကို ပြကာ အမေးအဖြေ ပြုလုပ်စေမည်။

⊙ ဆရာက ကလေးများကို ၆ ယောက်တစ်တွဲ အုပ်စုဖွဲ့စေ၍ အလှည့်ကျ အမေးအဖြေပြုလုပ်စေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "ဆယ့်နှစ်လရာသီ လအမည်နဲ့ ရာသီအလိုက်ပွဲတော်တွေ အကြောင်းကို ကလေးတို့ နားလည်ပြီလား"

♦ "ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုခဲ့တယ် မဟုတ်လား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ဆယ့်နှစ်လရာသီပါ လအမည်နှင့် ပွဲတော်များ အကြောင်းကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် အမေးအဖြေ ပြုလုပ်နိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။




**အရေးကြီးသောအချက်များ**

♦ ဆယ့်နှစ်လရာသီပါ လအမည်များနှင့် ရာသီအလိုက် ပွဲတော်များကို ဖတ်ရင်း မှတ်သားစေပါမည်။

♦ လအမည်နှင့် ပွဲတော်များကို ပိုမိုမှတ်မိစေရန် အုပ်စုလိုက်၊ နှစ်ယောက်တစ်တွဲ၊ အမေးအဖြေပြုလုပ်နေချိန်တွင် ဖြေဆိုရန် အားနည်းသော ကလေးရှိပါက ဆရာက ဖေးမလမ်းညွှန်မှု ပြုလုပ်ပေးရပါမည်။

DBE Box – Copyright Protected

## ၂။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂)

## အခန်း ၂ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂)

### (က) မေ့သားလှ (ကဗျာ)




**အစိကအချက်များ**

- ကဗျာကို ဟန်အမူအရာဖြင့် လွတ်လပ်ပျော်ရွှင်စွာ သီဆိုစေပါမည်။

**အရေးကြီးသောအချက်များ**

- ကလေးများ ကဗျာကို ရွတ်ဆိုတတ်ရန်သာ လိုပါသည်။
- ကဗျာကို ရေးသားရန် မလိုပါ။

## အခန်း (၂-က) မေ့သားလှ (ကဗျာ)
## အကြံပြုစာသင်ချိန် ၂ ချိန်

**သင်ယူမှုဦးတည်ချက်**

- ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်စေပြီး "ဘာပုံလေး ဖြစ်မလဲဆိုတာကို စဉ်းစားကြည့်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကလေးများ စဉ်းစားထားသည့် ထင်မြင်ချက်များကို ကလေးအချင်းချင်း ဦးစွာပြောစေပါမည်။
- ထို့နောက် ကလေးတစ်ဦးစီ ပြောစေပါမည်။
- ဆရာက ကဗျာကို အသံနေ အသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ကဗျာကို ဟန်အမူအရာနဲ့ ဆိုတတ်ကြပြီမဟုတ်လား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေအသံထား မှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ၊ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အခန်း (၂-ခ) အိုင် အိုင့် အိုင်း အသတ်များ သင်ကြားကြစို့လား

အကြံပြုစာသင်ချိန် ၄ ချိန် (ပထမအချိန်)

## သင်ယူမှုဦးတည်ချက်

♦ ဗျည်း၊ ဗျည်းတွဲနှင့် အိုင် အိုင့် အိုင်း အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန်

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ
(ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

♦ "အိုင် အိုင့် အိုင်း အသတ်နဲ့သက်ဆိုင်တဲ့ စကားလုံးတွေကို ဆက်လက်သင်ကြားကြမယ်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

♦ ိုင် ို့င် ိုင်း အသတ်သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဖတ်ပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။

♦ ❶ ရှိ အသတ်သင်္ကေတ၏ အမည်ကို ဖတ်စေပါမည်။

⊙ ဗျည်းနှင့် ိုင် ို့င် ိုင်း အသတ်သင်္ကေတ တွဲဖက်၍ ❷ ကို ရွတ်ဖတ်စေပါမည်။

⊙ အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။

⊙ ဗျည်းနှင့် အိုင် အိုင့် အိုင်း အသတ်တွဲဖက်၍ ဆရာက ဦးစွာရေးပြဆိုပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။

⊙ ဗျည်းနှင့် အိုင် အိုင့် အိုင်း အသတ်အတွဲ ❷ ကို နှုတ်ဖြင့်ရွတ်၍ ကူးရေးစေပါမည်။

⊙ ကူးရေးစေရာတွင် ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

♦ ကလေးများ သင်ကြားပြီးသော ဗျည်းနှင့် အိုင် အိုင့် အိုင်း အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် အိုင် အိုင့် အိုင်း အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ် ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။



### (ခ) အိုင် (ိုင်) အိုင့် (ို့င်) အိုင်း (ိုင်း) အသတ်များ သင်ကြားကြစို့လား

❶



| | | |
|---|---|---|
| အိုင် | အိုင့် | အိုင်း |
| ိုင် | ို့င် | ိုင်း |

❷ ❸



| | |
|---|---|
| ကိုင် | ကိုင်း |
| ခိုင် | ခိုင်း |
| ဆိုင် | ဆိုင်း |
| တိုင် | တိုင်း |
| မိုင် | မိုင်း |

| | | |
|---|---|---|
| ချိုင် | ချို့င် | ချိုင်း |
| ပြိုင် | | ပြိုင်း |
| မြိုင် | | မြိုင်း |
| မှိုင် | | မှိုင်း |
| လှိုင် | | လှိုင်း |

❹



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကိုင် ကိုင်း

ချိုင် ချိုင်း

## အဓိကအချက်များ

♦ အသတ်သင်္ကေတ ိုင် ို့င် ိုင်းကို အသံထွက် ရွတ်ဆိုပြီး ဗျည်း၊ ဗျည်းတွဲနှင့် အသတ်တို့ ပေါင်းစပ်၍ စကားလုံးများ၊ စာကြောင်းတိုများ ရွတ်ဖတ်ရေးသားနိုင်သည်အထိ သင်ကြားပါမည်။

♦ ဆရာက သင်ကြားရာတွင် စာလုံးပေါင်းနည်းနှင့် အသံထွက်နည်း နှစ်မျိုးကို သင့်လျော်သလို အသုံးပြုသင်ကြားရပါမည်။

## အရေးကြီးသောအချက်များ

♦ အိုင် အိုင့် အိုင်း အသတ်အသုံးကို ဥပမာများ ပေးကာ ရှင်းလင်းပြပါမည်။

♦ ခ ခွေးလုံးကြီးတင် တစ်ချောင်းငင် ငသတ် ခိုင်
ခ ခွေးလုံးကြီးတင် တစ်ချောင်းငင် ငသတ် ခိုင် ဝစ္စနှစ်လုံးပေါက် ခိုင်း ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့
ဗျည်း + အသတ်

♦ ခ + ိုင် (အိုင်) = ခိုင်

♦ ခ + ိုင်း (အိုင်း) = ခိုင်း

ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

DBE Box – Copyright Protected

## (ခ) အိုင် (ိုင်) အိုင့် (ိုင့်) အိုင်း (ိုင်း) အသတ်များ သင်ကြားကြစို့လား

၁



| | | |
|---|---|---|
| **အိုင်** | **အိုင့်** | **အိုင်း** |
| **ိုင်** | **ိုင့်** | **ိုင်း** |

၂ ၃



| | |
|---|---|
| ကိုင် | ကိုင်း |
| ခိုင် | ခိုင်း |
| ဆိုင် | ဆိုင်း |
| တိုင် | တိုင်း |
| မိုင် | မိုင်း |

| | | |
|---|---|---|
| ချိုင် | ချိုင့် | ချိုင်း |
| ပြိုင် | | ပြိုင်း |
| မြိုင် | | မြိုင်း |
| မှိုင် | | မှိုင်း |
| လှိုင် | | လှိုင်း |

၄



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကိုင် ကိုင်း

ချိုင် ချိုင်း

### အရေးကြီးသောအချက်များ

- ိုင် ိုင့် ိုင်း အသတ်သင်္ကေတများအသုံးကို ခွဲခြားသိရှိ၍ ဖတ်တတ် ရေးသားတတ်ရပါမည်။
- အိုင် အိုင့် အိုင်း အသတ်အသုံးကို ဥပမာများနှင့် ရှင်းပြပါမည်။

**အခန်း (၂-ခ)** **အိုင် အိုင့် အိုင်း အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန်** **၉ ချိန် (ဒုတိယအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ဗျည်းနှင့် အိုင် အိုင့် အိုင်း အသတ်အတွဲ ၂ ကို ပြန်လည် ရွတ်ဖတ်စေပြီး "ဗျည်း၊ ဗျည်းတွဲနဲ့ အိုင် အိုင့် အိုင်း အသတ်အသုံးကို ဆက်လက်သင်ကြားမယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဗျည်း၊ ဗျည်းတွဲနှင့် ိုင် ိုင့် ိုင်း အသတ်သင်္ကေတကို တွဲဖက်၍ သင်ပုန်းတွင်ရေးကာ ရွတ်ဖတ်ပြပါမည်။ ကလေးများကိုလိုက်၍ ကြည့်စေပါမည်။
- ၃ ရှိစကားလုံးများကို ဆရာက ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ၃ တွင်ပါဝင်သော စကားလုံးများကို ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ၃ ကို နှုတ်မှ ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ၄ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

### နိဂုံးချုပ်ခြင်း

- သင်ကြားပြီးသော ဗျည်း၊ ဗျည်းတွဲနှင့် အိုင် အိုင့် အိုင်း အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် ိုင် ိုင့် ိုင်း အသတ်သင်္ကေတ တွဲဖက်၍ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

**အခန်း (၂-၈)** **အိုင် အိုင့် အိုင်း အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန်** **၉ ချိန် (တတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ❷ ❸ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ❶ တွင် ပါရှိသော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ် သင်္ကေတ အသံထွက်အတိုင်း ဖတ်ပြပါမည်။

  ဥပမာ ။ ။ ရေလှိုင်း

  သဝေထိုး ရကောက်ရေး ရေ၊ လ ဟထိုးလုံးကြီးတင် တစ်ချောင်းငင် င သတ် လှိုင် ဝစ္စနှစ်လုံးပေါက် လှိုင်း ရေလှိုင်း ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့

  ရ + ေ - (အေ) = ရေ

  လှ + ိုင်း (အိုင်း) = လှိုင်း ရေလှိုင်း

  ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- ရုပ်ပုံပါ စကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါစကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၂။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❶



ရေလှိုင်း



ပန်းခိုင်



ဗျိုင်း



ထမင်းချိုင့်



ရေအိုင်



စတိုးဆိုင်



ထိုင်ခုံ



မနောတိုင်

❻

| | | | | | |
|---|---|---|---|---|---|
| ပြိုင်ပွဲ | ဗိုင်းငင့် | ပန်းတိုင် | နှိုင်းယှဉ် | တိုင်းပြည် | နိုင်ငံတော် |
| ကြံ့ခိုင် | ကိုင်းပင် | မွှေးကြိုင် | တောမြိုင် | မြိုင်မြိုင်ဆိုင်ဆိုင် | |

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box - Copyright Protected

၂။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၅



ရေလှိုင်း



ပန်းခိုင်



ဗျိုင်း



ထမင်းချိုင့်



ရေအိုင်



စတိုးဆိုင်



ထိုင်ခုံ



မနောတိုင်

၆

| | | | | | |
|---|---|---|---|---|---|
| ပြိုင်ပွဲ | ဝိုင်းငင့် | ပန်းတိုင် | နှိုင်းယှဉ် | တိုင်းပြည် | နိုင်ငံတော် |
| ကြံ့ခိုင် | ကိုင်းပင် | မွှေးကြိုင် | တောမြိုင် | မြိုင်မြိုင်ဆိုင်ဆိုင် | |

## အနေးကြီးသောအချက်များ

♦ အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

## အခန်း (၂-၈) အိုင် အိုင့် အိုင်း အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ၂ ၃ ၅ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ၆ တွင်ပါရှိသော စကားလုံးများ၏ အဓိပ္ပာယ်သို့မဟုတ် ပုံသဏ္ဌာန်ကို စဉ်းစားစေမည်။

♦ ကလေးများကို ပြောစေပါမည်။

♦ ကလေးများပြောသည့် ၆ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။

♦ ထို့နောက် လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "အိုင် အိုင့် အိုင်း အသတ်နဲ့ဆိုင်တဲ့ စကားလုံးလေးတွေ ရွတ်ဖတ်ပြီး ရေးနိုင်ပြီမဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း စကားလုံးများကို သေချာစွာ ရွတ်ဖတ် ရေးသားနိုင်ခြင်း ရှိ၊ မရှိ နှင့် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၂-ခ) အိုင် အိုင့် အိုင်း အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၄ ချိန် (ပဉ္စမ မှ အဋ္ဌမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- စာပိုဒ် ၇ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက စာပိုဒ် ၇ ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- စာပိုဒ် ၇ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။ ကလေးများရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "စာပိုဒ် ၇ ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား"ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၇ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၂။ အသတ်လကွဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



လမ်းဘေးက ရေအိုင်
သည်အိုင်က ခြင်လာသည်။
ခြင်နိုင်ဆေး ဖျန်းပါ။
လူတိုင်းမှာ တာဝန်ရှိသည်။



၈
ကျောင်းအားကစားပြိုင်ပွဲ
အတန်းတိုင်းက ဝင်ပြိုင်သည်။
ကျန်းမာကြံ့ခိုင် တို့ယှဉ်ပြိုင်
အောင်နိုင်သူကို ဆုပေးမည်။



၉
အမိမြန်မာနိုင်ငံတော်
တိုင်းရင်းသားများ
စုပေါင်းနေထိုင်ကြ၏။
အချင်းချင်း ကူညီရိုင်းပင်းကြ၏။
ဝိုင်းဝန်းထမ်းဆောင် ကြံ့တိုင်းအောင်။



၁၀
မိုးဖြိုင်ဖြိုင်ရွာပြီ။
တောရိုင်းကို ရှင်းပါ။
မြေဩဇာ နိုင်နိုင်ထည့်ပါ။
အပင်များ ထွားကျိုင်းမည်။
အသီးလှိုင်လှိုင်ပေါ်မည်။

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် အသတ် တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများ ရေးသားနေချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

### မှတ်ချက်

- စာပိုဒ် ၈ ၉ ၁၀ ကိုလည်း စာပိုဒ် ၇ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

DBE Box — Copyright Protected



**ကွက်လပ်ဖြည့်ကြရအောင်။**

| | | |
|---|---|---|
| တိုင်းရင်းသား | မွေးကြိုင် | ဆိုင်းဝိုင်း |
| ထွားကျိုင်း | ကိုင်းရှိုင်း | |

(က) မြန်မာနိုင်ငံတွင် ------ များ စုပေါင်းနေထိုင်ကြသည်။

(ခ) အလှူပွဲတွင် မြန်မာ့ ------ ဖြင့် ဧည့်ခံလေ့ရှိသည်။

(ဂ) မမရဲ့ သားကလေး သန်မာ ------ တယ်။

(ဃ) စံပယ်ပန်းများ ------ နေသည်။

(င) ဘာသာတရားကို ရှိသေ ------ ပါ။

## အရေးကြီးသောအချက်များ

- ကလေးများ အဖြေမှန်ရှာဖွေရာတွင် လိုအပ်လျှင် ဆရာက ကူညီပေးပါမည်။
- စကားလုံးအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

**အခန်း (၂-၈) အိုင် အိုင့် အိုင်း အသတ်များ သင်ကြားကြစို့လား**
**အကြံပြုစာသင်ချိန် ၉ ချိန် (နဝမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ⑦ ⑧ ⑨ ⑩ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အိုင် အိုင့် အိုင်း အသတ်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ပေးထားသော စကားလုံးများ၏ အဓိပ္ပာယ်ကို ဆရာက ဦးစွာ ရှင်းပြပေးပါမည်။
- ဆရာက ပထမစာကြောင်းကို ဖတ်ပြပါမည်။
- ကွက်လပ်တွင် ထည့်ရမည့်အဖြေကို ကလေးများအား စဉ်းစားစေပါမည်။ ပြောစေပါမည်။
- ကလေးများပြောပြသော အဖြေကို ဝါကျတစ်ကြောင်းချင်းစီတွင် ထည့်၍ ကလေးအားလုံး ရွတ်ဖတ်စေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါနည်းအတိုင်း ကွက်လပ်တွင် ဖြည့်စေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- မှန်ကန်သော စကားလုံးဖြည့်ထားသည့် လေ့ကျင့်ခန်းကို ပြန်လည်ရွတ်ဆိုစေပါမည်။
- စာသင်ခန်း၊ စာသင်ခန်းပတ်ဝန်းကျင်နှင့် အခြားစာအုပ်များမှ အိုင် အိုင့် အိုင်း အသတ်နှင့် သက်ဆိုင်သော စကားလုံးများကို ရှာဖွေကာ နှုတ်မှပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ချိန်တွင် စကားလုံးမှန်ကန်အောင် ရွေးချယ်နိုင်ခြင်း ရှိ၊ မရှိနှင့် စာလုံးပေါင်း၊ အရေးအဆွဲ မှန်ကန်အောင် ရေးဆွဲနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

| အခန်း (၂-ဂ) | အိန် အိန့် အိန်း အသတ်များ သင်ကြားကြစို့လား |
|---|---|
| အကြံပြုစာသင်ချိန် | ၆ ချိန် (ပထမအချိန်) |

## သင်ယူမှုဦးတည်ချက်

- ဗျည်း၊ ဗျည်းတွဲနှင့် အိန် အိန့် အိန်း အသတ်ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန်

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ
(ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- "အိန် အိန့် အိန်း အသတ်နဲ့ သက်ဆိုင်တဲ့ စကားလုံးတွေကို ဆက်လက်သင်ကြားကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ိန် ိန့် ိန်း နှင့် ိမ် ိမ့် ိမ်း အသတ်သင်္ကေတကို သင်ပုန်းတွင်ရေးကာ ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ❶ ရှိ အသတ်သင်္ကေတ၏ အမည်ကို ဖတ်စေပါမည်။
- ⊙ ဗျည်းနှင့် ိန် ိန့် ိန်း နှင့် ိမ် ိမ့် ိမ်း အသတ်သင်္ကေတတွဲဖက်၍ ❷ ကို ရွတ်ဖတ်စေပါမည်။
- ⊙ အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။
- ⊙ ဗျည်းနှင့် အိန် အိန့် အိန်း အသတ် အသုံးကို တွဲဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ⊙ ဗျည်းနှင့် အိန် အိန့် အိန်းအသုံး အတွဲ ❷ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ⊙ ကူးရေးစေရာတွင် အသုံး ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- ကလေးများသင်ကြားပြီးသော ဗျည်းနှင့် အိန် အိန့် အိန်း အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် အိန် အိန့် အိန်း အသတ်အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။





## (ဂ) အိန် (ိန်) အိန့် (ိန့်) အိန်း (ိန်း) အသတ်များ သင်ကြားကြစို့လား



❶

| | | |
|---|---|---|
| အိန် | အိန့် | အိန်း |
| ိန် | ိန့် | ိန်း |
| ိမ် | ိမ့် | ိမ်း |



❷

| | | |
|---|---|---|
| ထိန် | ထိန့် | ထိန်း |
| မိန် | မိန့် | မိန်း |
| စိမ် | စိမ့် | စိမ်း |
| လိမ် | လိမ့် | လိမ်း |
| သိမ် | သိမ့် | သိမ်း |

❸

| | | |
|---|---|---|
| ချိန် | | ချိန်း |
| ကြိမ် | | ကြိမ်း |
| ငြိမ် | ငြိမ့် | ငြိမ်း |
| မှိန် | | မှိန်း |
| နှိမ် | နှိမ့် | |



❹ စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ထိန် ထိန့် ထိန်း

ငြိမ် ငြိမ့် ငြိမ်း

## အဓိကအချက်များ

- အသတ်သင်္ကေတ ိန် ိန့် ိန်း ကို အသံထွက် ရွတ်ဖတ်ပြီး ဗျည်းနှင့်အသတ်တို့ ပေါင်းစပ်၍ စကားလုံးများ၊ စာကြောင်းတိုများ ရွတ်ဖတ်ရေးသားနိုင်သည်အထိ သင်ကြားပါမည်။
- ဆရာက သင်ကြားရာတွင် စာလုံးပေါင်းနည်းနှင့် အသံထွက်နည်း နှစ်မျိုးကို သင့်လျော်သလို အသုံးပြု သင်ကြားရပါမည်။

## အရေးကြီးသောအချက်များ

- ိန် ိန့် ိန်း အသတ်သင်္ကေတအသုံးကို ဥပမာများပေးကာ ရှင်းလင်းပြပါမည်။
- ထဆင်ထူးလုံးကြီးတင်နသတ် ထိန်
ထဆင်ထူးလုံးကြီးတင်နသတ် ထိန် အောက်ကမြစ် ထိန့်
ထဆင်ထူးလုံးကြီးတင်နသတ် ထိန် ဝစ္စနှစ်လုံးပေါက် ထိန်း ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့

ဗျည်း + အသတ်

- ထ + ိန် (အိန်) = ထိန်
- ထ + ိန့် (အိန့်) = ထိန့်
- ထ + ိန်း (အိန်း) = ထိန်း

ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

DBE Box - Copyright Protected

## (၈) အိန် (◌ိန်) အိန့် (◌ိန့်) အိန်း (◌ိန်း) အသတ်များ သင်ကြားကြစို့လား

၁



| | | |
|---|---|---|
| အိန် | အိန့် | အိန်း |
| ◌ိန် | ◌ိန့် | ◌ိန်း |
| ◌ိမ် | ◌ိမ့် | ◌ိမ်း |

၂



| | | |
|---|---|---|
| ထိန် | ထိန့် | ထိန်း |
| မိန် | မိန့် | မိန်း |
| စိမ် | စိမ့် | စိမ်း |
| လိမ် | လိမ့် | လိမ်း |
| သိမ် | သိမ့် | သိမ်း |

၃

| | | |
|---|---|---|
| ချိန် | | ချိန်း |
| ကြိမ် | | ကြိမ်း |
| ငြိမ် | ငြိမ့် | ငြိမ်း |
| မှိန် | | မှိန်း |
| နှိမ် | နှိမ့် | |

၄



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ထိန် ထိန့် ထိန်း

ငြိမ် ငြိမ့် ငြိမ်း

### အရေးကြီးသောအချက်များ

- ◌ိန် ◌ိန့် ◌ိန်း အသတ်သင်္ကေတများအသုံးကို ခွဲခြားသိရှိ၍ ဖတ်တတ်၊ ရေးသားတတ်ရပါမည်။
- ဥပမာများပေး၍ ရှင်းပြပါမည်။

## အခန်း (၂-၈) အိန် အိန့် အိန်း အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန်** ၉ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ဗျည်းနှင့် အိန် အိန့် အိန်း အသတ်အတွဲ ၂ ကို ပြန်လည် ရွတ်ဖတ်စေပြီး "ဗျည်း၊ ဗျည်းတွဲနဲ့ အိန် အိန့် အိန်း အသတ်အတွဲ ၃ ကို ဆက်လက်သင်ကြားမည်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ◌ိန် ◌ိန့် ◌ိန်း နှင့် ◌ိမ် ◌ိမ့် ◌ိမ်း အသတ်သင်္ကေတ အသုံးပြုပုံကို ရှင်းလင်း ပြပါမည်။
- သင်္ကေတပြောင်းသည်နှင့် အသံ၊ အဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။
- ဗျည်း၊ ဗျည်းတွဲနှင့် ◌ိန် ◌ိန့် ◌ိန်း နှင့် ◌ိမ် ◌ိမ့် ◌ိမ်း အသတ်သင်္ကေတ တွဲဖက်၍ ၃ ကို ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ဗျည်း၊ ဗျည်းတွဲနှင့် အိန် အိန့် အိန်း အသတ်အတွဲ ၃ ကို နှုတ်မှရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ၄ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

#### နိဂုံးချုပ်ခြင်း

- ကလေးများသင်ကြားပြီးသော ဗျည်း၊ ဗျည်းတွဲနှင့် အိန် အိန့် အိန်း အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အိန် အိန့် အိန်း အသတ် တွဲဖက်၍ ရွတ်ဖတ်ရေးသားနိုင်ခြင်းရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

**အခန်း (၂–၈) အိန် အိန့် အိန်း အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

♦ ❷ ❸ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

♦ ❺ တွင်ပါရှိသော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။

♦ ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။

♦ ထိုစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ် သင်္ကေတ အသံထွက်အတိုင်း ဖတ်ပြပါမည်။

ဥပမာ ။ ။ ချိန်ခွင်

ခခွေးယပင့်လုံးကြီးတင် နသတ် ချိန်၊

ခခွေးဝဆွဲငသတ်ခွင် ချိန်ခွင် ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့

ချ + ိန် (အိန်) = ချိန်

ခွ + -င် (အင်) = ခွင် ချိန်ခွင်ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

♦ ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။

♦ ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

♦ ရုပ်ပုံပါ စကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြား စကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၂။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂)



❺ ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။


မုန့်ကြိုးလိမ်


ချိန်ခွင်


နေအိမ်


မိုးတိမ်


ကြိမ်ခြင်း


စိန်ပန်းပင်


ပုသိမ်ထီး

❻

| | | | | | |
|---|---|---|---|---|---|
| မိုးခြိမ်း | ဖြီးလိမ်း | ပန်းထိမ် | ထိန်းသိမ်း | နံ့သာလိမ်း | ကြိမ်းမောင်း |
| ချိန်းဆို | ငြိမ်းချမ်း | ထိန်လင်း | စိမ်းစားဥ | စိမ့်စမ်းရေ | အနိမ့်အမြင့် |

### အရေးကြီးသောအချက်များ

♦ အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box – Copyright Protected

၂။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



၅



မုန့်ကြိုးလိမ်



ချိန်ခွင်



နေအိမ်



မိုးတိမ်



ကြိမ်ခြင်း



စိန်ပန်းပင်



ပုသိမ်ထီး

၆

| | | | | | |
|---|---|---|---|---|---|
| မိုးခြိမ်း | ဖြိုးလိမ်း | ပန်းထိမ် | ထိန်းသိမ်း | နံ့သာလိမ်း | ကြိမ်မောင်း |
| ချိန်းဆို | ငြိမ်းချမ်း | ထိန်လင်း | စိမ်းစားဥ | စိမ့်စမ်းရေ | အနိမ့်အမြင့် |

## အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

## အခန်း (၂-၈) အိန် အိန့် အိန်း အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန်** ၉ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၂ ၃ ၅ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ၆ တွင်ပါရှိသော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဍာန် ကို စဉ်းစားစေမည်။
- ကလေးများကို ပြောစေပါမည်။
- ကလေးများပြောသည့် ၆ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။
- ထို့နောက် လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "အိန် အိန့် အိန်း အသတ်နဲ့ဆိုင်တဲ့ စကားလုံးလေးတွေ ရွတ်ဖတ်ပြီး ရေးနိုင်ပြီမဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများကို သေချာစွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် အရစ်အဆွဲ မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၂-ဂ) အိန် အိန့် အိန်း အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ချိန် (ပဉ္စမ မှ အဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**

- ♦ တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ စာပိုဒ် ၇ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ♦ ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ♦ ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ♦ ဆရာက စာပိုဒ် ၇ ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ♦ ကလေးများကို မိမိမှတ်စုစာအုပ်တွင် တစ်ကြောင်းချင်းစီ ကူးရေးစေမည်။
- ♦ စာပိုဒ် ၇ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ♦ ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- ♦ "စာပိုဒ် ၇ ကို ရွတ်ဖတ် ရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၇ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။




စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၇

မိုးတိမ်ထူသည်။
လေငြိမ်နေ၏။
အိမ်ထဲမှာ ရေဒီယိုနားထောင်ပါ။
မိုးလေဝသ သတင်း
အကြိမ်ကြိမ် ကြားရသည်။

၈

လမင်း ထိန်ထိန်သာ၏။
ညအချိန်မှာ ကစားမည်။
မီးအိမ်ကလေးကို ငြိမ်းပါ။
စိန်ပြေးတမ်း ကစားရအောင်။

၉

ရွာထဲမှာ အငြိမ့်ပွဲရှိသလား။
ဆိုင်းသံတခြိမ့်ခြိမ့် ကြားရသည်။
မိန်းကလေးများ ဖြီးလိမ်းနေပြီ။
ယိမ်းအက ငြိမ့်ညောင်းလှသည်။
ပွဲသိမ်းလျှင် အိမ်ပြန်ကြမည်။

၁၀

ကထိန်ပွဲကြီး နီးလာပြီ။
ပွဲတော်အချိန် မီရဲ့လား။
ပုသိမ်ထီး ရပါစေမည်။
မစိုးရိမ်ပါနှင့်။
အချိန်မီပါသည်။

### အရေးကြီးသောအချက်များ

- ♦ ဗျည်း၊ ဗျည်းတွဲနှင့် အသတ်တွဲထားသောစာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ♦ ကလေးများ ရေးသားနေချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- ♦ အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

### မှတ်ချက်

- ♦ စာပိုဒ် ၈ ၉ ၁၀ ကိုလည်း စာပိုဒ် ၇ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- ♦ စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

DBE Box – Copyright Protected



ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| စိန်ပြေးတမ်း | မိုးခြိမ်းသံ | စိမ်းလန်း |
| ပုသိမ်ထီး | ယိမ်းနွဲ့ | |

(က) မိုးဦးရာသီတွင် ------ ကြားရသည်။

(ခ) လယ်ကွင်းပြင်မှာ စပါးခင်းများ ------ နေကြသည်။

(ဂ) လသာသာမှာ ကလေးတွေ ------ ကစားနေကြတယ်။

(ဃ) လေအဝှေ့တွင် ပန်းကလေးများ ------ နေကြသည်။

(င) မေမေ ဘုရားပွဲကအပြန် ------ ဝယ်လာပေးတယ်။

## အရေးကြီးသောအချက်များ

- ကလေးများ အဖြေမှန်ရှာဖွေရာတွင် လိုအပ်လျှင် ဆရာက ကူညီပေးပါမည်။
- စကားလုံးအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံး စာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

**အခန်း (၂-ဂ) အိန် အိန့် အိန်း အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန် ၉ ချိန် (နဝမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ၇ ၈ ၉ ၁၀ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အိန် အိန့် အိန်း၊ အိမ် အိမ့် အိမ်းအသတ်နဲ့ ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ပေးထားသော စကားလုံးများ၏ အဓိပ္ပာယ်ကို ဆရာက ဦးစွာ ရှင်းပြပေးပါမည်။
- ဆရာက ပထမစာကြောင်းကို ဖတ်ပြပါမည်။
- ကွက်လပ်တွင် ထည့်ရမည့် အဖြေကိုကလေးများအား စဉ်းစားစေပါမည်။ ပြောစေပါမည်။
- ကလေးများပြောပြသော အဖြေကို ဝါကျတစ်ကြောင်းချင်းစီတွင် ထည့်၍ ကလေးအားလုံး ရွတ်ဖတ်စေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါနည်းအတိုင်း ကွက်လပ်တွင် ဖြည့်စေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- မှန်ကန်သော စကားလုံးဖြည့်ထားသည့် လေ့ကျင့်ခန်းကို ပြန်လည်ရွတ်ဆိုစေပါမည်။
- စာသင်ခန်း၊ စာသင်ခန်းပတ်ဝန်းကျင်နှင့် အခြားစာအုပ်များမှ အိန် အိန့် အိန်း၊ အိမ် အိမ့် အိမ်း အသတ်နှင့် သက်ဆိုင်သော စကားလုံးများကို ရှာဖွေကာ နှုတ်မှ ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ချိန်တွင် စကားလုံးမှန်ကန်အောင် ရွေးချယ်နိုင်ခြင်း ရှိ၊ မရှိ၊ စာလုံးပေါင်းအရစ်အဆွဲ မှန်ကန်အောင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box —Copyright Protected

## အခန်း (၂-ဃ) ရုပ်ပုံကြည့်ကာ စာရေးပါ။ စကားလုံးမှန်ဖို့ လေ့ကျင့်စို့။
## အကြံပြုစာသင်ချိန် ၁ ချိန်

### သင်ယူမှုဦးတည်ချက်
- ရုပ်ပုံများကို ကြည့်ရှုပြီး ပြန်လည်ရေးသားတတ်ရန်
- ဆရာပြောပြသော စကားလုံးများကို နားထောင်ပြီး ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- ၁ ရှိ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကို ကြည့်စေပြီး "ဘာပုံလေးဖြစ်မလဲဆိုတာကို စဉ်းစားကြည့်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ကလေးများ စဉ်းစားထားသည့် ထင်မြင်ချက်များကို ကလေးအချင်းချင်း ဦးစွာပြောစေပါမည်။
- ထို့နောက် ကလေးတစ်ဦးချင်းစီ ပြောစေပါမည်။
- ⊙ ကလေးများပြောသော ရုပ်ပုံအမည်များကို လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။
- ⊙ ကလေးများ ရေးသားထားသည့် စကားလုံးများကို မှန်ကန်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် နှစ်ယောက်တစ်တွဲ စစ်ဆေးစေပါမည်။
- ⊙ ၂ ရှိ နမူနာ ပေးထားသော ကျောင်းသုံးစာအုပ်ပါပုံကို ဦးစွာ ပြောပြပါမည်။ ထို့နောက် အင် အင့် အင်း၊ အောင် အောင့် အောင်း၊ အိုင် အိုင့် အိုင်း၊ အိန် အိန့် အိန်း သင်ခန်းစာများရှိ စကားလုံးအချို့ကို ဆရာက သတ်ပုံခေါ်ပေးပြီး ကလေးများကို လိုက်ရေးစေပါမည်။
- ⊙ ကလေးများ ရေးသားထားသည့် စကားလုံးများကို မှန်ကန်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် ကလေးအချင်းချင်း စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**
- "အခုချိန်ထိ သင်ပြီးတဲ့ အသတ်တွေ အားလုံးကို မှတ်မိကြပြီလား၊ ကလေးတို့ရေးထားတဲ့ စကားလုံးလေးတွေကို ပြန်လည် ရွတ်ဖတ်ကြည့်ရအောင်"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- ရုပ်ပုံကြည့်ကာ စာရေးပါ သင်ခန်းစာတွင် ရုပ်ပုံကိုကြည့်ကာ စကားလုံးအမှန်ကို ပြောဆို ရေးသားနိုင်ခြင်းရှိ၊ မရှိနှင့် စကားလုံးမှန်ဖို့ လေ့ကျင့်စို့ ဟူသော အပိုင်းတွင် ဆရာခေါ်ပေးသော သတ်ပုံစကားလုံးများကို ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**(ဃ) ရုပ်ပုံကြည့်ကာ စာရေးပါ။ စကားလုံးမှန်ဖို့ လေ့ကျင့်စို့။**

၁။ ရုပ်ပုံကြည့်ကာ စာရေးပါ။



၂။ စကားလုံးမှန်ဖို့ လေ့ကျင့်စို့။




### အဓိကအချက်များ
- ပုံများကို ကြည့်ရှုပြီး ကလေးများကိုယ်တိုင် ရေးသားစေရပါမည်။
- ဆရာက သတ်ပုံခေါ်ပေးသော စကားလုံးများကို မှန်ကန်စွာ ရေးသားနိုင်ရန် ဆရာက ပံ့ပိုးကူညီပေးပါမည်။

### အရေးကြီးသောအချက်များ
- အင် အင့် အင်း၊ အောင် အောင့် အောင်း၊ အိုင် အိုင့် အိုင်း၊ အိန် အိန့် အိန်း အသတ်သင်ခန်းစာများကို သေချာစွာ မှတ်မိသိရှိခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းဖြစ်ပါသည်။
- ကလေးများ ရေးသားနေချိန်တွင် ဆရာက စာလုံးပေါင်း၊ အရစ်အဆွဲ မှန် မမှန်တို့ကို သေချာစွာ ကြည့်ရှုပေးရပါမည်။
- လိုအပ်ပါက ပံ့ပိုးကူညီပေးရပါမည်။
- ဆရာခေါ်ပေးသော စကားလုံးများသည် အင် အင့် အင်း၊ အောင် အောင့် အောင်း၊ အိုင် အိုင့် အိုင်း၊ အိန် အိန့် အိန်း အသတ်သင်ခန်းစာများမှ စကားလုံးများ ဖြစ်ရပါမည်။

ဥပမာ။ ။ ညောင်ပင်

DBE Box - Copyright Protected

## (င) ညီုထွေးနဲ့ကိုလေး (ကဗျာ)




### အဓိကအချက်များ

- ကဗျာကို ဟန်အမူအရာဖြင့် ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုစေပြီး ကလေးများ၏ ထင်မြင်ချက်များကို ရဲဝံ့စွာ ပြောစေပါမည်။

### အရေးကြီးသောအချက်များ

- ကလေးများ နားလည်ရန်ခက်ခဲသော ဝေါဟာရများကို ကလေး နားလည်လွယ်သော စကားလုံးဖြင့်သာ ရှင်းပြရပါမည်။
  ဥပမာ ။ ။ စန်း၊ ဩဘာ
  စန်း = မိုးကောင်းကင်ရှိ လ။
  ဩဘာ = ၁။ အရောင်အလင်း။ ၂။ အတိတ်နိမိတ်။ ၃။ ကောင်းချီး။ ကောင်းချီးစကား။
- ဟန်အမူအရာပြုလုပ်ရာတွင် ဆရာလုပ်ပြသည့်အတိုင်း မဟုတ်ဘဲ မိမိနားလည်သော ကိုယ်ပိုင်အမူအရာဖြင့် ပြုလုပ်ရန် ပြောပါမည်။
- စာသင်ချိန်အတွင်း ကဗျာကို အလွတ်ရရန် မလိုပါ။

## အခန်း (၂-င) ညီုထွေးနဲ့ကိုလေး
## အကြံပြုစာသင်ချိန် ၂ ချိန်

### သင်ယူမှုဦးတည်ချက်

- ကဗျာကို ကိုယ်ပိုင်ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ အားလပ်ချိန်မှာ သူငယ်ချင်းတွေ မောင်နှမတွေနဲ့ ကစားဖူးကြလား၊ ကဗျာလေးတွေကော အတူတူဆိုခဲ့ဖူးကြလား" ဟု မေးကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကဗျာပါ ရုပ်ပုံများကိုပြ၍ ကလေးများ၏ ထင်မြင်ချက်များကို မေးပါမည်။ ကလေးများ လွတ်လပ်စွာ ပြောစေပါမည်။
- ⊙ ထို့နောက် ကဗျာခေါင်းစဉ်ကို ပြောကာ ဆရာက ကဗျာကို အသံနေအသံထားမှန်မှန်ဖြင့် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့် )
- ⊙ ဆရာရွတ်ဆိုပြသကဲ့သို့ ကလေးများကို နောက်မှလိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ ကဗျာပါအကြောင်းအရာများကို ကလေးများ နားလည်လွယ်သော စကားလုံးများဖြင့် ရှင်းပြပါမည်။
- ⊙ ကလေးများ ကိုယ်တိုင် ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- "ကလေးတို့ ဒီကဗျာလေးကို ရွတ်ဆိုရတာ ပျော်ရဲ့လား၊ အိမ်နဲ့ကျောင်းမှာသာမကဘဲ သူငယ်ချင်းတွေ ညီအစ်ကို မောင်နှမတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ ရွတ်ဆိုကြည့်ကြနော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ကဗျာသီဆိုနေချိန်တွင် ကိုယ်ပိုင်ဟန်အမူအရာဖြင့် သီဆိုနိုင်ခြင်း ရှိ၊ မရှိနှင့် မိမိတို့ ထင်မြင်ချက်များကို တက်ကြွစွာ ပြောဆိုနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

**အခန်း (၃-က) ဘာကြောင့်ကြိုက်တယ် ပြောကြမယ်**

**အကြံပြုစာသင်ချိန် ၁ ချိန်**

**သင်ယူမှုဦးတည်ချက်**

- မိမိကြိုက်နှစ်သက်သော ကိုယ်ပိုင်ပစ္စည်းလေးတွေ အကြောင်းကို အခြားသူများအား ပြောပြတတ်ရန်
- ဘာကြောင့်ကြိုက်တယ်ဟူသော အချက်ကို မေးခွန်း မေးတတ် ပြန်ပြောပြတတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

## သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ ကြိုက်တဲ့ပစ္စည်းလေးတွေ ရှိသလား။ ပြောကြည့်ပါအုံး" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက မိမိနှစ်သက်သော ပစ္စည်းအကြောင်းနှင့် ဘာကြောင့် ကြိုက်နှစ်သက်ရသည်ကို ပြောပါမည်။
- ထို့နောက် ကျောင်းသုံးစာအုပ်ပါရုပ်ပုံတွင် ဖြူဖြူနှစ်သက်သော အရုပ်ကလေးအကြောင်းကို ပြောပြမည်။
- ⊙ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကို နမူနာကိုပြပြီး ကလေးများကြိုက်နှစ်သက်သော ပစ္စည်း ၃ ခုပုံကို ရေးဆွဲစေကာ အကြိုက်ဆုံးပုံကို ဝိုင်းထားရန် ပြောမည်။
- ⊙ "ကလေးတို့ကြိုက်တဲ့ ပစ္စည်းလေးတွေရဲ့ ပုံကို ဆွဲပြီးကြပြီမဟုတ်လား။ အဲဒီထဲက အကြိုက်ဆုံးပစ္စည်းနဲ့ ဘာကြောင့် ကြိုက်တယ်ဆိုတာကို ပြောကြည့်ကြရအောင်" ဟု ပြော ကာ တစ်ဦးချင်းစီပြောစေပါမည်။
- ⊙ ကလေး ၃၊ ၄ ယောက်ကို အတန်းရှေ့ထွက်ကာ ပြောစေပါမည်။
- ⊙ ကလေးများကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ကိုယ်ကြိုက်တဲ့ ပစ္စည်းလေးတွေ အကြောင်းကို အချင်းချင်း ပြောနိုင်ကြတယ်မဟုတ်လား ကိုယ်စိတ်ဝင်စားတဲ့ တခြားအရာတွေ အကြောင်းလဲ ပြောနိုင်ရမယ်နော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- အချင်းချင်းပြောနေချိန်တွင် စိတ်ပါဝင်စားစွာ ပြောဆိုနိုင်ခြင်း ရှိ၊ မရှိ၊ အဘယ်ကြောင့် ကြိုက်နှစ်သက်သည်ကို ပြောဆို နိုင်ခြင်း ရှိ၊ မရှိနှင့် သူငယ်ချင်းပြောသည်ကို နားထောင်ကာ မေးခွန်း မေးမြန်းနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်မည်။



**အခန်း ၃ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)**

**(က) ဘာကြောင့်ကြိုက်တယ် ပြောကြမယ်**




အချင်းချင်းဖလှယ်ပြောကြမယ်။



**အဓိကအချက်များ**

- မိမိနှစ်သက်သော အကြောင်းအရာတစ်ခုကို အခြားသူများအား ပြောပြတတ်ရမည်။
- အဘယ်ကြောင့် နှစ်သက်ရသည်ကို သေချာစွာပြောပြတတ်ရပါမည်။

**အရေးကြီးသောအချက်များ**

- ဆရာမေးသော မေးခွန်းကို မဖြေနိုင်ပါက ဆရာက ဖေးမကူညီပေးရပါမည်။
- သူငယ်ချင်း အချင်းချင်း ပြောကြားနေချိန်တွင်လည်း ကလေးအားလုံး ရဲရဲဝံ့ဝံ့ ပြောဆိုနိုင်အောင် လှုံ့ဆော်ပေးရပါမည်။
- မပြောနိုင်သော ကလေးများ ရှိပါက ဆရာက ဖေးမကူညီပေးရပါမည်။

DBE Box – Copyright Protected

## (၈) ယုန်ကလေးက နားရွက်ထောင် (ကဗျာ)




### အစိကအချက်များ

- ကလေးများ ကဗျာကို ပျော်ရွှင်စွာ ရွတ်ဆိုစေပြီး ထင်မြင်ချက်ကို ရဲရဲဝံ့ဝံ့ပြောစေပါမည်။

### အရေးကြီးသောအချက်များ

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများကိုကြည့်ကာ လွတ်လပ်စွာ ဖြေကြားစေပါမည်။
- ဆရာက အသံနေအသံထားဖြင့် ရွတ်ဆိုချိန်တွင် ကလေးများအားလုံး အာရုံစူးစိုက်ခြင်း ရှိ၊ မရှိ ဂရုပြုရပါမည်။
- ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုရာတွင် ကလေးများကို လွတ်လပ်စွာ သရုပ်ဆောင်စေပါမည်။

## အခန်း (၃-၈) ယုန်ကလေးကနားရွက်ထောင် (ကဗျာ)

## အကြံပြုစာသင်ချိန် ၂ ချိန်

### သင်ယူမှုဦးတည်ချက်

- ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကလေးများအား ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများကို ကြည့်ရှုစေပြီး မေးခွန်းများ မေးကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ကဗျာကို ဆရာက အသံနေအသံထား မှန်မှန် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ ပြီးလျှင် ဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
- ⊙ ထို့နောက် တစ်တန်းလုံး အုပ်စုလိုက် တစ်ဦးချင်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ကဗျာကို ဟန်အမူအရာနဲ့ ပြန်လည်ရွတ်ဆိုကြရအောင်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေအသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box — Copyright Protected

## အခန်း (၃-ဂ) အုန် အုန့် အုန်း အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်း၊ ဗျည်းတွဲနှင့် အုန် အုန့် အုန်း အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အုန် အုန့် အုန်း အသတ်နဲ့ သက်ဆိုင်တဲ့ စကားလုံးတွေကို ဆက်ပြီးသင်ကြားကြမယ်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ုန် ုန့် ုန်း ၊ ုံ ုံ့ ုံး အသတ်သင်္ကေတကို သင်ပုန်းတွင်ရေးကာ ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။ ❶ ရှိ အသတ်သင်္ကေတ၏ အမည်ကို ဖတ်စေပါမည်။
- ဗျည်းနှင့် ုန် ုန့် ုန်း၊ ုံ ုံ့ ုံး အသတ်သင်္ကေတတွဲဖက်၍ ❷ ကို ရွတ်ဖတ်စေပါမည်။
- ⦿ အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။
- ⦿ ဗျည်းနှင့် အုန် အုန့် အုန်း၊ အုံ အုံ့ အုံးအသတ်အသုံး တွဲဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ⦿ ဗျည်းနှင့် အုန် အုန့် အုန်း အသတ် အတွဲ ❷ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ⦿ ကူးရေးစေရာတွင် ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများ သင်ကြားပြီးသော ဗျည်းနှင့် အုန်၊ အုန့်၊ အုန်း နှင့် အုံ၊ အုံ့၊ အုံး အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် အုန်၊ အုန့်၊ အုန်း နှင့် အုံ၊ အုံ့၊ အုံး အသတ်အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၃။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)

**(ဂ) အုန် (ုန်) အုန့် (ုန့်) အုန်း (ုန်း) အသတ်များ သင်ကြားကြစို့လား**



❶

| | | |
|---|---|---|
| အုန် | အုန့် | အုန်း |
| ုန် | ုန့် | ုန်း |
| ုံ | ုံ့ | ုံး |



❷

| | | |
|---|---|---|
| စုန် | စုန့် | စုန်း |
| မုန် | မုန့် | မုန်း |
| ကုံ | | ကုံး |
| ငုံ | ငုံ့ | ငုံး |
| တုံ | တုံ့ | တုံး |

❸

| | | |
|---|---|---|
| ကျုံ | ကျုံ့ | ကျုံး |
| ချုံ | ချုံ့ | ချုံး |
| ဖြုံ | ဖြုံ့ | ဖြုံး |
| မြုံ | မြုံ့ | |
| မှုန် | မှုန့် | မှုန်း |



❹

စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

စုန် စုန့် စုန်း

မုန် မုန့် မုန်း

---

### အဓိကအချက်များ

- အသတ်သင်္ကေတ ုန် ုန့် ုန်း ကို အသံထွက် ရွတ်ဖတ်ပြီး ဗျည်း၊ ဗျည်းတွဲနှင့်အသတ်တို့ ပေါင်းစပ်၍ စကားလုံးများ၊ စာကြောင်းတိုများ ရွတ်ဖတ် ရေးသားနိုင်သည်အထိ သင်ကြားပါမည်။
- ဆရာက သင်ကြားရာတွင် စာလုံးပေါင်းနည်းနှင့် အသံထွက်နည်း နှစ်မျိုးကို သင့်လျော်သလို အသုံးပြု သင်ကြားရပါမည်။

### အရေးကြီးသောအချက်များ

- ုန် ုန့် ုန်းနှင့် ုံ ုံ့ ုံး အသုံးကို ဥပမာများပေးကာ ရှင်းလင်းပြပါမည်။
- င သေးသေးတင် တစ်ချောင်းငင် ငုံ
  င သေးသေးတင် တစ်ချောင်းငင် ငုံ အောက်ကမြစ် ငုံ့
  င သေးသေးတင် တစ်ချောင်းငင် ငုံ ဝစ္စနှစ်လုံးပေါက်ငုံး
  ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့
  ဗျည်း + အသတ်
- င + ုံ (အုံ) = ငုံ
- င + ုံ့ (အုံ့) = ငုံ့
- င + ုံး (အုံး) = ငုံး

ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

DBE Box – Copyright Protected

## (ဂ) အုန် (–ုန်) အုန့် (–ုန့်) အုန်း (–ုန်း) အသတ်များ သင်ကြားကြစို့လား



၁

| | | |
|---|---|---|
| **အုန်** | **အုန့်** | **အုန်း** |
| –ုန် | –ုန့် | –ုန်း |
| –ုံ | –ုံ့ | –ုံး |



၂

| | | |
|---|---|---|
| စုန် | စုန့် | စုန်း |
| မုန် | မုန့် | မုန်း |
| ကုံ | | ကုံး |
| ငုံ | ငုံ့ | ငုံး |
| တုံ | တုံ့ | တုံး |

၃

| | | |
|---|---|---|
| ကျုံ | ကျုံ့ | ကျုံး |
| ချုံ | ချုံ့ | ချုံး |
| ဖြုံ | ဖြုံ့ | ဖြုံး |
| မြုံ | မြုံ့ | |
| မှုန် | မှုန့် | မှုန်း |

၄



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

စုန် စုန့် စုန်း

မှုန် မှုန့် မှုန်း

### အရေးကြီးသောအချက်များ

- –ုန် –ုန့် –ုန်း အသတ်သင်္ကေတများအသုံးကို ခွဲခြားသိရှိ၍ ဖတ်တတ်၊ ရေးသားတတ်ရပါမည်။
- သင်္ကေတပြောင်းသည်နှင့် အဓိပ္ပာယ် ပြောင်းလဲကြောင်း ရှင်းပြပါမည်။

## အခန်း (၃-ဂ) အုန် အုန့် အုန်း အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန်** ၉ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ဗျည်းနှင့် အုန် အုန့် အုန်း၊ အုံ အုံ့ အုံး အသတ်အတွဲ ၂ ကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ဗျည်း၊ ဗျည်းတွဲနှင့် –ုန် –ုန့် –ုန်း ၊ –ုံ –ုံ့ –ုံး အသတ်သင်္ကေတကို သင်ပုန်းတွင် ရေးကာရွတ်ဖတ်ပြပါမည်။
- ၃ ရှိ စကားလုံးများကို ဆရာက ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ရွတ်ဖတ်စေပါမည်။
- ၃ တွင် ပါဝင်သော စကားလုံးများကို ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ၃ ကို နှုတ်မှ ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ၄ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

#### နိဂုံးချုပ်ခြင်း

- ကလေးများ သင်ကြားပြီးသော ဗျည်း၊ ဗျည်းတွဲနှင့် အုန် အုန့် အုန်းအသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အုန် အုန့် အုန်း အသတ်အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box — Copyright Protected

## အခန်း (၃-၈)　အုန် အုန့် အုန်းအသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**

♦ ၂ ၃ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ၅ တွင် ပါရှိသော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။

♦ ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။

♦ ထိုစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ်သင်္ကေတ အသံထွက်အတိုင်း ဖတ်ပြပါမည်။

ဥပမာ ။ ။ ယုန်

ယပက်လက်တစ်ချောင်းငင် နသတ် ယုန် ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့

ယ + ုန် (အုန်) = ယုန် ဟု လည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

♦ ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။

♦ ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ ရုပ်ပုံပါ စကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၃။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၅



ယုန်　　ဂျုံ　　ပျားအုံ



ဗုံရှည်　　ခေါင်းအုံး　　ဒုံးပျံ



ပန်းကုံး　　မီးပုံးပျံ　　မုန့်လုံးရေပေါ်

၆

| | | | | | |
|---|---|---|---|---|---|
| ပြုံးရွှင် | အုံ့မှိုင်း | ပြေးခုန် | လုံမလေး | နံ့သာမှုန့် | ကုန်းကြောင်း |
| ပုံပြင် | တွေ့ဆုံ | ရေပုံး | နယုန်လ | ကုန်စုံဆိုင် | လေမုန်တိုင်း |

---

### အရေးကြီးသောအချက်များ

♦ အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box – Copyright Protected


၃။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၅

ယုန် ဂျုံ ပျားအုံ

ပုံရှည် ခေါင်းအုံး ဒုံးပျံ

ပန်းကုံး မီးပုံးပျံ မုန့်လုံးရေပေါ်

၆

| | | | | | |
|---|---|---|---|---|---|
| ပြုံးရွှင် | အုံ့မှိုင်း | ပြေးခုန် | လုံမလေး | နံ့သာမှုန့် | ကုန်းကြောင်း |
| ပုံပြင် | တွေ့ဆုံ | ရေပုံး | နယုန်လ | ကုန်စုံဆိုင် | လေမုန်တိုင်း |

## အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

## အခန်း (၃-၈) အုန် အုန့် အုန်းအသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၂ ၃ ၅ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ၆ တွင်ပါရှိသော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဌာန်ကို စဉ်းစားစေမည်။
- ကလေးများကို ပြောစေပါမည်။
- ကလေးများပြောသည့် ၆ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ထို့နောက် လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "အုန် အုန့် အုန်း အသတ်နဲ့ဆိုင်တဲ့ စကားလုံး လေးတွေ ရွတ်ဖတ်ပြီး ရေးနိုင်ပြီမဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စကားလုံးများကို သေချာစွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ နှင့် စာလုံးပေါင်း၊ အရစ် အဆွဲ မှန်ကန်စွာရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၃-၈)  အုန် အုန့် အုန်းအသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (ပဉ္စမ မှ အဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- စာပိုဒ် ၇ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက စာပိုဒ် ၇ ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို မိမိမှတ်စုစာအုပ်တွင် တစ်ကြောင်းချင်းစီ ကူးရေးစေမည်။
- စာပိုဒ် ၇ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "စာပိုဒ် ၇ ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၇ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၃။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၇



စံပယ်သုံးကုံး
ဘယ်လိုသုံးမလဲ။
ပြုံး၍ မေးသည်။
ဆံထုံးမှာ ပန်မည်။

၈



ဟင်းမျိုးစုံပြီ။
ခုံပေါ်မှာ အကုန်ချထားပါ။
ယင်မအုံပါစေနှင့်။
အားလုံး လုံအောင် ဖုံးထားပါ။

၉



မိုးအုံ့လျှင် အေးသည်။
တံခါးလုံရဲ့လား။
ချမ်း၍ တုန်နေသည်။
စောင်လုံလုံ ခြုံထားပါ။

၁၀



တောင်ကုန်းနားက ယုန်ကလေး
ခုန်၍ ခုန်၍ ခုန်၍ ပြေး။
မယုံလျှင် သွား၍မေး
မကြုံစဖူး ထူးလှသေး။

---

**အရေးကြီးသောအချက်များ**

- ဗျည်း၊ ဗျည်းတွဲနှင့် အသတ်တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

**မှတ်ချက်**

- စာပိုဒ် ၈ ၉ ၁၀ ကိုလည်း စာပိုဒ် ၇ သင်နည်းအတိုင်း ဆက်လက် သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

DBE Box – Copyright Protected



စကားလုံးအမှန် ရွေးပါ။

(က) မိုးတွေ (အုံ့မှိုင်း၊ အုန့်မှိုင်း) လာပြီ။

(ခ) ခြံထဲမှာ (ခြုံ၊ ချုံ) တွေ ထူနေတယ်။

(ဂ) ညီလေး ဘယ်မှာ (ပုန်း၊ ပုံး) နေသလဲ။

(ဃ) ဆရာမ (ဆံထုန်း၊ ဆံထုံး) မှာ ပန်းပန်ထားတယ်။

(င) ကလေးတွေ (ခုန်၊ ခုံ) ပေါ်မှာ ထိုင်နေကြတယ်။

## အရေးကြီးသောအချက်များ

- ကလေးများ အဖြေမှန်ရှာဖွေရာတွင် လိုအပ်ပါက ဆရာက ကူညီပေးရပါမည်။
- စကားလုံးအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

# အခန်း (၃-ဂ) အုန် အုန့် အုန်းအသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (နဝမအချိန်)

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ၇ ၈ ၉ ၁၀ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အုန် အုန့် အုန်း အသတ်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဆရာက ပထမစာကြောင်းကို ဦးစွာဖတ်ပြပါမည်။
- ရွေးချယ်ရမည့် စကားလုံးနေရာတွင် ပေးထားသော စကားလုံးနှစ်လုံးကို သေသေချာချာ ဖတ်ပြပါမည်။
- ကလေးများကိုလည်း နောက်မှ လိုက်၍ ဖတ်စေပါမည်။
- ကလေးများကိုယ်တိုင် စကားလုံးအမှန်ကို ရွေးချယ်စေပါမည်။
- ရွေးချယ်ထားသော စကားလုံးအမှန်ဖြင့် စာကြောင်းကို လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါ နည်းအတိုင်း ဆက်လက်ရွေးချယ် ရေးသားစေပါမည်။

### နိဂုံးချုပ်ခြင်း

- ၇ မှ ၁၀ အထိ ရွတ်ဖတ်စေကာ "အုန် အုန့် အုန်း အသတ်ကို ဖတ်နိုင်၊ ရေးနိုင်ပြီ မဟုတ်လား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ချိန်တွင် စကားလုံး မှန်ကန်အောင် ရွေးချယ်နိုင်ခြင်း ရှိ၊ မရှိနှင့် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်အောင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၃–ဃ) အွန် အွန့် အွန်း အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်
♦ ဗျည်း၊ ဗျည်းတွဲနှင့် အွန် အွန့် အွန်း အသတ်များ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ
(ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
♦ "အွန် အွန့် အွန်း အသတ်နဲ့ သက်ဆိုင်တဲ့ စကားလုံးတွေကို ဆက်ပြီးသင်ကြားကြမယ်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
♦ အွန် အွန့် အွန်း အသတ်ကို သင်ပုန်းတွင် ရေးကာ ရွတ်ဖတ်ပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
♦ သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
❶ ရှိ အသတ်သင်္ကေတ၏ အမည်ကို ဖတ်စေပါမည်။
⊙ ဗျည်းနှင့် ွန် ွန့် ွန်း အသတ်သင်္ကေတ တွဲဖက်၍ ❷ ကို ရွတ်ဖတ်စေပါမည်။
⊙ အခြားဗျည်းများအစားသွင်းကာ ရွတ်ဖတ်စေပါမည်။
⊙ လိုအပ်လျှင်ဆရာက ဖေးမကူညီပေးပါမည်။
⊙ ဗျည်းနှင့် အွန် အွန့် အွန်း အသတ်အသုံးကို တွဲဖက်၍ ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ကြည့်စေပါမည်။
⊙ ဗျည်း နှင့် အွန် အွန့် အွန်း အသတ်အတွဲ ❷ ကို နှုတ်ဖြင့်ရွတ်၍ ကူးရေးစေပါမည်။
⊙ ကူးရေးစေရာတွင် ❹ ပါပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**
♦ ကလေးများသင်ကြားပြီးသော ဗျည်းနှင့် အွန် အွန့် အွန်း အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
♦ လုပ်ငန်းစဉ်အတွင်း ဗျည်းနှင့် အွန် အွန့် အွန်း အသတ်အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၃။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)

**(ဃ) အွန် (ွန်) အွန့် (ွန့်) အွန်း (ွန်း) အသတ်များ သင်ကြားကြစို့လား**



❶

| | | |
|---|---|---|
| အွန် | အွန့် | အွန်း |
| ွန် | ွန့် | ွန်း |
| ွမ် | ွမ့် | ွမ်း |
| ွံ | ွံ့ | |



❷

| | | |
|---|---|---|
| ကွန် | ကွန့် | ကွန်း |
| စွန် | စွန့် | စွန်း |
| တွန် | တွန့် | တွန်း |
| ထွန် | ထွန့် | ထွန်း |
| လွန် | လွန့် | လွန်း |

❸

| | | |
|---|---|---|
| ဝွံ | စွံ | နွံ |
| ဆွံ့ | ဖွံ့ | ရွံ့ |
| ကျွံ | ချွံ | |
| ကျွန် | | ကျွန်း |
| ချွန် | | ချွန်း |
| | ရွှံ့ | |



❹ စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

လွန် လွန့် လွန်း

စွံ နွံ ဖွံ့

### အဓိကအချက်များ
♦ အသတ်သင်္ကေတ ွန် ွန့် ွန်း ကို အသံထွက် ရွတ်ဖတ်ပြီး ဗျည်း၊ ဗျည်းတွဲနှင့် အသတ်တို့ ပေါင်းစပ်၍ စကားလုံးများ၊ စာကြောင်းတိုများ ရွတ်ဖတ် ရေးသားနိုင်သည်အထိ သင်ကြားပါမည်။
♦ ဆရာက သင်ကြားရာတွင် စာလုံးပေါင်းနည်းနှင့် အသံထွက်နည်း နှစ်မျိုးကို သင့်လျော်သလို အသုံးပြု သင်ကြားရပါမည်။

### အရေးကြီးသောအချက်များ
♦ ွန် ွန့် ွန်း အသတ်သင်္ကေတများကို ဥပမာများပေးကာ ရှင်းလင်းပြပါမည်။
♦ ကကြီးဝဆွဲ နသတ် ကွန်
ကကြီးဝဆွဲ နသတ် ကွန် အောက်ကမြစ် ကွန့်
ကကြီးဝဆွဲ နသတ် ကွန် ဝစ္စနှစ်လုံးပေါက် ကွန်း
ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့

ဗျည်း + အသတ်
♦ က + ွန် (အွန်) = ကွန်
♦ က + ွန့် (အွန့်) = ကွန့်
♦ က + ွန်း (အွန်း) = ကွန်း
ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

DPE Box – Copyright Protected

## (ဃ) အွန် (ွန်) အွန့် (ွန့်) အွန်း (ွန်း) အသတ်များ သင်ကြားကြစို့လား



၁

| | | |
|---|---|---|
| အွန် | အွန့် | အွန်း |
| ွန် | ွန့် | ွန်း |
| ွမ် | ွမ့် | ွမ်း |
| ွံ | ွံ့ | |



၂

| | | |
|---|---|---|
| ကွန် | ကွန့် | ကွန်း |
| စွန် | စွန့် | စွန်း |
| တွန် | တွန့် | တွန်း |
| ထွန် | ထွန့် | ထွန်း |
| လွန် | လွန့် | လွန်း |

၃

| | | |
|---|---|---|
| ခွံ | စွံ | နွံ |
| ဆွံ့ | ဖွံ့ | ရွံ့ |
| ကျွံ | ချွံ | |
| ကျွန် | | ကျွန်း |
| ချွန် | | ချွန်း |
| | ရွှံ့ | |

၄



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

လွန် လွန့် လွန်း

စွံ နွံ ဖွံ့

### အရေးကြီးသောအချက်များ

- ွန် ွန့် ွန်း အသတ်သင်္ကေတများ အသုံးကို ခွဲခြားသိရှိ၍ ဖတ်တတ်ရေးသားတတ်ရပါမည်။

## အခန်း (၃–ဃ) အွန် အွန့် အွန်း အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ဗျည်းနှင့် အွန် အွန့် အွန်း အသတ်အတွဲ ၂ ကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ၃ ရှိ စကားလုံးများကို ဆရာက ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ရွတ်ဖတ်စေပါမည်။
- ၃ တွင် ပါဝင်သော စကားလုံးများကို ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ကြည့်စေပါမည်။
- ၃ တွင် ပါဝင်သော စကားလုံးများကို နှုတ်မှရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ၄ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

#### နိဂုံးချုပ်ခြင်း

- ဗျည်း၊ ဗျည်းတွဲနှင့် အွန် အွန့် အွန်း အသတ် တွဲဖက်၍ သင်ကြားပြီးသော အတွဲကို ကလေးများအား ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အွန် အွန့် အွန်း အသတ်အတွဲတွင် ဆရာကမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၃–ဃ) အွန် အွန့် အွန်း အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❶ ❷ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❶ တွင်ပါရှိသော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ်သင်္ကေတ အသံထွက်အတိုင်းဖတ်ပြပါမည်။
  ဥပမာ ။ ။ စွန်
  စလုံးဝဆွဲ နသတ် စွန် ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့
  စ + ွန် (အွန်) = စွန် ဟု လည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါ စကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြား စကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၃။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❼



ဇွန်း



စွန်



ယွန်းထည်



ကွမ်းသီး



ကွန်ပျူတာ



ထွန်တုံး



ဝါဂွမ်း



လယ်ထွန်

❽

| | | | | | |
|---|---|---|---|---|---|
| မွမ်းမံ | ရွံ့ညွန် | ခွန်အား | စွမ်းရည် | ကျွမ်းကျင် | ကောင်းမွန် |
| ဖွံ့ဖြိုး | ရှာသွန်း | ထွန်းညို | ညွန်ကြား | ကျွန်းဆွယ် | ဆွမ်းတော် |

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box - Copyright Protected

၃။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)

၅ ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။


ဇွန်း


စွန်


ယွန်းထည်


ကွမ်းသီး


ကွန်ပျူတာ


ထွန်တုံး


ဝါဂွမ်း


လယ်ထွန်

၆

| | | | | | |
|---|---|---|---|---|---|
| မွမ်းမံ | ရွှံ့ညွန် | ခွန်အား | စွမ်းရည် | ကျွမ်းကျင် | ကောင်းမွန် |
| ဖွံ့ဖြိုး | ရွှာသွန်း | ထွန်းညို | ညွှန်ကြား | ကျွန်းဆွယ် | ဆွမ်းတော် |

## အရေးကြီးသောအချက်များ

♦ အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

# အခန်း (၃-ဃ) အွန် အွန့် အွန်း အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ၂ ၃ ၅ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ၆ တွင်ပါရှိသော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဌာန် ကို စဉ်းစားစေမည်။

♦ ကလေးများကို ပြောစေပါမည်။

♦ ကလေးများပြောသည့် ၆ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

♦ ထို့နောက် လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "အွန် အွန့် အွန်း အသတ်နဲ့ဆိုင်တဲ့ စကားလုံးလေးတွေ ရွတ်ဖတ်ပြီး ရေးနိုင်ပြီမဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း စကားလုံးများကို သေချာစွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ နှင့် စာလုံးပေါင်း အရစ်အဆွဲမှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၃-ဃ) ဒွန် ဒွန့် ဒွန်း အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ချိန် (ပဥ္စမ မှ အဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- စာပိုဒ် ၇ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက စာပိုဒ် ၇ ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို မိမိမှတ်စုစာအုပ်တွင် တစ်ကြောင်းချင်းစီ ကူးရေးစေမည်။
- စာပိုဒ် ၇ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "စာပိုဒ် ၇ ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၇ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၃။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



၇

ဖွန်ပန်းရုံအနီး
လှည်းဘီး နွံထဲကျွံနေသည်။
ကူ၍ တွန်းပေးကြပါ။
လေးလွန်း၍ မတွန်းနိုင်ဘူးလား။
ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။



၈

နေမွန်းတည့်ပြီ။
အပူရှိန် အလွန်ပြင်းသည်။
လွန်လွန်ကျွံကျွံ မကစားရ။
ခွန်အား ကုန်ခန်းမည်။
ပင်ပန်းနွမ်းနယ်မည်။



၉

ရိုးသား၍ ပညာထူးချွန်သူ
အကျင့်ကောင်းမွန်သူ
အများအကျိုးငှာ ကိုယ်ကျိုးစွန့်သူ
တာဝန်ကျေပွန်သူ
ထိုသူတို့ကို ချီးမွမ်းရမည်။



၁၀

ခွန်အားကြီးသော လယ်သမားများ
စုပေါင်းထွန်ကြမည်။
နည်းလမ်းကောင်းများ ညွှန်ပြထားသည်။
သီးနှံဖွံ့ဖြိုးမည်။
ကိုင်းကျွန်းမို့ ကျွန်းကိုင်းမှီ။

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် အသတ်တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ်ရေးသား တတ်ရပါမည်။
- ကလေးများရေးသားချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

### မှတ်ချက်

- စာပိုဒ် ၈ ၉ ၁၀ ကိုလည်း စာပိုဒ် ၇ သင်နည်းအတိုင်း ဆက်လက် သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

DBE Box – Copyright Protected



ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| ခွံ့ကျွေး | ကျွမ်းကျင် | လူရည်ချွန် |
| ဖွန်ပန်း | ဟွန်းသံ | |

(က) အိမ်ရှေ့မှာ ------ တွေ ပွင့်နေတယ်။

(ခ) ကား ------ ဆူညံတယ်။

(ဂ) ကျောင်းမှာ မောင်ဘ ------ အရွေးခံရတယ်။

(ဃ) ကလေးကို ထမင်း ------ နေတယ်။

(င) ဦးဘ ကားမောင်း ------ တယ်။

## အရေးကြီးသောအချက်များ

- ကလေးများ အဖြေမှန်ရှာဖွေရာတွင် လိုအပ်ပါက ဆရာက ကူညီပေးရပါမည်။
- စကားလုံးအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

## အခန်း (၃-ဃ) အွန် အွန့် အွန်း အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (နဝမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၇ ၈ ၉ ၁၀ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အွန် အွန့် အွန်း အသတ်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ပထမစာကြောင်းများကို ဦးစွာဖတ်ပြပါမည်။
- ရွေးချယ်ရမည့် စကားလုံးနေရာတွင် ပေးထားသော စကားလုံးနှစ်လုံးကို သေသေချာချာ ဖတ်ပြပါမည်။
- ကလေးများကိုလည်း နောက်မှ လိုက်၍ ဖတ်စေပါမည်။
- ကလေးများကိုယ်တိုင် စကားလုံးအမှန်ကို ရွေးချယ်စေပါမည်။
- ရွေးချယ်ထားသော စကားလုံးအမှန်ဖြင့် စာကြောင်းကို လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါ နည်းအတိုင်း ဆက်လက်ရွေးချယ် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ၇ မှ ၁၀ အထိ ရွတ်ဖတ်စေကာ "အွန် အွန့် အွန်း အသတ်ကို ဖတ်နိုင် ရေးနိုင်ပြီ မဟုတ်လား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ချိန်တွင် စကားလုံး မှန်ကန်အောင် ရွေးချယ်နိုင်ခြင်း ရှိ မရှိနှင့် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်အောင် ရေးဆွဲနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၄–က) အမြော်ကြိုက်သူ
## အကြံပြုစာသင်ချိန် ၄ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ပုံပြင်ပါ အကြောင်းအရာများကို နားထောင်ပြီး ပြန်လည်ပြောပြတတ်ရန်
- သူတစ်ပါး၏ ပြောဆိုမှုကို စဉ်းစားချင့်ချိန်ပြီးမှ မှန်၊ မမှန် ဆင်ခြင်ဆုံးဖြတ်တတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ရုပ်ပုံကလေးကို ကြည့်ပြီး ဘယ်လိုပုံပြင်လေးဖြစ်မလဲ ဆိုတာ စဉ်းစားပြီး ပြောကြည့်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကလေးများအား ပုံပြင်ပါ ရုပ်ပုံများကို တစ်ပုံချင်းစီ ကြည့်စေပြီး ဆရာကစတင်၍ အောက်ပါမေးခွန်းများကို မေးမည်။

ဥပမာ ။ ။ "ပုံထဲမှာ ဘာတွေ တွေ့ရသလဲ"
"ဘာကောင်လေးတွေလဲ"
"သူတို့ ဘာလုပ်နေကြတယ် ထင်သလဲ"

- ⊙ ပုံပြင် ပထမစာမျက်နှာရှိ ရုပ်ပုံမှစ၍ တစ်မျက်နှာချင်းစီ ကြည့်ကာ ကလေးများ၏ ထင်မြင်ချက်များကို လွတ်လပ်စွာ ပြောစေပါမည်။
- ⊙ ကျောင်းသုံးစာအုပ်ပါရုပ်ပုံများကို ပုံပြင်အစမှအဆုံးအထိ တစ်ပုဒ်လုံးကြည့်ကာ ကလေးများ၏ ထင်မြင်ချက်များကို မေးပါမည်။
- ⊙ ကလေးများ၏ ထင်မြင်ချက်အပေါ်တွင် ဆရာအနေဖြင့် အနှစ်ချုပ်ပြောပြပါမည်။

**နိဂုံးချုပ်ခြင်း**

- "ရုပ်ပုံလေးတွေကိုကြည့်ပြီး ကလေးတို့ရဲ့ထင်မြင်ချက်ကို ပြန်ပြောကြည့်ကြရအောင်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံများကိုကြည့်ပြီး ထင်မြင်ချက်ပေးရာတွင် သေချာစွာ စဉ်းစားခြင်း ရှိ၊ မရှိနှင့် ပုံပြင်ပါ အကြောင်းအရာနှင့် အနီးစပ်ဆုံး ထင်မြင်ချက်ပေးနိုင်မှု ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



## အခန်း ၄ အသတ်လက္ခဏာသိမှတ်စရာ ဖျည်းနဲ့တွဲကြမှာ (၄)

### (က) အမြော်ကြိုက်သူ (ပုံပြင်)

ကျီးတစ်ကောင်ဟာ အိမ်တစ်အိမ်ကနေ အသားတုံးတစ်တုံး ကိုက်ချီလာပြီး သစ်ကိုင်းမှာ နားနေသတဲ့။ အဲဒီသစ်ပင်ရဲ့ အောက်မှာ မြေခွေးတစ်ကောင်ထိုင်နေတယ်။ မြေခွေးဟာ ကျီးကိုက်ချီထားတဲ့ အသားတုံးကို စားချင်လို့ သစ်ပင်ပေါ်ကို မော့ကြည့်ပြီး ပြောလိုက်တယ်။




### အဓိကအချက်များ

- ကလေးများကိုယ်တိုင် ရုပ်ပုံများကိုကြည့်၍ ထင်မြင်ချက်များကို လွတ်လပ်စွာ တွေးတောပြောကြားစေမည်။
- ပုံပြင်ကို ကလေးများကိုယ်တိုင် ရွတ်ဖတ်နိုင်သည်အထိ ဆရာက ကူညီပေးရပါမည်။

### အရေးကြီးသောအချက်များ

- ပုံကိုကြည့်ပြီးနောက် ထင်မြင်ချက်ပြောလိုသော ကျောင်းသားကို လက်ထောင်စေကာ ကလေးတစ်ဦးချင်းစီ ဖြေဆိုစေပါမည်။
- ကလေးတစ်ဦးချင်းပြောရာတွင် ဆရာက မှားသည်၊ မှန်သည် မပြောဘဲ နားထောင်ပေးရပါမည်။
- ပုံပြင်တစ်ပုဒ်လုံး နှင့်သက်ဆိုင်သော ထင်မြင်ချက်များကို မေးရာတွင် အချိန်ပေါ်မူတည်၍ ကျား၊ မ မခွဲခြားဘဲ ကလေးများ အားလုံးကို ပြောစေမည်။
- ပုံပြင်အစမှ အဆုံးအထိ တစ်ပုဒ်လုံးနှင့် သက်ဆိုင်သော ထင်မြင်ချက်များကို ပြောလိုသော ကလေးရှိပါက ပြောစေပါမည်။

DBE Box — Copyright Protected

ကျီးဟာ မြေခွေးမြှောက်ပင့်ပြောဆိုတဲ့ စကားကို တကယ်ထင်ပြီး "အား. . . အား" လို့ အော်လိုက်တယ်။ အော်လိုက်တာနဲ့ တစ်ပြိုင်နက် ကိုက်ချီထားတဲ့ အသားတုံးဟာ သစ်ပင်အောက်ကို ပြုတ်ကျသွားတော့သတဲ့။




## အရေးကြီးသောအချက်များ

- နှစ်ယောက်တစ်တွဲ ပြောနေချိန်တွင်ဖြစ်စေ၊ အတန်းရှေ့ထွက်၍ ပြောချိန်တွင်ဖြစ်စေ လိုအပ်မှုရှိပါက ဆရာက ပံ့ပိုးကူညီမှုပေးရပါမည်။
- စကားလုံးအသစ်များကို ကလေးများ ကိုယ်တိုင်ရှာဖွေစေပါမည်။
- အုပ်စုလိုက်ဖတ်နေချိန်တွင်ဖြစ်စေ၊ တစ်ဦးချင်းဖတ်နေချိန်တွင် ဖြစ်စေ လိုအပ်မှုရှိလျှင် ဆရာက ပံ့ပိုးကူညီပေးရပါမည်။

## အခန်း (၄–က) အမြှောက်ကြိုက်သူ
## အကြံပြုစာသင်ချိန် ၄ ချိန် (ဒုတိယ၊ တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "မနေ့က ပုံပြင်လေးကို သေသေချာချာ ကြည့်ပြီးကြပြီ မဟုတ်လား။ ဒီနေ့ ကိုယ့်ထင်မြင်ချက်လေးတွေကို အချင်းချင်း ပြောကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**ဒုတိယအချိန်**

**လုပ်ငန်းစဉ်**

- ကလေးများအား မိမိတို့၏ ထင်မြင်ချက်များကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ⊙ နှစ်ယောက်တစ်တွဲ ပြောပြီးပါက အတန်းရှေ့တွင် ထွက်၍ ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ရုပ်ပုံလေးတွေကို ကြည့်ပြီး ကလေးတို့ရဲ့ ထင်မြင်ချက်ကို ပြောတတ်ကြပြီမဟုတ်လား"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**တတိယအချိန်**

**လုပ်ငန်းစဉ်**

- ကလေးများ၏ ထင်မြင်ချက်ကို နားထောင်ပြီးဖြစ်၍ ဆရာက ပုံပြင်ကို ဦးစွာဖတ်ပြပါမည်။
- ⊙ ပုံပြင်ကို ဖတ်ပြရာတွင် ပုံပြင်ပါဇာတ်ဆောင်များ၏ အသံနေအသံထားလေသံအတိုင်း ဖတ်ပြပါမည်။
- ⊙ ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။
- ⊙ ထို့နောက် တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း ဖတ်စေပါမည်။
- ⊙ ကလေးများမသိသည့် ပုံပြင်တွင်ပါဝင်သော စကားလုံးသစ်များကို ရှင်းပြပါမည်။

**နိဂုံးချုပ်ခြင်း**

- "ပုံပြင်လေးကို ပြောတတ်၊ ဖတ်တတ်ကြပြီမဟုတ်လား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ပုံပြင်ကို အုပ်စုလိုက်၊ တစ်ဦးချင်း ဖတ်ရာတွင် ကလေးများ သေသေချာချာဖတ်နိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

**အခန်း (၄–က) အမြော်ကြိုက်သူ**
**အကြံပြုစာသင်ချိန် ၄ ချိန် (စတုတ္ထအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- “ပုံပြင်လေးကို တစ်ခါလောက် ပြန်ပြောကြည့်ကြရအောင်” ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ကလေးနှစ်ဦး သို့မဟုတ် သုံးဦးခန့်အား ပုံပြင်ကို ပြန်ပြောစေပါမည်။
- ထို့နောက် ပုံပြင်ကို အုပ်စုလိုက် ဖတ်စေပါမည်။
- ⊙ အုပ်စုလိုက်ဖတ်ရာတွင် ပုံပြင်ပါ ဇာတ်ဆောင်များ၏ အသံနေ အသံထား လေသံအတိုင်း ပြန်ဖတ်စေပါမည်။
- ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကို မေးပါမည်။
- ⊙ မေးခွန်းမေးရာတွင် မေးခွန်းကိုသာ ဆရာကဖတ်ပြပြီး ကလေးများဖြေဆိုသော အဖြေကို ဦးစွာ နားထောင်ရပါမည်။
- ⊙ ထို့နောက် ကလေးများ၏အဖြေကို သေသေချာချာ မှန်အောင် ပြန်စစ်ပေးရပါမည်။

### နိဂုံးချုပ်ခြင်း

- “ပုံပြင်လေးကိုဖတ်ပြီး မေးခွန်းလေးတွေ ဖြေတတ်ကြပြီ မဟုတ်လား ကလေးတို့လဲ သူတစ်ပါး မြှောက်ပင့် ပြောဆိုတာကို စဉ်းစားဆင်ခြင်ပြီးမှ ယုံရမယ်နော် ”ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပုံပြင်ကို ပြန်လည်ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် ပုံပြင်ကို သေသေချာချာ နားလည်ပြီး မေးခွန်းများကို ဖြေနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၄။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၄)



အသားတုံးကို စားချင်နေတဲ့ မြေခွေးဟာ တစ်ခါတည်း ကောက်ချီပြီး သူ့ရဲ့တွင်းထဲကို ဝင်ပြေးသွားတော့သတဲ့ကွယ်။ ကလေးတို့လဲ သူတစ်ပါး မြှောက်ပင့်ပြောဆိုတဲ့ စကားကို သေသေချာချာ စဉ်းစားဆင်ခြင်ပြီးမှ ယုံရမယ်နော်။

ဒီမေးခွန်းကလေးတွေကို ဖြေကြည့်ကြရအောင်



**မေးခွန်း**

၁။ ကျီးကိုက်ချီသွားတာ ဘာဖြစ်မယ် ထင်သလဲ။
၂။ မြေခွေးက ကျီးကို ဘယ်လိုပြောသလဲ။
၃။ မြေခွေးက ကျီးကို ဘာကြောင့် မြှောက်ပင့် ပြောသလဲ။
၄။ သင်သာ ကျီးဆိုရင် ဘယ်လိုလုပ်မလဲ။
၅။ မြေခွေးရဲ့ အပြုအမူကို ကလေးတို့ရော သဘောကျရဲ့လား။ ဘာကြောင့်လဲ။

### အရေးကြီးသောအချက်များ

- ဆရာက မေးခွန်းကို တိုက်ရိုက်ဖြေကြားပေးခြင်းမျိုး မပြုလုပ်ဘဲ ကလေးများ၏ အဖြေကို သေချာစွာ နားထောင် ပေးရပါမည်။

DBE Box – Copyright Protected

## (ခ) အက် (–က်) အသတ်များ သင်ကြားကြစို့လား

❶



| အက် |
|---|
| –က် |

❷ ❸



| | | | | |
|---|---|---|---|---|
| ကက် | ကျက် | ကြက် | ကွက် | ငှက် |
| ခက် | ချက် | ပြက် | ခွက် | ညှက် |
| စက် | ပျက် | ဖြက် | စွက် | နှက် |
| ညက် | မျက် | မြက် | ထွက် | ရှက် |
| သက် | လျက် | | ရွက် | ဝှက် |

❹



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကက် ကျက် ကြက်

ကွက် ငှက် ဝှက်

## အစိကအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် -က် အသတ်သင်္ကေတ ပေါင်းစပ်၍ စကားလုံးများ၊ စာကြောင်းတိုများ ရွတ်ဖတ်ရေးသား နိုင်သည်အထိ သင်ကြားပါမည်။
- ဆရာက သင်ကြားရာတွင် စာလုံးပေါင်းနည်းနှင့် အသံထွက်နည်းနှစ်မျိုးကို သင့်လျော်သလို အသုံးပြု သင်ကြားရပါမည်။

## အရေးကြီးသောအချက်များ

- အက် အသတ် အသုံးကို ဥပမာများပေးကာ ရှင်းလင်းပြပါမည်။
- ကကြီးရေး ကသတ် ကက်
  ခခွေးယပင့် ကသတ် ချက်
  မ ရရစ် ကသတ် မြက်
  ည ဟထိုး ကသတ် ညှက်
  ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့
  ဗျည်းတွဲ + အသတ်
- က + - က် (အက်) = ကက်
- ချ + - က် (အက်) = ချက်
- မြ + - က် (အက်) = မြက်
- ညှ + - က် (အက်) = ညှက်

  ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

## အခန်း (၄–ခ) အက် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၉ ချိန် (ပထမအချိန်)**

### သင်ယူမှုဦးတည်ချက်

- ဗျည်း၊ ဗျည်းတွဲနှင့် အက် အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ
  (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အက် အသတ်နဲ့ဆိုင်တဲ့ စကားလုံးတွေကို ဆက်လက်သင်ကြားကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- -က် အသတ်သင်္ကေတကို သင်ပုန်းတွင်ရေးကာ ရွတ်ဖတ် ပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ❶ ရှိ အသတ်သင်္ကေတ၏ အမည်ကို ဖတ်စေပါမည်။
- ⊙ ဗျည်း၊ ဗျည်းတွဲနှင့် -က် အသတ်သင်္ကေတ တွဲဖက်၍ ❷ ကို ရွတ်ဖတ်စေပါမည်။
- ⊙ အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။
- ⊙ ဗျည်း၊ ဗျည်းတွဲနှင့် အက် အသတ်တွဲဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကို လိုက်၍ကြည့်စေပါမည်။
- ⊙ ဗျည်း၊ ဗျည်းတွဲနှင့် အက် အသတ် အတွဲ ❷ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ⊙ ကူးရေးစေရာတွင် ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများသင်ကြားပြီးသော ဗျည်း၊ ဗျည်းတွဲနှင့် အက် အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အက် အသတ်အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

**အခန်း (၄-ခ) အက် အသတ်များ သင်ကြားကြစို့လား**
**အကြံပြုစာသင်ချိန် ၉ ချိန် (ဒုတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ဗျည်း၊ ဗျည်းတွဲနှင့် အက် အသတ် အတွဲ (၂) ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- -က် အသတ်သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဖတ်ပြပါမည်။
- (၃) ရှိ စကားလုံးများကို ဆရာက ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို လိုက်၍ ရွတ်ဖတ်စေပါမည်။
- (၃) တွင် ပါဝင်သော စကားလုံးများကို ဆရာက ဦးစွာ ရေးသားပြပါမည်။
- ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- (၃) တွင် ပါဝင်သော စကားလုံးများကို နှုတ်မှ ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် (၄) ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- ကလေးများ ဗျည်း၊ ဗျည်းတွဲနှင့် အက် အသတ်တွဲဖက်၍ သင်ကြားပြီးသောအတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အက် အသတ် တွဲဖက်၍ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။



**(ခ) အက် (-က်) အသတ်များ သင်ကြားကြစို့လား**



(၁)

အက်
-က်



(၂) / (၃)

| | | | | |
|---|---|---|---|---|
| ကက် | ကျက် | ကြက် | ကွက် | ငှက် |
| ခက် | ချက် | ပြက် | ခွက် | ညှက် |
| စက် | ပျက် | ဖြက် | စွက် | နှက် |
| ညက် | မျက် | မြက် | ထွက် | ရှက် |
| သက် | လျက် | | ရွက် | ဝှက် |

(၄)



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကက် ကျက် ကြက်

ကွက် ငှက် ဝှက်

**အရေးကြီးသောအချက်များ**

- ဗျည်း၊ ဗျည်းတွဲနှင့် အက် အသတ် ပေါင်းစပ် အသုံးပြုပုံကို သိရှိပြီး ဖတ်တတ် ရေးသား တတ်ရပါမည်။

DBE Box — Copyright Protected

## အခန်း (၄-ခ) အက် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)**




### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ❸ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❶ တွင်ပါရှိသော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ်သင်္ကေတ အသံထွက်အတိုင်း ဖတ်ပြပါမည်။

  ဥပမာ ။ ။ တံမြက်စည်း

  တဝမ်းပူရေးသေးသေးတင် တံ၊ မရရစ်ကသတ် မြက်၊ စလုံးရေးညသတ်စည် ဝစ္စနှစ်လုံးပေါက် စည်း တံမြက်စည်း ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့

  တ + ံ (အံ) = တံ

  မြ + -က် (အက်) = မြက်

  စ + ီး (အီး) = စည်း တံမြက်စည်းဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါ စကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြား စကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box — Copyright Protected

## အခန်း (၄–ခ) အက် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန်** ၉ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❶ ❷ ❸ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❻ တွင် ပါဝင်သော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဌာန်ကို စဉ်းစားစေမည်။
- ကလေးများကို ပြောစေပါမည်။
- ကလေးများပြောသည့် ❻ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "အက် အသတ်နဲ့ဆိုင်တဲ့ စကားလုံးလေးတွေကို ရွတ်ဖတ်ပြီး ရေးနိုင်ပြီ မဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စကားလုံးများကို သေချာစွာ ရွတ်ဖတ် ရေးသားနိုင်ခြင်း ရှိ၊ မရှိ နှင့် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်စွာရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၄။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၄)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❼




❻

| | | | | |
|---|---|---|---|---|
| ညဥ့်နက် | လက်ဖက် | တွက်ချက် | နက်ဖြန်ခါ | ကြက်တူရွေး |
| ရောယှက် | ထက်ဝက် | သွက်လက် | ဆောင်ရွက် | အသက်အရွယ် |

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box — Copyright Protected

## အခန်း (၄-၈) အက် အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (ပဥ္စမ မှ အဋ္ဌမအချိန်)





စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၇



ကျောင်းတက် မပျက်ပါစေနှင့်။
ကျောင်းမှန်မှန်တက် စာမခက်။
မပျက်မကွက် စာကိုကျက်။
အပျင်းမဖက် ဉာဏ်ထက်မြက်။

၈



စက်မှုလယ်ယာ အားပေးပါ။
ထွန်စက်နှင့် ထွန်ယက်ပါ။
သီးနှံ အထွက်တိုးမည်။
ကြက် ဘဲ ငှက် ဝက် မွေးမြူပါ။
ဝင်ငွေ တိုးတက်လာမည်။

၉



လင်းကြက်တွန်သံ ကြားရသည်။
နံနက်ချိန်ခါ နေထွက်လာပြီ။
ငှက်ကလေးများ ပျံဝဲနေကြ၏။
မြက်ခင်းပြင် စိမ်းစိုနေသည်။

၁၀



အစာကို ညက်ညက်ဝါးစားပါ။
ကျန်းမာရေးအတွက် ကောင်းမည်။
သွက်သွက်လက်လက်လည်း ရှိမည်။
အသက်လည်း ရှည်မည်။

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် အက် အသတ်တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ်၊ ရေးသားတတ်ရပါမည်။
- ကလေးများ ရေးသားချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေရပါမည်။

### မှတ်ချက်

- စာပိုဒ် ၈ ၉ ၁၀ ကိုလည်း စာပိုဒ် ၇ သင်နည်းအတိုင်း ဆက်လက် သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- စာပိုဒ် ၇ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက စာပိုဒ် ၇ ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို မိမိမှတ်စုစာအုပ်တွင် တစ်ကြောင်းချင်းစီ ကူးရေးစေမည်။
- စာပိုဒ် ၇ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "စာပိုဒ် ၇ ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၇ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည် ၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

## အခန်း (၄-ခ)　အက် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၉ ချိန် (နဝမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❼ ❽ ❾ ❿ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အက် အသတ်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပေးထားသော စကားလုံးများ၏ အဓိပ္ပာယ်ကို ဆရာက ဦးစွာရှင်းပြပေးပါမည်။
- ဆရာက ပထမစာကြောင်းကို ဖတ်ပြပါမည်။
- ကွက်လပ်တွင် ထည့်ရမည့် အဖြေကို ကလေးများအား စဉ်းစားစေပါမည်။ ပြောစေပါမည်။
- ကလေးများပြောပြသော အဖြေကို ဝါကျတစ်ကြောင်းချင်းစီတွင် ထည့်၍ ကလေးအားလုံး ရွတ်ဖတ်စေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါနည်းအတိုင်း ကွက်လပ်တွင် ဖြည့်စေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ❼ မှ ❿အထိ ရွတ်ဖတ်စေကာ "အက် အသတ်ကို ဖတ်နိုင် ရေးနိုင်ပြီ မဟုတ်လား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ချိန်တွင် စကားလုံး မှန်ကန်အောင် ရွေးချယ်နိုင်ခြင်း ရှိ/ မရှိနှင့် စာလုံးပေါင်းကို အရစ်အဆွဲမှန်ကန်အောင် ရေးဆွဲနိုင်ခြင်း ရှိ/ မရှိ ပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၄။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၄)



ကွက်လပ်ဖြည့်ကြရအောင်။

ကြွက်　မနက်　ငှက်　ထန်းရွက်　ရက်ကန်းစင်

(က) မောင်မောင် ------ တိုင်း အပြေးလေ့ကျင့်တယ်။

(ခ) မီးဖိုထဲကို ------ ကလေးတစ်ကောင် ဝင်သွားတယ်။

(ဂ) မိုးကောင်းကင်မှာ ------ ကလေးတွေ ပျံဝဲနေကြတယ်။

(ဃ) ရွာထဲမှာ ------ တွေရှိတယ်။

(င) အဘိုးတို့အိမ်ကို ------ မိုးပေးပါ။

### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကို ပြပြီး ကလေးများကို ပြောစေ ရေးစေပါမည်။
- စကားလုံးအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

DBE Box - Copyright Protected

## (ဂ) အောက် (ေ-ာက်) အသတ်များ သင်ကြားကြစို့လား



၁

အောက်
ေ-ာက်



၂ ၃

| | | | |
|---|---|---|---|
| ကောက် | ကျောက် | ကြောက် | ညှောက် |
| ခေါက် | ချောက် | ခြောက် | နှောက် |
| ပေါက် | ပျောက် | ပြောက် | မှောက် |
| ဖောက် | ဖျောက် | ဖြောက် | ရှောက် |
| မောက် | မျောက် | မြောက် | လျှောက် |

၄



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ခေါက် ခြောက်

ဖောက် လျှောက်

### အဓိကအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် ေ-ာက် အသတ်သင်္ကေတတို့ ပေါင်းစပ်၍ စကားလုံးများ၊ စာကြောင်းတိုများ ရွတ်ဖတ်ရေးသားနိုင်သည်အထိ သင်ကြားပါမည်။
- ဆရာက သင်ကြားရာတွင် စာလုံးပေါင်းနည်းနှင့် အသံထွက်နည်းနှစ်မျိုးကို သင့်လျော်သလို အသုံးပြု သင်ကြားရပါမည်။

### အရေးကြီးသောအချက်များ

- အောက် အသတ်အသုံးကို ဥပမာပေးကာ ရှင်းလင်းပြပါမည်။
- သဝေထိုး ကကြီးရေးချကသတ် ကောက်
  သဝေထိုး ခခွေးရေးချ ကသတ် ခေါက်
  သဝေထိုး ဖဦးထုပ် ယပင့်ရေးချ ကသတ် ဖျောက်ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့
  ဗျည်း + အသတ်
- က + ေ-ာက် (အောက်) = ကောက်
- ခ + ေ-ာက် (အောက်) = ခေါက်

ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

**အခန်း (၄-ဂ) အောက် အသတ်များ သင်ကြားကြစို့လား**
**အကြံပြုစာသင်ချိန် ၉ ချိန် (ပထမအချိန်)**

### သင်ယူမှုဦးတည်ချက်

- ဗျည်း၊ ဗျည်းတွဲနှင့် အောက် အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်၊ ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ
  (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အောက် အသတ်နဲ့သက်ဆိုင်တဲ့ စကားလုံးတွေကို ဆက်လက်သင်ကြားကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ေ-ာက် အသတ်သင်္ကေတကို သင်ပုန်းတွင် ရေးကာ ဆရာက ရွတ်ဖတ်ပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတအမည်ကို ရှင်းပြပါမည်။
- ၁ ရှိ သင်္ကေတ၏အမည်ကို ဖတ်စေပါမည်။
- ⊙ ဗျည်း၊ ဗျည်းတွဲနှင့် ေ-ာက် အသတ်သင်္ကေတ တွဲဖက်၍ ၂ ကို ရွတ်ဖတ်စေပါမည်။
- ⊙ အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။
- ⊙ ဗျည်း၊ ဗျည်းတွဲနှင့် အောက် အသတ်တွဲဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ⊙ ဗျည်း၊ ဗျည်းတွဲနှင့် အောက် အသတ်အတွဲ ၂ ကို နှုတ်ဖြင့်ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးရာတွင် ၄ ပါပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- သင်ကြားပြီးသော ဗျည်း၊ ဗျည်းတွဲနှင့် အောက် အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အောက်အသတ် အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်ရေးသားနိုင်မှု ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

**အခန်း (၄–ဂ)** **အောက် အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန်** **၉ ချိန် (ဒုတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ဗျည်း၊ ဗျည်းတွဲနှင့် အောက် အသတ်အတွဲ ❷ ကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ော်က် အသတ်သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဖတ်ပြပါမည်။
- ❸ ရှိ စကားလုံးများကို ဆရာက ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို လိုက်၍ ရွတ်ဖတ်စေပါမည်။
- ❸ တွင် ပါဝင်သော စကားလုံးများကို ဆရာက ဦးစွာ ရေးသားပြပါမည်။
- ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ❸ တွင် ပါဝင်သော စကားလုံးများကို နှုတ်မှရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- ဗျည်း၊ ဗျည်းတွဲနှင့် အောက်အသတ်တွဲဖက်၍ သင်ကြားပြီးသော အတွဲကို ကလေးများအား ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အောက် အသတ်တွဲဖက်၍ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**(ဂ) အောက် (ော်က်) အသတ်များ သင်ကြားကြစို့လား**

❶



**အောက်**
**ော်က်**

❷ ❸



| | | | |
|---|---|---|---|
| ကောက် | ကျောက် | ကြောက် | ညှောက် |
| ခေါက် | ချောက် | ခြောက် | နှောက် |
| ပေါက် | ပျောက် | ပြောက် | မှောက် |
| ဖောက် | ဖျောက် | ဖြောက် | ရှောက် |
| မောက် | မျောက် | မြောက် | လျှောက် |

❹



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ခေါက် ခြောက်

ဖောက် လျှောက်

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် ော်က် အသတ်သင်္ကေတ အသုံးပြုပုံကို သိရှိ၍ ရုပ်ပုံပါ အမည်များကို ဖတ်တတ် ရေးသားတတ်ရပါမည်။

DBE Box — Copyright Protected

၄။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၄)

❶ ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။


ကျောက်သင်ပုန်း


တုတ်ကောက်


မျောက်


ငါးခြောက်


ရှောက်သီး


ထန်းခေါက်ဖာ


ပြတင်းပေါက်


ခမောက်

❻

| | | | | |
|---|---|---|---|---|
| ကျောက်ခဲ | ပေါက်ပင် | မြှောက်ပင့် | လမ်းလျှောက် | ကောက်ပဲသီးနှံ |
| ပျောက်ဆုံး | ခလောက် | မွှေနှောက် | ပိတောက်ပန်း | ချောက်ကမ်းပါး |

## အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

## အခန်း (၄-ဂ) အောက် အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ❸ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❶ တွင်ပါဝင်သော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။
- ထိုစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ်သင်္ကေတ အသံထွက်အတိုင်း ဖတ်ပြပါမည်။

  ဥပမာ ။ ။ ပိတောက်ပန်း

  ပစောက်ရေးလုံးကြီးတင် ပိ၊ သဝေထိုး တဝမ်းပူ ရေးချကသတ် တောက်၊ ပစောက်ရေး နသတ်ပန် ဝစ္စနှစ်လုံးပေါက် ပန်း ပိတောက်ပန်း

  ငါးခြောက်

  ငရေးချ ဝစ္စနှစ်လုံးပေါက် ငါး၊ သဝေထိုး ခခွေးရရစ်ရေးချ ကသတ် ခြောက် ငါးခြောက် ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့

  ပ + ိ (အိ) = ပိ

  တ+ ေ-ာက် (အောက်) = တောက်

  ပ + -န်း (အန်း) = ပန်း ပိတောက်ပန်း

  င + -ား (အား) = ငါး

  ခြ + ေ-ာက် (အောက်) = ခြောက် ငါးခြောက်ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါ စကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box — Copyright Protected

| | |
|---|---|
| **အခန်း (၄-၈)** | **အောက် အသတ်များ သင်ကြားကြစို့လား** |
| **အကြံပြုစာသင်ချိန်** | **၉ ချိန် (စတုတ္ထအချိန်)** |

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ❷ ❸ ❶ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ❻ တွင် ပါဝင်သော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဌာန်ကို စဉ်းစားစေမည်။
- ကလေးများကို ပြောစေပါမည်။
- ကလေးများပြောသည့် ❻ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- "အောက် အသတ်နဲ့ဆိုင်တဲ့ စကားလုံးလေးတွေကို ရွတ်ဖတ်ပြီး ရေးနိုင်ပြီ မဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စကားလုံးများကို သေချာစွာ ရွတ်ဖတ် ရေးသားနိုင်ခြင်း ရှိ၊ မရှိ နှင့် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်စွာရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၄။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၄)

❶  ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။


ကျောက်သင်ပုန်း


တုတ်ကောက်


မျောက်


ငါးခြောက်


ရှောက်သီး


ထန်းခေါက်ဖာ


ပြတင်းပေါက်


ခမောက်

❻

| | | | | |
|---|---|---|---|---|
| ကျောက်ခဲ | ပေါက်ပင် | မြှောက်ပင့် | လမ်းလျှောက် | ကောက်ပဲသီးနှံ |
| ပျောက်ဆုံး | ခလောက် | မွှေနှောက် | ပိတောက်ပန်း | ချောက်ကမ်းပါး |

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box – Copyright Protected

၄။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၄)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၇



ပဲတီကို အပင်ဖောက်သည်။
အညှောက် ထွက်လာ၏။
ပဲပင်ပေါက် ရပြီ။
လိုသလောက် စားပါ။
ကျန်းမာရေးကို အထောက်အကူပြုသည်။

၈



ခလောက်သံ ဒိုးဒိုးဒေါင်ဒေါင်ကြားရသည်။
လှည်းရောက်လာပြီလား။
ကောက်လှိုင်းစည်းများ တင်ကြသည်။
တလင်းထဲအရောက် တောက်လျှောက်
မောင်းပါ။
ကောက်သင်းကောက်သူများ ရောက်လာပြီ။

၉



မိုးတဖြောက်ဖြောက်ရွာသည်။
ခမောက်ဆောင်း၍ လမ်းလျှောက်ပါ။
မျိုးစေ့များ အပင်ပေါက်လာပြီ။
မညှိုးမခြောက်ပါစေနှင့်။
မြေတောင်မြှောက်ပေးပါ။

၁၀



ကင်းထောက်လူငယ်များ
ရောက်လေရာမှာ ကူညီ၏။
အများကိုလည်း ထောက်ထားသည်။
လူအများက ချီးမြှောက်ကြသည်။
ထွန်းပေါက်အောင် ကြိုးစားသည်။

## အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် အောက် အသတ် တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါ မည်။
- ကလေးများ ရေးသားချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

## မှတ်ချက်

- စာပိုဒ် ၈ ၉ ၁၀ ကိုလည်း စာပိုဒ် ၇ သင်နည်းအတိုင်း ဆက်လက် သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

## အခန်း (၄–ဂ) အောက် အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (ပဋ္ဌမ မှ အဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- စာပိုဒ် ၇ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများ ကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက စာပိုဒ် ၇ ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို မိမိမှတ်စုစာအုပ်တွင် တစ်ကြောင်းချင်းစီ ကူးရေးစေမည်။
- စာပိုဒ် ၇ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "စာပိုဒ် ၇ ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၇ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

## အခန်း (၄–ဂ) အောက် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၉ ချိန် (နဝမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၇ ၈ ၉ ၁၀ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အောက် အသတ်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ပေးထားသော စကားလုံးများ၏ အဓိပ္ပာယ်ကို ဦးစွာ ရှင်းပြပေးပါမည်။
- ဆရာက ပထမစာကြောင်းကို ဖတ်ပြပါမည်။
- ကွက်လပ်တွင် ထည့်ရမည့် အဖြေကို ကလေးများအား စဉ်းစားစေပါမည်။ ပြောစေပါမည်။
- ကလေးများပြောပြသော အဖြေကို ဝါကျတစ်ကြောင်းချင်းစီတွင် ထည့်၍ ကလေးအားလုံး ရွတ်ဖတ်စေပါမည်။
- လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါ နည်းအတိုင်း ကွက်လပ်တွင် ဖြည့်စေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ၇ မှ ၁၀ အထိ ရွတ်ဖတ်စေကာ "အောက် အသတ်ကို ဖတ်နိုင်ရေးနိုင်ပြီ မဟုတ်လား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ချိန်တွင် စကားလုံး မှန်ကန်အောင် ရွေးချယ်နိုင်ခြင်း ရှိ၊ မရှိနှင့် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်အောင် ရေးဆွဲနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၄။ အသတ်လက္ခဏာသိမှတ်စရာ ဖူညီးနဲ့တွဲကြမှာ (၄)



ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| အညောက် | သောက်ရေအိုး | ကောက်ညှင်းပေါင်း |
| ငါးရံ့ခြောက် | လမ်းလျှောက် | |

(က) မေမေ ------ နေလှန်းနေတယ်။

(ခ) မနက်စာ ------ ပူပူလေး ဝယ်စားကြမယ်။

(ဂ) ရေအိုးစင်က ------ ကို ရေဖြည့်ထားပါ။

(ဃ) မနက်စောစော ------ ထွက်ကြရအောင်။

(င) ပဲစေ့တွေ ------ ထွက်လာတယ်။

### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကို ပြပြီး ကလေးများကို ပြောစေ ရေးစေပါမည်။
- စကားလုံးအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံး စာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်း များတွင်လည်း ရှာဖွေစေပါမည်။

DBE Box - Copyright Protected

**(ဃ) ရုပ်ပုံကြည့်ကာ စာရေးပါ။**



## အခန်း (၄-ဃ) ရုပ်ပုံကြည့်ကာ စာရေးပါ
## အကြံပြုစာသင်ချိန် ၁ ချိန်

### သင်ယူမှုဦးတည်ချက်

- ရုပ်ပုံကိုကြည့်၍ အပြောစကားကို အစီအစဉ်တကျ ရေးတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံတစ်ပုံချင်းစီ ကြည့်ပြီး ပြောကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ပထမဆုံးရုပ်ပုံကို ကြည့်စေ၍ ကလေးများ၏ ထင်မြင်ချက်အတိုင်း ပြောစေပါမည်။
- ပြီးလျှင် ရုပ်ပုံနှင့်ယှဉ်တွဲလျက်ရှိသော စာကြောင်းတွင် ကလေးတစ်ဦးချင်းစီပြောသည့်အတိုင်း ရေးစေပါမည်။
  ဥပမာ။ ။ မမ ဖုန်းပြောနေတယ်။
- ကျန် ရုပ်ပုံများကိုလည်း တစ်ပုံချင်းကြည့်စေပြီး စာကြောင်းတွင် ရေးစေပါမည်။
- ကလေးများ ရေးသားထားသည့် စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန်လဲလှယ် စစ်ဆေးစေပါမည်။
- စာတစ်ကြောင်းချင်းစီ၏ အဖြေမှန်များကို ကလေးတစ်ဦးချင်း ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ရုပ်ပုံလေးတွေကို ကြည့်ပြီး ကလေးတို့ရဲ့ ထင်မြင်ချက်ကို ပြန်ပြောကြည့်ကြရအောင်"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံနှင့်ယှဉ်တွဲလျက် နှုတ်မှပြောသည့်အတိုင်း စာကြောင်းကို ရေးနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ

- ကျောင်းသုံးစာအုပ်ပါ ပထမရုပ်ပုံကို ကြည့်စေပြီး နှုတ်မှပြောသည့်အတိုင်းရေးရာတွင် ဆရာက ပြောစကားအတိုင်း ရေးသားရန် သတိပေးရပါမည်။
  ဥပမာ။ ။ မမ ဖုန်းပြောနေတယ်။

### အရေးကြီးသောအချက်များ

- ကလေးများ နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးပြီးပါက ဆရာကပြန်၍ စစ်ဆေးရပါမည်။

DBE BOX — Copyright Protected

## အခန်း ၅ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၅)

### (က) အိုက် (ိုက်) အသတ်များ သင်ကြားကြစို့လား

၁



အိုက်
ိုက်

၂ ၃



| | | | |
|---|---|---|---|
| ကိုက် | ကျိုက် | ကြိုက် | နှိုက် |
| ငိုက် | ဂျိုက် | ခြိုက် | မှိုက် |
| စိုက် | ဗျိုက် | ပြိုက် | ရှိုက် |
| တိုက် | | မြိုက် | လှိုက် |

၄



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကိုက် ကျိုက်

ကြိုက် နှိုက်

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် ိုက် အသတ်သင်္ကေတ အသုံးပြုပုံကို သိရှိပြီး ဖတ်တတ် ရေးသားတတ်ရပါမည်။
- အိုက်အသတ်အသုံးကို ဥပမာများ ပေးကာ ရှင်းလင်းပြပါမည်။

## အခန်း (၅-က) အိုက် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန်** ၉ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဗျည်း၊ ဗျည်းတွဲနှင့် အိုက် အသတ်အသုံး ❷ ကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ိုက် အသတ်သင်္ကေတကို သင်ပုန်းတွင်ရေးကာ ရွတ်ဖတ်ပြပါမည်။
- ❸ ရှိ စကားလုံးများကို ဆရာက ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို လိုက်၍ ရွတ်ဖတ်စေပါမည်။
- ❸ တွင် ပါရှိသော စကားလုံးများကို ဆရာက ဦးစွာ ရေးသားပြပါမည်။
- ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ❸ တွင် ပါရှိသော စကားလုံးများကို နှုတ်မှ ရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ❸ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဗျည်း၊ ဗျည်းတွဲနှင့် အိုက် အသတ် တွဲဖက်၍ သင်ကြားပြီးသောအတွဲကို ကလေးများအား ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အိုက် အသတ် တွဲဖက်၍ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

DBE Box — Copyright Protected

## အခန်း (၅-က) အိုက် အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၆ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- ❷ ❸ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ❶ တွင်ပါဝင်သော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။
- ရုပ်ပုံပါ စကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ် သင်္ကေတ အသံထွက်အတိုင်း ဖတ်ပြပါမည်။
  ဥပမာ ။ ။ ပိုက်ကွန်
  ပစောက်လုံးကြီးတင် တစ်ချောင်းငင် ကသတ် ပိုက် ကကြီးဝဆွဲနသတ် ကွန် ပိုက်ကွန်ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့
  ပ + ိုက် (အိုက်) = ပိုက်
  က + ွန် (အွန်) = ကွန် ပိုက်ကွန်ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**
- ရုပ်ပုံပါစကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၅။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၅)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❶


စာကြည့်တိုက်


အမှိုက်ပုံး


တိုက်အိမ်


ကောက်စိုက်သမ


စိုက်ပျိုးခင်း


ပိုက်ကွန်


ငှက်သိုက်


ပိုက်ကျော်ခြင်း


သားပိုက်ကောင်

❷

| | | | | |
|---|---|---|---|---|
| ပိုက်ဆံ | မီးမြိုက် | လေတိုက် | ကျိုက်ထီးရိုး | အားစိုက်ခွန်စိုက် |
| ဝမ်းဗိုက် | ကြုံကြိုက် | တိုက်ခိုက် | ဆိုက်ရောက် | လှိုက်လှိုက်လှဲလှဲ |

### အရေးကြီးသောအချက်များ
- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box - Copyright Protected

၅။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၅)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❶



စာကြည့်တိုက်



အမှိုက်ပုံး



တိုက်အိမ်



ကောက်စိုက်သမ



စိုက်ပျိုးခင်း



ပိုက်ကွန်



ငှက်သိုက်



ပိုက်ကျော်ခြင်း



သားပိုက်ကောင်

❻

| | | | | |
|---|---|---|---|---|
| ပိုက်ဆံ | မီးမြိုက် | လေတိုက် | ကျိုက်ထီးရိုး | အားစိုက်ခွန်စိုက် |
| ဝမ်းဗိုက် | ကြုံကြိုက် | တိုက်ခိုက် | ဆိုက်ရောက် | လှိုက်လှိုက်လှဲလှဲ |

## အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

## အခန်း (၅-က) အိုက် အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ❸ ❺ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❻ တွင် ပါရှိသော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဌာန်ကို စဉ်းစားစေမည်။
- ကလေးများကို ပြောစေပါမည်။
- ကလေးများပြောသည့် ❻ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "အိုက် အသတ်နဲ့ဆိုင်တဲ့ စကားလုံးလေးတွေကို ရွတ်ဖတ်ပြီး ရေးနိုင်ပြီ မဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စကားလုံးများကို သေချာစွာ ရွတ်ဖတ် ရေးသားနိုင်ခြင်း ရှိ၊ မရှိ နှင့် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၅-က) အိုက် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန်** ၉ ချိန် (ပဥ္စမ မှ အဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- စာပိုဒ် ၇ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက စာပိုဒ် ၇ ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို မိမိမှတ်စုစာအုပ်တွင် တစ်ကြောင်းချင်းစီ ကူးရေးစေမည်။
- စာပိုဒ် ၇ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "စာပိုဒ် ၇ ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၇ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၅။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၅)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



၇

ပူအိုက်သောရာသီ
ငိုက်မနေပါနှင့်။
တောင်လေ တိုက်လာပြီ။
အမှိုက်များ လွင့်နေသည်။
လိုက်၍သိမ်းဆည်းပါ။



၈

ကျောင်းစာကြည့်တိုက် ဖွင့်ပြီ။
ကြိုက်ရာစာစောင် ကြည့်ရှုနိုင်သည်။
စာကြည့်တိုက်မှာ စာဖတ်ပါ။
အချိန်ရှိခိုက် လုံ့လစိုက်ရမည်။
စည်းကမ်းကို လိုက်နာပါ။



၉

သူတို့ ကောက်စိုက်သွားကြသည်။
ကလေးများပါ လိုက်သွားကြသည်။
သိုက်သိုက်ဝန်းဝန်းရှိသည်။
လယ်ထဲတွင် ပုစွန်လုံး နှိုက်ကြသေးသည်။



၁၀

ဂုဏ်ပြုထိုက်သော လူငယ်များ
လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြမည်။
သိုက်သိုက်မြိုက်မြိုက် ရှိသည်။
အခိုက်အတန့် နားနေပါဦး။
ထိုက်ထိုက်တန်တန် ဂုဏ်ပြုသည်။

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် အိုက် အသတ် တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ်ရေးသားတတ်ရပါမည်။
- ကလေးများ ရေးသားချိန်တွင် စာလုံးပေါင်း၊ အရစ် အဆွဲမှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

### မှတ်ချက်

- စာပိုဒ် ၈ ၉ ၁၀ ကိုလည်း စာပိုဒ် ၇ သင်နည်းအတိုင်း ဆက်လက် သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

DBE Box – Copyright Protected



ကွက်လပ်ဖြည့်ကြရအောင်။

| ဆိုက် | ကောက်စိုက် | အသိုက် |
| --- | --- | --- |
| ပြေးတမ်းလိုက်တမ်း | လေပြင်းတိုက်သံ | |

(က) ညက ------ ကြားရတယ်။

(ခ) ငှက်ကလေးတွေ ------ ဆောက်နေကြတယ်။

(ဂ) ကလေးတွေ ------ ကစားနေကြတယ်။

(ဃ) လယ်သူမတွေ ------ နေကြတယ်။

(င) ရထား ------ ပြီ။

## အရေးကြီးသောအချက်များ

- ကလေးများ အဖြေမှန်ရှာဖွေရာတွင် လိုအပ်ပါက ဆရာက ကူညီပေးရပါမည်။
- စကားလုံးအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံး စာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

## အခန်း (၅–က) အိုက် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၉ ချိန် (န၀မအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ၇ ၈ ၉ ၁၀ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အိုက် အသတ်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ပေးထားသောစကားလုံးများ၏ အဓိပ္ပာယ်ကို ကလေးများအား ပထမဦးစွာ စဉ်းစားစေပါမည်။
- ထို့နောက် ဆရာက စကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြပါမည်။
- ဆရာက ပထမစာကြောင်းကို ဖတ်ပြပါမည်။
- ကွက်လပ်တွင် ထည့်ရမည့်အဖြေကို ကလေးများအား စဉ်းစားစေပါမည်။ ပြောစေပါမည်။
- ကလေးများပြောပြသော အဖြေကို ဝါကျတစ်ကြောင်းချင်းစီတွင် ထည့်၍ ကလေးအားလုံး ရွတ်ဖတ်စေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါနည်းအတိုင်း ကွက်လပ်တွင် ဖြည့်စေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- ၇ မှ ၁၀အထိ ရွတ်ဖတ်စေကာ "အိုက် အသတ်နှင့် သက်ဆိုင်သော စကားလုံးတွေကို ဖတ်နိုင် ရေးနိုင်ပြီ မဟုတ်လား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ချိန်တွင် စကားလုံး မှန်ကန်အောင် ရွေးချယ်နိုင်ခြင်း ရှိ၊ မရှိ၊ စာလုံးပေါင်း၊ အရစ်အဆွဲမှန်ကန်အောင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၅-ခ) အစ် အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်း၊ ဗျည်းတွဲနှင့် အစ် အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ
  (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အစ် အသတ်နဲ့ သက်ဆိုင်တဲ့စကားလုံးတွေကို ဆက်လက်သင်ကြားကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- -စ် အသတ်သင်္ကေတကို သင်ပုန်းတွင်ရေးကာ ဆရာက ရွတ်ဖတ်ပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏ အမည်ကို ရှင်းပြပါမည်။
- ❶ ရှိ အသတ်သင်္ကေတ၏ အမည်ကို ဖတ်စေပါမည်။
- ⦿ ဗျည်း၊ ဗျည်းတွဲနှင့် -စ် အသတ်သင်္ကေတ တွဲဖက်၍ ❷ ကို ရွတ်ဖတ်စေပါမည်။
- ⦿ အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးရပါမည်။
- ⦿ ဗျည်း၊ ဗျည်းတွဲနှင့် အစ် အသတ်တွဲဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ⦿ ဗျည်း၊ ဗျည်းတွဲနှင့် အစ် အသတ်အတွဲ ❷ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ⦿ ကူးရေးစေရာတွင် ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများ သင်ကြားပြီးသော ဗျည်း၊ ဗျည်းတွဲ နှင့် အစ် အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ် ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အစ် အသတ်အတွဲ တွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (ခ) အစ် (-စ်) အသတ်များ သင်ကြားကြစို့လား



❶
အစ်
-စ်



❷ ❸

| | | | |
|---|---|---|---|
| ကစ် | ကျစ် | ကြစ် | ညှစ် |
| ခစ် | ချစ် | ခြစ် | နှစ် |
| စစ် | ပျစ် | ပြစ် | ရှစ် |
| တစ် | ဖျစ် | ဖြစ် | လှစ် |
| သစ် | မျစ် | မြစ် | မျှစ် |



❹ စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကစ် ကျစ်

မြစ် ညှစ်

### အဓိကအချက်များ

- ဗျည်း၊ ဗျည်းတွဲ နှင့် -စ် အသတ်သင်္ကေတတို့ပေါင်းစပ်၍ စကားလုံးများ၊ စာကြောင်းတိုများ ရွတ်ဖတ် ရေးသားနိုင်သည်အထိ သင်ကြားပါမည်။
- ဆရာက သင်ကြားရာတွင် စာလုံးပေါင်းနည်းနှင့် အသံထွက်နည်းနှစ်မျိုးကို သင့်လျော်သလို အသုံးပြု သင်ကြားရပါမည်။

### အရေးကြီးသောအချက်များ

- -စ် အသတ်သင်္ကေတများကို ဥပမာများပေးကာ ရှင်းလင်းပြပါမည်။
  ဗျည်းတွဲ + အသတ်
- က + -စ် (အစ်) = ကစ်
- ကျ + -စ် (အစ်) = ကျစ်

DBE Box – Copyright Protected

## (ခ) အစ် (–စ်) အသတ်များ သင်ကြားကြစို့လား

၁



အစ်

–စ်

၂ ၃



| | | | |
|---|---|---|---|
| ကစ် | ကျစ် | ကြစ် | ညှစ် |
| ခစ် | ချစ် | ခြစ် | နှစ် |
| စစ် | ပျစ် | ပြစ် | ရှစ် |
| တစ် | ဖျစ် | ဖြစ် | လှစ် |
| သစ် | မျစ် | မြစ် | မျှစ် |

၄



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကစ် ကျစ်

မြစ် ညှစ်

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် -စ် အသတ်သင်္ကေတအသုံးပြုပုံကို ခွဲခြားသိရှိပြီး ဖတ်တတ် ရေးသားတတ်ရပါမည်။
- အစ် အသတ်အသုံးကို ဥပမာပေးကာ ရှင်းလင်းပြပါမည်။

**အခန်း (၅–ခ) အစ် အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန် ၉ ချိန် (ဒုတိယအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ဗျည်း၊ ဗျည်းတွဲနှင့် အစ် အသတ် အတွဲ ၂ ကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- -စ် အသတ်သင်္ကေတကို သင်ပုန်းတွင်ရေးကာ ရွတ်ဖတ်ပြပါမည်။
- ၃ ရှိ စကားလုံးများကို ဆရာက ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို လိုက်၍ ရွတ်ဖတ်စေပါမည်။
- ၃ တွင် ပါရှိသော စကားလုံးများကို ဆရာက ဦးစွာ ရေးသားပြပါ မည်။
- ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ၃ တွင် ပါရှိသော စကားလုံးများကို နှုတ်မှရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ၄ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

#### နိဂုံးချုပ်ခြင်း

- ဗျည်း၊ ဗျည်းတွဲနှင့် အစ် အသတ် တွဲဖက်၍ သင်ကြားပြီးသော အတွဲကို ကလေးများအား ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အစ် အသတ် တွဲဖက်၍ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

**အခန်း (၅-၈)** **အစ် အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ❸ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❶ တွင်ပါရှိသော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။
- ရုပ်ပုံပါ စကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ်သင်္ကေတ အသံထွက်အတိုင်း ဖတ်ပြပါမည်။
  ဥပမာ ။ ။ မျှစ်
  မ ယပင့်ဟထိုး စသတ်မျှစ် ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့
  မျှ + -စ်(အစ်) = မျှစ် ဟုလည်း အသံထွက်နည်းဖြင့် သင်ကြား နိုင်ပါသည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါစကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၅။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၅)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❶



ပစ်တိုင်းထောင်  မျှစ်  ယွန်းအစ်



သစ်သီး  ကျားသစ်



ရေစစ်  မီးခြစ်  ကျစ်ဆံမြီး

❹

| | | | | | |
|---|---|---|---|---|---|
| ခုနစ် | ညစ်ပေ | လစ်လပ် | ထစ်ချုန်း | မြစ်ချောင်း | တံတောင်ဆစ် |
| ချစ်ခင် | ပြေပြစ် | ဖွင့်လှစ် | အော်ဟစ် | ညီအစ်ကို | စစ်သည်တော် |

**အရေးကြီးသောအချက်များ**

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box _Copyright Protected



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၅



ပစ်တိုင်းထောင်



မျှစ်



ယွန်းအစ်



သစ်သီး



ကျားသစ်



ရေစစ်



မီးခြစ်



ကျစ်ဆံမြီး

၆

| | | | | | |
|---|---|---|---|---|---|
| ခုနစ် | ညစ်ပေ | လစ်လပ် | ထစ်ချွန်း | မြစ်ချောင်း | တံတောင်ဆစ် |
| ချစ်ခင် | ပြေပြစ် | ဖွင့်လှစ် | အော်ဟစ် | ညီအစ်ကို | စစ်သည်တော် |

## အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

## အခန်း (၅-ခ) အစ် အသတ်များ သင်ကြားကြစို့လား

အကြိမ်ပြုစာသင်ချိန် ၉ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၂ ၃ ၅ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ၆ တွင် ပါရှိသော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဍာန်ကို စဉ်းစားစေမည်။
- ကလေးများကို ပြောစေပါမည်။
- ကလေးများပြောသည့် ၆ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "အစ် အသတ်နဲ့ဆိုင်တဲ့ စကားလုံးလေးတွေကို ရွတ်ဖတ်ပြီး ရေးနိုင်ပြီ မဟုတ်လား" ဟု မေးကာ နိဂုံးချုပ် ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စကားလုံးများကို သေချာစွာ ရွတ်ဖတ် ရေးသားနိုင်ခြင်း ရှိ၊ မရှိ နှင့် စာလုံးပေါင်း၊ အရစ် အဆွဲမှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၅-၈) အစ် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၉ ချိန် (ပဉ္စမ မှ အဋ္ဌမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- စာပိုဒ် ၇ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက စာပိုဒ် ၇ ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- စာပိုဒ် ၇ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "စာပိုဒ် ၇ ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၇ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၅။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၅)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



၇
ပြည်တွင်းဖြစ်ကို အားပေးပါ။
ချစ်ချစ်ခင်ခင် နေကြပါ။
အပြစ်တွေ့လျှင် ပြုပြင်ပါ။
စနစ်တကျ ရှိပါစေ။
တာဝန် မလစ်ဟင်းပါစေနှင့်။



၈
ဤကလေး တစ်တစ်ရစ်ရစ် ဝသည်။
အသားလည်း ကျစ်သည်။
တခစ်ခစ် ရယ်လိုက်သေးသည်။
ချစ်စရာ အလွန်ကောင်းသည်။
လက်နှစ်ဖက်ဖြင့် ပွေ့ချီပါ။



၉
ဟင်းကျန်ထမင်းကျန် စည်းကမ်းမဲ့ မပစ်ရ။
အိမ်အနီး၌ မညစ်ပေစေနှင့်။
ညစ်ပေလျှင် ကြွက်ပေါမည်။
ကြွက်ပေါလျှင် ရောဂါဖြစ်မည်။
ရောဂါဖြစ်လျှင် ပူပင်ရသည်။



၁၀
နှစ်သစ်ကူးပွဲတော် ကျင်းပသည်။
ဆိုင်များ ဖွင့်လှစ် ရောင်းချ၏။
ဈေးသည်များ အော်ဟစ်ရောင်းကြသည်။
ဈေးဆစ်၍ ဝယ်ခဲ့ပါ။
ပစ်တိုင်းထောင်နှင့် ယွန်းအစ်ဝယ်ခဲ့သည်။

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် အစ် အသတ် တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ်ရေးသားတတ်ရပါမည်။
- ကလေးများ ရေးသားချိန်တွင် စာလုံးပေါင်းအရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

**မှတ်ချက်**

- စာပိုဒ် ၈ ၉ ၁၀ ကိုလည်း စာပိုဒ်၇ သင်နည်းအတိုင်း ဆက်လက် သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

DBEBox – Copyright Protected



ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| သစ်ခွဲ | မြစ် | မျှစ် |
| ကျစ်ဆံမြီး | ယွန်းအစ် | |

(က) မမက ----- နဲ့ လှတယ်။

(ခ) သစ်စက်ထဲမှာ ------ နေတယ်။

(ဂ) တောထဲမှာ ------ သွားချိုးကြမယ်။

(ဃ) ဘုရားပွဲဈေးက ------ ဝယ်လာတယ်။

(င) သံလွင် ------ က ရေစီးသန်တယ်။

## အရေးကြီးသောအချက်များ

- ကလေးများ အဖြေမှန်ရှာဖွေရာတွင် လိုအပ်ပါက ဆရာက ကူညီပေးရပါမည်။
- စကားလုံးအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံး စာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

**အခန်း (၅-ခ)** **အစ် အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန်** **၉ ချိန် (နဝမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ၇ ၈ ၉ ၁၀ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အစ် အသတ်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ပေးထားသော စကားလုံးများ၏ အဓိပ္ပာယ်ကို ကလေးများအား ပထမဦးစွာ စဉ်းစားစေပါမည်။
- ထို့နောက် ဆရာက စကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြပါမည်။
- ဆရာက ပထမစာကြောင်းကို ဖတ်ပြပါမည်။
- ကွက်လပ်တွင် ထည့်ရမည့်အဖြေကို ကလေးများအား စဉ်းစားစေပါမည်။ ပြောစေပါမည်။
- ကလေးများပြောပြသော အဖြေကို ဝါကျတစ်ကြောင်းချင်းစီတွင် ထည့်၍ ကလေးအားလုံး ရွတ်ဖတ်စေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါနည်းအတိုင်း ကွက်လပ်တွင် ဖြည့်စေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- ၇ မှ ၁၀ အထိ ရွတ်ဖတ်စေကာ "အစ် အသတ်နှင့် သက်ဆိုင်သော စကားလုံးတွေကို ဖတ်နိုင် ရေးနိုင်ပြီ မဟုတ်လား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ချိန်တွင် စကားလုံး မှန်ကန်အောင် ရွေးချယ်နိုင်ခြင်း ရှိ၊ မရှိ၊ စာလုံးပေါင်း၊ အရစ် အဆွဲမှန်ကန်အောင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၅–ဂ) ကျေးလက်နဲ့မြို့ပြ
## အကြံပြုစာသင်ချိန် ၁ ချိန်

### သင်ယူမှုဦးတည်ချက်
- ♦ ကျေးလက်နှင့် မြို့ပြပါ ရုပ်ပုံများကို သိရှိစေရန်
- ♦ ကျေးလက်နှင့်မြို့ပြ ရုပ်ပုံကို နှိုင်းယှဉ်၍ မတူညီသည့် အချက်များကို ပြောပြတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ♦ ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- ♦ ဆရာက ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်စေပြီး ကလေးများ၏ထင်မြင်ချက်များကို ပြောစေကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ♦ ကျောင်းသုံးစာအုပ်ပါ ကျေးလက်နှင့်မြို့ပြ ရုပ်ပုံကို ကြည့်စေပါမည်။
- ⊙ တွေ့ရှိသည်များကို မှတ်သားစေပြီး တစ်ဦးချင်း ပြောစေပါမည်။
- ⊙ ထို့နောက် ကျေးလက်နှင့်မြို့ပြရုပ်ပုံကို နှိုင်းယှဉ်ကြည့်ရှုစေပြီး ပြောစေပါမည်။
- ⊙ ကလေးများပြောရာတွင် ရုပ်ပုံနှစ်ပုံမှ မတူညီမှု၊ ကွဲပြားမှုများကို ဆရာက သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပါမည်။
- ♦ ကလေးများကို နှစ်ယောက်တစ်တွဲ တွဲပြီး ရုပ်ပုံထဲမှ ပြောရန်ကျန်သည့် အချက်များကို ရှာဖွေစေပါမည်။
- ♦ ထပ်မံရရှိသောအချက်များကို တစ်ဦးချင်းစီ နှိုင်းယှဉ်ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**
- ♦ ကလေးများကို ကျေးလက်နှင့်မြို့ပြရုပ်ပုံပါ အချက်များအား ခွဲခြားသိစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- ♦ လုပ်ငန်းစဉ်အတွင်း မိမိကိုယ်တိုင် ရှာဖွေထားသည့် အချက်များ၏မတူညီပုံကို နှိုင်းယှဉ်နိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (ဂ) ကျေးလက်နဲ့ မြို့ပြ

ကျေးလက်



ပုံနှစ်ပုံရဲ့ မတူညီတဲ့ အချက်တွေကို နှိုင်းယှဉ် ပြောကြရအောင်။

မြို့ပြ



### အဓိကအချက်များ
- ♦ ကျေးလက်နှင့် မြို့ပြ၏ အဓိပ္ပာယ်ကို ရှင်းပြရပါမည်။
- ♦ ရုပ်ပုံများကို နှိုင်းယှဉ်ကြည့်စေပြီး ကွာခြားသည်ကို ပြောစေရာတွင် အောက်ပါအချက်များကို ဂရုပြုရပါမည်။
- ♦ ထို့နောက် ကျေးလက်နှင့်မြို့ပြ ဇယား ခွဲ၍ပြရပါမည်။

ဥပမာ

– **ရှိသည် နှင့် မရှိသည်ကို နှိုင်းယှဉ်သောဇယား**

| ကျေးလက် | မြို့ပြ |
|---|---|
| လှေရှိသည်။ | လှေမရှိပါ။ |

- **ရှိသည့်အချက်ကို နှိုင်းယှဉ်သောဇယား**

| ကျေးလက် | မြို့ပြ |
|---|---|
| မူလတန်းကျောင်းရှိသည်။ | အထက်တန်းကျောင်းရှိသည်။ |

### အရေးကြီးသောအချက်များ
- ♦ ဆရာက မှတ်တမ်းတင်ရာတွင် ကျေးလက်နှင့်မြို့ပြဆိုင်ရာအချက်များကို ခွဲခြားရေးရပါမည်။
- ♦ ကျေးလက်နှင့်မြို့ပြအကြောင်း ပြောရာတွင် မည်သည်က ပို၍ကောင်းသည်ဟု မပြောရန် လိုအပ်ပါသည်။

DRE Box – Copyright Protected

## (ဃ) ဘာကျွေးမှာလဲ











**မေးခွန်း**

၁။ မျောက်ကလေးကို ---- ကျွေးပါမယ်။
၂။ စာကလေးကို ---- ကျွေးပါမယ်။
၃။ ဆင်ကလေးကို ---- ကျွေးပါမယ်။
၄။ ယုန်ကလေးကို ---- ကျွေးပါမယ်။
၅။ ကြောင်ကလေးကို ---- ကျွေးပါမယ်။

### အဓိကအချက်များ

- ♦ ရုပ်ပုံများကိုကြည့်စေပြီး ပြောစေရာတွင် လိုအပ်ပါက ဆရာက ကူညီပေးရပါမည်။

### အရေးကြီးသောအချက်များ

- ♦ ဆရာက မှတ်တမ်းတင်ရာတွင် တိရစ္ဆာန်လေးများအလိုက် အစာအမျိုးအစားကို ခွဲခြားရေးရပါမည်။

## အခန်း (၅-ဃ) ဘာကျွေးမှာလဲ
## အကြံပြုစာသင်ချိန် ၁ ချိန်

### သင်ယူမှုဦးတည်ချက်

- ♦ သင်ခန်းစာပါ တိရစ္ဆာန်လေးများ၏ အစာကိုရွေးချယ်တတ်ရန်
- ♦ ဝေါဟာရ ကြွယ်ဝစေရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ "ကျောင်းသုံးစာအုပ်မှာပါတဲ့ ရုပ်ပုံလေးထဲက ဘာကောင်လေးတွေလဲ"ဟု မေးကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ "သူတို့ ဘာတွေစားကြသလဲ"ဟူသော မေးခွန်းကို မေးကာ ဖြေစေပါမည်။
- ⊙ ကလေးများ၏အဖြေများကို ဆရာက သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပါမည်။
- ♦ ထို့နောက် ကျောင်းသုံးစာအုပ်ပါ အစားအစာရုပ်ပုံများကို ကြည့်ရှုစေပြီး ပြောစေပါမည်။
- ⊙ ကလေးများကိုပြောစေရာတွင် တိရစ္ဆာန်လေးများနှင့် သူတို့၏အစာရုပ်ပုံများကို ကြည့်စေပြီး နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။
- ♦ ဆရာက ကျောင်းသုံးစာအုပ်ပါ မေးခွန်းများမေး၍ ကလေးများကို ဖြေစေပါမည်။
- ♦ ထို့နောက် ကလေးတစ်ဦးချင်းစီ မေးခွန်းများဖြေစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ "ဆရာက သူတို့တွေကို ဘာအစားအစာတွေ ကျွေးရမလဲဆိုတာ သိကြပြီမဟုတ်လား"ဟု မေး၍ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း ကလေးများကိုယ်တိုင် ရွေးချယ်နိုင်ခြင်း ဖြေဆိုနိုင်ခြင်းရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

**အခန်း (၆–က) အတ် အပ် အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန် ၉ ချိန် (ပထမအချိန်)**

### သင်ယူမှုဦးတည်ချက်

- ဗျည်း၊ ဗျည်းတွဲနှင့် အတ်၊ အပ် အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အတ်၊ အပ် အသတ်နှင့်သက်ဆိုင်တဲ့စကားလုံးတွေကို ဆက်လက်သင်ကြားကြရအောင်"ဟု ပြောကာ နိဒါန်း ပျိုးပါမည်။

**လုပ်ငန်းစဉ်**

- -တ်၊ -ပ် အသတ်သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏အမည်ကို ရှင်းပြပါမည်။
- ❶ ရှိ သင်္ကေတ၏အမည်ကို ဖတ်ပြပါမည်။
- ⦿ ဗျည်းနှင့် -တ်၊ -ပ် အသတ်သင်္ကေတ တွဲဖက်၍ အတွဲ ❷ ကို ရွတ်ဖတ်စေပါမည်။
- ⦿ အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမ ကူညီပေးပါမည်။
- ⦿ ဗျည်း၊ ဗျည်းတွဲနှင့် အတ်၊ အပ် အသတ်တွဲဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ⦿ ဗျည်း၊ ဗျည်းတွဲနှင့် အတ်၊ အပ် အသတ် ❷ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ⦿ ကူးရေးစေရာတွင် ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်း တွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများသင်ကြားပြီးသော ဗျည်း၊ ဗျည်းတွဲနှင့် အတ် အပ် အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အတ်၊ အပ် အသတ်အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်ရေးသားနိုင်မှု ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**အခန်း ၆ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၆)**

**(က) အတ် (–တ်) အပ် (–ပ်)အသတ်များ သင်ကြားကြစို့လား**

❶



| | |
|---|---|
| **အတ်** | **အပ်** |
| **–တ်** | **–ပ်** |

❷ ❸



| | | | |
|---|---|---|---|
| ကတ် | ကြွတ် | ကျပ် | ညှပ် |
| ခတ် | ဂျတ် | ချပ် | နှပ် |
| ဆတ် | ပြတ် | ဂျပ် | မှတ် |
| ရပ် | ဖျတ် | ပျပ် | ရှပ် |
| ဝပ် | မြတ် | ဖျပ် | လှပ် |

❹



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကတ် ကြွတ်

ကျပ် ညှပ်

### အဓိကအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့်အသတ်သင်္ကေတ -တ်၊ -ပ် တို့ ပေါင်းစပ်၍ စကားလုံးများ၊ စာကြောင်းတိုများ ရွတ်ဖတ် ရေးသားနိုင်သည် အထိ သင်ကြားပါမည်။
- ဆရာက သင်ကြားရာတွင် စာလုံးပေါင်းနည်းနှင့် အသံထွက်နည်း နှစ်မျိုးကို သင့်လျော်သလို အသုံးပြု သင်ကြားရပါမည်။

### အရေးကြီးသောအချက်များ

- -တ်၊ -ပ် အသတ်သင်္ကေတများကို ဥပမာများပေးကာ ရှင်းလင်းပြပါမည်။

ခခွေးရေး တသတ် ခတ်

ခခွေးရေး ပသတ် ခပ် ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့

ဗျည်း + အသတ်

- ခ + - တ် (အတ်) = ခတ်
- ခ + - ပ် (အပ်) = ခပ်

ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

EBE Box - Copyright Protected

## အခန်း ၆ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၆)

### (က) အတ် (–တ်) အပ် (–ပ်)အသတ်များ သင်ကြားကြစို့လား



❶

| | |
|---|---|
| အတ် | အပ် |
| –တ် | –ပ် |



❷ ❸

| | | | |
|---|---|---|---|
| ကတ် | ကြွတ် | ကျပ် | ညှပ် |
| ခတ် | ဂျတ် | ချပ် | နှပ် |
| ဆတ် | ပြတ် | ဂျပ် | မှတ် |
| ရပ် | ဖျတ် | ပျပ် | ရှပ် |
| ဝပ် | မြတ် | ဖျပ် | လှပ် |

❹



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကတ်　　ကြွတ်

ကျပ်　　ညှပ်

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် -တ်၊ -ပ် အသတ် သင်္ကေတ အသုံးပြုပုံကို ခွဲခြားသိရှိ၍ ဖတ်တတ် ရေးသားတတ်ရပါမည်။

## အခန်း (၆–က) အတ် အပ် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန်** ၉ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဗျည်း၊ ဗျည်းတွဲနှင့် အတ်၊ အပ် အသတ်အတွဲ ❷ ကို ပြန်လည်ရွတ်ဆိုစေပြီး “အတ်၊ အပ် အသတ်အတွဲ ❸ ကို ဆက်လက်သင်ကြားကြမယ်” ဟု ပြောကာ နိဒါန်း ပျိုးပါမည်။

**လုပ်ငန်းစဉ်**

- -တ်၊ -ပ် အသတ် သင်္ကေတများကို သင်ပုန်းတွင်ရေးကာ ရွတ်ဖတ်ပြပါမည်။
- ❸ ရှိ စကားလုံးများကို ဆရာက ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ရွတ်ဖတ်စေပါမည်။
- ❸ တွင် ပါရှိသော စကားလုံးများကို ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ကြည့်စေပါမည်။
- ❸ တွင် ပါရှိသော စကားလုံးများကို နှုတ်မှရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဗျည်း၊ ဗျည်းတွဲနှင့် အတ်၊ အပ်အသတ်တွဲဖက်၍ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အတ်၊ အပ် အသတ် တွဲဖက်၍ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၆–က) အတ် အပ် အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ❷ ❸ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ❺ တွင် ပါရှိသော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
♦ ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။
♦ ရုပ်ပုံပါ စကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ်သင်္ကေတ အသံထွက်အတိုင်း ဖတ်ပြပါမည်။
ဥပမာ ။ ။ ဖိနပ်
ဖဦးထုပ်ရေး လုံးကြီးတင် ဖိ၊ နငယ်ရေး ပသတ် နပ် ဖိနပ်ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့
ဖ + ိ (အိ)= ဖိ
န + -ပ် (အပ်)= နပ် ဖိနပ် ဟု လည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။
♦ ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
♦ ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ ရုပ်ပုံပါ စကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၆။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၆)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❺


သေနတ်


ယပ်တောင်


ရဟတ်ယာဉ်


အပ်


သနပ်ခါး


ကတ်ကြေး


ဖိနပ်


ဇာတ်ပွဲ


ဓာတ်ပုံ

❻

| | | | | | |
|---|---|---|---|---|---|
| ပိုးဟပ် | ကျေနပ် | ချဉ် ဖတ် | ဆုံးဖြတ် | တိုက်ခတ် | အမှတ်တရ |
| ထူထပ် | နေကြတ် | ဝတ်ဆင် | အားလပ် | ကောင်းမြတ် | အတတ်ပညာ |

### အရေးကြီးသောအချက်များ

♦ အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box – Copyright Protected

၆။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၆)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၅


သေနတ်


ယပ်တောင်


ရဟတ်ယာဉ်


အပ်


သနပ်ခါး


ကတ်ကြေး


ဖိနပ်


ဇာတ်ပွဲ


ဓာတ်ပုံ

၆

| | | | | | |
|---|---|---|---|---|---|
| ပိုးဟပ် | ကျေနပ် | ချဉ် ဖတ် | ဆုံးဖြတ် | တိုက်ခတ် | အမှတ်တရ |
| ထူထပ် | နေကြတ် | ဝတ်ဆင် | အားလပ် | ကောင်းမြတ် | အတတ်ပညာ |

## အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

## အခန်း (၆–က) အတ် အပ် အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❷ ❸ ❺ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ❻ တွင် ပါဝင်သော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဌာန်ကို စဉ်းစားစေမည်။
- ကလေးများကို ပြောစေပါမည်။
- ကလေးများပြောသည့် ❻ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "အတ်၊ အပ် အသတ်နဲ့ဆိုင်တဲ့ စကားလုံးလေးတွေကို ရွတ်ဖတ်ပြီး ရေးနိုင်ပြီ မဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စကားလုံးများကို သေချာစွာ ရွတ်ဖတ် ရေးသားနိုင်ခြင်း ရှိ၊ မရှိ နှင့် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၆–က) အတ် အပ် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၉ ချိန် (ပဥ္စမ မှ အဋ္ဌမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- စာပိုဒ် ၇ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက စာပိုဒ် ၇ ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- စာပိုဒ် ၇ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "စာပိုဒ် ၇ ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၇ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၆။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၆)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



၇
ကြက်ခြေနီတပ်ဖွဲ့ဝင်မောင်မှတ်
ဝတ်စုံ ဝတ်ထားသည်။
ပတ်တီးစည်းပေးနေသည်။
ဖြောင့်မတ်တည်ကြည်သည်။
မွန်မြတ်သော စေတနာရှိသည်။



၈
လူငယ်များ ခြင်းခတ်နေကြသည်။
အဝတ်ဆင်တူ ဝတ်ထားသည်။
ဖနောင့်နှင့် ဆတ်၍ ခတ်သည်။
ဝိုင်းသုံးလေးပတ်လည်သည်။
ဖျတ်ဖျတ်လတ်လတ်ရှိကြသည်။



၉
သစ်စက်နားမှာ ရပ်မကြည့်ရ။
သစ်တုံးများ ခွဲဖြတ်နေသည်။
မပြတ်မလပ် ဆောင်ရွက်သည်။
ပျဉ် ချပ်များ ထပ်ထားသည်။
သပ်သပ်ရပ်ရပ်ရှိသည်။



၁၀
ရေတွင်းရေကန်ကို ဝင်းခတ်ပါ။
ကျွဲ နွားများ မကပ်စေရ။
ကန်ပေါင်ပေါ်တွင် အဝတ်မလျှော်ရ။
ရေမဝပ်အောင် မပြတ်သတိပြုပါ။
လူကြီးများက စောင့်ကြပ်ကြည့်ရှုနေသည်။

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် အတ်၊ အပ် အသတ် တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများ ရေးသားချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသား စေပါမည်။

**မှတ်ချက်**

- စာပိုဒ် ၈ ၉ ၁၀ ကိုလည်း စာပိုဒ် ၇ သင်နည်းအတိုင်း ဆက်လက် သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

DBEBox — Copyright Protected



**ကွက်လပ်ဖြည့်ကြရအောင်။**

| | | |
|---|---|---|
| တန်းစီရပ် | လတ်ဆတ် | ရဟတ် |
| နားကပ် | ခတ်ပုံ | |

(က) ပွဲဈေးမှာ ------ စီးကြမယ်။

(ခ) သစ်သီးတွေ ------ တယ်။

(ဂ) နံရံမှာ ------ ချိတ်ဆွဲထားတယ်။

(ဃ) မမဆီက ------ လက်ဆောင်ရတယ်။

(င) ခြံထဲမှာ ကားတွေ ------ ထားတယ်။

## အရေးကြီးသောအချက်များ

- ကလေးများ အဖြေမှန်ရှာဖွေရာတွင် လိုအပ်ပါက ဆရာက ကူညီပေးရပါမည်။
- စကားလုံးအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံး စာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

# အခန်း (၆-က) အတ် အပ် အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (နဝမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၇ ၈ ၉ ၁၀ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အတ်၊ အပ် အသတ်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ပေးထားသော စကားလုံးများ၏ အဓိပ္ပာယ်ကို ဦးစွာ ရှင်းပြပေးပါမည်။
- ဆရာက ပထမစာကြောင်းကို ဖတ်ပြပါမည်။
- ကွက်လပ်တွင် ထည့်ရမည့် အဖြေကို ကလေးများအား စဉ်းစားစေပါမည်။ ပြောစေပါမည်။
- ကလေးများပြောပြသော အဖြေကို ဝါကျတစ်ကြောင်းချင်းစီတွင် ထည့်၍ ကလေးအားလုံး ရွတ်ဖတ်စေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါ နည်းအတိုင်း ကွက်လပ်တွင် ဖြည့်စေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ၇ မှ ၁၀ အထိ ရွတ်ဖတ်စေကာ "အတ်၊ အပ် အသတ်ကို ဖတ်နိုင်၊ ရေးနိုင်ပြီ မဟုတ်လား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ချိန်တွင် စကားလုံး မှန်ကန်အောင် ရွေးချယ်နိုင်ခြင်း ရှိ၊ မရှိနှင့် စာလုံးပေါင်း၊ အရစ်အဆွဲမှန်ကန်အောင် ရေးဆွဲနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၆–ခ) အွတ် အွပ် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန်** ၉ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ဗျည်း၊ ဗျည်းတွဲနှင့် အွတ်၊ အွပ် အသတ်ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ
  (ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အွတ်၊ အွပ် အသတ်နှင့်သက်ဆိုင်တဲ့ စကားလုံးတွေကို ဆက်လက်သင်ကြားကြရအောင်"ဟု ပြောကာ နိဒါန်း ပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ွတ်၊ ွပ်အသတ်သင်္ကေတကို သင်ပုန်းတွင်ရေးကာ ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏အမည်ကို ရှင်းပြပါမည်။
- ❶ ရှိ သင်္ကေတ၏အမည်ကို ဖတ်ပြပါမည်။
- ⊙ ဗျည်းနှင့် ွတ်၊ ွပ် အသတ်သင်္ကေတ တွဲဖက်၍ ❷ ကို ရွတ်ဖတ်စေပါမည်။
- ⊙ အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမ ကူညီပေးပါမည်။
- ⊙ ဗျည်း၊ ဗျည်းတွဲနှင့် အွတ်၊ အွပ် အသတ်တွဲဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။
- ⊙ ဗျည်းနှင့် အွတ်၊ အွပ် အသတ်အတွဲ ❷ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ⊙ ကူးရေးစေရာတွင် ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများ သင်ကြားပြီးသော ဗျည်း၊ ဗျည်းတွဲနှင့် အွတ်၊ အွပ် အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အွတ်၊ အွပ် အသတ်အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်ရေးသားနိုင်ခြင်းရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (ခ) အွတ် (ွတ်) အွပ် (ွပ်) အသတ်များ သင်ကြားကြစို့လား

❶



| | |
|---|---|
| အွတ် | အွပ် |
| ွတ် | ွပ် |

❷ ❸



| | | | |
|---|---|---|---|
| ကွတ် | ကွပ် | ကျွတ် | ညွတ် |
| ခွတ် | ခွပ် | ချွတ် | မွှတ် |
| စွတ် | စွပ် | ဂျွတ် | ရွှတ် |
| တွတ် | တွပ် | ပြွတ် | လွှတ် |

❹



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကွတ် ကွပ်

ကျွတ် လွှတ်

### အဓိကအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် ွတ်၊ ွပ် အသတ်သင်္ကေတတို့ ပေါင်းစပ်၍ စကားလုံးများ၊ စာကြောင်းတိုများ ရွတ်ဖတ်ရေးသားနိုင်သည်အထိ သင်ကြားပါမည်။
- ဆရာက သင်ကြားရာတွင် စာလုံးပေါင်းနည်းနှင့် အသံထွက်နည်း နှစ်မျိုးကို သင့်လျော်သလို အသုံးပြု သင်ကြားရပါမည်။

### အရေးကြီးသောအချက်များ

- ွတ်၊ ွပ် အသတ်သင်္ကေတများကို ဥပမာများပေးကာ ရှင်းလင်းပြပါမည်။
- ဖဦးထုပ် ဝဆွဲ တသတ် ဖွတ်
  ဖဦးထုပ် ဝဆွဲ ပသတ် ဖွပ် ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့
  ဗျည်း + အသတ်
- ဖ + ွတ် (အွတ်) = ဖွတ်
- ဖ + ွပ် (အွပ်) = ဖွပ်

ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။



DBE Box - Copyright Protected

## (ခ) အွတ် (ွတ်) အွပ် (ွပ်) အသတ်များ သင်ကြားကြစို့လား



၁

| | |
|---|---|
| အွတ် | အွပ် |
| ွတ် | ွပ် |



၂ ၃

| | | | |
|---|---|---|---|
| ကွတ် | ကွပ် | ကျွတ် | ညွတ် |
| ခွတ် | ခွပ် | ချွတ် | မွတ် |
| စွတ် | စွပ် | ဂျွတ် | ရွတ် |
| တွတ် | တွပ် | ပြွတ် | လွတ် |

၄



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကွတ် ကွပ်

ကျွတ် လွတ်

## အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် ွတ်၊ ွပ် အသတ်သင်္ကေတ အသုံးပြုပုံကို ခွဲခြားသိရှိ၍ ဖတ်တတ် ရေးသားတတ်ရပါမည်။

## အခန်း (၆–ခ) အွတ် အွပ် အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဗျည်း၊ ဗျည်းတွဲနှင့် အွတ်၊ အွပ် အသတ်အတွဲ ၂ ကို ပြန်လည် ရွတ်ဖတ်စေပြီး "အွတ်၊ အွပ်အသတ်အတွဲ ၃ ကို ဆက်လက်သင်ကြားကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ွတ်၊ ွပ် အသတ်သင်္ကေတများကို သင်ပုန်းတွင် ရေးကာ ရွတ်ဖတ်ပြပါမည်။
- ၃ ရှိ စကားလုံးများကို ဆရာက ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ရွတ်ဖတ်စေပါမည်။
- ၃ တွင် ပါရှိသော စကားလုံးများကို ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ကြည့်စေပါမည်။
- ၃ တွင် ပါရှိသော စကားလုံးများကို နှုတ်မှရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ၄ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဗျည်း၊ ဗျည်းတွဲနှင့် အွတ်၊ အွပ် အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အွတ်၊ အွပ် အသတ်တွဲဖက်၍ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

**အခန်း (၆-ခ)** **အွတ် အွပ် အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ❷ ❸ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ❶ တွင် ပါရှိသော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။
- ရုပ်ပုံပါ စကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ်သင်္ကေတ အသံထွက်အတိုင်း ဖတ်ပြပါမည်။

  ဥပမာ ။ ။ ရေပွြတ်

  သဝေထိုး ရကောက်ရေး ရေ၊ ပစောက် ရရစ် ဝဆွဲ တသတ်ပွြတ် ရေပွြတ်ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့

  ရ + ေ- (အေ) = ရေ

  ပြ + ွတ် (အွတ်) = ပွြတ် ရေပွြတ်ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေ့ကျင့်ခန်းစာအုပ် မျဉ်းကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- ရုပ်ပုံပါ စကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၆။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၆)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❶



လွတ်လပ်ရေးအောင်ပွဲ



ကွပ်ပျစ်



သီတင်းကျွတ်ပွဲ



စွပ်ကျယ်



လက်စွပ်



မင်းကွတ်သီး



ရေပွြတ်



မုန့်ကြွပ်

❻

| | | | | | |
|---|---|---|---|---|---|
| စိုစွတ် | ဦးညွတ် | ညီညွတ် | ရွတ်ဖတ် | အနားကွပ် | တန်းလုံးကျွတ် |
| ခူးဆွတ် | သွပ်ပြား | ခွင့်လွှတ် | ပွတ်တိုက် | ကရွတ်ခွေ | ကတွတ်ပေါက် |

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box - Copyright Protected

၆။ အသတ်လက္ခဏာသိမှတ်စရာ ဖျည်းနဲ့တွဲကြမှာ (၆)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၅


လွတ်လပ်ရေးအောင်ပွဲ


ကွပ်ပျစ်


သီတင်းကျွတ်ပွဲ


စွပ်ကျယ်


လက်စွပ်


မင်းကွတ်သီး


ရေပွတ်


မုန့်ကြွပ်

၆

| | | | | | |
|---|---|---|---|---|---|
| စိုစွတ် | ဦးညွှတ် | ညီညွတ် | ရွတ်ဖတ် | အနားကွပ် | တန်းလုံးကျွတ် |
| ခူးဆွတ် | သွပ်ပြား | ခွင့်လွှတ် | ပွတ်တိုက် | ကရွတ်ခွေ | ကတွတ်ပေါက် |

## အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

## အခန်း (၆-ခ) အွတ် အွပ် အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (စတုတ္ထအချိန်)

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ၂ ၃ ၅ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ၆ တွင် ပါဝင်သော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဌာန်ကို စဉ်းစားစေမည်။
- ကလေးများကို ပြောစေပါမည်။
- ကလေးများပြောသည့် ၆ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- "အွတ်၊ အွပ် အသတ်နဲ့ဆိုင်တဲ့ စကားလုံးလေးတွေကို ရွတ်ဖတ်ပြီး ရေးနိုင်ပြီ မဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စကားလုံးများကို သေချာစွာ ရွတ်ဖတ် ရေးသားနိုင်ခြင်း ရှိ၊ မရှိ နှင့် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်စွာရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box — Copyright Protected

**အခန်း (၆–၈)** **အွတ် အွပ် အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန်** **၉ ချိန် (ပဉ္စမ မှ အဋ္ဌမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- စာပိုဒ် ၇ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက စာပိုဒ် ၇ ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- စာပိုဒ် ၇ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

### နိဂုံးချုပ်ခြင်း

- "စာပိုဒ် ၇ ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၇ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၆။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၆)

စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၇



သီတင်းကျွတ်ပြီ။
မိုးလေကင်းလွတ်တော့မည်။
မီးပုံးပျံ လွှတ်ကြရအောင်။
မီးစာကို ရေနံဆွတ်ထားပါ။
မှိုင်းဝမှ လွှတ်ပါ။

၈



မိန်းကလေးများ ကြက်ခွပ်တမ်း ကစားကြသည်။
လူငယ်များ စွန်လွှတ်နေကြသည်။
ဘေးလွတ်ရာမှာ ကစားပါ။
စွန်ပြတ်လျှင် တစ်ဇွတ်ထိုး မလိုက်ရ။

၉



စာကို ပီပီသသ ရွတ်ဖတ်ပါ။
ကဗျာကို အလွတ်ကျက်မှတ်ပါ။
တတွတ်တွတ်ရွတ်ဆိုပါ။
ပထမဆု ဆွတ်ခူးနိုင်ရမည်။

၁၀



လွတ်လပ်ရေးကို ထိန်းသိမ်းပါ။
ညီညွတ်ရေးအတွက် ကြိုးပမ်းပါ။
ရွှပ်ရွှပ်ချွံချွံ ဆောင်ရွက်ပါ။
တာဝန်မချွတ်ယွင်းပါစေနှင့်။
ပြည်သူ့ကျင့်ဝတ်ကို အထွတ်အမြတ်ထားပါ။

## အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် အွတ်၊ အွပ် အသတ် တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများ ရေးသားချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

### မှတ်ချက်

- စာပိုဒ် ၈ ၉ ၁၀ ကိုလည်း စာပိုဒ် ၇ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

DBEBox — Copyright Protected

၆။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၆)



ဝါကျမှန်အောင် ယှဉ်တွဲပါ။

| | |
|---|---|
| ၁။ မေမေဈေးက | (က) ပွတ်တိုက်နေတယ်။ |
| ၂။ မောင်မောင်တို့အိမ်ကို | (ခ) ကတွတ်ယို ဝယ်လာတယ်။ |
| ၃။ ဦးကြီးတို့ | (ဂ) သွပ်မိုးထားတယ်။ |
| ၄။ မိန်းကလေးတွေ | (ဃ) ကွပ်ပျစ်မှာ ထိုင်နေတယ်။ |
| ၅။ ညီညီ မှန်တံခါးကို | (င) လျှော်ဖွပ်နေတယ်။ |
| ၆။ အစ်မကြီး အဝတ်တွေ | (စ) ကြက်ခွပ်တမ်း ကစားနေကြတယ်။ |

အဖြေမှန်လေးတွေ ရေးကြမယ်။

၁။

၂။

၃။

၄။

၅။

၆။

### အရေးကြီးသောအချက်များ

- ကလေးများ အဖြေမှန် ရှာဖွေရာတွင် လိုအပ်ပါက ဆရာက ကူညီပေးရပါမည်။

## အခန်း (၆–ခ) အွတ် အွပ် အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (နဝမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၇ ၈ ၉ ၁၀ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အွတ်၊ အွပ်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ကော်လံတစ်ခုစီရှိ စကားစုများကို ဆရာက ဖတ်ပြမည်။
- ဆရာဖတ်ပြနေချိန်တွင် အဖြေကို စဉ်းစားစေပါမည်။
- ပြီးလျှင် ဆရာက ဘယ်ဘက်ကော်လံမှ စကားစုနှင့် ညာဘက်ကော်လံမှ စကားစုတို့ကို ယှဉ်တွဲကြည့်စေမည်။
- ကလေးများ ယှဉ်တွဲထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။
- ယှဉ်တွဲထားသော စာကြောင်း တစ်ကြောင်းချင်းစီ၏ အဖြေမှန်ကို ကလေး တစ်ဦးချင်းစီ ပြောပြစေပါမည်။
- ကလေးများ ဖြေထားသော အဖြေများကို လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။ ထိုစာကြောင်းများကို မှတ်စုစာအုပ်တွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ၇ မှ ၁၀ အထိ ပြန်လည်ရွတ်ဖတ်စေပါမည်။ စာသင်ခန်း ပတ်ဝန်းကျင်တွင်လည်းကောင်း၊ အခြားစာအုပ်များမှ လည်းကောင်း အွတ်၊ အွပ် အသတ်နှင့် သက်ဆိုင်သော စကားလုံးများကို ရှာဖွေကာ နှုတ်မှ ပြောစေခြင်းခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း လေ့ကျင့်ခန်းပါ စကားစုများကို မှန်ကန်စွာ ယှဉ်တွဲရေးနိုင်ခြင်း ရှိ၊ မရှိ၊ စာသင်ခန်း ပတ်ဝန်းကျင်ရှိ ◌ွတ်၊ ◌ွပ် သင်္ကေတပါ စကားလုံးများကို ရှာဖွေနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၆–ဂ) စကားလုံးဆက် ကစားကြစို့လား
## အကြံပြုစာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**
- စကားလုံးကတ်ပြားများဖြင့် အဓိပ္ပာယ်ရှိသော စာကြောင်းများ ပြောဆိုတတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**
- ဆရာပြုလုပ်ထားသော ကတ်ပြားများ




**အဓိကအချက်များ**
- ကတ်ပြားများ ဝေပေးရာတွင်လည်း ဆရာက ပထမအုပ်စု တစ်စုအတွက် အမည်ကတ်ပြားများပေး၍ ဒုတိယအုပ်စု အတွက် နောက်ဆက်စကားလုံးများ ပေးရမည်ကို သတိပြုရပါမည်။

**အရေးကြီးသောအချက်များ**
- ဆရာ၏တီထွင်ဉာဏ်ဖြင့် အခြားအမည် ကတ်ပြားအသစ်များကို လည်း အသုံးပြုနိုင်ပါသည်။

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**
- ဆရာက သင်ကြားပြီးသော သင်ခန်းစာများမှ စကားလုံးအချို့ကို ပြန်လည်မေးမြန်း၍ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⊙ ဆရာက နမူနာအဖြစ် ရုပ်ပုံနှင့်စာ ယှဉ်တွဲလျက်ရှိသော ကတ်ပြားတစ်ခုကိုပြပါမည်။
- "ကလေးတို့ ဒီပုံလေးက ဘာပုံလေးလဲ"
- "ပန်းသီး"
- "အဲဒီ ပန်းသီးက ဘာလုပ်လို့ရတယ်ထင်သလဲ"
- "စားလို့ရပါတယ်" "ဝယ်လို့ရပါတယ်"

⊙ "ဒါဆိုရင် ပန်းသီးဆိုတဲ့ စကားလုံးလေးရဲ့ နောက်မှာ စားလို့ရတယ်၊ ဝယ်လို့ရတယ်ဆိုတဲ့ စကားလုံးလေးတွေ ဆက်လို့ရတယ်"
- ပန်းသီး စားသည်။
- ပန်းသီး ဝယ်သည်။
- ဆရာက နမူနာပြောပြီးပါက ကလေးများကို ဆက်လက်၍ ပြောစေပါမည်။

⊙ ဆရာက အတန်းကို အုပ်စု ၂ စု သို့မဟုတ် ၄ စု ခွဲပါမည်။
- ထို့နောက် ပထမအုပ်စုကို အောက်ပါ အမည်ကတ်ပြားများ ပေးထားပါမည်။
  - ပန်း
  - စက်ဘီး
  - ကား
  - မြင်း
  - ငှက်ပျောသီး ......... စသည်ဖြင့်

DBE Box – Copyright Protected

## (ဂ) စကားလုံးဆက် ကစားကြစို့လား




### အရေးကြီးသောအချက်များ

♦ ကလေးများပြောသော စကားလုံးများအား ဆရာက သင်ပုန်း မှတ်ချက် ရေးထားပါမည်။ ထို့နောက် ကလေးများ ပြောသည့်အတိုင်း စာကြောင်းတစ်ကြောင်း ဖြစ်စေရန် ဆက်ပြရပါမည်။




## အခန်း (၆-ဂ) စကားလုံးဆက် ကစားကြစို့လား
## အကြံပြုစာသင်ချိန် ၁ ချိန်

ကျန်အုပ်စုများကိုလည်း အောက်ပါကတ်ပြားများ ပေး၍ စကားလုံးများ ဆက်စေပါမည်။

- လှသည်။
- စီးသည်။
- ပေးသည်။
- မောင်းသည်။
- ဝယ်သည်။
- စားသည်။
- ရောင်းသည်။
- ပြေးသည်။ . . . . . . . စသည်ဖြင့်

⊙ ထို့နောက် မိမိတို့ ရရှိထားသော ကတ်ပြားများကို အုပ်စုတွင်း ဖတ်စေပါမည်။

♦ ဖတ်ပြီးပါက ဆရာက အချက်ပေးပါမည်။

♦ ဆရာ အချက်ပေးသည်နှင့် ပထမအုပ်စုက မိမိတို့ ရရှိထားသော ကတ်ပြားများထဲမှ အမည်ကတ်ပြား တစ်ခုကို ထောင်ပြစေပါမည်။

⊙ ဒုတိယ အုပ်စုက မိမိတို့ ရရှိထားသော စကားလုံးများထဲမှ သင့်လျော်သော စကားလုံးကို ရွေး၍ ဆက်စေပါမည်။

ဥပမာ။ ။ မြင်း ပြေးသည်။
မြင်း စီးသည်။

⊙ အဓိပ္ပာယ်ရှိသော စာတစ်ကြောင်း ဆက်ပြီးတိုင်း သင်ပုန်းတွင် ရေးပြ ဆက်ပြပါမည်။

♦ စကားလုံးများ မှန်ကန်စွာဆက်ပြီးပါက ထိုစာကြောင်း များကို ပြန်လည်ရွတ်ဖတ်စေပါမည်။

♦ ကတ်ပြားချင်းလဲလှယ်ပြီး အဖွဲ့များကို ယှဉ်ပြိုင်စေပါ မည်။

⊙ ထို့နောက် မိမိတို့ မှတ်စုစာအုပ်တွင် ထပ်မံ လေ့ကျင့်စေ ပါမည်။

### နိဂုံးချုပ်ခြင်း

♦ မိမိတို့ဆက်ထားသော စာကြောင်းများကို အုပ်စုလိုက် ဖြစ်စေ တစ်ဦးချင်းဖြစ်စေ ပြန်လည် ရွတ်ဖတ်စေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ကလေးများက စကားလုံးများကို မှန်ကန်စွာ ဆက်ပြီးပြောကြားနိုင်ခြင်း ရှိ၊ မရှိ ပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၇-က) အိတ် အိပ် အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

♦ ဗျည်း၊ ဗျည်းတွဲနှင့် အိတ်၊ အိပ် အသတ်များ ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

(ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ "အိတ်၊ အိပ် အသတ်တွေနဲ့ သက်ဆိုင်တဲ့ စကားလုံးတွေကို သင်ယူကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ိတ်၊ ိပ် အသတ်သင်္ကေတကို သင်ပုန်းတွင်ရေးကာ ရွတ်ဖတ်ပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

♦ သင်္ကေတ၏အမည်ကို ရှင်းပြပါမည်။

♦ ၁ ရှိ သင်္ကေတ၏ အမည်ကို ဖတ်ပြပါမည်။

⦿ ဗျည်းနှင့် ိတ်၊ ိပ် အသတ်သင်္ကေတများနှင့် တွဲဖက်၍ ၂ ကို ရွတ်ဖတ်စေပါမည်။

⦿ အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။

⦿ ဗျည်းနှင့် အိတ်၊ အိပ် အသတ်တွဲဖက်၍ ဆရာကဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ ကြည့်စေပါမည်။

⦿ ဗျည်းနှင့် အိတ်၊ အိပ် အသတ် အတွဲ ၂ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။

⦿ ကူးရေးရာတွင် ၄ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ ကလေးများ သင်ကြားပြီးသော ဗျည်းနှင့် အိတ်၊ အိပ် အသတ်အတွဲကို ကလေးများ ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ဗျည်း နှင့် အိတ်နှင့် အိပ် အသတ်အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်ရေးသားနိုင်မှု ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---



**အခန်း ၇ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၇)**

**(က) အိတ် (ိတ်) အိပ် (ိပ်) အသတ်များ သင်ကြားကြစို့လား**



၁

| | |
|---|---|
| အိတ် | အိပ် |
| ိတ် | ိပ် |



၂ ၃

| | | | |
|---|---|---|---|
| ကိတ် | ကိပ် | ကျိတ် | ကျိပ် |
| စိတ် | စိပ် | ချိတ် | ချိပ် |
| ဆိတ် | ဆိပ် | ကြိတ် | မှိတ် |
| တိတ် | တိပ် | မြိတ် | နှိပ် |
| ပိတ် | လိပ် | | |



၄ စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကိတ် ကိပ် မှိတ်

ကျိပ် ကြိတ်

### အဓိကအချက်များ

♦ ဗျည်း၊ ဗျည်းတွဲနှင့် ိတ်၊ ိပ် အသတ်သင်္ကေတတို့ ပေါင်းစပ်၍ စကားလုံးများ၊ စာကြောင်းတိုများ ရွတ်ဖတ်ရေးသားနိုင်သည် အထိ သင်ကြားပါမည်။

♦ ဆရာက သင်ကြားရာတွင် စာလုံးပေါင်းနည်းနှင့် အသံထွက်နည်း နှစ်မျိုးကို သင့်လျော်သလို အသုံးပြု သင်ကြားရပါမည်။

### အရေးကြီးသောအချက်များ

♦ ိတ်၊ ိပ် အသတ်သင်္ကေတများအသုံးကို ဥပမာများပေးကာ ရှင်းပြပါမည်။

ဆလိမ်လုံးကြီးတင် တသတ် ဆိတ်

ဆလိမ်လုံးကြီးတင် ပသတ် ဆိပ်

ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့

ဗျည်း + အသတ်

♦ ဆ + ိတ် (အိတ်) = ဆိတ်

♦ ဆ + ိပ် (အိပ်) = ဆိပ်

ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

DBE Box - Copyright Protected

## အခန်း ၇ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၇)

### (က) အိတ် (ိတ်) အိပ် (ိပ်) အသတ်များ သင်ကြားကြစို့လား



၁

| | |
|---|---|
| အိတ် | အိပ် |
| ိတ် | ိပ် |



၂ ၃

| | | | |
|---|---|---|---|
| ကိတ် | ကိပ် | ကျိတ် | ကျိပ် |
| စိတ် | စိပ် | ချိတ် | ချိပ် |
| ဆိတ် | ဆိပ် | ကြိတ် | မှိတ် |
| တိတ် | တိပ် | မြိတ် | နှိပ် |
| ပိတ် | လိပ် | | |

၄



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကိတ် ကိပ် မှိတ်

ကျိပ် ကြိတ်

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် အိတ်၊ အိပ် အသတ်အသုံးကို ခွဲခြားသိရှိ၍ ဖတ်တတ်ရေးသားတတ်ရပါမည်။

## အခန်း (၇-က) အိတ် အိပ် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၉ ချိန် (ဒုတိယအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ဗျည်းနှင့် အိတ်၊ အိပ် အသတ်အတွဲ ၂ ကို ပြန်လည်ရွတ်ဖတ်စေပြီး "ဗျည်းနဲ့ အိတ်၊ အိပ် အသတ် ၃ ကို ဆက်လက်သင်ကြားမည်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်

#### လုပ်ငန်းစဉ်

- ိတ်၊ ိပ် အသတ်သင်္ကေတများကို သင်ပုန်းတွင် ရေးကာ ရွတ်ဖတ်ပြပါမည်။
- ၃ ရှိ စကားလုံးများကို ဆရာက ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ရွတ်ဖတ်စေပါမည်။
- ၃ တွင် ပါရှိသော စကားလုံးများကို ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများကို လိုက်၍ကြည့်စေပါမည်။
- ၃ တွင် ပါရှိသော စကားလုံးများကို နှုတ်မှရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ၄ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

#### နိဂုံးချုပ်ခြင်း

- ဗျည်း၊ ဗျည်းတွဲနှင့် အိတ်၊ အိပ် အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အိတ်၊ အိပ် အသတ်အတွဲတွင် ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၇-က) အိတ် အိပ် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

၂ ၃ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ၅ တွင် ပါဝင်သော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။
- ရုပ်ပုံစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ်သင်္ကေတ အသံထွက်အတိုင်း ဖတ်ပြပါမည်
  ဥပမာ ။ ။ လွယ်အိတ်
  လ ဝဆွဲ ယသတ် လွယ်၊ အ လုံးကြီးတင် တသတ် အိတ် လွယ်အိတ် ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့
  လွ + -ယ် (အယ်) = လွယ်
  အ + ိတ် (အိတ်) = အိတ် လွယ်အိတ်ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ရုပ်ပုံပါ စကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၇။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၇)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၅



လွယ်အိတ်



လိပ်ပြာ



ဆိတ်



ငါးမျှားချိတ်



ဆန်အိတ်



ကောက်ရိတ်



လိပ်



ပုရွက်ဆိတ်

၆

| | | | | |
|---|---|---|---|---|
| ပိတ်စ | အိပ်ရာ | မိတ်ဆွေ | စိပ်ပုတီး | တံစက်မြိတ် |
| လိပ်စာ | ကြိတ်ဆုံ | တိတ်ဆိတ် | ဂိတ်ပေါက် | အထည်အလိပ် |

**အရေးကြီးသောအချက်များ**

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box - Copyright Protected



၇။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၇)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၅

လွယ်အိတ် | လိပ်ပြာ | ဆိတ်

ငါးမျှားချိတ် | ဆန်အိတ်

ကောက်ရိတ် | လိပ် | ပုရွက်ဆိတ်

၆

| | | | | |
|---|---|---|---|---|
| ပိတ်စ | အိပ်ရာ | မိတ်ဆွေ | စိပ်ပုတီး | တံစက်မြိတ် |
| လိပ်စာ | ကြိတ်ဆုံ | တိတ်ဆိတ် | ဂိတ်ပေါက် | အထည်အလိပ် |

**အခန်း (၇–က) အိတ် အိပ် အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန် ၉ ချိန် (စတုတ္ထအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

♦ ၂ ၃ ၅ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

♦ ၆ တွင် ပါဝင်သော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဍာန်ကို စဉ်းစားစေမည်။

♦ ကလေးများကို ပြောစေပါမည်။

♦ ကလေးများပြောသည့် ၆ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

♦ ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

♦ "အိတ်၊ အိပ် အသတ်နဲ့ဆိုင်တဲ့ စကားလုံးလေးတွေကို ရွတ်ဖတ်ပြီး ရေးနိုင်ပြီ မဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း စကားလုံးများကို သေချာစွာ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိနှင့် စာလုံးပေါင်း၊ အရေးအသား မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

♦ အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box – Copyright Protected

## အခန်း (၇-က) အိတ် အိပ် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန်** ၆ ချိန် (ပဥ္စမ မှ အဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- စာပိုဒ် ၇ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများ ကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက စာပိုဒ် ၇ ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို တစ်ကြောင်းချင်းစီ မိမိမှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- စာပိုဒ် ၇ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "စာပိုဒ် ၇ ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား"ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၇ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၇။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၇)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



၇
လူကလေး အိပ်ချင်ပြီ။
တေးဆို၍ သိပ်ပါ။
မျက်စိ မှိတ်လာပြီ။
တိတ်တိတ်ဆိတ်ဆိတ် နေကြပါ။
အထိတ်တလန့် မဖြစ်ပါစေနှင့်။



၈
ဆိတ်နှင့်ကြက် မွေးထားသည်။
ဆန်ကွဲတစ်အိတ် လိုချင်သည်။
အဖိတ်နေ့ လာယူပါမည်။
တစ်ဆိတ်ကူညီပါ။
စိတ်မရှိပါနှင့်။



၉
ကိုဖိုးဆိတ် ကြိတ်ထိုးနေသည်။
အိမ်ရိပ်မှာ စပါးပုံရှိ၏။
ဆန်တစ်စိတ်လောက် ကြိတ်ပေးပါ။
ဖျင်အိတ်နှင့် ထည့်ယူမလား။
မဖိတ် မစဉ် ပါစေနှင့်။



၁၀
ကောက်ရိတ်ပြိုင်ပွဲ ကျင်းပသည်။
အကြိတ်အနယ် ပြိုင်ကြသည်။
ကြိတ်ကြိတ်တိုး စည်ကားသည်။
ကောက်ညှင်းငချိပ် ကျွေးသည်။
ပိတ်စနှင့် လွယ်အိတ်များဆုချသည်။

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် အိတ်၊ အိပ် အသတ် တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများ ရေးသားချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

**မှတ်ချက်**

- စာပိုဒ် ၈ ၉ ၁၀ ကိုလည်း စာပိုဒ် ၇ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

DBEBox – Copyright Protected



ကွက်လပ်ဖြည့်ကြရအောင်။

(၁) မြိတ် ရိပ် မိတ် အိတ်

ညောင်ပင် -------- မှာ ကိုဖိုးဆိတ်တို့ အိမ်ရှိသည်။

တံစက် -------- အောက်က ဝင်ပါ။

-------- ဆွဲလာသလား။

ဆန် တစ် -------- သယ်လာသည်။

(၂) မိတ် ချိပ် ဖိတ် ရိပ် ရိတ်

ကောက် -------- သိမ်းချိန် -------- ဆွေများကို -------- ခေါ်ပါ။

သစ်ပင် -------- မှာ နားပါ။ င -------- ပေါင်း ကျွေးမည်။

(၃) သိပ် မှိတ် တိတ် အိပ်

ပုခက်ထဲမှာ ကလေး -------- ပျော်နေသလား။

မျက်စိ -------- လာပြီ။ ချော့ -------- ပေးပါ။

-------- ဆိတ်စွာ နေပါ။

## အရေးကြီးသောအချက်များ

- ကလေးများ အဖြေမှန်ရှာဖွေရာတွင် လိုအပ်လျှင် ဆရာက ကူညီပေးပါမည်။
- စကားလုံးအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

## အခန်း (၇-က) အိတ် အိပ် အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (န၀မအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ❼ ❽ ❾ ❿ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အိတ်၊ အိပ် အသတ်နဲ့ ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပေးထားသော စကားလုံးများကို ပထမဦးစွာ ရွတ်ဖတ်စေပါမည်။
- ဆရာက ပထမစာကြောင်းကို ဖတ်ပြပါမည်။
- ကွက်လပ်တွင် ထည့်ရမည့် အဖြေကို ကလေးများအား စဉ်းစားစေပါမည်။ ပြောစေပါမည်။
- ဝါကျတစ်ကြောင်းချင်းစီတွင် ဖြည့်စွက်ရမည့် စကားလုံးများကို ရွေးချယ်စေပါမည်။
- ကလေးများပြောသောအဖြေကို ဝါကျတစ်ကြောင်းချင်းစီတွင် ထည့်၍ ကလေးအားလုံး ရွတ်ဖတ်စေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါ နည်းအတိုင်း ကွက်လပ်တွင် ဖြည့်စေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- မှန်ကန်သော စကားလုံးများ ဖြည့်ထားသည့် လေ့ကျင့်ခန်းများကို ပြန်လည် ရွတ်ဆိုစေပါမည်။
- စာသင်ခန်း၊ စာသင်ခန်းပတ်ဝန်းကျင်နှင့် အခြားစာအုပ်များမှ ိတ်၊ ိပ် အသတ်သင်္ကေတနှင့် သက်ဆိုင်သော စကားလုံးများကို ရှာဖွေကာ နှုတ်မှ ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ချိန်တွင် စကားလုံးမှန်ကန်အောင် ရွေးချယ်နိုင်ခြင်း ရှိ၊ မရှိနှင့် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်အောင် ရေးဆွဲနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၇–ခ) အုတ် အုပ် အသတ်များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၉ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည ်ချက်
- ဗျည်း၊ ဗျည်းတွဲနှင့် အုတ်၊ အုပ် အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ
(ပစ္စည်းစစ်ရနိုင်လျှင် ပစ္စည်းစစ်အသုံးပြုပါရန်၊ မရပါက ကျောင်းသုံးစာအုပ်ကို အသုံးပြုပါရန်)

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- "အုတ်၊ အုပ် အသတ်နဲ့ သက်ဆိုင်တဲ့ စကားလုံးတွေကို ဆက်ပြီးသင်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုး ပါမည်။

**လုပ်ငန်းစဉ်**
- ုတ်၊ ုပ် အသတ်သင်္ကေတကို သင်ပုန်းတွင် ရေးကာ ရွတ်ဖတ်ပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- သင်္ကေတ၏အမည်ကို ရှင်းပြပါမည်။
- ❶ ရှိ သင်္ကေတ၏အမည်ကို ဖတ်ပြပါမည်။
- ⦿ ဗျည်း၊ ဗျည်းတွဲနှင့် ုတ်၊ ုပ် အသတ်သင်္ကေတ တွဲဖက်၍ ❷ ကို ရွတ်ဖတ်စေပါမည်။
- ⦿ အခြားဗျည်းများ အစားသွင်းကာ ရွတ်ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမ ကူညီပေးပါမည်။
- ⦿ ဗျည်း၊ ဗျည်းတွဲနှင့် အုတ်၊ အုပ် အသတ်အသုံးကို တွဲဖက်၍ ဆရာက ဦးစွာရေးသားပြပါမည်။ ကလေးများ ကို လိုက်ကြည့်စေပါမည်။
- ⦿ ဗျည်း၊ ဗျည်းတွဲနှင့် အုတ်၊ အုပ် အသတ်အတွဲ ❷ ကို နှုတ်ဖြင့် ရွတ်၍ ကူးရေးစေပါမည်။
- ⦿ ကူးရေးစေရာတွင် ❹ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်း တွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**
- ကလေးများ သင်ကြားပြီးသော ဗျည်း၊ ဗျည်းတွဲနှင့် အုတ်၊ အုပ် အသတ်အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အုတ်၊ အုပ် အသတ်အတွဲတွင် ဆရာမေးသော ဗျည်းစာလုံးများကို အစားသွင်းကာ ရွတ်ဖတ်ရေးသားစေခြင်းဖြင့် စစ်ဆေး အကဲဖြတ်ပါမည်။



**(ခ) အုတ် (ုတ်) အုပ် (ုပ်) အသတ်များ သင်ကြားကြစို့လား**



❶

| | |
|---|---|
| အုတ် | အုပ် |
| ုတ် | ုပ် |



❷ ❸

| | | | |
|---|---|---|---|
| ကုတ် | ကျုတ် | တုပ် | နှုတ် |
| ခုတ် | ခြုတ် | ထုပ် | မှုတ် |
| ငုတ် | ဂျုတ် | ပုပ် | ရှုပ် |
| စုတ် | ပြုတ် | ရုပ် | လှုပ် |
| ဆုတ် | ဖြုတ် | လုပ် | မြှုပ် |



❹

စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကုတ် ကျုတ်

တုပ် နှုတ်

### အဓိကအချက်များ
- ဗျည်း၊ ဗျည်းတွဲနှင့် ုတ်၊ ုပ် အသတ်သင်္ကေတတို့ ပေါင်းစပ်၍ စကားလုံးများ၊ စာကြောင်းတိုများ ရွတ်ဖတ်ရေးသားနိုင်သည်အထိ သင်ကြား ပါမည်။
- ဆရာက သင်ကြားရာတွင် စာလုံးပေါင်းနည်းနှင့် အသံထွက်နည်း နှစ်မျိုးကို သင့်လျော်သလို အသုံးပြုသင်ကြားရပါမည်။

### အရေးကြီးသောအချက်များ
- အုတ် အသုံးကို ဥပမာများပေးကာ ရှင်းလင်းပြပါမည်။
- ကကြီး တစ်ချောင်းငင် တသတ် ကုတ်
ကကြီး ယပင့် တစ်ချောင်းငင် တသတ် ကျုတ် ဟု စာလုံးပေါင်း နည်းဖြင့် သင်ကြားနိုင်သကဲ့သို့

ဗျည်းတွဲ + အသတ်
- က + ုတ် (အုတ်) = ကုတ်
- ကျ + ုတ် (အုတ်) = ကျုတ်

ဟုလည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။



EBE Box - Copyright Protected

## (ခ) အုတ် (ုတ်) အုပ် (ုပ်) အသတ်များ သင်ကြားကြစို့လား



၁

| | |
|---|---|
| အုတ် | အုပ် |
| ုတ် | ုပ် |



၂ ၃

| | | | |
|---|---|---|---|
| ကုတ် | ကျုတ် | တုပ် | နှုတ် |
| ခုတ် | ခြုတ် | ထုပ် | မှုတ် |
| ငုတ် | ဂျုတ် | ပုပ် | ရှုပ် |
| စုတ် | ပြုတ် | ရုပ် | လှုပ် |
| ဆုတ် | ဖြုတ် | လုပ် | မြှုပ် |

၄



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကုတ် ကျုတ်

တုပ် နှုတ်

## အရေးကြီးသောအချက်များ

- ုတ်၊ ုပ် အသတ်သင်္ကေတများ အသုံးကို ခွဲခြားသိရှိ၍ ဖတ်တတ် ရေးသားတတ်ရပါမည်။

**အခန်း (၇–ခ)** **အုတ် အုပ် အသတ်များ သင်ကြားကြစို့လား**

**အကြံပြုစာသင်ချိန်** **၉ ချိန် (ဒုတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ဗျည်း၊ ဗျည်းတွဲနှင့် အုတ် အသတ်အတွဲ ၂ ကို ပြန်လည်ရွတ်ဖတ်စေပြီး "ဗျည်း၊ ဗျည်းတွဲနှင့် အုတ် အုပ် အတွဲ ၃ ကို ဆက်လက်သင်ကြားမယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ုတ်၊ ုပ် အသတ်သင်္ကေတများကို သင်ပုန်းတွင် ရေးကာ ရွတ်ဖတ်ပြပါမည်။
- ၃ ရှိ စကားလုံးများကို ဆရာက ရွတ်ဖတ်ပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ရွတ်ဖတ်စေပါမည်။
- ၃ တွင် ပါရှိသော စကားလုံးများကို ဆရာက ဦးစွာ ရေးသားပြပါမည်။ ကလေးများကို လိုက်၍ကြည့်စေပါမည်။
- ၃ တွင် ပါရှိသော စကားလုံးများကို နှုတ်မှရွတ်၍ ကူးရေးစေပါမည်။
- ကူးရေးစေရာတွင် ၄ ပါ ပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- ဗျည်း၊ ဗျည်းတွဲနှင့် အုတ်၊ အုပ် အသတ်တွဲဖက်၍ သင်ကြားပြီးသော အတွဲကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ ဗျည်းတွဲနှင့် အုတ်၊ အုပ် အသတ်တွဲဖက်၍ ရွတ်ဖတ်ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၇–၈) အုတ် အုပ် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ❶ ❷ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ❸ တွင်ပါဝင်သော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။

♦ ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။

♦ ထိုစကားလုံးများကို ဆရာက ဗျည်း၊ ဗျည်းတွဲနှင့် အသတ်သင်္ကေတ အသံထွက်အတိုင်း ဖတ်ပြပါမည်။

ဥပမာ ။ ။ အလုပ်သမား

အ ရေး အ၊ လတစ်ချောင်းငင် ပသတ် လုပ်၊ သ ရေး သ၊ မ ရေးချ ဝစ္စနှစ်လုံးပေါက် မား အလုပ်သမား ဟု စာလုံးပေါင်းနည်းဖြင့် သင်ကြားနိုင်သကဲ့သို့

အ + - (အ) = အ

လ + ုပ် (အုပ်) = လုပ်

သ + - (အ) = သ

မ + -ား (အား) = မား အလုပ်သမား ဟု လည်း အသံထွက်နည်းဖြင့် သင်ကြားနိုင်ပါသည်။

♦ ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။

♦ ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ ရုပ်ပုံပါ စကားလုံးများကို ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၇။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၇)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❶



ဦးထုပ်



ငရုတ်သီး



ဆွမ်းအုပ်



အပ်ချုပ်စက်



သစ်ကုလားအုတ်



ဝါးလက်ခုပ်



အိုးပုတ်



ကောက်ညှင်းထုပ်

❻

| | | | | |
|---|---|---|---|---|
| ရေမှုတ် | တောအုပ် | ရုတ်တရက် | အတီးအမှုတ် | ခဏတစ်ဖြုတ် |
| ဖားပြုပ် | ဆောက်လုပ် | ထမင်းလုတ် | နွားတင်းကုပ် | ရုပ်မြင်သံကြား |

### အရေးကြီးသောအချက်များ

♦ အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

DBE Box - Copyright Protected

## အခန်း (၇-၈) အုတ် အုပ် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန်** ၉ ချိန် (စတုတ္ထအချိန်)

၇။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၇)


ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

၁


ဦးထုပ်


ငရုတ်သီး


ဆွမ်းအုပ်


အပ်ချုပ်စက်


သစ်ကုလားအုတ်


ဝါးလက်ခုပ်


အိုးပုတ်


ကောက်ညှင်းထုပ်

၆

| | | | | |
|---|---|---|---|---|
| ရေမှုတ် | တောအုပ် | ရုတ်တရက် | အတီးအမှုတ် | ခဏတစ်ဖြုတ် |
| ဖားပြုပ် | ဆောက်လုပ် | ထမင်းလုတ် | နွားတင်းကုပ် | ရုပ်မြင်သံကြား |

### အရေးကြီးသောအချက်များ

- ♦ အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ ၂ ၃ ၅ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ ၆ တွင် ပါဝင်သော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဍာန်ကို စဉ်းစားစေမည်။
- ♦ ကလေးများကို ပြောစေပါမည်။
- ♦ ကလေးများပြောသည့် ၆ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ♦ ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ "အုတ်၊ အုပ် အသတ်နဲ့ဆိုင်တဲ့ စကားလုံးလေးတွေကို ရွတ်ဖတ်ပြီး ရေးနိုင်ပြီ မဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း စကားလုံးများကို သေချာစွာ ရွတ်ဖတ် ရေးသားနိုင်ခြင်း ရှိ၊ မရှိ နှင့် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်စွာရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၇-၈) အုတ် အုပ် အသတ်များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၉ ချိန် (ပဥ္စမ မှ အဋ္ဌမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- တတိယအချိန်နှင့် စတုတ္ထအချိန်ရှိ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- စာပိုဒ် (၇) ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများ ကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက စာပိုဒ် (၇) ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို မိမိမှတ်စုစာအုပ်တွင် တစ်ကြောင်းချင်းစီ ကူးရေးစေမည်။
- စာပိုဒ် (၇) တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "စာပိုဒ် (၇) ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံး ချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် (၇) ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၇။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၇)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

(၇)



မေမေ့နားမှာ တကုပ်ကုပ်
ညီလေး ဘာတွေလုပ်။
အိုးပုတ် ချိုးရုပ် ဖိုးဝရုပ်
ပလုတ်တုတ်တုတ် တလှုပ်လှုပ်
ညီလေး ဒါတွေလုပ်။

(၈)



တရုတ်စံကားပင်
နွားတင်းကုပ်နားမှာ ရှိသည်။
အဆုပ်အဆုပ် ပွင့်သည်။
အပွင့်ကို ပြုတ်ပါ။
လက်သုပ် သုပ်စားရအောင်။

(၉)



မှန်တာလုပ် ဟုတ်တာပြော။
အချိန်မီချုပ် အစုတ်သက်သာ။
တစ်ချက်ခုတ် နှစ်ချက်ပြတ်။
တစ်လုတ်ကျွေးဖူး သူ့ကျေးဇူး။

(၁၀)



ရွှေလက်ခုပ် အုပ်ကာတီး
ငှက်ပျောသီးမှည့်မှည့် စားရအောင်။
နှမ်းပျစ် ဖက်ထုပ် ပေါက်ပေါက်ဆုပ်
ရွှေနှုတ်အပြည့် ဝါးရအောင်။

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် အုတ်၊ အုပ် အသတ် တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများ ရေးသားချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

**မှတ်ချက်**

- စာပိုဒ် (၈) (၉) (၁၀) ကိုလည်း စာပိုဒ် (၇) သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန်အသုံးပြုရပါမည်။

DBE Box – Copyright Protected

၇။ အသတ်လက္ခဏာသိမှတ်စရာ ဖျည်းနဲ့တွဲကြမှာ (၇)



ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| ဟုတ်မှန် | ပဲပြုတ် | အလုပ် |
| စုပ်ယူ | ဖုံးအုပ် | |

(က) စားစရာများကို ------ ထားရမည်။

(ခ) စကားပြောရာတွင် ------ သောစကားကိုပြောပါ။

(ဂ) ဦးဦး ------ များနေသည်။

(ဃ) ပျားများ ပန်းဝတ်ရည်ကို ------ ကြသည်။

(င) မနက်တိုင်း ------ ဆီဆမ်းစားသည်။

## အရေးကြီးသောအချက်များ

- ကလေးများအဖြေမှန်ရှာဖွေရာတွင် လိုအပ်ပါက ဆရာက ကူညီပေးပါမည်။
- သင်္ကေတအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံး စာအုပ်ပါ စာကြောင်းများအပြင်အခြားစာကြောင်းများတွင်လည်း ရှာဖွေစေပါမည်။

## အခန်း (၇-၈) အုတ် အုပ် အသတ်များ သင်ကြားကြစို့လား

## အကြံပြုစာသင်ချိန် ၉ ချိန် (နဝမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ၇ ၈ ၉ ၁၀ ကို ပြန်လည်ရွတ်ဖတ်စေပြီး "အုတ်၊ အုပ် အသတ်နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဆရာက ပေးထားသော စကားလုံးများ၏ အဓိပ္ပာယ်ကို ဦးစွာရှင်းပြပေးပါမည်။
- ဆရာက ပထမစာကြောင်းကို ဖတ်ပြပါမည်။
- ကွက်လပ်တွင် ထည့်ရမည့် အဖြေကို ကလေးများအား စဉ်းစားစေပါမည်။ ပြောစေပါမည်။
- ကလေးများပြောသော အဖြေကို ဝါကျတစ်ကြောင်းချင်း စီတွင် ထည့်၍ ကလေးအားလုံး ရွတ်ဖတ်စေပါမည်။
- လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါနည်းအတိုင်း ကွက်လပ်တွင် ဖြည့်စေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- မှန်ကန်သော စကားလုံးများ ဖြည့်ထားသော လေ့ကျင့်ခန်းများကို ပြန်လည် ရွတ်ဆိုစေပါမည်။
- စာသင်ခန်း၊ စာသင်ခန်းပတ်ဝန်းကျင်နှင့် အခြားစာအုပ်များမှ လည်းကောင်း -တ် ၊ -ပ် သင်္ကေတနှင့် သက်ဆိုင်သော စကားလုံးများကို ရှာဖွေကာ နှုတ်မှပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ချိန်တွင် စကားလုံး မှန်ကန်အောင် ရွေးချယ်နိုင်ခြင်း ရှိ မရှိနှင့် စာလုံးပေါင်း၊ အရေးအဆွဲ မှန်ကန်အောင် ရေးဆွဲနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၇-ဂ) ရုပ်ပုံကြည့်ပြီးစာစီမယ်
## အကြံပြုစာသင်ချိန် ၁ ချိန်

### သင်ယူမှုဦးတည်ချက်

♦ ပေးထားသော စကားစုများကို ဖတ်တတ်ရန်
♦ ရုပ်ပုံကိုကြည့်ပြီး စာကြောင်းများကို အစီအစဉ်တကျ ပြန်လည် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

♦ ဆရာက နမူနာစာကြောင်းများ ပေးထားပါမည်။
ဥပမာ။ ။ နေကြသည်၊ လယ်ထွန်၊ လယ်သမားများ
(စာလုံးများကို ကတ်ပြားသုံး၍ ရေးမည်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ "ကလေးတို့ကို ပေးထားတဲ့ စကားလုံးလေးတွေကို ကြည့်ပြီး စာကြောင်းလေးတွေအဖြစ် စီကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⊙ ရုပ်ပုံတစ်ခုစီနှင့်အတူ ပေးထားသောစကားလုံးများကို တစ်တန်းလုံး ဖတ်စေမည်။
♦ ကလေးများကို အုပ်စုဖွဲ့ပြီး စကားစုကတ်ပြားများကို ဝေပေးထားမည်။
(စကားလုံးများကို ကတ်ပြားတွင် ရေးထားမည်)
⊙ မိမိရရှိထားသော ကတ်ပြားကို ဖတ်စေပြီး စာကြောင်းစီစေမည်။
♦ ကလေးများစီထားသော စာကြောင်းကို တစ်တန်းလုံးသို့ ပြပြီး ဖတ်စေမည်။
⊙ ဆရာက အဖြေမှန်ကို ပြောပြပြီး သင်ပုန်းတွင် ရေးပြပါမည်။
⊙ ကလေးများကို အုပ်စုဖွဲ့ပြီး အုပ်စုတစ်စုစီမှ စီထားသော စာကြောင်းများကို အတန်းရှေ့ထွက်ပြီး အဖြေမှန်ကို ရွတ်ဖတ်ပြပါမည်။
♦ ကျန်အုပ်စုများကိုလည်း အဖြေမှန် မမှန် စစ်ဆေးစေပါမည်။
⊙ ပြီးနောက် မိမိစာအုပ်တွင် အဖြေမှန်များကို ရေးစေပါမည်။ ကလေးများ ရေးသားနေစဉ် အဖြေ မှန်၊ မမှန် ဆရာက ကြည့်ရှုပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "ပေးထားတဲ့ စကားစုလေးတွေကို စာကြောင်းစီတတ်ပြီလား"ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း စကားစုများကို ဖတ်တတ်ရန်နှင့် စာကြောင်းများကို အစီအစဉ်တကျ ပြန်လည်ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၇။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၇)

**(ဂ) ရုပ်ပုံကြည့်ပြီး စာစီမယ်။**



ကျင်းပသည်
သီတင်းကျွတ်ပွဲ

သီတင်းကျွတ်ပွဲ ကျင်းပသည်။



ပွင့်နေသည်
နှင်းဆီပန်းများ



ကန်ထဲတွင်
ရေကူးနေသည်
ဘဲကလေးများ



စာဖတ်နေသည်
စာကြည့်တိုက်တွင်
ကျောင်းသားများ



ရထား
ဆိုက်လာသည်
ဘူတာရုံသို့



ကြက်ကလေးများကို
အစာကျွေးနေသည်
မမသည်



ပျံဝဲနေသည်
ငှက်ကလေးများ
ကောင်းကင်တွင်



ပျော်ရွှင်စွာ
ကစားကွင်းတွင်
ကလေးများ
ကစားနေသည်

### အဓိကအချက်များ

♦ စကားလုံးများဖြင့် စာကြောင်းများ ရေးသားတတ်ရပါမည်။
♦ ပေးထားသော စကားလုံးများကို အစီအစဉ်တကျ ရေးသားရာတွင် စာကြောင်း ၂ မျိုး ၃ မျိုး ကွဲပြားနိုင်ကြောင်း သတိပြုရမည်။

### အရေးကြီးသောအချက်များ

♦ ကျောင်းသုံးစာအုပ်ပါ စာကြောင်းများကို သေချာစွာပြန်လည် ရေးသားတတ်ရမည်။
♦ စာကြောင်းများ ပြန်လည်ရေးသားရာ၌ မှတ်စုစာအုပ်တွင်လည်း ရေးသားနိုင်သည်။

DBE Box – Copyright Protected

# အခန်း ၈ ပုံပြောကြမယ် နားထောင်ကွယ် စာလုံးဆင့်လည်း သင်ကြမယ်

## (က) စာလုံးဆင့်(ပါဌ်ဆင့်)များ သင်ကြားကြစို့လား



၁

| | | | | |
|---|---|---|---|---|
| -က် | + | က | (က္က) | တက္ကသိုလ် |
| -ဉ် | + | ဉ | (ည) | ပညာ |
| -တ် | + | တ | (တ္တ) | သတ္တဝါ |
| -န် | + | န | (န္န) | ပိန္နဲသီး |
| -ပ် | + | ပ | (ပ္ပ) | အဓိပ္ပာယ် |
| -ယ် | + | ယ | (ယျ) | ဥယျာဉ် |
| -သ် | + | သ | (ဿ) | ပိဿာ |

၂

| | | | | |
|---|---|---|---|---|
| င် | + | က | (င်္က) | လင်္ကာ |
| -စ် | + | ဆ | (စ္ဆ) | တိရစ္ဆာန် |
| -ဉ် | + | စ | (ဉ္စ) | ပဉ္စမ |
| -ဏ် | + | ဌ | (ဏ္ဌ) | ပုံသဏ္ဌာန် |
| -ဏ် | + | ဍ | (ဏ္ဍ) | ကဏ္ဍ |
| -မ် | + | ဘ | (မ္ဘ) | ကမ္ဘာ |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

၃

ပညာ တိရစ္ဆာန်

ဥယျာဉ် ပဉ္စမ

### အဓိကအချက်များ

- ♦ စာလုံးဆင့် (ပါဌ်ဆင့်) များဖြင့် ရေးသားထားသော စကားလုံးများ စာကြောင်းတိုများကို ရွတ်ဖတ်ရေးသားနိုင်သည်အထိသင်ကြားပါမည်။

### အရေးကြီးသောအချက်များ

- ♦ စာလုံးနှစ်လုံးဆင့်ထားသည်ကို ပါဌ်ဆင့် ဟုခေါ်ကြောင်း၊ အပေါ်မှ ဆင့်ထားသော စာလုံးသည် အသတ်ဗျည်းဖြစ်ကြောင်းနှင့် အောက်မှ စာလုံးသည် ရိုးရိုးဗျည်းဖြစ်ကြောင်း၊ ဗျည်းတူ စာလုံးဆင့်နှင့် ဗျည်းမတူစာလုံးဆင့်ဟူ၍ ရှိကြောင်း ရှင်းပြပါမည်။

၁။ တက္ကသိုလ် /တက်ဂသို/ အဆင့်မြင့် ပညာရပ်များကို သင်ကြားဆည်းပူးရာ ကျောင်းကြီး။

၂။ ပညာ /ပျင်ညာ/ ၁၊ ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်။
၂၊ အတတ်။

၃။ သတ္တဝါ /သတ်တဝါ၊ သဒ္ဒဝါ/ အသက်ရှိလူ၊ တိရစ္ဆာန် စသည်။

၄။ ပိန္နဲသီး/ ပိန်းနဲသီး/ ချိုသောအသားမြှာပါ၍ ဆူးရှိအသီးကြီးများသီးသည့် ပင်စောက်တစ်မျိုး။

၅။ အဓိပ္ပာယ် /အဒိတ်ဗယ်/ ဆိုလိုရင်းသဘော။

၆။ ပိဿာ /ပိတ်သာ/ ကျပ်တစ်ရာရှိအလေးချိန်။

၇။ ဥယျာဉ်၊ သစ်ပင်ပန်းမန်စိုက်ပျိုးထားရာနေရာ၊ ခြံမြေ။

| | |
|---|---|
| **အခန်း (၈-က)** | **စာလုံးဆင့်(ပါဌ်ဆင့်)များ သင်ကြားကြစို့လား** |
| **အကြံပြုစာသင်ချိန်** | **၁၃ ချိန် (ပထမအချိန်)** |

### သင်ယူမှုဦးတည်ချက်

- ♦ စာလုံးဆင့်(ပါဌ်ဆင့်)များပါရှိသော အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက်ရွတ်ဖတ် ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ♦ ဆရာက သင်ကြားခဲ့သော အသတ်သင်ခန်းစာများထဲမှ စကားလုံးအချို့ကို ပြန်လည်မေးစေခြင်းဖြင့် နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ♦ ပထမဦးစွာ စကားလုံးကတ်ပြား အချို့ကို ပြပါမည်။ ဥပမာ ။ ။ ကတ်ကြေး၊ ပိုက်ကွန်၊ လိမ္မော်သီး၊ ပြက္ခဒိန်
- ⊙ စကားလုံးနှစ်လုံးကို နှိုင်းယှဉ်ကြည့်စေပါမည်။
- ♦ မတူညီသည့် အချက်ကိုပြောစေပါမည်။
- ⊙ ထို့နောက် ကတ်ကြေး၊ ပိုက်ကွန်စသည့် သင်ကြားပြီးခဲ့သော စကားလုံးများသည် ရိုးရိုးအသတ်များဖြစ်ပြီး လိမ္မော်သီး ဟူသော စကားလုံးသည် စာလုံးဆင့် (ပါဌ်ဆင့်) ဖြစ်ကြောင်းပြောပြပါမည်။
- ⊙ လိမ္မော်သီး ဟူသောစကားလုံးကို ဖတ်ရာတွင် လ လုံးကြီးတင် မသတ်လိမ် သဝေထိုး မရေးချရှေ့ထိုးမော် လိမ်မော် သရေးလုံးကြီးတင်ဆံခတ် သီ ဝစ္စနှစ်လုံးပေါက်သီး လိမ္မော်သီး ဟုစာလုံးပေါင်းဖတ်ရကြောင်းရှင်းပြပါမည်။
- ⊙ ❶ ရှိ စကားလုံးများကိုဆရာက ဦးစွာဖတ်ပြပါမည်။ တက်ကသိုလ် ကို တက္ကသိုလ် ဟု ရေးကာ /တက်ဂသို/ ဟု အသံထွက်ဖတ်ရကြောင်း ရှင်းပြပါမည်။
- ♦ ကလေးများကို လိုက်၍ဖတ်စေပါမည်။ လိုအပ်လျှင် ဆရာက ဖေးမကူညီပေးပါမည်။
- ♦ ဆရာက သင်ပုန်းတွင် ဦးစွာရေးသားပြပါမည်။ ကလေးများကိုလိုက်၍ ကြည့်စေပါမည်။
- ⊙ စာလုံးဆင့် (ပါဌ်ဆင့်) များကိုရေးရာတွင် ❸ ပါပုံစံအတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

#### နိဂုံးချုပ်ခြင်း

- ♦ သင်ကြားခဲ့ပြီးသော ❶ ရှိ စာလုံးဆင့် (ပါဌ်ဆင့်) များကို ပြန်လည်ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း သင်ကြားပြီးသော စာလုံးဆင့် (ပါဌ်ဆင့်)များကို ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

## အခန်း (၈–က) စာလုံးဆင့်(ပါဌ်ဆင့်)များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၁၃ ချိန် (ဒုတိယအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၁ ရှိ ဗျည်းတူနှစ်လုံးဆင့် စကားလုံးများကိုပြန်လည် ရွတ်ဖတ်ပြီး "ဗျည်းမတူစာလုံးဆင့် အကြောင်းဆက်ပြီး သင်ကြရအောင်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပထမဦးစွာ ၁ ရှိစကားလုံးနှင့် ၂ ရှိစကားလုံးကို နှိုင်းယှဉ် ကြည့်စေပါမည်။
- မတူညီသည့် အချက်ကို ပြောစေပါမည်။
- ၂ ရှိ စကားလုံးများကို ဆရာက ဦးစွာဖတ်ပြပါမည်။
- တိရစ်ဆာန် ကို တိရစ္ဆာန် ဟု ရေးကာ /တရိတ်ဆန်/ ဟု အသံထွက်ဖတ်ရကြောင်း ၊ စာလုံးပေါင်းရာတွင် တဝမ်းပူရေးလုံးကြီးတင် တိ ရကောက်ရေးစသတ် ရစ် ဆလိမ်ရေးနသတ်ဆန် တိရစ္ဆာန် ဟုစာလုံးပေါင်းရကြောင်း ရှင်းပြပါမည်။
- ကမ္ဘာဟူသောစာလုံးကိုလည်း ကမ်ဘာကို ကမ္ဘာဟု ရေးကာ /ဂဘာ/ ဟု အသံထွက်ဖတ်ရကြောင်း ၊ စာလုံးပေါင်းရာတွင် ကကြီးရေး မသတ်ကမ် ဘကုန်းရေးချ ဘာ ကမ္ဘာ ဟုစာလုံးပေါင်းရကြောင်း ရှင်းပြပါမည်။
- စာလုံးပေါင်းနှင့် အသံထွက်မတူကြောင်း ရှင်းပြပါမည်။
- ကလေးများကို လိုက်၍ဖတ်စေပါမည်။ လိုအပ်လျှင်ဆရာက ဖေးမ ကူညီပေးပါမည်။
- ဆရာက သင်ပုန်းတွင်ဦးစွာရေးသားပြပါမည်။ ကလေးများကိုလိုက်၍ ကြည့်စေပါမည်။
- စာလုံးဆင့် (ပါဌ်ဆင့်) များကိုရေးရာတွင် ၃ ပါပုံစံ အတိုင်း လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- သင်ကြားခဲ့ပြီးသော ၂ ရှိ စာလုံးဆင့်(ပါဌ်ဆင့်) များကို ပြန်လည်ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း သင်ကြားထားပြီးသော စာလုံးဆင့် (ပါဌ်ဆင့်) များကို ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



## အခန်း ၈ ပုံပြောကြမယ် နားထောင်ကွယ် စာလုံးဆင့်လည်း သင်ကြမယ်

### (က) စာလုံးဆင့်(ပါဌ်ဆင့်)များ သင်ကြားကြစို့လား



၁

| | | | | |
|---|---|---|---|---|
| -က် | + | က | (က္က) | တက္ကသိုလ် |
| -ဉ် | + | ဉ | (ည) | ပညာ |
| -တ် | + | တ | (တ္တ) | သတ္တဝါ |
| -န် | + | န | (န္န) | ပိန္နဲသီး |
| -ပ် | + | ပ | (ပ္ပ) | အဓိပ္ပာယ် |
| -ယ် | + | ယ | (ယျ) | ဥယျာဉ် |
| -သ် | + | သ | (ဿ) | ပိဿာ |

၂

| | | | | |
|---|---|---|---|---|
| -င် | + | က | (င်္က) | လင်္ကာ |
| -စ် | + | ဆ | (စ္ဆ) | တိရစ္ဆာန် |
| -ဉ် | + | စ | (ဥ္စ) | ပဥ္စမ |
| -ဏ် | + | ဍ | (ဏ္ဍ) | ပုံသဏ္ဍာန် |
| -ဏ် | + | ဍ | (ဏ္ဍ) | ကဏ္ဍ |
| -မ် | + | ဘ | (မ္ဘ) | ကမ္ဘာ |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

၃

ပညာ တိရစ္ဆာန်

ဥယျာဉ် ပဥ္စမ

### အရေးကြီးသောအချက်များ

- စာလုံးဆင့် (ပါဌ်ဆင့်) များဖြင့်ရေးသားထားသော ရုပ်ပုံပါအမည်များကို ဖတ်တတ်၊ ရေးသားတတ်ရပါမည်။

၈။ လင်္ကာ/လင်ဂါ/ လေးလုံးတစ်ပါဒ ကာရန်ယှူစပ်ထားသော ကဗျာတစ်မျိုး။

၉။ တိရစ္ဆာန်/တရိတ်ဆန်/ကျွဲ၊ နွား၊ ကြက်၊ ငှက်၊ မြွေ၊ ငါး စသော သတ္တဝါ။

၁၀။ ပဥ္စမ/ပျင်စမ့/ ငါးခုမြောက်ဖြစ်သော။

၁၁။ သဏ္ဍာန်/သုဒန်/ ပုံပန်း။ အသွင်အပြင်။

၁၂။ ကဏ္ဍ/ကန်ဒ/ အပိုင်း။ အခန်း။

၁၃။ ကမ္ဘာ/ဂဘာ/

၁၊ အလွန်ရှည်လျားသော ကာလအပိုင်းအခြား။

၂၊ သတ္တဝါများနေထိုင်ရာ တောတောင်ရေမြေ။

၃၊ (သိပ္ပံ) နေရှိရာမှ အစဉ်အားဖြင့် တတိယဖြစ်၍ အရံဂြိုဟ် တစ်လုံး ရှိသောဂြိုဟ်။

DBE Box—Copyright Protected

## အခန်း (၈–က) စာလုံးဆင့်(ပါဌ်ဆင့်)များ သင်ကြားကြစို့လား

### အကြံပြုစာသင်ချိန် ၁၃ ချိန် (တတိယအချိန်)

၈။ ပုံပြောကြမယ် နားထောင်ကွယ် စာလုံးဆင့်လည်း သင်ကြမယ်



❹ ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



စက္ကူလှေ



သစ္စာပန်း



ကမ္ဘာလုံး



ပတ္တလား



ရှပ်အင်္ကျီ



သင်္ဘော





သင်္ကြန်မဏ္ဍပ်



ပိန္နဲသီး

❺

| | | | | |
|---|---|---|---|---|
| သဒ္ဒါ | မင်္ဂလာ | ကုက္ကိုပင် | တနင်္ဂနွေ | ကုန်ပစ္စည်း |
| သတ္တိ | ပိသာ | အဓိပ္ပာယ် | လိမ္မော်သီး | ပုံသဏ္ဌာန် |

### အရေးကြီးသောအချက်များ

- စကားလုံးများကို ဖတ်ရာတွင် အပေါ်မှဆင့်ထားသော စာလုံးသည် အသတ်ဖြစ်ပြီး အောက်မှ စာလုံးသည် ရိုးရိုးဗျည်းအဖြစ် ဖတ်ရကြောင်းပြောပြ၍ အသံထွက်အတိုင်းဖတ်ရပါမည်။

၁၄။ စက္ကူ/စက်ကူ/ရေးသားပုံနှိပ်ရန် စသည်အတွက် (ဝါး၊ သစ်သား စသည်) ပျော့ဖတ်ဖြင့် ပြုလုပ်ထားသောအချပ်အလွှာ။

၁၅။ သစ္စာပန်း/သစ်စဗန်း/ပွင့်တံ၏အဆစ်တိုင်းတွင် အပွင့်ပွင့်သည့် ပန်းပင်တစ်မျိုး။

၁၆။ အင်္ကျီ/အင်းဂျီ/ခန္ဓာကိုယ်အထက်ပိုင်းတွင် ဝတ်ဆင်ရသောအထည်။

၁၇။ သင်္ဘော/သင်းဘော /

၁၊ ရွက်အား သို့မဟုတ် စက်အားဖြင့် ရေလမ်းခရီးသွားလာနိုင်သော ယာဉ်ကြီး။

၂၊ ချိုအေးသော အရသာရှိသည့် အသီးသီးသော အပင်တစ်မျိုး။

၁၈။ မဏ္ဍပ် /မန်းဒတ်/အလှူ၊ မင်္ဂလာဆောင်စသည် ကျင်းပရာယာယီအဆောက်အအုံ။

၁၉။ ပတ္တလား၊ အသံနိမ့်မြင့်ကွဲပြားအောင် လုပ်ထားသော ဝါး၊ သို့မဟုတ် သတ္တုအဆံများကိုလက်ခတ်ဖြင့် တီးရသော တူရိယာတစ်မျိုး။

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ပထမဦးစွာ ဆရာက ရုပ်ပုံအချို့ကိုပြ၍ ထိုရုပ်ပုံများ၏ အမည်ကို မေးစေခြင်းဖြင့် နိဒါန်းပျိုးပါမည်။

  ဥပမာ ။ ။ လိမ္မော်သီး၊ သင်္ဘော

#### လုပ်ငန်းစဉ်

- ❹ တွင်ပါရှိသော ရုပ်ပုံများကို ဦးစွာ ကြည့်စေပါမည်။
- ကလေးများ၏အမြင်အတိုင်း ပြောစေပါမည်။
- ထိုသို့ပြောရာတွင် ရုပ်ပုံနှင့်ယှဉ်တွဲပါရှိထားသော စကားလုံးများကို သေချာစွာကြည့်စေ၍ စကားလုံးများ၏ ထူးခြားမှုကို မေးပါမည်။
- စာလုံးများ နှစ်လုံးဆင့်ထားသည်ကို သတိပြု သိရှိစေပါမည်။
- ရုပ်ပုံပါ စကားလုံးများကို ဖတ်ရာတွင် အပေါ်မှ ဆင့်ထားသော "တ" သည် အသတ်ဖြစ်ပြီး အောက်မှ "တ" သည် ရိုးရိုးဗျည်းအဖြစ် ဖတ်ရကြောင်း ပြောပြ၍ အသံထွက်အတိုင်းဖတ်ပြပါမည်။

  ဥပမာ ။ ။ သတ္တဝါ

  သ + -တ် (အတ်) = သတ်

  တ + - (အ) = တ

  ဝ + -ါ (အာ) = ဝါ

  သတ်တဝါ ဟု သင်ကြားနိုင်သကဲ့သို့ သရေးတသတ် သတ် တဝမ်းပူရေးတ သတ်တ ဝရေးချဝါ သတ္တဝါဟုလည်းစာလုံးပေါင်းသင်ကြားနိုင်ပါသည်။
- ကလေးများကိုလည်း လိုက်၍ ရွတ်ဖတ်စေပါမည်။
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေ့ကျင့်ခန်းမျဉ်းတွင် ကူးရေးစေပါမည်။

#### နိဂုံးချုပ်ခြင်း

- ရုပ်ပုံပါ စကားလုံးများကို ပြန်လည် ရွတ်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြား စကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box—Copyright Protected

## အခန်း (၈-က) စာလုံးဆင့်(ပါဠိဆင့်)များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန်** ၁၃ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ❶ ❷ ❹ ကို ပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ❺ တွင်ပါဝင်သော စကားလုံးများ၏ အဓိပ္ပာယ် သို့မဟုတ် ပုံသဏ္ဌာန်ကို စဉ်းစားစေမည်။
- ကလေးများကို ပြောစေပါမည်။
- ကလေးများပြောသည့် ❺ တွင်ပါသော စကားလုံးများကို နှုတ်မှ အသံထွက် ရွတ်ဖတ်စေမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ကျန်စကားလုံးများကိုလည်း ထိုနည်းတူ ဖတ်စေပြီးမှ လေးကြောင်းမျဉ်းတွင် ကူးရေးစေပါမည်။

#### နိဂုံးချုပ်ခြင်း

- "စာလုံးဆင့် (ပါဠိဆင့်) များနဲ့ဆိုင်တဲ့ စကားလုံးလေးတွေ ရွတ်ဖတ်ပြီး ရေးနိုင်ပြီမဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများအပြင် အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၈။ ပုံပြောကြမယ် နားထောင်ကွယ် စာလုံးဆင့်လည်း သင်ကြမယ်

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

❹



စက္ကူလှေ သစ္စာပန်း ကမ္ဘာလုံး



ပတ္တလား ရှပ်အင်္ကျီ



သင်္ဘော သင်္ကြန်မဏ္ဍပ် ပိန္နဲသီး

❺

| | | | | |
|---|---|---|---|---|
| သဒ္ဒါ | မင်္ဂလာ | ကုက္ကိုပင် | တနင်္ဂနွေ | ကုန်ပစ္စည်း |
| သတ္တိ | ဝိဇ္ဇာ | အဓိပ္ပာယ် | လိမ္မော်သီး | ပုံသဏ္ဌာန် |

### အရေးကြီးသောအချက်များ

- အခြားစကားလုံးများကိုပါ မှန်ကန်စွာ ရွတ်ဖတ် နိုင်ခြင်း ရှိ၊ မရှိ အလေးထား စစ်ဆေးရပါမည်။

၂၀။ သဒ္ဒါ/သဒ္ဒါ/ ၁၊ အခေါ်အဝေါ်။ ဝေါဟာရ။ ပုဒ်။
၂၊ စကားဖွဲ့စည်းပုံ၊ ဝါကျဖွဲ့စည်းပုံ စသော စည်းစနစ်ကို ဖော်ပြသောကျမ်း။

၂၁။ မင်္ဂလာ/မင်ဂလာ/ ၁၊ တိုးတက်ကြီးပွားကြောင်းတရား။
၂၊ ကောင်းမြတ်ခြင်း။ ၃၊ တင့်တယ်ခြင်း။

၂၃။ တနင်္ဂနွေ /တနင်းဂနွေ/ နေ့ခုနစ်နေ့တွင် ပထမနေ့။ (ဗေဒင်) ဂြိုဟ်ကြီးကိုးလုံးတွင် ပထမဂြိုဟ် ။ နေမင်း ။

၂၄။ ပစ္စည်း/ပျစ်စီး/ ၁၊အသုံးအဆောင် အရာဝတ္ထု။ ၂၊ ရွှေငွေဥစ္စာ ။ ၃၊ (သဒ္ဒါ) နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသနတို့၏ အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီထောက်ပံ့သောစကားလုံး။

၂၅။ မေတ္တာ/မျစ်တာ/ချစ်ခင်ခြင်း

၂၆။ ကုက္ကိုပင်၊ ၁၊ ဆီဆုံ၊ အိုးစည် စသည်လုပ်ရသော အသားရရှိသည့် သစ်ပင်ကြီး။ မြန်မာကုက္ကို။ ၂၊ လမ်းဘေးစိုက် အရိပ်ကောင်း သစ်ပင်ကြီးတစ်မျိုး။ ကုလားကုက္ကို။ သင်္ဘောကုက္ကို။

၂၇။ သတ္တိ၊ ၁၊ စွမ်းရည်။ ၂၊ ရဲရင့်ခြင်း။

၂၈။ လိမ္မော်၊ အပေါ်ခွံ နီဝါရောင်ရှိပြီး အရည်ရွှမ်းသော အမြွှာများပါသည့် အသီးသီးသော ပင်စောက်တစ်မျိုး။

၂၉။ ဝတ္တရား၊ ဆောင်ရွက်အပ်သောအမှုကိစ္စ

DBE Box – Copyright Protected

## အခန်း (၈-က) စာလုံးဆင့်(ပါဌ်ဆင့်)များ သင်ကြားကြစို့လား
## အကြံပြုစာသင်ချိန် ၁၃ ချိန် (ပဥ္စမ မှ ဒွါဒသမ အချိန်)

၈။ ပုံပြောကြမယ် နားထောင်ကွယ် စာလုံးဆင့်လည်း သင်ကြမယ်



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



၆

ဆရာ့မေတ္တာ စေတနာ
တာဝန်ဝတ္တရား မပျက်ပါ။
တတ်လိမ္မာဖို့ တပည့်တို့
အနန္တဂိုဏ်းဝင် မှတ်ပါစို့။



၇

မန္တလေးတက္ကသိုလ်မှ လေ့လာရေးအဖွဲ့
ပုပ္ပားတောင်ပေါ် တက်ခဲ့သည်။
စန္ဒကူးပင်များ လေ့လာခဲ့သည်။
ပုဂံတွင် အာနန္ဒာဘုရားဖူးခဲ့သည်။
ဗုဒ္ဓဟူးနေ့က ပြန်ရောက်ခဲ့ကြသည်။



၈

ကန္ဒရဝတီ ငွေတောင်ပြည်
ဒွေးမယ်နော်တို့ ကိန္နရီ။
ပုံဝတ္ထုကောင်း ဇာတ်လမ်းရှည်
ကြားဖူးခဲ့သော ဒဏ္ဍာရီ။



၉

နံရံမှာ ပြက္ခဒိန်တစ်ခု
မြန်မာသက္ကရာဇ် ဘယ်နှခုနှစ်လဲ။
ဓမ္မစကြာနေ့က ဘယ်လမှာလဲ။
သတ္တမမြောက်လက ဘာလလဲ။
ခရစ္စမတ်နေ့ကို တွေ့သလား။
အမေးပုစ္ဆာများ ဖြေကြည့်ပါ။

### အရေးကြီးသောအချက်များ

- ဗျည်း၊ ဗျည်းတွဲနှင့် စာလုံးဆင့် (ပါဌ်ဆင့်)များ တွဲထားသော စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ်ရေးသားတတ်ရပါမည်။
- ကလေးများ ရေးသားချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
  အချိန်ရပါက စာပိုဒ်များကို ၂ ကြိမ် ၃ ကြိမ် ရေးသားစေပါမည်။

### မှတ်ချက်

- စာပိုဒ် ၇ ၈ ၉ ကိုလည်း စာပိုဒ် ၆ သင်နည်းအတိုင်း ဆက်လက်သင်ကြားပါမည်။
- စာပိုဒ်တစ်ပိုဒ်ကို စာသင်ချိန် တစ်ချိန် အသုံးပြုရပါမည်။
  ၃၀။ အနန္တ/အနန်ဒ့/ အဆုံးမရှိခြင်း။ အတိုင်းမသိခြင်း။
  ၃၁။ စန္ဒကူး/စန်ဒကူး/ အနံ့ရှိသာပင်တစ်မျိုး။
  ၃၂။ ဗုဒ္ဓဟူး/ဗုတ်ဒဟူး/၁၊ နေ့ခုနစ်နေ့တွင် စတုတ္ထနေ့။ ၂၊ (ဗေဒင်) ဂြိုဟ်ကြီးကိုးလုံးတွင် စတုတ္ထဂြိုဟ်။ ၃၊ (သိပ္ပံ) ဂြိုဟ်ကြီးကိုးလုံးတွင် နေနှင့်အနီးဆုံးဂြိုဟ်။
  ၃၃။ ကန္ဒရဝတီ /ကန်ဒရာ့ဝဒီ/ ကယားလူမျိုးတို့ နေထိုင်ရာ ဒေသကို ခေါ်သောအမည်။
  ၃၄။ လိမ္မာ၊ ၁၊ အနေအထိုင် အပြောအဆို စသည် ယဉ်ကျေးသိမ်မွေ့သည်။ ၂၊ ကျွမ်းကျင်တတ်မြောက်သည်။
  ၃၅။ ကိန္နရီ၊ လူခေါင်းနှင့် ငှက်ကိုယ်ရှိသော ကိန္နရာအမ။

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- တတိယအချိန်၊ စတုတ္ထအချိန်တွင် သင်ကြားခဲ့ပြီးသော စကားလုံးများ ၄ ၅ ကိုပြန်လည်ရွတ်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- စာပိုဒ် ၆ ကို ဆရာက ရွတ်ဖတ်ပြမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများ ကိုယ်တိုင် ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ၆ စာပိုဒ်ရှိ စာကြောင်းများကို တစ်ကြောင်းချင်းစီ သင်ပုန်းတွင် ရေးပြမည်။
- ကလေးများကို မိမိမှတ်စုစာအုပ်တွင် တစ်ကြောင်းချင်းစီ ကူးရေးစေမည်။
- စာပိုဒ် ၆ တစ်ပိုဒ်လုံးကို ရွတ်ဖတ်ကာ ရေးသားစေမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေမည်။

#### နိဂုံးချုပ်ခြင်း

- "စာပိုဒ် ၆ ကို ရွတ်ဖတ်ရေးသားနိုင်ပြီလား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ် ၆ ရှိ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

## အခန်း (၈–က) စာလုံးဆင့်(ပါဌ်ဆင့်)များ သင်ကြားကြစို့လား

**အကြံပြုစာသင်ချိန် ၁၃ ချိန် (တေရသမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ၆ ၇ ၈ ၉ ကို ပြန်လည်ရွတ်ဖတ်စေပြီး "စာလုံးဆင့်(ပါဌ်ဆင့်)နဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပထမဦးစွာ ပေးထားသော စကားလုံးများ၏ အဓိပ္ပာယ်ကို ကလေးများအား စဉ်းစားစေပါမည်။
- ထို့နောက် ဆရာမှ စကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြပါမည်။
- ဆရာက ပထမစာကြောင်းကို ဖတ်ပြပါမည်။
- ဆရာဖတ်ပြနေချိန်တွင် ကွက်လပ်တွင် ထည့်ရမည့် အဖြေကို ကလေးများအား စဉ်းစားစေပါမည်။ ပြောစေပါမည်။
- ထိုသို့ပြောရာတွင် အဖြေမှန်ကို မပြောနိုင်သောကလေးများ ရှိပါက ဆရာက ဖေးမကူညီပေးရပါမည်။
- ကွက်လပ်အတွင်း အဖြေမှန်ကို ထည့်ပြီးပါက စာကြောင်း အပြည့်အစုံကို ရွတ်ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ရွတ်ဖတ်ပြီးပါက လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ကျန်စာကြောင်းများကိုလည်း အထက်ပါနည်းအတိုင်း ကွက်လပ်တွင် ဖြည့်စေပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ရုပ်ပုံပါ စကားလုံးများကို ပြန်လည်ဖတ်ခိုင်းခြင်း၊ စကားလုံးများကို သတ်ပုံရေးစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကွက်လပ်ဖြည့်ချိန်တွင် စကားလုံးမှန်ကန်အောင် ရွေးချယ်နိုင်ခြင်း ရှိ၊ မရှိ၊ စာလုံးပေါင်း၊ အရစ်အဆွဲမှန်ကန်အောင် ရေးဆွဲနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၈။ ပုံပြောကြမယ် နားထောင်ကွယ် စာလုံးဆင့်လည်း သင်ကြမယ်



ကွက်လပ်ဖြည့်ကြရအောင်။

| | | |
|---|---|---|
| ကုက္ကိုပင် | လိမ္မော်သီး | သိပ္ပံ |
| တနင်္ဂနွေ | ပုစ္ဆာ | |

(က) ကျွန်တော်တို့ ရွာအဝင်တွင် ------ များ ရှိပါသည်။

(ခ) မမသည် အသီးများထဲတွင် ------ ကို အကြိုက်ဆုံးဖြစ်သည်။

(ဂ) ကျွန်တော်တို့ မိသားစုသည် ------ နေ့က ရုပ်ရှင်ရုံသို့သွားခဲ့သည်။

(ဃ) ကျွန်တော်က ------ ဘာသာရပ်ကို စိတ်ဝင်စားသည်။

(င) ကလေးများသည် သင်္ချာ ------ များ တွက်နေကြသည်။

### အရေးကြီးသောအချက်များ

- အခြားပစ္စည်းစစ်များ သို့မဟုတ် ရုပ်ပုံများကိုပြပြီး ကလေးများကို ပြောစေ ရေးစေပါမည်။
- စကားလုံးအမှန်ကို ရွေးချယ်တတ်ရန် ကျောင်းသုံးစာအုပ်ပါ စာကြောင်းများအပြင် အခြားပါဌ်ဆင့်စကားလုံးများကိုလည်း ရှာဖွေဖတ်စေပါမည်။

၃၅။ ဝတ္ထု၊ အထည်ဒြပ်ရှိသော ပစ္စည်း။ ရဟန်းတော်တို့အတွက် နဝကမ္မ လှူဒါန်းသောငွေ။ အကြောင်းအရာ။ လူ့သဘာဝ အဖြစ်အပျက်တို့ကို စိတ်ဝင်စားဖွယ် ရေးသားထားသောစာ။

၃၆။ ဒက္ခိဏာရီ၊ ဖန်တီးပြောဆိုရေးသားသောပုံပြင်။

၃၇။ ပြက္ခဒိန်/ပျက်ဂဒိန်/ နှစ်၊ လ၊ ရက်၊ နေ့ စသည်တို့ကို မှတ်သား ဖော်ပြထားသောဇယား။

၃၈။ သက္ကရာဇ် /သက်ကယစ်/ မြန်မာတို့ မှတ်သားသုံးစွဲလာခဲ့သော နှစ်အရေအတွက်။

၃၉။ ဓမ္မစကြာနေ့/ဒမစက်ကျာနေ့/မြတ်စွာဘုရား ဓမ္မစကြာ တရားတော်ကို ဟောကြားတော်မူခဲ့သော ဝါဆိုလပြည့်နေ့။

၄၀။ သတ္တမ၊ ခုနစ်ခုမြောက်ဖြစ်သော။

၄၁။ ခရစ္စမတ်နေ့၊ ခရစ်တော်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၅ ရက်နေ့တွင် ကျင်းပသော ခရစ်ယာန်ဘာသာရေးပွဲ။

၄၂။ ပုစ္ဆာ/ပုတ်ဆာ/အမေး။ ဖြေရှင်းရန် မေးခွန်း။

DSE Box – Copyright Protected

၈။ ပုံပြောကြမယ် နားထောင်ကွယ် စာလုံးဆင့်လည်း သင်ကြမယ်

## (ခ) ကြာအေး (ကဗျာ)



**ကြာအေး**

ကြာအေးကို သူ့အမေရိုက်လို့
မှောင်မိုက်မှာငို။
ကိုလူပျို ထရံပေါက်က
ခြေထောက်ကိုဆွဲ တွဲလဲ။
တွဲလဲ နေပါဦး
မိုးတောင်ကချွန်း မုန့်လုံး။
မုန့်လုံး စက္ကူကပ်ပါလို့
ကြာကလပ်နှင့် ဆွမ်းတော်တင်။
ပလ္လင်ပေါ်က မျောက်ကလေး
ဆင်းတယ်လို့ပြေး ကြာအေး။

**အမည်မသိ ရှေးစာဆို**



ဦး ကို အုံး ဟုအသံထွက်ပါ။
ကြာအေးကို ဂျာအေးဟုအသံထွက်ပါ။




## အခန်း (၈–ခ) ကြာအေး (ကဗျာ)
## အကြံပြုစာသင်ချိန် ၂ ချိန်

### သင်ယူမှုဦးတည်ချက်
- ကဗျာကို ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံး စာအုပ်ပါ ရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- "ဒီနေ့ ပျော်စရာကောင်းတဲ့ ကဗျာအသစ်ကလေး တစ်ပုဒ်ကို သင်ကြရအောင်နော်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ဆရာက "ကဗျာ ခေါင်းစဉ်ကို ဖတ်ကြည့်ပါအုံး" ဟု ပြောပါမည်။
- ဆရာက ကဗျာကို တစ်ခေါက်ဖတ်ပြပါမည်။ ကလေးများကို နားထောင်စေမည်။
- ကဗျာတွင်ပါရှိသော ရုပ်ပုံများကို ကလေးများအား ကြည့်ရှုစေပါမည်။ ကလေးများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာပြောစေပါမည်။
- ဆရာက ကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
- ဆရာ ရွတ်ဆိုပြီးနောက် ကလေးများကို လိုက်၍ ရွတ်ဆိုစေပါမည်။
 (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများ ကိုယ်တိုင် ရွတ်ဆိုစေပါမည်။
 (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**
- "ကလေးတို့ ဒီကဗျာလေးကို ဆိုရတာ ပျော်တယ် မဟုတ်လား ကဗျာကို ထပ်ဆိုကြည့်ကြရအောင်" ဟု ပြောကာ ကဗျာရွတ်ဆိုရင်း နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- လုပ်ငန်းစဉ်အတွင်း ကဗျာကို နှစ်ယောက်တစ်တွဲ အသံနေအသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ
- ကဗျာကို ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုစေမည်။
- ကဗျာပါရုပ်ပုံကို ကြည့်ပြီး ကလေးများ ထင်မြင်ချက်ကို ရဲဝံ့စွာ ပြောနိုင်ရပါမည်။

### အရေးကြီးသောအချက်များ
- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်ကာ ကလေးများအား လွတ်လပ်စွာ ဖြေကြားစေမည်။
- ဆရာက အသံနေအသံထားမှန်မှန် ရွတ်ဆိုရာတွင် ကလေး အားလုံး အာရုံစူးစိုက်မှု ရှိ၊ မရှိ ဂရုပြုရပါမည်။

DBE Box – Copyright Protected

**အခန်း (၈-ဂ)　　ပညာရှိဇီးကွက် (ပုံပြင်)**
**အကြံပြုစာသင်ချိန်　၂ ချိန် (ပထမအချိန်)**

**သင်ယူမှုဦးတည်ချက်**

- ပုံပြင်ကိုဖတ်ရှုပြီး မိမိထင်မြင်ချက်များကို ပြောပြတတ်ရန်
- ပုံပြင်စာကြောင်းပါ အသတ်၊ ပါဌ်ဆင့်စကားလုံးများကို ရှာဖွေတတ်ရန်
- အချင်းချင်း ညီညီညွတ်ညွတ် နေထိုင်တတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- "ပုံပြင်ထဲက ရုပ်ပုံလေးတွေ ကြည့်ကြရအောင်"
- "တိရစ္ဆာန်ဘယ်နှစ်ကောင်ရှိသလဲ"
- "သူတို့ ဘာလုပ်နေကြသလဲ"
- "ခေါင်းစဉ်က ဘာဖြစ်မယ်ထင်သလဲ" စသည့် မေးခွန်းများ မေးပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- "ပုံပြင်ခေါင်းစဉ်နဲ့အတူ ပါဝင်တဲ့ အကြောင်းအရာလေးတွေကို ဖတ်ကြည့်ကြရအောင်" ဟုပြောပါမည်။
- ⊙ ဆရာက အသံနေအသံထား မှန်မှန်ဖြင့် တစ်ခေါက်ဖတ်ပြပါမည်။
- "ဆရာဖတ်ပြတာကို နားလည်လား နောက်တစ်ခေါက် ဖတ်ပြမယ် သေသေချာချာနားထောင်နော်" ဟု ပြောပြီး တစ်ခေါက် ထပ်ဖတ်ပြပါမည်။
- ⊙ ဆရာက ပုံပြင်ပါ တိရစ္ဆာန်လေးများ၏ အသံအတိုင်း ထပ်ဖတ်ပြ ပါမည်။
- ဆရာနှင့်အတူ ကလေးများကို နောက်မှလိုက်ဖတ်စေ ပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာနှင့်အတူ တိရစ္ဆာန်လေးများ၏ အသံအတိုင်းကို ရွတ်ဖတ်စေမည်။ ဥပမာ။ ။ဇီးကွက်

**နိဂုံးချုပ်ခြင်း**

- "ပုံပြင်ထဲမှာ ဘယ်သူတွေပါသလဲ" ဆိုတာ မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါစကားလုံးများကို မှန်ကန်စွာ ပြောဆိုနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**(ဂ) ပညာရှိ ဇီးကွက် (ပုံပြင်)**




**အစိကအချက်များ**

- ပုံများကိုကြည့်ပြီး ပုံပြင်ပါအကြောင်းအရာများကို စဉ်းစား ပြောတတ်ရပါမည်။
- ပညာရှိဇီးကွက် ပြောစကားများကို စဉ်းစား၍ ဖြေတတ်ရပါမည်။

**အရေးကြီးသောအချက်များ**

- ပုံပြင်ကို ရွတ်ဖတ်ရင်း ပုံပြင် ပါကလေးများ နားလည်ရန် ခက်ခဲသော စာကြောင်းများကို ဆရာက အထပ်ထပ်ဖတ်၍ နားလည်အောင်ရှင်း ပြရပါမည်။
- နောက်မှလိုက်၍ ရွတ်ဖတ်ရန် အားနည်းသော ကလေးများ ရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။

DBE Box – Copyright Protected

၈။ ပုံပြောကြမယ် နားထောင်ကွယ် စာလုံးဆင့်လည်း သင်ကြမယ်

ရှဉ့်ကလေး စပ်စုကလဲ
“ကွို . . . ကွို . . . ကွို”





ကိုရွှေကျီးကလဲ
“အား . . . အား . . . အား . . .”နဲ့



သမင်မလေးကလဲ သူ့ရဲ့ လှပတဲ့ မျက်လုံးကလေးနဲ့ ကြည့်ပြီး ဦးခေါင်းလေးကို ညိတ်ပြသတဲ့ကွယ် . . .

**လေ့ကျင့်ခန်း**

၁။ အချင်းချင်း ဘယ်လိုနေထိုင်ကြမလဲ။
၂။ ဦးဇီးကွက်ကြီးက ဘယ်လို ဆုံးမသလဲ။
၃။ ပုံပြင်ထဲမှာ ပါတဲ့ အသတ်၊ ပါဌ်ဆင့်စကားလုံး လေးတွေကို ဝိုင်းကြရအောင်။




## အရေးကြီးသောအချက်များ

- ♦ ပုံပြင်ကို ရွတ်ဖတ်ရင်း ပုံပြင်ပါကလေးများ နားလည်ရန် ခက်ခဲသော စာကြောင်းများကို ဆရာက အထပ်ထပ်ဖတ်၍ နားလည်အောင်ရှင်းပြရပါမည်။
- ♦ နောက်မှလိုက်၍ ရွတ်ဖတ်ရန် အားနည်းသော ကလေးများရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။

## အခန်း (၈–ဂ) ပညာရှိ ဇီးကွက် (ပုံပြင်)
## အကြံပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ “အရင်နေ့က ဖတ်ထားတဲ့ ပုံပြင်လေးကို မှတ်မိသေးလား”
- ♦ “ပုံပြင်ထဲက အသတ်စကားလုံးလေးတွေကို ဝိုင်းကြရအောင်”ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ “ကလေးတို့ အသတ်စကားလုံးလေးတွေ၊ ပါဌ်ဆင့်စကားလုံးလေးတွေကို စာကြောင်းထဲမှာ ဖတ်ခဲ့ကြတယ်နော်၊ ခုပုံပြင်ထဲက အသတ်၊ ပါဌ်ဆင့် စကားလုံးလေးတွေကို ဝိုင်းကြည့်ကြရအောင်” ဟုပြောပါမည်။
- ⊙ ဆရာက ပါဌ်ဆင့် စကားလုံးများကို ကလေးတစ်ဦးချင်းစီ ရွတ်စေပါမည်။ ဥပမာ။ ။ မေတ္တာ
- ♦ ထို့နောက် ဆရာက နမူနာတစ်ခုကို ဝိုင်းပြပါမည်။
- ⊙ ဆရာက ပုံပြင်ပါ အသတ်စကားလုံး (နှစ်လုံး၊ သုံးလုံး) ကို ဝိုင်းပြပါမည်။

ဥပမာ ။ ။ ကွက် အုပ်ချုပ် ထောက်
(ှ-က် ု-ပ် ျ-ပ် ေ-ာက်)

- ⊙ ဆရာက ကလေးနှစ်ဦး သုံးဦးကိုခေါ်၍ နမူနာဝိုင်းစေပါမည်။
- ♦ ပုံပြင်ပါ အသတ်စကားလုံး၊ ပါဌ်ဆင့်စကားလုံးများကို ကလေးတစ်ဦးချင်းစီ ဝိုင်းစေပါမည်။
- ⊙ ကလေးအချင်းချင်းနှစ်ယောက်တစ်တွဲ ဝိုင်းထားသော စကားလုံးများကို ပြောစေပါမည်။
- ♦ ကလေးများ လုပ်ငန်းဆောင်ရွက်နေချိန် နားလည်ရန် အားနည်းသော ကလေးများရှိပါက ဆရာက ဖေးမကူညီပေးရပါမည်။
- ♦ ထို့နောက် ပုံပြင်ပါ မေးခွန်းများကို ဖြေစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ “ကလေးတို့ ပုံပြင်မှာပါတဲ့ ဦးဇီးကွက် ပြောစကားများကို လည်းဖတ်နိုင်ပြီ အသတ်၊ ပါဌ်ဆင့်စကားလုံးလေးတွေကို လည်း မှတ်မိကြတယ်နော်၊ ကလေးတို့အချင်းချင်းလဲ ညီညီညွတ်ညွတ် နေထိုင်ကြရမယ်”ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း ပုံပြင်ပါ စကားလုံးများကို မှန်ကန်စွာ ရွတ်ဖတ်နိုင်မှု၊ ညွှန်ကြားမှုအတိုင်း မှန်ကန်စွာဆောင်ရွက်နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

**အခန်း (၉–က) ကိုယ့်အကြောင်းကလေးတွေ ရေးကြည့်ကြရအောင်**

**အကြံပြုစာသင်ချိန် ၆ ချိန် (ပထမအချိန်)**

## သင်ယူမှုဦးတည်ချက်

- ♦ ကျောင်းသုံးစာအုပ်ကို အခြေခံ၍ မိမိအကြောင်းနှင့် ဆက်စပ်သော စာကြောင်းများကို ရေးသားတတ်ရန်

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ♦ ဆရာက သင်ခန်းစာကို မသင်မီ မိမိအကြောင်းကို ပြောပြခြင်းဖြင့် နိဒါန်းပျိုးပါမည်။

ဥပမာ။ ။ အမည်၊ အဘအမည်၊ အမိအမည်၊ နေရပ် စသည်

### လုပ်ငန်းစဉ်

- ♦ ကျောင်းသုံးစာအုပ်တွင်ပါဝင်သော မောင်လှအကြောင်းကို ဆရာက နမူနာ ပြောပြဖတ်ပြပါမည်။
- ♦ ထို့နောက် ဆရာက ကလေး ၃ ယောက်ခန့်၏ အမည်၊ မိသားစုဝင်ဦးရေ၊ နေရပ်လိပ်စာစသည်တို့ကို မေးပါမည်။
- ⊙ ထိုသို့မေးပြီးလျှင် ကလေးများအား မိမိတို့အကြောင်းကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။
- ⊙ ထိုသို့ ဆွေးနွေးရာတွင် ဆရာပြောသည့် စကားကို မပြောစေဘဲ ကျောင်းသုံးစာအုပ်တွင် ပါဝင်သော အပြောစကားကို ကြည့်ပြီး ပြောစေပါမည်။
- ⊙ နှစ်ယောက်တစ်တွဲ ဆွေးနွေးပြီးပါက အတန်းတွင်းရှိ မိမိပြောလိုသော သူငယ်ချင်းများနှင့် အပြန်အလှန် ပြောစေပါမည်။
- ♦ ထို့နောက် အတန်းရှေ့ထွက်၍ မိမိအကြောင်းကို ပြောစေပါမည်။ (အစီအစဉ်စနစ်တကျဖြစ်ရန်မလိုပါ)

### နိဂုံးချုပ်ခြင်း

- ♦ "ကလေးတို့ ကိုယ့်အကြောင်းကို သူငယ်ချင်းတွေနဲ့ ပြောခဲ့ကြပြီးပြီမဟုတ်လား" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း ဆရာပြောပြသော မောင်လှအကြောင်းကို သေချာနားထောင်နိုင်ခြင်း ရှိ မရှိနှင့် မိမိတို့ အကြောင်းကို အခြားသူငယ်ချင်းများအား ပြောပြနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**အခန်း ၉ ကိုယ့်အကြောင်းကလေးတွေ ပြောကာရယ် စာပိုဒ်ကလေးတွေ ရေးကြမယ်**

**(က) ကိုယ့်အကြောင်းကလေးတွေ ရေးကြည့်ကြရအောင်**




## အဓိကအချက်များ

- ♦ မိမိအကြောင်းကို တစ်ဦးချင်း ပြောနိုင် ရေးနိုင်သည်အထိ သင်ကြားပါမည်။

## အရေးကြီးသောအချက်များ

- ♦ ကလေးတစ်ဦးချင်းစီ၏ ပြောစကားများကို ဆရာက သေသေချာချာ နားထောင်ပေးပါမည်။
- ♦ နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြောနေချိန်တွင် ပြောနိုင်ခြင်း ရှိ မရှိ ဆရာကကြည့်ပေးရပါမည်။
- ♦ မိမိအကြောင်းကို ပြောဆိုရာတွင် အားနည်းသော ကလေးများရှိပါက ဖေးမကူညီရပါမည်။

DBEBox – Copyright Protected

## အခန်း ၉ ကိုယ့်အကြောင်းကလေးတွေ ပြောကာရယ် စာပိုဒ်ကလေးတွေ ရေးကြမယ်

### (က) ကိုယ့်အကြောင်းကလေးတွေ ရေးကြည့်ကြရအောင်



ကျွန်တော်ရဲ့ နာမည်က မောင်လှ ဖြစ်ပါတယ်။ အဖေက ဦးဘဖြစ်ပါတယ်။ အမေက ဒေါ်အေး ဖြစ်ပါတယ်။ ကျွန်တော်တို့က ထန်းသုံးပင်ရွာမှာ နေကြပါတယ်။ ကျွန်တော့်မိဘတွေက လယ်လုပ်ကြပါတယ်။ ကျွန်တော့်မှာ အစ်ကိုတစ်ယောက် အစ်မတစ်ယောက် ရှိပါတယ်။ ကျွန်တော်တို့ ရွာကမူလတန်းကျောင်းမှာ ကျောင်းတက်နေပါတယ်။ အခု ကျွန်တော် ဒုတိယတန်း ကျောင်းသားပါ။



မောင်လှအကြောင်းကို ပြောပြီးပြီဆိုတော့ သားတို့သမီးတို့လဲ ကိုယ့်အကြောင်းကလေးတွေကို သူငယ်ချင်းတွေနဲ့ ပြောကြည့်ကြရအောင်




**အရေးကြီးသောအချက်များ**

- အပြောနဲ့ အရေးမတူသည်ကို ကလေးများ သတိ ထားမိစေရပါမည်။
- အပြောစကားဖြင့်ပြောသည်ကို အရေးစကားဖြင့် ပြန်လည် ပြောပြတတ်ရပါမည်။

  ဥပမာ ။ ။ "ကျွန်တော်ရဲ့ နာမည်က . . . . ဖြစ်ပါတယ်"
  "ကျွန်တော်၏ အမည်သည် . . . . ဖြစ်ပါသည်"
- ကျောင်းသုံးစာအုပ်ပါ ဝါကျများကို မှန်ကန်စွာ ဖတ်တတ်ရပါမည်။

**အခန်း (၉-က) ကိုယ့်အကြောင်းကလေးတွေ ရေးကြည့်ကြရအောင်**
**အကြံပြုစာသင်ချိန် ၆ ချိန် (ဒုတိယအချိန်)**

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- "ကလေးတို့ မောင်လှပြောခဲ့တဲ့ အကြောင်းအရာလေးတွေကို မှတ်မိကြတယ်မဟုတ်လား ဒီလိုပြောခဲ့တဲ့ အကြောင်းကို စာကြောင်းအဖြစ် ပြန်ဖတ်ကြည့်ကြမယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ မောင်လှအကြောင်း ရေးထားသောစာကြောင်းများကို ဆရာက ဦးစွာဖတ်ပြပါမည်။
- ထို့နောက်ဆရာက ဦးဆောင်၍ စာတစ်ကြောင်းဖတ်ပြပြီးပါက ကလေးများကိုနောက်မှလိုက်၍ ဖတ်စေပါမည်။
- "ပထမအချိန်က ဖတ်ခဲ့တာနဲ့ ခုအချိန်ဖတ်တာ ဘယ်လိုကွဲပြားမှုရှိသလဲ"ဆိုတာကို ကလေးများအားမေးပါမည်။
- ကျောင်းသုံးစာအုပ်တွင်ပါဝင်သော မင်နီနှင့် ရေးသားထားသည်များကို ဆရာက "ဘယ်လို ကွာခြားချက်ရှိသလဲ"ဟု ကလေးများအား မေးပါမည်။
- ⦿ ကလေးများပြောပြီးပါက အရေးစကားနှင့် အပြောစကားကွာခြားချက်ကို ဆရာက ရှင်းပြပါမည်။
- ⦿ ကလေးများစာကြောင်းများကို ဖတ်ပြီးပါက ကျောင်းသုံးစာအုပ်ကို အသုံးပြု၍ "ကျွန်တော်ရဲ့ နာမည်က မောင်လှဖြစ်ပါတယ်"ဆိုတဲ့ အပြောစကားကို အရေးစကားနဲ့ဆိုရင် "ကျွန်တော်၏ အမည်သည် မောင်လှဖြစ်ပါသည်"ဟုဆရာက ပြောပြပါမည်။
- ⦿ ဆရာက နမူနာပြောပြီးပါက မောင်လှအကြောင်းကဲ့သို့ ကိုယ့်အကြောင်းတွေကို နှစ်ယောက်တစ်တွဲ မေးစေပါမည်။
- ထိုသို့မေးရာတွင် တစ်ယောက်က အပြောစကားဖြင့်မေး၍ တစ်ယောက်ကအရေးစကားဖြင့် ပြန်လည်ပြောရပါမည်။

**နိဂုံးချုပ်ခြင်း**

- ကျောင်းသုံးစာအုပ်ပါ စာကြောင်းများကို ပြန်လည်ရွတ်ဆိုစေခြင်း၊ အပြောစကားဖြင့်ပြောသည်ကို အရေးစကားဖြင့် ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကျောင်းသုံးစာအုပ်ပါ ဝါကျများကို အသံထွက် ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် အပြောစကားများကို အရေးစကားများအဖြစ် ပြန်လည်ပြောပြနိုင်ခြင်း ရှိ၊ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၉-က) ကိုယ့်အကြောင်းကလေးတွေ ရေးကြည့်ကြရအောင်

## အကြံပြုစာသင်ချိန် ၆ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ မောင်လှပြောခဲ့တဲ့ အကြောင်းအရာလေးတွေကို မှတ်မိကြတယ် မဟုတ်လား ပြောခဲ့တဲ့အကြောင်းကို ဝါကျလေးတွေ အဖြစ်ပြန်ရေးကြည့်ကြမယ်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ မောင်လှအကြောင်းရေးထားသော ဝါကျများကို ဆရာက ဦးစွာဖတ်ပြပါမည်။
- ကလေးများအား နောက်မှလိုက်၍ ဖတ်စေပါမည်။
- ကလေးများ ကိုယ်တိုင် ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ကျောင်းသုံးစာအုပ်ပါ ဝါကျများမှ ပထမစာကြောင်းကို သင်ပုန်းတွင် ရေးပြပါမည်။
- ဆရာရေးပြသောဝါကျနှင့် ကျောင်းသုံးစာအုပ်ပါ မောင်လှအကြောင်း ရေးထားသော အပြောစကားမတူညီသည်ကို နှိုင်းယှဉ်ကြည့်စေပါမည်။

⊙ နှိုင်းယှဉ်ကြည့်ပြီးပါက ကလေးများကို ကူးရေးစေပါမည်။

⊙ ထိုသို့ ဆရာနှင့်အတူ ၁ မှ ၃အထိ ရေးပြီးပါက မိမိတို့ရေးသားထားသည်များကို နှစ်ယောက်တစ်တွဲ အချင်းချင်း စစ်ဆေးစေပါမည်။

⊙ စစ်ဆေးပြီးပါက ကျန်စာကြောင်းများကို တစ်ကြောင်းချင်းစီ မိမိတို့မှတ်စုစာအုပ်တွင် ကူးရေးစေပါမည်။

⊙ ရေးသားပြီးပါက မိမိတို့ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် စစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကျောင်းသုံးစာအုပ်ပါစာကြောင်းများကို ပြန်လည်ရွတ်ဖတ်စေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကျောင်းသုံးစာအုပ်ပါ စာကြောင်းများကို အသံထွက် မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။




### အရေးကြီးသောအချက်များ

- ကလေးများရေးသားနေချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- ဆရာက သင်ပုန်း၌ ရေးသားချိန်တွင် စာလုံးကြီးကြီးဖြင့် စာလုံးပေါင်းမှန်ကန်အောင် ရေးသားပြရပါမည်။
- ကလေးများကိုလည်း ဖြည်းဖြည်းနှင့် မှန်မှန်ရေးသားစေရပါမည်။
- ဝါကျတစ်ကြောင်းဆုံးတိုင်း ပုဒ်မချရမည်ကို ကလေးများ သိစေရပါမည်။
- ကလေးများကိုယ်တိုင် ကျောင်းသုံးစာအုပ်ကို အသုံးပြု၍ ဖတ်စေ ရေးစေပါမည်။



DRE Box - Copyright Protected

၉။ ကိုယ့်အကြောင်းကလေးတွေ ပြောကာရယ် စာပိုဒ်ကလေးတွေ ရေးကြမယ်



သားတို့သမီးတို့လဲ ကိုယ့်အကြောင်းကို ဝါကျကလေးတွေ ရေးကြရအောင်

**ကျွန်တော်၏အကြောင်း**

၁။ ကျွန်တော်၏ အမည်သည် မောင်လှ ဖြစ်ပါသည်။
၂။ ကျွန်တော်၏ ဖခင်သည် ဦးဘ ဖြစ်ပါသည်။
၃။ ကျွန်တော်၏ မိခင်သည် ဒေါ်အေး ဖြစ်ပါသည်။
၄။ ကျွန်တော်တို့သည် ထန်းသုံးပင်ရွာတွင် နေကြပါသည်။
၅။ ကျွန်တော်၏ မိဘများသည် လယ်လုပ်ကြပါသည်။
၆။ ကျွန်တော့်မှာ အစ်ကိုတစ်ယောက် အစ်မတစ်ယောက် ရှိပါသည်။
၇။ ကျွန်တော်တို့သည် ရွာရှိမူလတန်းကျောင်း၌ ပညာသင်ယူနေကြပါသည်။
၈။ ကျွန်တော် ယခု ဒုတိယတန်း ကျောင်းသားဖြစ်ပါသည်။

၁။

၂။

၃။

၄။



အပြောနဲ့ အရေး မတူတာကို သတိထားမိကြရဲ့လား ဝါကျတစ်ခုစီရဲ့ အဆုံးမှာ ပုဒ်မကလေးတွေ ချရမယ်နော်

## အစန်း (၉-က) ကိုယ့်အကြောင်းကလေးတွေ ရေးကြည့်ကြရအောင်

**အကြံပြုစာသင်ချိန် ၆ ချိန် (စတုတ္ထအချိန်)**

### အရေးကြီးသောအချက်များ

- ကျောင်းသုံးစာအုပ်ပါ ဝါကျများကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများ ရေးသားနေချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- အချိန်ရပါက မိမိရေးသားထားသော မိမိအကြောင်းကို အတန်းရှေ့ထွက်၍ တစ်ဦးချင်း ပြောစေပါမည်။
- ကလေးများ ရေးသားထားသည်များကို အမှတ်ပေးရာတွင် ကလေးများ စိတ်ပျော်ရွှင်စေရန်၊ စိတ်ဓာတ်တက်ကြွစေရန် သင်္ကေတ တစ်ခုခု * ဖော်ပြပေးရပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ မောင်လှပြောခဲ့တဲ့ အကြောင်းအရာလေးတွေကို ဝါကျလေးတွေအဖြစ် ရေးခဲ့ကြပြီးပြီ မဟုတ်လား ကိုယ့်အကြောင်းလေးတွေကိုလဲ ဝါကျကလေးတွေအဖြစ် ပြန်ရေးကြည့်ကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ မောင်လှအကြောင်း ရေးထားသော ဝါကျများကို ဆရာက ဦးစွာဖတ်ပြပါမည်။
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။
- ကလေးများ ကိုယ်တိုင် ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ထိုသို့ ဖတ်ပြီးပါက မိမိတို့ အကြောင်းကို နှစ်ယောက်တစ်တွဲ ပြန်လည်ပြောစေပါမည်။
- ပြောကြားရာတွင် တစ်ဦးက အပြောစကားဖြင့် ပြောကာ ကျန်တစ်ဦးက အရေးစကားဖြင့် ပြန်လည်ဖြေကြားမည်။
- ⊙ ပြောပြီးပါက မိမိတို့အကြောင်းကို ရေးစေပါမည်။
- ⊙ ရေးသားပြီးပါက မိမိတို့ ရေးသားထားသည်များကို နှစ်ယောက်တစ်တွဲ အသံထွက်၍ အပြန်အလှန် စစ်ဆေးစေပါမည်။
- ထို့နောက် ရေးသားထားသည်များကို ဆရာက စစ်ဆေးပေးပါမည်။

**နိဂုံးချုပ်ခြင်း**

- ကျောင်းသုံးစာအုပ်ပါ ဝါကျများကို ပြန်လည် ရွတ်ဖတ်စေခြင်း မိမိတို့ ရေးသားထားသော စာကြောင်းများကို ပြန်လည် ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မိမိအကြောင်းနှင့် စပ်လျဉ်းသော စာကြောင်းများကို အရေးစကားဖြင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ စိတ်ပါဝင်စားစွာ ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE BOX – Copyright Protected

## အခန်း (၉-က) ကိုယ့်အကြောင်းကလေးတွေ ရေးကြည့်ကြရအောင်

**အကြံပြုစာသင်ချိန် ၆ ချိန် (ပဉ္စမအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- “ကလေးတို့ မောင်လှပြောခဲ့တဲ့ အကြောင်းအရာလေးတွေကို ဝါကျကလေးတွေအဖြစ် ရေးခဲ့ပြီးပြီဆိုတော့ စာပိုဒ်အဖြစ် ပြန်ရေးကြည့်ကြမယ်”ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ မောင်လှအကြောင်းရေးထားသော စာပိုဒ်ကို ဆရာက အစအဆုံး ဦးစွာဖတ်ပြပါမည်။
- ကလေးများကိုလည်း စာပိုဒ်ကိုကြည့်၍ အစအဆုံး ဖတ်စေပါမည်။
- ကလေးများကိုယ်တိုင် ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ ဆရာက ကျောင်းသုံးစာအုပ်ပါ စာပိုဒ်ကို သင်ပုန်းတွင် ရေးပြပါမည်။
- ⊙ ထိုသို့ ရေးပြရာတွင် စာကြောင်းတစ်ကြောင်းချင်းစီကို စာပိုဒ်ပုံစံအဖြစ် ရေးပြပါမည်။ “ကလေးတို့ မနေ့က ရေးခဲ့တဲ့ ဝါကျလေးတွေကို ဆက်ရေးလိုက်ရင် အဓိပ္ပာယ်ရှိတဲ့ စာပိုဒ်ဖြစ်လာမယ် ဝါကျတစ်ကြောင်းစီရဲ့ အဆုံးမှာ ပုဒ်မချရမယ်”ဟု ပြောပြီး စာပိုဒ်ကို ရေးပြပါမည်။
- ⊙ ကလေးများကူးရေးရာတွင် စာပိုဒ်ပုံစံအတိုင်း မိမိတို့ မှတ်စုစာအုပ်တွင် ရေးစေပါမည်။
- ရေးသားပြီးပါက မိမိတို့ရေးသားထားသော စာပိုဒ်ကို နှစ်ယောက်တစ်တွဲ အပြန်အလှန် စစ်ဆေးစေပါမည်။
- စစ်ဆေးရာတွင် စာလုံးပေါင်းသတ်ပုံ မှန်ကန်စွာ ရေးနိုင်ခြင်းအပြင် စာပိုဒ်ပုံစံ ရေးသားနိုင်ခြင်း ရှိ၊ မရှိကို အဓိကထား၍ ကြည့်စေရပါမည်။
- ထို့နောက် ရေးသားထားသည်များကို ဆရာက စစ်ဆေးပေးပါမည်။

**နိဂုံးချုပ်ခြင်း**

- ကျောင်းသုံးစာအုပ်ပါ စာပိုဒ်ကို ပြန်လည် ရွတ်ဆိုစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကျောင်းသုံးစာအုပ်ပါစာပိုဒ်ကို အသံထွက် မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၉။ ကိုယ့်အကြောင်းကလေးတွေ ပြောကာရယ် စာပိုဒ်ကလေးတွေ ရေးကြမယ်

**ကျွန်တော်၏ အကြောင်း**

ကျွန်တော်၏ အမည်သည် မောင်လှ ဖြစ်ပါသည်။
ကျွန်တော်၏ ဖခင်သည် ဦးဘ ဖြစ်ပါသည်။
ကျွန်တော်၏ မိခင်သည် ဒေါ်အေး ဖြစ်ပါသည်။
ကျွန်တော်တို့သည် ထန်းသုံးပင်ရွာတွင် နေကြပါသည်။
ကျွန်တော်၏ မိဘများသည် လယ်လုပ်ကြပါသည်။
ကျွန်တော့်မှာ အစ်ကိုတစ်ယောက် အစ်မတစ်ယောက် ရှိပါသည်။
ကျွန်တော်တို့သည် ရွာရှိ မူလတန်းကျောင်း၌ ပညာသင်ယူနေကြပါသည်။
ကျွန်တော် ယခု ဒုတိယတန်း ကျောင်းသားဖြစ်ပါသည်။




**ကျွန်တော်၏ အကြောင်း**

ကျွန်တော်၏ အမည်သည် မောင်လှဖြစ်ပါသည်။ ကျွန်တော်၏ ဖခင်သည် ဦးဘဖြစ်ပါသည်။ ကျွန်တော်၏ မိခင်သည် ဒေါ်အေး ဖြစ်ပါသည်။ ကျွန်တော်တို့သည် ထန်းသုံးပင်ရွာတွင် နေကြပါသည်။ ကျွန်တော်၏ မိဘများသည် လယ်လုပ်ကြပါသည်။ ကျွန်တော့်မှာ အစ်ကိုတစ်ယောက် အစ်မတစ်ယောက်ရှိပါသည်။ ကျွန်တော်တို့သည် ရွာရှိ မူလတန်းကျောင်း၌ ပညာသင်ယူနေကြပါသည်။ ကျွန်တော် ယခု ဒုတိယတန်း ကျောင်းသား ဖြစ်ပါသည်။




**လေ့ကျင့်ခန်း**

၁။ ပြည့်ပြည့်စုံစုံကော ရေးနိုင်ရဲ့လား။
၂။ ဘာများထပ်ဖြည့် ရေးချင်သေးသလဲ။
၃။ ဝါကျရဲ့ ဘယ်နေရာမှာ ပုဒ်မကလေးတွေထည့်ရမှာလဲ။

---

### အရေးကြီးသောအချက်များ

- ဝါကျတစ်ကြောင်းချင်းစီကို ဆက်ရေးလျှင် အဓိပ္ပာယ်ရှိသော စာပိုဒ်ဖြစ်လာမည်ဟု ရှင်းပြပါမည်။
- ကျောင်းသုံးစာအုပ်ပါ စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။
- ကလေးများ ရေးသားနေချိန်တွင် စာလုံးပေါင်း၊ အရစ်အဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- စာပိုဒ်ပုံစံဖြစ်အောင် အဓိကထား သင်ကြားရပါမည်။

DBE Box – Copyright Protected

၉။ ကိုယ့်အကြောင်းကလေးတွေ ပြောကာရယ် စာပိုဒ်ကလေးတွေ ရေးကြမယ်

**ကျွန်တော်၏ အကြောင်း**

ကျွန်တော်၏ အမည်သည် မောင်လှ ဖြစ်ပါသည်။
ကျွန်တော်၏ ဖခင်သည် ဦးဘ ဖြစ်ပါသည်။
ကျွန်တော်၏ မိခင်သည် ဒေါ်အေး ဖြစ်ပါသည်။
ကျွန်တော်တို့သည် ထန်းသုံးပင်ရွာတွင် နေကြပါသည်။
ကျွန်တော်၏ မိဘများသည် လယ်လုပ်ကြပါသည်။
ကျွန်တော့်မှာ အစ်ကိုတစ်ယောက် အစ်မတစ်ယောက် ရှိပါသည်။
ကျွန်တော်တို့သည် ရွာရှိ မူလတန်းကျောင်း၌ ပညာသင်ယူနေကြပါသည်။
ကျွန်တော် ယခု ဒုတိယတန်း ကျောင်းသားဖြစ်ပါသည်။




**ကျွန်တော်၏ အကြောင်း**

ကျွန်တော်၏ အမည်သည် မောင်လှဖြစ်ပါသည်။ ကျွန်တော်၏ ဖခင်သည် ဦးဘဖြစ်ပါသည်။ ကျွန်တော်၏ မိခင်သည် ဒေါ်အေး ဖြစ်ပါသည်။ ကျွန်တော်တို့သည် ထန်းသုံးပင်ရွာတွင် နေကြပါသည်။ ကျွန်တော်၏ မိဘများသည် လယ်လုပ်ကြပါသည်။ ကျွန်တော့်မှာ အစ်ကိုတစ်ယောက် အစ်မတစ်ယောက်ရှိပါသည်။ ကျွန်တော်တို့သည် ရွာရှိ မူလတန်းကျောင်း၌ ပညာသင်ယူနေကြပါသည်။ ကျွန်တော် ယခု ဒုတိယတန်း ကျောင်းသား ဖြစ်ပါသည်။




**လေ့ကျင့်ခန်း**

၁။ ပြည့်ပြည့်စုံစုံကော ရေးနိုင်ရဲ့လား။
၂။ ဘာများထပ်ဖြည့် ရေးချင်သေးသလဲ။
၃။ ဝါကျရဲ့ ဘယ်နေရာမှာ ပုဒ်မကလေးတွေထည့်ရမှာလဲ။

## အခန်း (၉-က) ကိုယ့်အကြောင်းကလေးတွေ ရေးကြည့်ကြရအောင်

**အကြံပြုစာသင်ချိန်** ၆ ချိန် (ဆဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ မောင်လှအကြောင်းကို စာပိုဒ်အဖြစ် ရေးခဲ့ကြတယ်နော်၊ ကလေးတို့ပြောခဲ့ကြတဲ့ ကိုယ့်အကြောင်းကလေးတွေကို မှတ်မိကြတယ် မဟုတ်လား။ ကိုယ့်အကြောင်းလေးတွေကို စာပိုဒ်အဖြစ် ရေးကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- စတုတ္ထအချိန်တွင် ပြောပြခဲ့သည့်အတိုင်း မိမိအကြောင်းကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ⊙ ပြောပြီးပါက မိမိတို့အကြောင်းကို စာပိုဒ်ပုံစံအတိုင်း ရေးစေပါမည်။
- ရေးသားပြီးပါက နှစ်ယောက်တစ်တွဲ အသံထွက်၍ ကိုယ့်အကြောင်းကို ပြောစေ စစ်ဆေးစေပါမည်။
- "ဘာများထပ်ဖြည့်စရာရှိသေးသလဲ"ဟု မေးကာ ဖြည့်စွက်ရေးသားလိုသော ကလေးများရှိပါက ရေးသားစေမည်။
- ထို့နောက် ရေးသားထားသည်များကို ဆရာက စစ်ဆေးပေးပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးတို့ "ကိုယ့်အကြောင်းကလေးတွေကိုပြောပြီး ပြည့်ပြည့်စုံစုံ ရေးနိုင်ကြပြီ မဟုတ်လား၊ ဝါကျရဲ့ ဘယ်နေရာမှာ ပုဒ်မလေးတွေထည့်ရမှာလဲ၊ ဘာများ ထပ်ဖြည့်ရေးချင်သေးသလဲ"ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများ ကိုယ့်အကြောင်းကလေးတွေကို ပြောဆိုနိုင်ခြင်း ရှိ၊ မရှိ နှင့် ပြန်လည် ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲ ဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- ကိုယ့်အကြောင်းကလေးတွေကို ရေးရာတွင် လိုအပ်ချက်ရှိသော ကလေးများအား ဆရာက လမ်းညွှန်ကူညီပေးရပါမည်။
- ကျောင်းသုံးစာအုပ်ပါ အကြောင်းအရာအတိုင်း အစီအစဉ်ကျရန် မလိုပါ။
- ကလေးများရေးသားနေချိန်တွင် စာလုံးပေါင်း အရေးအဆွဲ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးရပါမည်။
- စာပိုဒ်ပုံစံဖြစ်အောင် အဓိကထား ရေးသားရပါမည်။
- ထပ်ဖြည့်ရေးချင်သည့်အကြောင်းများရှိပါကလည်း ထပ်ဖြည့် ရေးသားနိုင်ပါသည်။

DBE Box - Copyright Protected

## အခန်း (၉–ခ) စိတ်ခံစားချက်စကားလုံးတွေကို ရေးကြည့်ကြရအောင်

**အကြံပြုစာသင်ချိန် ၁ ချိန်**

### သင်ယူမှုဦးတည်ချက်

- ကလေးများ၏ စိတ်ခံစားချက်စကားလုံးများကို ပြောပြတတ်၊ ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ သို့မဟုတ် ဆရာပြုလုပ်ထားသော သင်ထောက်ကူကတ်ပြားများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကလေးများကို ကြက်ပျံငှက်ပျံကစားနည်း ကစားစေခြင်းဖြင့် နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- "ကလေးတို့ ကြက်ပျံငှက်ပျံကစားနည်းကို ကစားရတာ ဘယ်လိုခံစားရသလဲ"
- "အဲဒီလိုခံစားရတဲ့အချိန်မှာ ကလေးတို့မျက်နှာ အမူအရာက ဘယ်လို ဖြစ်သွားသလဲ" စသည်ဖြင့်မေးခွန်းများမေးပါမည်။
- "ကလေးတို့ကို လူကြီးမိဘတွေက ဆူတာ ခံရဘူးသလား"
- "အဲလိုအဆူခံရရင် ကလေးတို့ ဘယ်လိုခံစားရသလဲ"
- "ကလေးတို့ မျက်နှာအမူအရာက ဘယ်လိုဖြစ်သွားလေ့ရှိသလဲ"
- ⊙ "ကလေးတို့ရဲ့ မျက်နှာအမူအရာ လုပ်ပြပါအုံး" "ဒီပုံလေးတွေနဲ့ရော တူသလား" စသည်ဖြင့် မေးခွန်းများမေးပြီး သင်ကြားပါမည်။
- ⊙ ထို့နောက် ကျန်စကားလုံးများကိုလည်း အထက်ပါနည်းအတိုင်း သင်ကြားပါမည်။
- ⊙ ထိုခံစားချက်များအထဲမှ ကလေးများ ကိုယ်တိုင်ခံစားဖူးသည့် ခံစားမှုအတွေ့အကြုံများကို ကလေးများ ကိုယ်တိုင်ပြောပြပြီး နှစ်ယောက်တစ်တွဲ အမူအရာပြုလုပ်စေပါမည်။
- ထို့နောက် နှစ်တွဲ၊ သုံးတွဲ အတန်းရှေ့ထွက်ကာ ပြောစေမည်။

**နိဂုံးချုပ်ခြင်း**

- ခံစားမှု စကားလုံးများကို သက်ဆိုင်ရာပုံများ၏အောက်တွင် ရေးစေပါမည်။ ထို့နောက် ကလေးအချင်းချင်း လဲလှယ်စစ်ဆေးစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများ စိတ်ခံစားမှုများကို ပြောဆိုနေချိန်တွင် ပါဝင်ပြောဆိုခြင်းရှိ၊ မရှိ၊ ခံစားမှုစကားလုံးများကို ရေးသားရာတွင် မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**(ခ) စိတ်ခံစားချက်စကားလုံးတွေကို ရေးကြည့်ကြရအောင်**



ချစ်တယ် ပျော်တယ် ရဲရင့်တယ် စိတ်ဆိုးတယ် ဝမ်းနည်းတယ်
မုန်းတယ် အံ့သြတယ် သနားတယ် ကြောက်တယ်

### အဓိကအချက်များ

- ကလေးများ စိတ်ခံစားမှုများကို စကားလုံးဖြင့် ကိုယ်တိုင် ဖော်ထုတ်တတ်ရန် သင်ကြားမည်။

### အရေးကြီးသောအချက်များ

- ကလေးများ၏ ခံစားချက်များကို ဖော်ထုတ်ရာတွင် ကလေးများ မပြောပြတတ်ပါက ဆရာက ကူညီပေးရပါမည်။

EBE Box – Copyright Protected

၉။ ကိုယ့်အကြောင်းကလေးတွေ ပြောကာရယ် စာပိုဒ်ကလေးတွေ ရေးကြမယ်

## (ဂ) တို့တာဝန်




**အစိကအချက်များ**

- ကလေးများ ပျော်ရွှင်စွာရွတ်ဆိုစေပြီး ထင်မြင်ချက်ကို ရဲဝံ့စွာ ပြောစေပါမည်။

**အရေးကြီးသောအချက်များ**

- ကျောင်းသုံးစာအုပ်ပါပုံများကို ကြည့်ကာ လွတ်လပ်စွာ ဖြေကြားစေပါမည်။
- ဆရာက အသံနေအသံထားဖြင့် ရွတ်ဆိုချိန်တွင် ကလေးများ အားလုံး အာရုံစူးစိုက်ခြင်း ရှိ၊ မရှိ ဂရုပြုရပါမည်။
- ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုရာတွင် ကလေးများကို လွတ်လပ်စွာ သရုပ်ဆောင်စေပါမည်။

**အခန်း (၉–ဂ) တို့တာဝန် (ကဗျာ)**
**အကြံပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)**

**သင်ယူမှုဦးတည်ချက်**

- ကဗျာကို ဟန်အမူအရာဖြင့်ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- ဆရာက ကျောင်းသုံးစာအုပ်ပါ ပထမစာမျက်နှာ၏ ရုပ်ပုံကို ကြည့်စေပြီး "ဒီရုပ်ပုံထဲကသူတွေက ဘာတွေ လုပ်နေကြသလဲ၊ သူတို့ရဲ့အလုပ်အကိုင်တွေက ဘာ တွေလဲ" ဟု မေးကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ ကဗျာကို ဆရာက အသံနေ အသံထားမှန်မှန် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။
- ပြီးလျှင် ဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေ ပါမည်။
- ထို့နောက် တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း ကိုယ်ပိုင် ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
- နှစ်တွဲ၊ သုံးတွဲခန့် အတန်းရှေ့ထွက်ကာ ရွတ်ဆိုစေ ပါမည်။

**နိဂုံးချုပ်ခြင်း**

- ကဗျာကိုဟန်အမူအရာဖြင့်ပြန်လည်ရွတ်ဆိုကြရအောင် ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက် တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေ အသံထား မှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၉-ဂ) တို့တာဝန် (ကဗျာ)
## အကြံပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း
### နိဒါန်း

- ဆရာက ကျောင်းသုံးစာအုပ်ပါ ဒုတိယစာမျက်နှာ၏ ရုပ်ပုံကို ကြည့်စေပြီး "ဒီရုပ်ပုံထဲကသူတွေက ဘာတွေ လုပ်နေကြသလဲ၊ သူတို့ရဲ့ အလုပ်အကိုင်က ဘာတွေလဲ" ဟု မေးကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ကျောင်းသုံးစာအုပ်ပါ ကဗျာကို ဆရာက အသံနေ အသံထားမှန်မှန် ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း လိုက်၍ ရွတ်ဆိုစေပါမည်။
- ပြီးလျှင် ဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
- ထို့နောက် တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း ကိုယ်ပိုင် ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
- နှစ်တွဲ၊ သုံးတွဲခန့် အတန်းရှေ့ထွက်ကာ ရွတ်ဆိုစေပါမည်။

### နိဂုံးချုပ်ခြင်း

- "ကဗျာကို ဟန်အမူအရာဖြင့် ပြန်လည်ရွတ်ဆိုကြရအောင်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေ အသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။


၉။ ကိုယ့်အကြောင်းကလေးတွေ ပြောကာရယ် စာပိုဒ်ကလေးတွေ ရေးကြမယ်

ရဲသားကြီးက ကိုလှရွှေ
လူဆိုးဖမ်းဖို့ တာဝန်ကျေ။
တို့လုံမေ မခင်မြ
ယာဉ်ထိန်းရာတွင် ကျွမ်းကျင်လှ။

ဦးစိန်ဘက ဆရာဝန်
ကုသရေးမှာ သူထူးချွန်။
မလှမွန် သူနာပြု
စေတနာနှင့် သူပြုစု။

ဦးသာနုက ခေါင်းဆောင်ကာ
ကျေးရွာကောင်းကျိုး သယ်ပိုးမှာ။
ကားဆရာ ကိုဘသောင်း
ဘေးရန်ကြည့်၍ သတိနှင့်မောင်း။

ကျောင်းသူကျောင်းသား တို့အဖော်
အရွယ်ရောက်လို့ ကြီးပြင်းသော်။
ပညာတော် မြတ်စိတ်ထား
တာဝန်ကိုယ်စီ ထမ်းစို့လား။

တက္ကသိုလ်မောင်မောင်ကြီး

### အရေးကြီးသောအချက်များ

- ဒုတိယအချိန်တွင် ဒုတိယစာမျက်နှာကို ရွတ်ဆိုပြီးနောက် ကဗျာ တစ်ပုဒ်လုံးကို ရွတ်ဆိုစေပါမည်။

DBE Box – Copyright Protected

## အခန်း ၁၀ ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင်စာသင်မယ်

### (က) အဘိုးအိုနှင့် သားသုံးယောက် (ပုံပြင်)



ဟိုရှေးရှေးတုန်းက အဘိုးအိုတစ်ယောက်မှာ သားသုံးယောက်ရှိသတဲ့။ အဲဒီ သားသုံးယောက်က အချင်းချင်း မတည့်ကြဘူးတဲ့။ အဘိုးအိုဟာ သားသုံးယောက်ကို ထင်းတစ်စည်းပေးပြီး တစ်ယောက်ပြီး တစ်ယောက် အစည်းလိုက်ချိုးခိုင်းသတဲ့။ သားတွေဟာ ကြိုးစားပြီး ချိုးကြပေမဲ့ ထင်းစည်းက မကျိုးနိုင်ဘူးတဲ့ကွယ်။

**အစိကအချက်များ**

- ဖတ်စာတွင် ရေးသားထားသော အကြောင်းအရာများကို စဉ်းစား နားလည်နိုင်စေရန် ညွှန်ကြားပေးရမည်။
- ပုံပြင်ကို ကလေးများကိုယ်တိုင် ဖတ်ပြီး အပြောစကားနှင့် အရေးစကား ကွာခြားပုံကို ခွဲခြားနိုင်ရန် ထူးခြားချက်များကို ဆရာက ညွှန်ကြားပေးရမည်။

**အရေးကြီးသောအချက်များ**

- ရုပ်ပုံများကိုကြည့်ပြီး အုပ်စုလိုက် ဆွေးနွေးရာတွင် အားလုံး ပါဝင်ဆွေးနွေးမှု ရှိ၊ မရှိ ဆရာက သေချာစွာ ကြည့်ရှုနေရပါမည်။
- အုပ်စုလိုက် ပြောရာတွင် ထင်မြင်ချက်များကို သင်ပုန်း မှတ်ချက် ရေးရပါမည်။

**အခန်း (၁၀-က) အဘိုးအိုနှင့်သားသုံးယောက်**
**အကြံပြုစာသင်ချိန် ၆ ချိန် (ပထမအချိန်)**

**သင်ယူမှုဦးတည်ချက်**

- တစ်ဦးနှင့်တစ်ဦး စည်းစည်းလုံးလုံးနေတတ်ရန်
- ဖတ်စာပါ အကြောင်းအရာများကို ဖတ်ရှုပြီး စာကြောင်းတိုများကို ရေးသားတတ်ရန်
- အပြောစကားနှင့် အရေးစကားမတူညီကြောင်း ခွဲခြားသိရှိရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- "ရုပ်ပုံကလေးတွေကို ကြည့်ကြရအောင်"ဟု ပြောပြီး "ဘယ်လိုပုံပြင်လေးဖြစ်မလဲဆိုတာ စဉ်းစားပြီး ပြောကြည့်ကြရအောင်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပုံပြင်ပါ ရုပ်ပုံများကို တစ်ပုံချင်းစီ ကြည့်စေပြီး အောက်ပါ မေးခွန်းများကို မေးမည်။
  ဥပမာ ။ ။ "ပုံထဲမှာ ဘာတွေ တွေ့ရသလဲ"
  "သူတို့ဘာလုပ်နေကြတယ် ထင်သလဲ"
- ပုံပြင်ပါ ရုပ်ပုံများကို ကြည့်ကာ ကလေးများ၏ ထင်မြင်ချက်များကို အုပ်စုလိုက် ပြောစေပါမည်။ ထို့နောက် အုပ်စုတစ်စုစီမှ တစ်ဦးစီကို အတန်းရှေ့တွင် ထွက်၍ ပြောစေပါမည်။
- ⊙ ထို့နောက် အဘွားက မြေးများကို ပုံပြင်ပြောနေသကဲ့သို့ ဆရာကလည်း ပြောပြပါမည်။
- ဆရာက ပုံပြင်ပါစာကြောင်းကို တစ်ကြောင်းချင်းစီ ဖတ်ပြပါမည်။ ကလေးများကို တစ်ကြောင်းချင်းစီ နောက်မှ လိုက်၍ဖတ်စေပါမည်။
- ကလေးများ ကိုယ်တိုင် ဖတ်စေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- "ပုံပြင်ကို ဖတ်ပြီးပြီနော်၊ နောက်အချိန်ကျရင် ပုံပြင်ရဲ့ အရေးပုံစံကို သေသေချာချာ ဖတ်ကြည့်ကြမယ်"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံများကို ကြည့်ပြီး ထင်မြင်ချက်များကို အုပ်စုလိုက် ဆွေးနွေးစေရာတွင် ပါဝင်ဆွေးနွေးနိုင်ခြင်း ရှိ၊ မရှိနှင့် ပုံပြင်ဖတ်ရာတွင် သေချာစွာ ဖတ်နိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၁၀–က) အဘိုးအိုနှင့်သားသုံးယောက်
## အကြံပြုစာသင်ချိန် ၆ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ပုံပြင်လေးကို အသံနေအသံထားနဲ့ တစ်ခါလောက် ပြန်ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပုံပြင်ကို အပြောပုံစံဖြင့် တစ်ခေါက် ပြန်ဖတ်ကြည့်စေပါမည်။
- ထို့နောက် ဖတ်ကြည့်ကြရအောင်ခေါင်းစဉ်အောက်ရှိ အကြောင်းအရာကို "အရေးပုံစံနဲ့ ဖတ်ကြရအောင်"ဟု ပြောပြီးဆရာက နမူနာဖတ်ပြပါမည်။
- ဆရာဖတ်ပြနေချိန်တွင် ကလေးများအား ခဲတံကို ကိုင်ထားစေပါမည်။
- ဆရာဖတ်ပြနေစဉ် ခေတ္တအရပ်နားသော နေရာ၌ (/) သင်္ကေတချ၍ ပုဒ်မဆုံးသော နေရာတွင် (//) သင်္ကေတချရမည် ဖြစ်ကြောင်း ရှင်းပြမည်။ ဆရာက ပထမ စာပိုဒ်ကို ဖြည်းဖြည်းမှန်မှန် ဖတ်ပြပြီး (/) (//) ကိုထည့်စေမည်။
- ကလေးများအား ဆရာရပ်နားသောနေရာနှင့် ဝါကျအဆုံးနေရာကို သတိထားစေပြီး ပထမစာပိုဒ်ကို ဖတ်စေ ပါမည်။
- ကျန်စာပိုဒ်များကိုလည်း ထိုနည်းအတိုင်း (/)သင်္ကေတနှင့် (//) သင်္ကေတကို ချစေပါမည်။
- ကလေးများကို ဆရာရပ်နားသောနေရာနှင့် ဝါကျအဆုံးနေရာကို ကလေးများအား သတိထားစေပြီး စာပိုဒ်များကို ဖတ်စေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- "ပုံပြင်ကို ဖတ်တဲ့အခါ အဓိပ္ပာယ်ရှိတဲ့ စကားစုတွေကို အဖြတ်အတောက် မှန်မှန်နဲ့ ရပ်နားပြီး ဖတ်ရင် နားလည်လွယ်တယ်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကျောင်းသုံးစာအုပ်တွင် မှတ်သားထားသော မျဉ်းစောင်း သင်္ကေတ(//)အတိုင်း စာကြောင်းကို ဖြတ်တောက်ရပ်နား၍ ဖတ်နိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



## အခန်း ၁၀ ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင်စာသင်မယ်

### (က) အဘိုးအိုနှင့် သားသုံးယောက် (ပုံပြင်)



ဟိုရှေးရှေးတုန်းက အဘိုးအိုတစ်ယောက်မှာ သားသုံးယောက်ရှိသတဲ့။ အဲဒီ သားသုံးယောက်က အချင်းချင်း မတည့်ကြဘူးတဲ့။ အဘိုးအိုဟာ သားသုံးယောက်ကို ထင်းတစ်စည်းပေးပြီး တစ်ယောက်ပြီး တစ်ယောက် အစည်းလိုက်ချိုးခိုင်းသတဲ့။ သားတွေဟာ ကြိုးစားပြီး ချိုးကြပေမဲ့ ထင်းစည်းက မကျိုးနိုင်ဘူးတဲ့ကွယ်။

### အရေးကြီးသောအချက်များ

- ပုံပြင်ကို အသံနေအသံထား မှန်မှန်ဖြင့် ဖတ်ပြရပါမည်။
- ကလေးများ မျဉ်းစောင်းများကို သေချာစွာ ဖြတ်တောက်နိုင်ခြင်း ရှိ၊ မရှိ နှင့် အဖြတ်အတောက် မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိကို သေချာစွာစစ်ဆေး ကြည့်ရှုပေးရပါမည်။

DBE Box – Copyright Protected



ဒီအခါမှာ အဘိုးအိုက ထင်းစည်းကို ဖြေခိုင်းလိုက်ပြီး တစ်ယောက်တစ်ချောင်းစီ ချိုးခိုင်းပြန်သတဲ့။ ဒီတစ်ခါတော့ သားတွေဟာ ထင်းချောင်းတွေကို လွယ်လွယ်နဲ့ ချိုးနိုင်ကြတာပေါ့။



ဒီတော့ အဘိုးအိုက "သားတို့ ထင်းစည်းကို အစည်းလိုက် ချိုးရင် မကျိုးနိုင်ဘူး တစ်ချောင်းစီချိုးတော့ ကျိုးနိုင်တယ် ဒါကြောင့် သားတို့လဲ ထင်းစည်းလို စည်းစည်းလုံးလုံး နေကြကွယ်"လို့ ဆုံးမသတဲ့။ သားတွေက "ဟုတ်ကဲ့ပါ အဖေ"လို့ ပြောကြသတဲ့ကွယ်။

## အရေးကြီးသောအချက်များ

- စကားလုံးတစ်လုံးကို (၃) ကြိမ် မှ (၅) ကြိမ် အထိသာ လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။
- ဖတ်စာအုပ်၏ "စာလုံးပေါင်းလေ့ကျင့်မယ်" မှစကားလုံးများကို သင်ကြားပါမည်။

## အခန်း (၁၀-က) အဘိုးအိုနှင့်သားသုံးယောက်
## အကြံပြုစာသင်ချိန် ၆ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- အဖြစ်အတောက်မှန်မှန်နဲ့ သတိထားပြီး "အဘိုးအိုနှင့် သားသုံးယောက်ပုံပြင်ကို ပြန်ဖတ်ကြည့်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကလေးများ မသိသော စကားလုံးများကို မျဉ်းသားရန် ညွှန်ကြားပြီး ဆရာက ပုံပြင်ကို နောက်တစ်ခေါက် ဖတ်ပြပါမည်။
- ကလေးများ နားမလည်သော စကားလုံးများကို မျဉ်းသား မသား စစ်ဆေးပါမည်။ ထို့နောက် မျဉ်းသားထားသော စကားလုံးများကို ပြောစေပါမည်။
- ကလေးများ ပြောသောစကားလုံးများကို ဆရာက သင်ပုန်းတွင် ရေးသားထားရပါမည်။
- ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို ကလေးများ နားလည်သလို ပြောစေပါမည်။
- ထိုစကားလုံးများ၏အဓိပ္ပာယ်ကို ကလေးများ မပြောနိုင်လျှင် ဆရာက ပြောပြပါမည်။
- ကလေးများကို မှတ်စုစာအုပ်တွင် ရေးစေခြင်းဖြင့် လေ့ကျင့်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- မျဉ်းသားထားသော စကားလုံး၏အဓိပ္ပာယ်ကို တစ်လုံးချင်းစီမေး၍ ပြန်လည်လေ့ကျင့်စေပါမည်။
- "အဘိုးအိုနှင့် သားသုံးယောက် ပုံပြင်ထဲက စကားလုံးအသစ်တွေကို မှတ်မိကြရဲ့လား၊ အဲ့ဒီ စကားလုံး ကလေးတွေကို ပြောကြည့်ကြပါအုံး"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မျဉ်းသားထားသော စကားလုံးများကို ကလေးများ နားလည်သလို ပြောနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၁၀-က) အဘိုးအိုနှင့်သားသုံးယောက်
## အကြံပြုစာသင်ချိန် ၆ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အဘိုးအိုနှင့်သားသုံးယောက်ပုံပြင်မှာ အပြောစကားနဲ့ အရေးပုံစံနှစ်မျိုးရှိတာကို တွေ့ရမယ်။ အပြောစကားနဲ့ အရေးစကား ဘာကွာသလဲဆိုတာ ပြောကြည့်ရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ၅ယောက် သို့မဟုတ် ၆ယောက် အုပ်စုများဖွဲ့ပါမည်။
- ပုံပြင်ထဲမှ အရေးစကားနှင့် အပြောစကားများ မတူညီပုံကို စာတစ်ကြောင်းစီ ယှဉ်တွဲ၍ ဆရာက ဦးစွာရှင်းပြပါမည်။
- အပြောစကားနှင့် အရေးစကား မတူညီပုံကို အုပ်စုလိုက် ပြောစေပါမည်။
- "အဘိုးအိုနှင့်သားသုံးယောက်ပုံပြင်"မှ စာကြောင်းများကို အပြောစကားနှင့် အရေးစကား ခွဲခြားစေပါမည်။
- ထို့နောက် အုပ်စုလိုက် အတန်းရှေ့ထွက်ပြီး ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "အဘိုးအိုနှင့် သားသုံးယောက်ပုံပြင်ကို အပြောပုံစံရော အရေးပုံစံပါ ပြောတတ် ဖတ်တတ်ပြီနော်၊ သူတို့နှစ်ခုရဲ့ ကွာခြားပုံကို အချင်းချင်း ပြောကြည့်ပါအုံး" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း အပြောပုံစံနှင့် အရေးပုံစံ မတူညီပုံကို သေချာစွာ သိရှိခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁၀။ ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင်စာသင်မယ်



ဒီအခါမှာ အဘိုးအိုက ထင်းစည်းကို ဖြေခိုင်းလိုက်ပြီး တစ်ယောက်တစ်ချောင်းစီ ချိုးခိုင်းပြန်သတဲ့။ ဒီတစ်ခါတော့ သားတွေဟာ ထင်းချောင်းတွေကို လွယ်လွယ်နဲ့ ချိုးနိုင်ကြတာပေါ့။



ဒီတော့ အဘိုးအိုက "သားတို့ ထင်းစည်းကို အစည်းလိုက် ချိုးရင် မကျိုးနိုင်ဘူး တစ်ချောင်းစီချိုးတော့ ကျိုးနိုင်တယ် ဒါကြောင့် သားတို့လဲ ထင်းစည်းလို စည်းစည်းလုံးလုံး နေကြကွယ်"လို့ ဆုံးမသတဲ့။ သားတွေက "ဟုတ်ကဲ့ပါ အဖေ"လို့ ပြောကြသတဲ့ကွယ်။

**အရေးကြီးသောအချက်များ**

- " "မှ စကားသည် အပြောစကားဖြစ်သည်ကို ရှင်းပြပါမည်။
- အပြောစကားနှင့် အရေးစကား စကားအသုံးအနှုန်း မတူညီပုံကို သတိပြုစေပါမည်။

DBE Box – Copyright Protected

**ဖတ်ကြည့်ကြရအောင်**

### အဘိုးအိုနှင့် သားသုံးယောက်

ရှေးသရောအခါ အဘိုးအိုတစ်ဦးတွင် သားသုံးယောက်ရှိလေသည်။ သားသုံးယောက်သည် တစ်ဦးနှင့်တစ်ဦး မသင့်မမြတ် ဖြစ်နေကြသည်။ အဘိုးအိုသည် ထင်းတစ်စည်းကို သားသုံးယောက်အားပေး၍ တစ်ယောက်ပြီး တစ်ယောက်ချိုးစေ၏။ သားတို့သည် အားထုတ်၍ ချိုးကြသော်လည်း ထင်းစည်းက မကျိုးနိုင်ပါ။

ထိုအခါ အဘိုးအိုက ထင်းစည်းကိုဖြေစေ၍ တစ်ယောက် တစ်ချောင်းချင်းစီ ချိုးစေပြန်၏။ သားတို့သည် ထင်းချောင်းများကို အလွယ်တကူ ချိုးနိုင်ကြလေသည်။

အဘိုးအိုက "ချစ်သားတို့၊ ထင်းစည်းကို အစည်းလိုက်ချိုးသော် မကျိုးနိုင်၊ တစ်ချောင်းစီချိုးသော် ကျိုးနိုင်၏။ ထို့ကြောင့် ချစ်သားတို့သည် ထင်းစည်းကဲ့သို့ စည်းစည်းလုံးလုံးနေကြလော့"ဟု ဆုံးမလေသည်။ သားတို့က "ကောင်းပါပြီ ဖခင်" ဟု ဝန်ခံကြလေသတည်း။

**စာလုံးပေါင်းလေ့ကျင့်မယ်။**

ဆုံးမ ထင်းစည်း မကျိုးနိုင် အားထုတ် အလွယ်တကူ
အစည်းလိုက် စည်းစည်းလုံးလုံး

အပြောစကားနဲ့ အရေးစကား မတူတာကို သတိထားမိကြရဲ့လား



**လေ့ကျင့်ခန်း**

၁။ အဘိုးအိုသည် သားသုံးယောက်ကို မည်သည့်အရာကိုပေး၍ မည်သို့ ပြုလုပ်ခိုင်းသနည်း။
၂။ သားတို့သည် ထင်းစည်းကို အဘယ်ကြောင့် မချိုးနိုင်ပါသနည်း။
၃။ သားတို့သည် ထင်းချောင်းကို အဘယ်ကြောင့် ချိုးနိုင်ပါသနည်း။
၄။ အဘိုးအိုသည် သားသုံးယောက်ကို မည်ကဲ့သို့ နေရန် ပြောသနည်း။

## အရေးကြီးသောအချက်များ

- ♦ လေ့ကျင့်ရန်မေးခွန်းများ ဖြေဆိုချိန်တွင် ကလေးများ၏ အဖြေကို ဦးစွာနားထောင်ပြီးမှ ဆရာကအဖြေကို ပြောပြရပါမည်။

## အခန်း (၁၀-က) အဘိုးအိုနှင့်သားသုံးယောက်
## အကြံပြုစာသင်ချိန် ၆ ချိန် (ပဉ္စမအချိန်)

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ♦ "အဘိုးအိုနှင့် သားသုံးယောက် ပုံပြင်ကိုဖတ်ပြီး ဘယ်လို ထင်သလဲ"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ♦ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ရန် မေးခွန်းများကို ဖြေစေပါမည်။
- ♦ ကလေးများ၏ ထင်မြင်ချက်ကို မေးပါမည်။ ထင်မြင်ချက်များကို ဆရာက သင်ပုန်းမှတ်ချက်ရေးပါမည်။
- ♦ အစဉ်အတိုင်း မေးခွန်းများကို စဉ်းစားပြီး အဖြေကို စာအုပ်တွင် ရေးသားစေပါမည်။
- ♦ ပုံပြင်အဆုံးမှာ "အဘိုးက ဘာလို့ ဒီစကားပြောတယ် ထင်သလဲ" ဟု မေးပြီး အဘိုး၏ ခံစားချက်ကို ကလေးများအား စဉ်းစားစေပါမည်။

### နိဂုံးချုပ်ခြင်း

- ♦ "ပုံပြင်လေးကို သေသေချာချာ နားလည်ပြီး မေးခွန်းလေးတွေကို ဖြေတတ်ကြပြီနော်၊ ကလေးတို့အချင်းချင်း မေးခွန်းကလေးတွေ မေးပြီး ဖြေကြည့်ကြပါအုံး" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း မေးခွန်းများကို ဖြေဆို၍ ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ်မူတည်ကာ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၁၀-က) အဘိုးအိုနှင့်သားသုံးယောက်
## အကြံပြုစာသင်ချိန် ၆ ချိန် (ဆဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ "ပုံပြင်လေးကို ဖတ်ခဲ့ကြတယ်မဟုတ်လား။ ဒီနေ့ အသံနေ အသံထားနဲ့ ဖတ်ကြည့်ကြရအောင်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⊙ ပုံပြင်ကို ဆရာက တစ်ခေါက်ဖတ်ပြပါမည်။ "..." မှ စကားသည် အပြောစကားဖြစ်ကြောင်းကို ရှင်းပြရပါမည်။ ထို့နောက် ကလေးများကို အသံနေအသံထားနှင့် ဖတ်ရန် ညွှန်ကြားရပါမည်။

♦ အတန်းတွင်း အုပ်စုဖွဲ့၍ အသံနေအသံထားဖြင့် အုပ်စုလိုက် ဖတ်စေပါမည်။

⊙ အုပ်စုလိုက် အသံနေအသံထားဖြင့် လေ့ကျင့်စေပါမည်။

♦ အုပ်စုများကို အချိန်ပေးပြီး အတန်းရှေ့တွင် ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "ပုံပြင်လေးကို မှတ်မိပြီး အသံနေအသံထားနဲ့ ဖတ်တတ်ကြပြီနော်။ အပြောစကားနဲ့ အရေးစကား မတူညီတာကို ခွဲခြား သိကြပြီးမလား။ ဒီပုံပြင်လေးထဲကလိုပဲ ကလေးတို့လည်း အချင်းချင်း ညီညီညွတ်ညွတ် နေထိုင်ကြရမယ်နော်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ ပုံပြင်ကို အသံနေအသံထားဖြင့် ဖတ်နိုင်ခြင်း ရှိ၊ မရှိ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှု ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၁၀။ ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင်စာသင်မယ်

**ဖတ်ကြည့်ကြရအောင်**

**အဘိုးအိုနှင့် သားသုံးယောက်**

ရှေးသရောအခါ အဘိုးအိုတစ်ဦးတွင် သားသုံးယောက်ရှိလေသည်။ သားသုံးယောက်သည် တစ်ဦးနှင့်တစ်ဦး မသင့်မမြတ် ဖြစ်နေကြသည်။ အဘိုးအိုသည် ထင်းတစ်စည်းကို သားသုံးယောက်အားပေး၍ တစ်ယောက်ပြီး တစ်ယောက်ချိုးစေ၏။ သားတို့သည် အားထုတ်၍ ချိုးကြသော်လည်း ထင်းစည်းက မကျိုးနိုင်ပါ။

ထိုအခါ အဘိုးအိုက ထင်းစည်းကိုဖြေစေ၍ တစ်ယောက် တစ်ချောင်းချင်းစီ ချိုးစေပြန်၏။ သားတို့သည် ထင်းချောင်းများကို အလွယ်တကူ ချိုးနိုင်ကြလေသည်။

အဘိုးအိုက "ချစ်သားတို့၊ ထင်းစည်းကို အစည်းလိုက်ချိုးသော် မကျိုးနိုင်၊ တစ်ချောင်းစီချိုးသော် ကျိုးနိုင်၏။ ထို့ကြောင့် ချစ်သားတို့သည် ထင်းစည်းကဲ့သို့ စည်းစည်းလုံးလုံးနေကြလော့"ဟု ဆုံးမလေသည်။ သားတို့က "ကောင်းပါပြီ ဖခင်" ဟု ဝန်ခံကြလေသတည်း။

**စာလုံးပေါင်းလေ့ကျင့်မယ်။**

ဆုံးမ ထင်းစည်း မကျိုးနိုင် အားထုတ် အလွယ်တကူ အစည်းလိုက် စည်းစည်းလုံးလုံး




**လေ့ကျင့်ခန်း**

၁။ အဘိုးအိုသည် သားသုံးယောက်ကို မည်သည့်အရာကိုပေး၍ မည်သို့ ပြုလုပ်ခိုင်းသနည်း။

၂။ သားတို့သည် ထင်းစည်းကို အဘယ်ကြောင့် မချိုးနိုင်ပါသနည်း။

၃။ သားတို့သည် ထင်းချောင်းကို အဘယ်ကြောင့် ချိုးနိုင်ပါသနည်း။

၄။ အဘိုးအိုသည် သားသုံးယောက်ကို မည်ကဲ့သို့ နေရန် ပြောသနည်း။

---

### အရေးကြီးသောအချက်များ

♦ " " စကားသည် အပြောစကားဖြစ်ကြောင်းကို ရှင်းပြပါမည်။

♦ ကလေးများဖတ်နေချိန်တွင် ဆရာကအားလုံး ပါဝင်ခြင်းရှိ၊ မရှိ ကြည့်ရှုပေးရပါမည်။

♦ အုပ်စုတွင်း ဇာတ်ကြောင်းပြောသူနေရာကို နှစ်ယောက် ပြုလုပ်နိုင်ရန် ခွဲထားပါမည်။

DBE Box – Copyright Protected

## (ခ) ဖိုးလနတ်သား (ကဗျာ)




### အဓိကအချက်များ

- ကဗျာကို ဟန်အမူအရာဖြင့် ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုပြီး ကလေးများ ထင်မြင်ချက်များကို ရဲရဲ့စွာ ပြောစေပါမည်။

### အရေးကြီးသောအချက်များ

- ကျောင်းသုံးစာအုပ်ပါ ပုံကိုကြည့်ကာ ကလေးများအား လွတ်လပ်စွာ ဖြေကြားစေမည်။
- ဆရာက အသံနေအသံထားမှန်မှန် ရွတ်ဆိုရာတွင် ကလေးအားလုံး အာရုံစူးစိုက်မှု ရှိ၊ မရှိ ဂရုပြုရပါမည်။
- အုပ်စုလိုက်၊ တစ်ဦးချင်း ရွတ်ဆိုရာတွင် ကလေးများ ကိုယ်တိုင် လွတ်လပ်စွာ သရုပ်ဆောင်ရပါမည်။

**အခန်း (၁၀-ခ) ဖိုးလနတ်သား**

**အကြံပြုစာသင်ချိန် ၂ ချိန်**

### သင်ယူမှုဦးတည်ချက်

- ကဗျာကို ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ကလေးများအား ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံကို ကြည့်ရှုစေပြီး မေးခွန်းမေးကာ နိဒါန်းပျိုးပါမည်။

ဥပမာ။ ။ "ပုံထဲမှာ ဘယ်သူတွေကို တွေ့ရသလဲ"
"ဘာအကြောင်းပြောတယ်လို့ ထင်သလဲ"

#### လုပ်ငန်းစဉ်

⊙ ဆရာက ကဗျာကို အသံနေအသံထား မှန်မှန် ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

- ကလေးများကို ဆရာ့နောက်မှလိုက်၍ ရွတ်ဆိုစေပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများ ကိုယ်တိုင် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
- ကလေးများကိုလည်း နောက်မှလိုက်၍ ရွတ်ဆိုစေပါမည်။

#### နိဂုံးချုပ်ခြင်း

- "ကဗျာကို ဟန်အမူအရာနဲ့ ပြန်လည်ရွတ်ဆိုကြရအောင်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ဟန်အမူအရာဖြင့် အသံနေ အသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ၊ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၁၀-ဂ) ပျော်ရွှင်စရာတို့ကျောင်းမှာ
## အကြံပြုစာသင်ချိန် ၄ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်
- မိမိကျောင်းအကြောင်းကို ပြောပြတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- "ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကို ကြည့်စေပြီး ကလေးတို့ ကျောင်းနဲ့ ဘာတွေတူသလဲ။ ပြောပြပါအုံး" ဟု ဆိုကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ဆရာက သင်ခန်းစာတွင်ပါသော အေးအေး၏ကျောင်း အကြောင်းကို ကလေးများအား အစအဆုံး ဖတ်ပြပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ပြီးလျှင် ကလေးများကိုလည်း ဆရာ့နောက်မှလိုက်၍ ဖတ်စေပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ပြီးလျှင် ကလေးများအားလုံး တစ်ပြိုင်နက်တည်း ဖတ်စေပါမည်။ ထို့နောက် အုပ်စုလိုက်၊ တစ်ဦးချင်း ဖတ်စေပါမည်။

**နိဂုံးချုပ်ခြင်း**
- "အေးအေးရဲ့ကျောင်းအကြောင်းကို အိမ်မှာထပ်ပြီး ဖတ်လာခဲ့ကြနော်၊ အေးအေးရဲ့ကျောင်းမှာ ဘာတွေရှိသလဲ ဆိုတာကို ပြန်ပြောပြကြရမယ်နော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- လုပ်ငန်းစဉ်အတွင်း ပျော်ရွှင်စရာတို့ကျောင်းမှာ သင်ခန်းစာကို သေချာစွာ ဖတ်နိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**(ဂ) ပျော်ရွှင်စရာတို့ကျောင်းမှာ**



မင်္ဂလာပါ. . .
တို့နာမည်က အေးအေးပါ။
တို့ကျောင်းက ရွာအဝင်မှာရှိတယ်။
စာသင်ခန်းတွေက ကျယ်ဝန်းပြီး လေကောင်းလေသန့်ရတယ်။
ပြတင်းပေါက်တွေရှိလို့ အလင်းရောင် ကောင်းကောင်းရတယ်။
ကျောင်းရှေ့မှာ အလံတိုင်ရှိတယ်။
နိုင်ငံတော်အလံကို အလံတိုင်ထိပ်မှာ လွှင့်ထူထားတယ်။ ကျောင်းမတက်ခင် မနက်တိုင်း အလံတော်ကို အလေးပြုကြတယ်။
တို့ကျောင်းက အမြဲသန့်ရှင်းနေတယ်။
သောက်ရေအိုးတွေကို နေ့တိုင်းဆေးကြောပြီး
သောက်ရေအိုးဖုံးနဲ့ ရေခွက်တွေကိုလဲ သန့်ရှင်းအောင်
ဆေးတယ်။
အမှိုက်တွေကို အမှိုက်ပုံးထဲမှာ ထည့်ကြတယ်။
ကျောင်းသန့်ရှင်းရေးကို နေ့တိုင်း လုပ်ကြတယ်။



### အဓိကအချက်များ
- ကျောင်းသုံးစာအုပ်ပါအကြောင်းအရာကို အဖြတ်အရပ် မှန်စွာ ဖတ်တတ်စေရန် ဆရာက နမူနာ ဖတ်ပြစဉ် ကလေးများကို ဂရုစိုက်၍ နားထောင်စေရပါမည်။
- ဆရာက နမူနာ ပြောပြရပါမည်။ သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားသော အချက်များကိုလည်း အတန်းသားအားလုံးကို ပြန်၍ ရှင်းပြပေးရပါမည်။

### အရေးကြီးသောအချက်များ
- ကလေးတစ်ဦးချင်း ဖြေဆိုရာတွင် လိုအပ်ပါက ဆရာက ဖေးမကူညီရပါမည်။

DBE Box – Copyright Protected

## (ဂ) ပျော်ရွှင်စရာတို့ကျောင်းမှာ



မင်္ဂလာပါ. . .
တို့နာမည်က အေးအေးပါ။
တို့ကျောင်းက ရွာအဝင်မှာရှိတယ်။
စာသင်ခန်းတွေက ကျယ်ဝန်းပြီး လေကောင်းလေသန့်ရတယ်။
ပြတင်းပေါက်တွေရှိလို့ အလင်းရောင် ကောင်းကောင်းရတယ်။
ကျောင်းရှေ့မှာ အလံတိုင်ရှိတယ်။
နိုင်ငံတော်အလံကို အလံတိုင်ထိပ်မှာ လွှင့်ထူထားတယ်။ ကျောင်းမတက်ခင် မနက်တိုင်း အလံတော်ကို အလေးပြုကြတယ်။
တို့ကျောင်းက အမြဲသန့်ရှင်းနေတယ်။
သောက်ရေအိုးတွေကို နေ့တိုင်းဆေးကြောပြီး
သောက်ရေအိုးဖုံးနဲ့ ရေခွက်တွေကိုလဲ သန့်ရှင်းအောင်
ဆေးတယ်။
အမှိုက်တွေကို အမှိုက်ပုံးထဲမှာ ထည့်ကြတယ်။
ကျောင်းသန့်ရှင်းရေးကို နေ့တိုင်း လုပ်ကြတယ်။



### အရေးကြီးသောအချက်များ

- ♦ စာပိုဒ်ရှိ စကားလုံးများကို ကလေးများကိုယ်တိုင် မျဉ်းသားစေ၍ စကားလုံး၏အဓိပ္ပာယ်ကို ကလေးများ နားလည်သလို ပြောစေရမည်။
- ♦ မေးခွန်းဖြေဆိုရာတွင် ကလေးများကိုယ်တိုင် ဖြေဆိုစေပါမည်။ (နှုတ်ဖြင့်ဖြေကြားခြင်း)
- ♦ ဆရာက မေးခွန်းများ မေးမြန်းရာတွင် ဖတ်ပြီးသော စာပိုဒ်နှင့် သက်ဆိုင်သော မေးခွန်းများကို မေးမြန်းစေရပါမည်။
- ♦ ကလေးများအား စကားလုံးများကို ရှာဖွေစေပြီး ဆရာက ကလေးများ မြင်သာအောင် သင်ပုန်းပေါ်တွင် ရေးပြရပါမည်။

## အခန်း (၁၀–ဂ) ပျော်ရွှင်စရာတို့ကျောင်းမှာ
## အကြံပြုစာသင်ချိန် ၄ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ ဆရာက“မနေ့က ဖတ်ခိုင်းလိုက်တဲ့ ပျော်ရွှင်စရာတို့ကျောင်းမှာကို ပြန်ဖတ်လာခဲ့ကြသလား”ဟု မေးကာ “တစ်ခေါက်ပြန်ဖတ်ကြည့်ပြီးရင် အေးအေးတို့စာသင်ကျောင်းကို ဆက်ပြီး လေ့လာကြမယ်နော်”ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ⊙ ဆရာက “ပျော်ရွှင်စရာတို့ကျောင်းမှာ” သင်ခန်းစာကို အစအဆုံး အဖြတ်အတောက်မှန်စွာ တစ်ခေါက်ဖတ်ပြပါမည်။
- ⊙ ဆရာဖတ်နေစဉ် ကလေးများကို အာရုံစိုက်နားထောင်စေမည်။ ထို့နောက် ပထမစာမျက်နှာကို ကလေးများကိုယ်တိုင် ဖတ်စေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်။ တစ်ဦးချင်း)
- ⊙ ဖတ်ပြီးပါက ကလေးများ နားမလည်သည့် စကားလုံးများကိုရှာဖွေမျဉ်းသားစေမည်။ အဓိကအားဖြင့် (လွှင့်ထူ၊ အလင်းရောင်၊ လေကောင်းလေသန့်၊ အလေးပြု) စသည့် စကားလုံးများ၏ အဓိပ္ပာယ်ကို နှစ်ယောက်တစ်တွဲ အချင်းချင်း ဆွေးနွေးစေပါမည်။ လိုအပ်ပါက ဆရာက ဖြည့်စွက်ပေးပါမည်။
- ♦ ဒုတိယစာမျက်နှာကိုလည်း ပထမစာမျက်နှာအတိုင်း ဆက်လက်သင်ကြားပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ “ကလေးတို့ စကားလုံးတွေရဲ့ အဓိပ္ပာယ်ကို နားလည်ကြပြီ မဟုတ်လား၊ နောက်တစ်ချိန်မှာ ဆက်ပြီး ဆွေးနွေးကြမယ်နော်”ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း ပျော်ရွှင်စရာတို့ကျောင်းမှာ သင်ခန်းစာကို အဖြတ်အတောက်မှန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် နားမလည်သည့် စကားလုံးများကို မျဉ်းသားနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၁၀–ဂ) ပျော်ရွှင်စရာတို့ကျောင်းမှာ
## အကြံပြုစာသင်ချိန် ၄ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဖတ်စာအစအဆုံးကို တစ်တန်းလုံး ပြန်လည် ရွတ်ဖတ်စေကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက အေးအေးတို့၏ စာသင်ကျောင်းအကြောင်းကို မေးခွန်းများမေးပါမည်။
- မေးခွန်းနံပါတ် ၁ မှစ၍ မေးခွန်းတစ်ခုမေးတိုင်း နှစ်ယောက်တစ်တွဲ စဉ်းစားစေကာ သူငယ်ချင်း အချင်းချင်း ပြောစေပါမည်။
- ⊙ မေးခွန်းနံပါတ် ၄ အထိ နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။ သူငယ်ချင်း အချင်းချင်း ဆွေးနွေးပြီးပါက ဆရာကမေးကာ သင်ပုန်းမှတ်ချက် တင်ထားပါမည်။
- အချိန်ပေါ် မူတည်၍ အတန်းရှေ့တွင် နှစ်ယောက်တစ်တွဲ ပြောကြားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက မေးခွန်းများကို ပြန်၍ တစ်ခေါက်မေးကာ ဖြေဆိုစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မေးခွန်းများကို ဖြေဆို ဆွေးနွေးနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁၀။ ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင်စာသင်မယ်

**(ဂ) ပျော်ရွှင်စရာတို့ကျောင်းမှာ**



မင်္ဂလာပါ. . .
တို့နာမည်က အေးအေးပါ။
တို့ကျောင်းက ရွာအဝင်မှာရှိတယ်။
စာသင်ခန်းတွေက ကျယ်ဝန်းပြီး လေကောင်းလေသန့်ရတယ်။
ပြတင်းပေါက်တွေရှိလို့ အလင်းရောင် ကောင်းကောင်းရတယ်။
ကျောင်းရှေ့မှာ အလံတိုင်ရှိတယ်။
နိုင်ငံတော်အလံကို အလံတိုင်ထိပ်မှာ လွှင့်ထူထားတယ်။ ကျောင်းမတက်ခင် မနက်တိုင်း အလံတော်ကို အလေးပြုကြတယ်။
တို့ကျောင်းက အမြဲသန့်ရှင်းနေတယ်။
သောက်ရေအိုးတွေကို နေ့တိုင်းဆေးကြောပြီး
သောက်ရေအိုးဖုံးနဲ့ ရေခွက်တွေကိုလဲ သန့်ရှင်းအောင်
ဆေးတယ်။
အမှိုက်တွေကို အမှိုက်ပုံးထဲမှာ ထည့်ကြတယ်။
ကျောင်းသန့်ရှင်းရေးကို နေ့တိုင်း လုပ်ကြတယ်။



### အရေးကြီးသောအချက်များ

- မေးခွန်းများဖြေဆိုရာတွင် လိုအပ်ပါက ဆရာက ဖေးမကူညီပေးရပါမည်။

DBE Box – Copyright Protected

၁၀။ ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင်စာသင်မယ်

တို့ကျောင်းမှာ
စာကြည့်တိုက်ရှိတယ်။
ကျောင်းဝင်းထဲမှာ ကစားကွင်းနဲ့
စိုက်ခင်းတွေလဲ ရှိတယ်။
နေ့လယ် အားလပ်ချိန်မှာ
ကျောင်းသားတချို့က
ကစားကွင်းမှာ ကစားကြတယ်။
တချို့ကတော့ စာကြည့်တိုက်မှာ
စာဖတ်ကြတယ်။



၁။ အေးအေးတို့ စာသင်ခန်းက ဘယ်လို စာသင်ခန်းမျိုးလဲ။
၂။ ကျောင်းသန့်ရှင်းရေးအတွက် ဘာတွေလုပ်သင့်သလဲ။
၃။ ကိုယ်နေတဲ့ ကျောင်းအကြောင်းကို ရှင်းပြရအောင်။
၄။ ကလေးတို့ကျောင်းကို ပိုကောင်းအောင် ဘာတွေလုပ်ချင်ကြသေးသလဲ။ သူငယ်ချင်းနဲ့ ပြောကြည့်ကြရအောင်။





စကားလုံးကလေးတွေရဲ့အဓိပ္ပာယ်ကို နားလည်သလို ပြောကြည့်ကြရအောင်

| | | | |
|---|---|---|---|
| နေ့လယ် | ဆေးကြော | အားလပ်ချိန် | စာကြည့်တိုက် |
| စိုက်ခင်း | ကစားကွင်း | အလင်းရောင် | လေကောင်းလေသန့် |

## အရေးကြီးသောအချက်များ

- ကျောင်းသုံးစာအုပ်ပါ စကားလုံးများ၏ အဓိပ္ပာယ်ကို ကလေးများကိုယ်တိုင် နားလည်သလို ပြောစေရမည်။

**အခန်း (၁၀-ဂ) ပျော်ရွှင်စရာတို့ကျောင်းမှာ**
**အကြံပြုစာသင်ချိန် ၄ ချိန် (စတုတ္ထအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- "ဖတ်စာတစ်ပုဒ်လုံးကို တစ်တန်းလုံးပြန်လည် ရွတ်ဖတ်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဆရာက "ဖတ်စာပါ စကားလုံးများရဲ့ အဓိပ္ပာယ်ကို နားလည်သလို ပြောကြည့်ကြရအောင်"ဟု ပြောကာ စကားလုံးတစ်လုံးချင်း၏အဓိပ္ပာယ်ကို နှစ်ယောက်တစ်တွဲ စဉ်းစားဆွေးနွေးစေပါမည်။
- ကလေးတစ်ဦးချင်းအလိုက် ပြောစေပါမည်။
- ⊙ ဆရာက အမှားအမှန် မပြောသေးဘဲ ကလေးများကို အဖြေမှန်ရသည်အထိ တစ်ဦးပြီးတစ်ဦး မေးသွားပါမည်။
- ⊙ ကလေးများ၏အဖြေကို သင်ပုန်းပေါ်တွင် ရေးသားထားရပါမည်။ ဖတ်စာပါ စကားလုံးများကို နားလည်သလို ပြောပြီးပါက အဖြေမှန်ကို ဆရာက ပြောပြရပါမည်။

### နိဂုံးချုပ်ခြင်း

- "အေးအေးတို့ရဲ့ စာသင်ကျောင်းက ပျော်စရာကောင်းသလို ကလေးတို့ရဲ့ကျောင်းကရော ပျော်စရာ ကောင်းရဲ့လား၊ ကလေးတို့ကျောင်းရဲ့ ပျော်စရာကောင်းတဲ့ အကြောင်းတွေကို တစ်ယောက်တစ်မျိုးစီ ပြောကြရအောင်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စကားလုံးများ၏အဓိပ္ပာယ်ကို မိမိနားလည်သလို ပြောနိုင်ခြင်း ရှိ၊ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

**အခန်း (၁၀–ဃ) ဘာယာဉ်တွေ စီးဖူးသလဲ**
**အကြံပြုစာသင်ချိန် ၁ ချိန်**

### သင်ယူမှုဦးတည်ချက်

- ♦ မိမိစီးဖူးသောယာဉ်များကို သိရှိရန်
- ♦ မေးခွန်းပေါ်မူတည်၍ အဖြေဝါကျကို အစီအစဉ်တကျ ပြည့်စုံစွာရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ♦ ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ ဆရာက ကျောင်းသုံးစာအုပ်ပါရုပ်ပုံကို ကြည့်စေပြီး "ဒီရုပ်ပုံထဲက ယာဉ်တွေကို မြင်ဖူးကြသလား" ဟု မေးကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများကို တစ်ဦးစီ ပြောစေပါမည်။
- ⦿ ကလေးများကို ယာဉ်အမည်များအား စာလုံးပေါင်းပြီး ပြောစေပါမည်။
- ♦ ကလေးများကို စာအုပ်ထဲတွင်လည်း ရေးစေပါမည်။
- ⦿ စာမျက်နှာ (၉၉)ပါမေးခွန်းများကို မမေးမီ ဆရာက ကျောင်းသုံးစာအုပ်ပါ မေးခွန်းနှင့် အဖြေကို ရှင်းပြပါမည်။
- ♦ ဆရာက အဖြေမတူညီပုံကို ပြောပြပြီး "စက်ဘီး"ဟု ဖြေသည်ထက် "စက်ဘီးစီးဖူးပါတယ်"ဟု ဖြေသည်က ပို၍ ပြည့်စုံကြောင်း ရှင်းပြရပါမည်။
- ♦ ထို့နောက် မေးခွန်းများကို နှစ်ယောက်တစ်တွဲ မေးစေပြီးမှ ဖြေဆိုစေပါမည်။
- ⦿ မေးခွန်းပေါ်မူတည်၍ အဖြေဝါကျကို ပြည့်စုံစွာ ရေးသားရမည်ဖြစ်ကြောင်းရှင်းပြရပါမည်။
- ♦ ပြီးလျှင် ကလေးများအား ဝါကျကိုပြည့်စုံစွာ ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ ကလေးများ၏အဖြေကို ပြန်ပြောစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း အဖြေဝါကျကို အစီအစဉ်တကျ ပြည့်စုံစွာ ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁၀။ ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင်စာသင်မယ်

**(ဃ) ဘာယာဉ်တွေစီးဖူးသလဲ**







### အစိကအချက်များ

- ♦ ကလေးများ၏ ဖြေဆိုမှုများ မှန်ကန်စေရန် ဆရာက ကူညီပေးရပါမည်။

### အရေးကြီးသောအချက်များ

- ♦ ကျောင်းသုံးစာအုပ်ပါ ယာဉ်များကို ဦးစားပေးရှင်းပြရပါမည်။
- ♦ မေးခွန်းပေါ်မူတည်၍ ဖြေဆိုပုံ မှန်ကန်မှုကို ဦးစားပေးရပါမည်။

DBE Box – Copyright Protected

၁၀။ ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင်စာသင်မယ်

**(င) ဘကြီးဖြိုးတို့အိမ်**



ကျွန်တော်တို့ရွာတွင် ဘကြီးဖြိုးတို့အိမ် ပျက်စီးနေပါသည်။ ရွာသားများက ဝိုင်းဝန်း ပြင်ဆင်ပေးကြ၏။ ရွာသားအချို့က သစ်ဝါးများကို ခုတ်ပေးကြ၍ အချို့က လှည်းဖြင့် သယ်ပေးကြပါသည်။

## အခန်း (၁၀-င) ဘကြီးဖြိုးတို့အိမ်
## အကြံပြုစာသင်ချိန် ၅ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- သင်ခန်းစာကို ဖတ်ရှုပြီး ပြန်လည် ပြောဆိုတတ်ရန်
- အချင်းချင်း ကူညီလုပ်ဆောင်တတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဆရာက "ကလေးတို့ ပုံပြင်ခေါင်းစဉ်လေးကို ဖတ်ကြည့်ပါအုံး" "ဘယ်လိုအိမ် ဖြစ်မယ်ထင်သလဲ ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⊙ ကျောင်းသုံးစာအုပ်ပါ ပထမရုပ်ပုံနှင့် ဒုတိယရုပ်ပုံကို ကြည့်စေကာ ထင်မြင်ချက်များကို လွတ်လပ်စွာ ပြောစေမည်။

⊙ ဆရာက ဖတ်စာတစ်ပုဒ်လုံးကို အဖြတ်အရပ်မှန်စွာ ဖတ်ပြပါမည်။ ကျောင်းသားများကို နောက်မှလိုက်ကာ ရွတ်ဖတ်စေပါမည်။ (တစ်တန်းလုံး)

- အဖွဲ့လိုက် နှစ်ယောက်တစ်တွဲ၊ တစ်ဦးချင်းစီ ရွတ်ဖတ်စေပါမည်။
- ရွတ်ဖတ်ပြီးနောက် ကျောင်းသားများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေမည်။

**နိဂုံးချုပ်ခြင်း**

- "နောက်အချိန်မှာ စာပိုဒ်အလိုက် အသေးစိတ် ဖတ်ကြည့်ကြရအောင်" ဟု ပြောကာ နိဂုံးချုပ်မည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စိတ်ပါဝင်စားစွာ ဖတ်ရှုခြင်း ရှိ၊ မရှိ နှင့် မိမိ၏ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောဆိုနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ

- ကလေးများ ပုဒ်ဖြတ်၊ ပုဒ်ရပ်အသုံးကို နားလည်ကာ အဖြတ်အရပ်မှန်မှန် ရွတ်ဖတ်တတ်စေရန် ဆရာက ရှင်းပြပေးရပါမည်။

### အရေးကြီးသောအချက်များ

- ရုပ်ပုံကို တစ်ပုံချင်း သေချာစွာကြည့်ရှုစေပြီး ကလေးများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောကြားစေပါမည်။

DBE Box – Copyright Protected

## အခန်း (၁၀–င) ဘကြီးဖြိုးတို့အိမ်
## အကြံပြုစာသင်ချိန် ၅ မိနစ် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ကျောင်းသုံးစာအုပ်ပါ ပထမပုံကိုကြည့်စေပြီး ထင်မြင်ချက်များကို ပြောစေမည်။

**လုပ်ငန်းစဉ်**

⊙ ဝေါဟာရ သစ်များ၊ နားလည်ရန်ခက်ခဲသော စကားလုံးများကို မျဉ်းသားကြရအောင် ဟုပြောပြီး နိဒါန်းပျိုးပါမည်။

ဥပမာ။ ။ ပျက်စီး၊ ဝိုင်းဝန်း၊ နှီးဖြာ၊ သက်ငယ်ပျစ်

⊙ ထို့နောက် ဆရာက အဓိပ္ပာယ်များကို ရှင်းပြပါမည်။

ဥပမာ။ ။ နှီးဖြာ = ဝါး၊ ကြိမ်တို့ကို ပါးပါးလွှာလွှာ စိတ်ဖြာသည်။

သက်ငယ်ပျစ် = အရွက်ရှည်ကိုပျစ်၍ အမိုးအကာပြုလုပ်ရသော မြက်ပင်ရှည်တစ်မျိုး။

⊙ ကလေးများ မျဉ်းသားထားသော စကားလုံးများကို ကူးရေးစေပါမည်။ ကျက်မှတ်စေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "ကလေးတို့ ဖတ်စာကို ဖတ်နိုင်ကြပြီလား၊ စကားလုံးကလေးတွေကို နားလည်ကြပြီ မဟုတ်လား" ဟု မေး၍ နောက်ဆုံးအကြိမ် ဖတ်စေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ ဖတ်စာကို မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် သိရှိထားသော အကြောင်းအရာအသစ်များကို ပြောနိုင် ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်မည်။



### (င) ဘကြီးဖြိုးတို့အိမ်



ကျွန်တော်တို့ရွာတွင် ဘကြီးဖြိုးတို့အိမ် ပျက်စီးနေပါသည်။ ရွာသားများက ဝိုင်းဝန်း ပြင်ဆင်ပေးကြ၏။ ရွာသားအချို့က သစ်ဝါးများကို ခုတ်ပေးကြ၍ အချို့က လှည်းဖြင့် သယ်ပေးကြပါသည်။

### အရေးကြီးသောအချက်များ

♦ ဖတ်စာကို မှန်ကန်စွာ ဖတ်နိုင်ခြင်းမရှိသော ကျောင်းသားများနှင့် သိရှိထားသော အကြောင်းအရာ အသစ်များကို ကောင်းစွာ ပြောနိုင်ခြင်း မရှိသော ကျောင်းသားများကို ဆရာကဖတ်နိုင် ပြောနိုင်သည်အထိ သင်ကြားပေးရပါမည်။

DBE Box – Copyright Protected

**အခန်း (၁၀–င)　ဘကြီးဖြိုးတို့အိမ်**
**အကြံပြုစာသင်ချိန်　၅ ချိန် (တတိယအချိန်)**

၁၀။ ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင်စာသင်မယ်

(င) ဘကြီးဖြိုးတို့အိမ်



ကျွန်တော်တို့ရွာတွင် ဘကြီးဖြိုးတို့အိမ် ပျက်စီးနေပါသည်။ ရွာသားများက ဝိုင်းဝန်း ပြင်ဆင်ပေးကြ၏။ ရွာသားအချို့က သစ်ဝါးများကို ခုတ်ပေးကြ၍ အချို့က လှည်းဖြင့် သယ်ပေးကြပါသည်။

## အရေးကြီးသောအချက်များ

- ♦ ကျောင်းသားများ စာပိုဒ်ကို ဖတ်တတ်ပြီး နားလည်သဘော ပေါက်သည်အထိ သင်ကြားပါမည်။

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ♦ ကျောင်းသုံးစာအုပ်ပါ ပထမပုံကိုကြည့်စေပြီး ထင်မြင်ချက်များကို ပြောစေမည်။

### လုပ်ငန်းစဉ်

- ♦ ပထမစာပိုဒ်ကို ဆရာက နမူနာဖတ်ပြမည်။
- ⦿ ကျောင်းသားများ နောက်က လိုက်ကာ ဖတ်စေမည်။
- ⦿ အဖွဲ့လိုက်၊ နှစ်ယောက်တစ်တွဲ ၊ တစ်ဦးချင်းစီ ဖတ်စေပါမည်။
- ♦ "ပထမစာပိုဒ်မှာ ဘယ်သူတွေပါသလဲ သူတို့ ဘာတွေ လုပ်နေကြသလဲ" ဟု မေးပါမည်။

### နိဂုံးချုပ်ခြင်း

- ♦ ပထမစာပိုဒ်ကို တစ်တန်းလုံး ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း ပထမစာပိုဒ်နှင့်စပ်လျဉ်း၍ မှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း ရှိ၊ မရှိနှင့် ဘကြီးဖြိုးတို့အိမ် အကြောင်းကို မှန်ကန်စွာ ပြောနိုင်ခြင်း ရှိ၊ မရှိပေါ်မူတည်ပြီး စစ်ဆေး အကဲဖြတ်မည်။

DBE Box – Copyright Protected

## အခန်း (၁၀-င) ဘကြီးဖြိုးတို့အိမ်
## အကြံပြုစာသင်ချိန် ၅ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

♦ ကျောင်းသုံးစာအုပ်ပါ ဒုတိယပုံကိုကြည့်စေပြီး ထင်မြင်ချက်များကို ပြောစေမည်။

### လုပ်ငန်းစဉ်

♦ ဒုတိယစာပိုဒ်ကို ဆရာက နမူနာဖတ်ပြမည်။

⊙ ကျောင်းသားများ နောက်မှလိုက်၍ ဖတ်စေမည်။

⊙ အဖွဲ့လိုက်၊ နှစ်ယောက်တစ်တွဲ ၊ တစ်ဦးချင်းစီ ဖတ်စေပါမည်။

♦ "ပထမစာပိုဒ်မှာ ဘယ်သူတွေပါသလဲ သူတို့ ဘာတွေ လုပ်နေကြသလဲ" ဟု မေးပါမည်။

### နိဂုံးချုပ်ခြင်း

♦ ဒုတိယစာပိုဒ်ကို တစ်တန်းလုံး အဖြတ်အရပ် မှန်မှန် ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ဒုတိယစာပိုဒ်နှင့်စပ်လျဉ်း၍ မှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း ရှိ၊ မရှိနှင့် ဘကြီးဖြိုးတို့အိမ် အကြောင်းကို မှန်ကန်စွာ ပြောနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်ပြီး စစ်ဆေး အကဲဖြတ်မည်။

၁၀။ ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင်စာသင်မယ်



အသက်ရှစ်ဆယ်ကျော် ဖိုးလေးထွန်းကပင် သက်ငယ်မိုးရန် နှီးဖြာပေးသည်။ ကျွန်တော်တို့ကလေးများက သက်ငယ်ပျစ်များကို ဝိုင်းဝန်း သယ်ယူပေးပါသည်။ ဘကြီးဖြိုး၏ဇနီး အဘွားငြိမ်းက ကောက်ညှင်းပေါင်းဖြင့် ဧည့်ခံပါသည်။ ကျွန်တော်တို့ အလွန်ပျော်ကြပါသည်။

**စာလုံးပေါင်းလေ့ကျင့်မယ်။**

ပျက်စီး ဝိုင်းဝန်း နှီးဖြာ သက်ငယ်ပျစ် ကောက်ညှင်းပေါင်း

**အောက်ပါမေးခွန်းများကိုဖြေပါ။**

၁။ ဘကြီးဖြိုးတို့အိမ် ပြင်သောအခါ မည်သူတို့က ကူညီကြသနည်း။
၂။ ကလေးများက မည်သို့ကူညီကြသနည်း။
၃။ အဘွားငြိမ်းက အဘယ်ကြောင့် ကောက်ညှင်းပေါင်းကျွေးသည်ဟု ထင်သနည်း။
၄။ ကလေးတို့လည်း အခြားသူများကို အကူအညီပေးဖူးသလား။ အဘယ်ကြောင့် အကူအညီပေးခဲ့သနည်း။

### အရေးကြီးသောအချက်များ

♦ ဒုတိယစာပိုဒ်ကို ဖတ်ရွတ်တတ်သည်၊ နားလည်သဘောပေါက်သည် အထိ သင်ကြားပါမည်။

DBE Box – Copyright Protected



အသက်ရှစ်ဆယ်ကျော် ဖိုးလေးထွန်းကပင် သက်ငယ်မိုးရန် နှီးဖြာပေးသည်။ ကျွန်တော်တို့ကလေးများက သက်ငယ်ပျစ်များကို ဝိုင်းဝန်း သယ်ယူပေးပါသည်။ ဘကြီးဖြိုး၏ဇနီး အဘွားငြိမ်းက ကောက်ညှင်းပေါင်းဖြင့် ဧည့်ခံပါသည်။ ကျွန်တော်တို့ အလွန်ပျော်ကြပါသည်။

**စာလုံးပေါင်းလေ့ကျင့်မယ်။**

ပျက်စီး ဝိုင်းဝန်း နှီးဖြာ သက်ငယ်ပျစ် ကောက်ညှင်းပေါင်း

**အောက်ပါမေးခွန်းများကိုဖြေပါ။**

၁။ ဘကြီးဖြိုးတို့အိမ် ပြင်သောအခါ မည်သူတို့က ကူညီကြသနည်း။
၂။ ကလေးများက မည်သို့ကူညီကြသနည်း။
၃။ အဘွားငြိမ်းက အဘယ်ကြောင့် ကောက်ညှင်းပေါင်းကျွေးသည်ဟု ထင်သနည်း။
၄။ ကလေးတို့လည်း အခြားသူများကို အကူအညီပေးဖူးသလား။ အဘယ်ကြောင့် အကူအညီပေးခဲ့သနည်း။

## အရေးကြီးသောအချက်များ

- ♦ ကျောင်းသားများ မေးခွန်းအားလုံး ဖြေဆိုနိုင်သည်အထိ ဆရာက ဖေးမကူညီပေးရပါမည်။
- ♦ ကျောင်းသားများ၏အဖြေကို သင်ပုန်းတွင် ရေးမှတ်ထားပါမည်။

## အခန်း (၁၀- င) ဘကြီးဖြိုးတို့အိမ်
## အကြံပြုစာသင်ချိန် ၅ ချိန် (ပဥ္စမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ "ကလေးတို့ ဖတ်စာတစ်ပုဒ်လုံးကို နားလည်ပြီး ဖတ်တတ်ကြပြီဆိုတော့ ဒီနေ့မေးခွန်းလေးတွေ ဖြေကြည့်ကြရအောင်နော်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ မေးခွန်းနံပါတ် ၁ ကို ဖတ်စေပါမည်။
- ⦿ ကလေးတစ်ဦးချင်းစီ၏အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ကူးရေးစေပါမည်။
- ⦿ ထို့နောက် မိမိရေးသားထားသည်ကို ဖြေကြားစေမည်။
- ⦿ မေးခွန်းနံပါတ် ၂ မှ ၃ အထိ မေးခွန်းများကို ဖြေစေပါမည်။
- ⦿ မေးခွန်း နံပါတ် ၄ ကို ရေးသားစေပြီးနောက် ကလေးများကိုယ်တိုင် ကူညီပေးဖူးသော အတွေ့အကြုံကို နှစ်ယောက်တစ်တွဲပြောစေမည်။ နှစ်တွဲ၊ သုံးတွဲကို အတန်းရှေ့ထွက်ကာ ပြောစေမည်။
- ♦ ထို့နောက် ဆရာက လေ့ကျင့်ခန်းစာအုပ်ကို စစ်ဆေးပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ "ဘကြီးဖြိုးတို့အိမ်အကြောင်းကို ကလေးတို့သိကြပြီးမဟုတ်လား ကလေးတို့လဲ သင်ခန်းစာထဲကလို မိမိပတ်ဝန်းကျင်မှာ ကူညီနိုင်တာရှိရင် တတ်နိုင်သလောက် ကူညီပေးကြရမယ်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်ခြင်း ရှိ၊ မရှိနှင့် သိရှိထားသော အကြောင်းအရာအသစ်များကို ပြောနိုင်ခြင်း ရှိ၊ မရှိပေါ်မူတည်ကာ စစ်ဆေးအကဲဖြတ်မည်။

DBE Box – Copyright Protected

## အခန်း (၁၁-က) စာဘူးတောင်းသိုက်ကလေးများ
## အကြံပြုစာသင်ချိန် ၅ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်
♦ သင်ခန်းစာကိုဖတ်ရှုပြီး အဓိပ္ပာယ်ကို နားလည်ရန်
♦ စာဘူးတောင်းငှက်၏ နေထိုင်မှုထူးခြားပုံကို သိရှိရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**

♦ ကျောင်းသုံးစာအုပ်ပါ ငှက်ရုပ်ပုံကို ကြည့်စေကာ 'ဒီငှက်ကလေးကို မြင်ဖူးကြသလား' ဟု မေးကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ စာဘူးတောင်းငှက်ပုံကို ကြည့်စေကာ ထင်မြင်ချက်များကို လွတ်လပ်စွာပြောစေမည်။

⊙ ဆရာက ဖတ်စာပါ အကြောင်းကို ဖတ်မပြဘဲ အပြောစကားဖြင့် နားလည်အောင် ရှင်းပြရပါမည်။

♦ ဆရာက ဖတ်စာကို ဖတ်ပြပြီး ကျောင်းသားများကို သေသေချာချာ နားထောင်စေပါမည်။

♦ ဆရာက တစ်ကြိမ်ထပ်မံ၍ ဖြည်းဖြည်းဖတ်ပြပါမည်။ ကျောင်းသားများကိုလည်း နားမလည်သည့် စာကြောင်းကို မျဉ်းသားထားရန် ပြောရပါမည်။

♦ ထို့နောက် ဆရာက တတိယအကြိမ် ထပ်မံဖတ်ပြပြီး ကျောင်းသားများကို နောက်မှလိုက်၍ ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

⊙ ပြီးလျှင် ဖတ်စာပါအကြောင်းအရာကို ကြည့်စေပြီး အချင်းချင်း ပြောစေပါမည်။ (အကြောင်းအရာတစ်ခုချင်း သို့မဟုတ် စာပိုဒ်တစ်ပိုဒ်ချင်း)

**နိဂုံးချုပ်ခြင်း**

♦ ဆရာက"ကျောင်းသားများပြောပြတဲ့ အကြောင်းအရာတွေ ဖတ်စာပါအကြောင်းအရာတွေကို နောက်အချိန်မှာ အသေးစိတ်ဖတ်ကြည့်ကြရအောင်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ကျောင်းသုံးစာအုပ်ပါ ငှက်ရုပ်ပုံကို ကြည့်ရှုကာ ထင်မြင်ချက်၊ အတွေ့အကြုံများကို ပြောနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



## အခန်း ၁၁ ပုံပြင်ကလေးတွေပြောကာရယ် ဗဟုသုတရှာကြမယ်



### (က) စာဘူးတောင်းသိုက်ကလေးများ

စာဘူးတောင်းငှက်သည် အဝါရောင်ရှိသော ငှက်ငယ်ကလေးဖြစ်သည်။ စာကလေးမျိုးနွယ်ဖြစ်၍ စာဘုန်းကြီးဟုလည်းခေါ်သည်။ သူတို့၏ အသိုက်ပြုလုပ်ပုံမှာ စိတ်ဝင်စားစရာကောင်းသည်။ မည်သည့်အသိုက်မျိုးနည်း။

ပထမအချက်မှာ ကောက်ရိုးခြောက်၊ မြက်ခြောက်များကို အသုံးပြု၍ အသိုက်ကို ရက်လုပ်ထားခြင်းဖြစ်သည်။ အသိုက်များကို သေသေချာချာ ခိုင်ခံ့စွာရက်လုပ်ထားသောကြောင့် အလွယ်တကူ မပျက်စီးနိုင်ပါ။

ဒုတိယအချက်မှာ အသိုက်အတွင်း ပိုးစုန်းကြူးကလေးများကို ထည့်ထားခြင်းဖြစ်သည်။ ပိုးစုန်းကြူးကလေးများကို အသိုက်အတွင်း ရွံ့နှင့် ကပ်ထားခြင်းဖြင့် အလင်းရောင်ရအောင် ပြုလုပ်ထားပါသည်။

တတိယအချက်မှာ ပုံစံအနည်းငယ် မတူညီသော အသိုက်နှစ်မျိုးကို တွေ့ရခြင်းဖြစ်သည်။ အပင်မြင့်ရှိ အကိုင်းပေါ်မှ တွဲလောင်းကျနေသော အသိုက်သည် အဝကျယ်ပြီး အသိုက်အောက်နားတွင် တန်းကလေးရှိသည်။ မီးအုပ်ဆောင်းပုံသဏ္ဌာန်ရှိပြီး ငှက်ဖိုနေသည်။ ငှက်မနှင့်တွေ့ပြီး နောက်ပိုင်းတွင် အသိုက်မှာ ပိုက်လုံးပုံသဏ္ဌာန်ဖြစ်သွားပြီး အောက်ဘက်တွင် ဝင်ပေါက်ထားရှိသည်။ ရှည်လျားသော အသိုက်အတွင်း အခန်းပိုတစ်ခန်းပါရှိပြီး ထိုအခန်းသည် ငှက်မ နေထိုင်ရန်နှင့် ဥ ဥရန် နေရာဖြစ်သည်။ ထို့ကြောင့် အသိုက်အတွင်းမှ ဥများထွက်ကျမည်ကို မစိုးရိမ်ရပါ။

စာဘူးတောင်းငှက်ကလေးများ၏ အသိုက်ပြုလုပ်ပုံသည် အခြားငှက်ကလေးများ အသိုက်ပြုလုပ်ပုံနှင့် မတူကြပါ။ စာဘူးတောင်းငှက်ကလေးများ၏ အသိုက်ပြုလုပ်ပုံမှာ ထူးခြားကောင်းမွန်လှသဖြင့် သူတို့ကို စိတ်ကူးကောင်းသော လက်သမားငှက်ကလေးများဟု ဆိုနိုင်ပါသည်။

### အဓိကအချက်များ
♦ ပထမအချိန်တွင် ကျောင်းသားများ ဖတ်စာကို စိတ်ဝင်စားလာစေရန် မိမိအတွေ့အကြုံ ထင်မြင်ချက်များကို လွတ်လပ်စွာ ပြောစေပါမည်။

♦ စာပိုဒ်အသီးသီးကို မှန်ကန်စွာ ရွတ်ဖတ်ကာ စာပိုဒ်၏အဓိပ္ပာယ်ကို နားလည်သဘောပေါက်စေရန် သေချာစွာ နားထောင်စေပါမည်။

♦ စာဘူးတောင်းငှက်နှင့် အသိုက်ရက်လုပ်ပုံကို ပြောရာတွင် လိုအပ်ပါက ဆရာက ကူညီပေးရမည်။

♦ စာဘူးတောင်းငှက် အကြောင်းကို ရေးသားရာတွင် လိုအပ်ပါက ဆရာက ကူညီပေးရမည်။

♦ ကလေးများလွတ်လပ်စွာ ပြောစေရမည်။

### အရေးကြီးသောအချက်များ
♦ စာပိုဒ်ကိုဖတ်ပြီမှ ဆရာက စကားလုံးအသစ်များကို ရှင်းပြရပါမည်။

ဥပမာ။ ။ စာဘူးတောင်းသိုက်၊ စာဘုန်းကြီး၊ အသိုက်၊ စိတ်ကူး။

စာဘူးတောင်းသိုက် = စာဘူးတောင်းငှက်ကလေးများ ရက်လုပ်သည့် တွဲလျားကျနေသော အသိုက်ရှည်

စာဘုန်းကြီး = တစ်ကိုယ်လုံးဝါသော စာကလေးငှက်

DBE Box_Copyright Protected

## အခန်း ၁၁ ပုံပြင်ကလေးတွေပြောကာရယ် ဗဟုသုတရှာကြမယ်

### (က) စာဘူးတောင်းသိုက်ကလေးများ



စာဘူးတောင်းငှက်သည် အဝါရောင်ရှိသော ငှက်ငယ်ကလေးဖြစ်သည်။ စာကလေးမျိုးနွယ်ဖြစ်၍ စာဘုန်းကြီးဟုလည်းခေါ်သည်။ သူတို့၏ အသိုက်ပြုလုပ်ပုံမှာ စိတ်ဝင်စားစရာကောင်းသည်။ မည်သည့်အသိုက်မျိုးနည်း။

ပထမအချက်မှာ ကောက်ရိုးခြောက်၊ မြက်ခြောက်များကို အသုံးပြု၍ အသိုက်ကို ရက်လုပ်ထားခြင်းဖြစ်သည်။ အသိုက်များကို သေသေချာချာ ခိုင်ခံ့စွာရက်လုပ်ထားသောကြောင့် အလွယ်တကူ မပျက်စီးနိုင်ပါ။

ဒုတိယအချက်မှာ အသိုက်အတွင်း ပိုးစုန်းကြူးကလေးများကို ထည့်ထားခြင်းဖြစ်သည်။ ပိုးစုန်းကြူးကလေးများကို အသိုက်အတွင်း ရွှံ့နှင့် ကပ်ထားခြင်းဖြင့် အလင်းရောင်ရအောင် ပြုလုပ်ထားပါသည်။

တတိယအချက်မှာ ပုံစံအနည်းငယ် မတူညီသော အသိုက်နှစ်မျိုးကို တွေ့ရခြင်းဖြစ်သည်။ အပင်မြင့်ရှိ အကိုင်းပေါ်မှ တွဲလောင်းကျနေသော အသိုက်သည် အဝကျယ်ပြီး အသိုက်အောက်နားတွင် တန်းကလေးရှိသည်။ မီးအုပ်ဆောင်းပုံသဏ္ဌာန်ရှိပြီး ငှက်ဖိုနေသည်။ ငှက်မနှင့်တွေ့ပြီး နောက်ပိုင်းတွင် အသိုက်မှာ ပိုက်လုံးပုံသဏ္ဌာန်ဖြစ်သွားပြီး အောက်ဘက်တွင် ဝင်ပေါက်ထားရှိသည်။ ရှည်လျားသော အသိုက်အတွင်း အခန်းပိုတစ်ခန်းပါရှိပြီး ထိုအခန်းသည် ငှက်မနေထိုင်ရန်နှင့် ဥ ဥရန် နေရာဖြစ်သည်။ ထို့ကြောင့် အသိုက်အတွင်းမှ ဥများထွက်ကျမည်ကို မစိုးရိမ်ရပါ။

စာဘူးတောင်းငှက်ကလေးများ၏ အသိုက်ပြုလုပ်ပုံသည် အခြားငှက်ကလေးများ အသိုက်ပြုလုပ်ပုံနှင့် မတူကြပါ။ စာဘူးတောင်းငှက်ကလေးများ၏ အသိုက်ပြုလုပ်ပုံမှာ ထူးခြားကောင်းမွန်လှသဖြင့် သူတို့ကို စိတ်ကူးကောင်းသော လက်သမားငှက်ကလေးများဟု ဆိုနိုင်ပါသည်။

### အရေးကြီးသောအချက်များ

- ♦ စာပိုဒ်ကို မဖတ်ပြမီ ဆရာက စကားလုံးအသစ်များကို ရှင်းပြရပါမည်။

## အခန်း (၁၁–က) စာဘူးတောင်းသိုက်ကလေးများ အကြံပြုစာသင်ချိန် ၅ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ "ဒီနေ့စာဘူးတောင်းငှက် အသိုက်ရက်လုပ်ပုံကို ဖတ်ကြည့်ပြီး ပြောရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ "ဒုတိယအချက်ပါ စာပိုဒ်အထိ ဖတ်ကြည့်ရအောင်"ဟု ပြောပြီး ထိုစာပိုဒ်ရှိ စကားလုံးအသစ်များကို ပြန်၍မေးပါမည်။

  ဥပမာ။ ။ စာဘူးတောင်း၊ အသိုက်၊ စာဘုန်းကြီး။
- ⊙ ပထမစာသင်ချိန်တွင် မျဉ်းသားထားသော စာကြောင်းများကို ပြန်၍ ရှင်းပြပါမည်။
- ⊙ အဖွဲ့လိုက်၊ နှစ်ယောက်တစ်တွဲ၊ တစ်ဦးချင်းစီ ဖတ်စေပါမည်။
- ♦ ပထမနှင့်ဒုတိယအချက်ကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ♦ "ဘယ်မှာတွေ့ခဲ့သလဲ" "ဘယ်တုန်းကတွေ့ခဲ့သလဲ" "ဘယ်အပင်မှာ တွေ့ခဲ့သလဲ" စသည်ဖြင့် မေးစေပါမည်။
- ♦ ထို့နောက် ဆရာက "စာဘူးတောင်းငှက်အသိုက်နဲ့ တခြားငှက်အသိုက်တွေ ဘာကြောင့်ကွာခြားတယ် ထင်သလဲ" ဟူသော အမေးကို ပြန်၍ဖြေစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ ထိုစာပိုဒ်ကို တစ်တန်းလုံး ရွတ်ဖတ်စေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း ပထမအချက်ပါ စာပိုဒ်အထိ မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိနှင့် ငှက်၏ အသိုက်ရက်လုပ်ပုံနှင့် ထူးခြားချက်ကို ပြောနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၁၁-က) စာဘူးတောင်းသိုက်ကလေးများ
## အကြံပြုစာသင်ချိန် ၅ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

♦ စာဘူးတောင်းသိုက်ကလေးများအကြောင်းကို ကလေးများ သိသမျှ ပြန်မေးကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

⊙ ကျောင်းသုံးစာအုပ်ပါ စာဘူးတောင်းသိုက် ပုံ နှစ်ပုံကို ကြည့်ရှုစေပြီး ကွာခြားပုံကို မေးပါမည်။

♦ ကလေးတစ်ဦးချင်း ဖြေစေပြီးမှ ဖတ်စာအုပ်ပါ တတိယ အချက်ကို ဖတ်စေပါမည်။
(အုပ်စုလိုက်၊ တစ်ဦးချင်း)

⊙ ဆရာက "စာပိုဒ်ကို ဖတ်ပြီးသွားပြီဆိုတော့ စာဘူးတောင်းငှက်ဖိုနဲ့ ငှက်မ တွေ့ဆုံပြီးနောက် အသိုက်မတူပုံကို နှစ်ယောက်တစ်တွဲ ပြောကြရအောင်" ဟုပြောပါမည်။

♦ ကလေးများမပြောမီ ဆရာက အသိုက်ပုံကို လက်ထောက်၍ နမူနာ ပြောပြရပါမည်။

### နိဂုံးချုပ်ခြင်း

♦ ထို့နောက် နှစ်ယောက်တစ်တွဲကို စာပိုဒ်ပါအချက်များ ပြောစေ၍ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း မှန်ကန်စွာ ရွတ်ဖတ်ပြနိုင်ခြင်း ရှိ၊ မရှိနှင့် အသိုက်နှစ်ခု မတူညီပုံကို ပြောနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



## အခန်း ၁၁ ပုံပြင်ကလေးတွေပြောကာရယ် ဗဟုသုတရှာကြမယ်

### (က) စာဘူးတောင်းသိုက်ကလေးများ



စာဘူးတောင်းငှက်သည် အဝါရောင်ရှိသော ငှက်ငယ်ကလေးဖြစ်သည်။ စာကလေးမျိုးနွယ်ဖြစ်၍ စာဘုန်းကြီးဟုလည်းခေါ်သည်။ သူတို့၏ အသိုက်ပြုလုပ်ပုံမှာ စိတ်ဝင်စားစရာကောင်းသည်။ မည်သည့်အသိုက်မျိုးနည်း။

ပထမအချက်မှာ ကောက်ရိုးခြောက်၊ မြက်ခြောက်များကို အသုံးပြု၍ အသိုက်ကို ရက်လုပ်ထားခြင်းဖြစ်သည်။ အသိုက်များကို သေသေချာချာ ခိုင်ခံ့စွာရက်လုပ်ထားသောကြောင့် အလွယ်တကူ မပျက်စီးနိုင်ပါ။

ဒုတိယအချက်မှာ အသိုက်အတွင်း ပိုးစုန်းကြူးကလေးများကို ထည့်ထားခြင်းဖြစ်သည်။ ပိုးစုန်းကြူးကလေးများကို အသိုက်အတွင်း ရွှံ့နှင့် ကပ်ထားခြင်းဖြင့် အလင်းရောင်ရအောင် ပြုလုပ်ထားပါသည်။

တတိယအချက်မှာ ပုံစံအနည်းငယ် မတူညီသော အသိုက်နှစ်မျိုးကို တွေ့ရခြင်းဖြစ်သည်။ အပင်မြင့်ရှိ အကိုင်းပေါ်မှ တွဲလောင်းကျနေသော အသိုက်သည် အဝကျယ်ပြီး အသိုက်အောက်နားတွင် တန်းကလေးရှိသည်။ မီးအုပ်ဆောင်းပုံသဏ္ဍာန်ရှိပြီး ငှက်ဖိုနေသည်။ ငှက်မနှင့်တွေ့ပြီး နောက်ပိုင်းတွင် အသိုက်မှာ ပိုက်လုံးပုံသဏ္ဍာန်ဖြစ်သွားပြီး အောက်ဘက်တွင် ဝင်ပေါက်ထားရှိသည်။ ရှည်လျားသော အသိုက်အတွင်း အခန်းပိုတစ်ခန်းပါရှိပြီး ထိုအခန်းသည် ငှက်မ နေထိုင်ရန်နှင့် ဥ ဥရန် နေရာဖြစ်သည်။ ထို့ကြောင့် အသိုက်အတွင်းမှ ဥများထွက်ကျမည်ကို မစိုးရိမ်ရပါ။

စာဘူးတောင်းငှက်ကလေးများ၏ အသိုက်ပြုလုပ်ပုံသည် အခြားငှက်ကလေးများ အသိုက်ပြုလုပ်ပုံနှင့် မတူကြပါ။ စာဘူးတောင်းငှက်ကလေးများ၏ အသိုက်ပြုလုပ်ပုံမှာ ထူးခြားကောင်းမွန်လှသဖြင့် သူတို့ကို စိတ်ကူးကောင်းသော လက်သမား ငှက်ကလေးများဟု ဆိုနိုင်ပါသည်။

### အရေးကြီးသောအချက်များ

♦ ဆရာကပြောရန်အဖြေနမူနာ
ငှက်ဖိုတစ်ဦးတည်းနေစဉ်အသိုက် = အဝကျယ်၊ အောက်ဘက်တန်းရှိ၊ မီးအုပ်ဆောင်းပုံ
ငှက်မနေထိုင်စဉ်အသိုက် = ပိုက်လုံးပုံသဏ္ဍာန်၊ အောက်ဘက်ဝင်ပေါက်ရှိ၊ အသိုက်ရှည်လျား၊ အခန်းပိုပါရှိ

♦ စာဘူးတောင်း ငှက်ဖိုတစ်ဦးတည်းနေစဉ်အသိုက်၊ ငှက်မနေထိုင်စဉ် အသိုက် မတူပုံတို့ကို အပြန်အလှန် လွတ်လပ်စွာ ပြောဆိုစေပါမည်။

DBE Box _ Copyright Protected

## လေ့ကျင့်ခန်း

၁။ ရုပ်ပုံကိုကြည့်ပါ။ ငှက်မ ရှိတဲ့အသိုက်က ဘယ်အသိုက်ဖြစ်မလဲ။ ဘာကြောင့်လဲ။





၂။ စာဘူးတောင်းအသိုက်ရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ အချက်ကို ပြောပြပါ။

၃။ စာဘူးတောင်းအသိုက်က ဘာကြောင့် လွယ်လွယ်ကူကူ မပျက်စီးတာလဲ။

၄။ ဘာကြောင့် ပိုးစုန်းကြူးကလေးတွေကို အသိုက်အတွင်းကပ်ထားတာလဲ။

၅။ ဘာကြောင့်လက်သမားငှက်ကလေးများလို့ ခေါ်နိုင်သလဲ။




### အရေးကြီးသောအချက်များ

- စာဘူးတောင်းသိုက် မတူပုံကို ပြောရာတွင် ကလေးများကို လွတ်လပ်စွာ ပြောစေရမည်။
- ဖတ်စာပါမေးခွန်းနံပါတ် ၃ ၊ ၄ အတွက်နမူနာအဖြေ
  (၃) ကောက်ရိုးခြောက်၊ မြက်ခြောက်များအသုံးပြု သေချာခိုင်ခံ့စွာ ရက်လုပ်ထား
  (၄) အသိုက်အတွင်း အလင်းရောင်ရရန်

## အခန်း (၁၁-က) စာဘူးတောင်းသိုက်ကလေးများ
## အကြံပြုစာသင်ချိန် ၅ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဖတ်စာပါ စာဘူးတောင်းသိုက်နှစ်ခုပုံကို ကြည့်စေ၍ "ငှက်ဖိုနဲ့ ငှက်မတွေ့ပြီးနောက် အသိုက်မတူပုံကို ကြည့်ရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဦးစွာကလေးများကို အုပ်စုဖွဲ့၍ အသိုက်နှစ်ခုကို ကြည့်စေပါမည်။
- ဖတ်စာပါ စာဘူးတောင်းသိုက်နှစ်ခုကို ကြည့်စေ၍ ငှက်ဖို ငှက်မ အသိုက်မတူပုံကို ပြောစေပါမည်။
- စာဘူးတောင်း ငှက်ဖိုနှင့် ငှက်မအသိုက် ခွဲခြားမှတ်သားစေကာ အဘယ်ကြောင့် ကွာခြားသည်ကို တစ်ဦးစီ ပြန်ပြောစေပါမည်။
- ⊙ ထို့နောက် ဖတ်စာပါ ပုံနှစ်ခု၏အောက်တွင် ငှက်ဖိုတစ်ဦးတည်းနေစဉ် အသိုက်နှင့် ငှက်မနေထိုင်စဉ် အသိုက် ပြောင်းလဲပုံကို ရေးသားစေပါမည်။
- ထို့နောက် ဖတ်စာပါမေးခွန်းနံပါတ် ၁ မှ ၄ အထိကို ဖြေဆိုစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဖတ်စာကို တစ်တန်းလုံး ပြန်လည်ဖတ်စေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာဘူးတောင်း ငှက်ဖိုနှင့်ငှက်မ အသိုက်ခွဲခြားနိုင်မှုနှင့် မေးခွန်းများ ဖြေဆိုနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်ကာ စစ်ဆေးအကဲဖြတ်မည်။

ဥပမာ။ ။ မေးခွန်းနံပါတ်(၂) စိတ်ဝင်စားစရာကောင်းတဲ့ အချက်

အခြားငှက်သိုက်များနဲ့ မတူ၊ ထူးခြား ကောင်းမွန်၊ စိတ်ကူးကောင်း။

DBE Box—Copyright Protected

## အခန်း (၁၁-က) စာဘူးတောင်းသိုက်ကလေးများ
## အကြံပြုစာသင်ချိန် ၅ ချိန် (ပဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ "စာဘူးတောင်းငှက်နဲ့ တခြားငှက်တွေရဲ့ အသိုက်တည်ဆောက်ပုံ မတူတာကို သိကြပြီ မဟုတ်လား" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ဖတ်စာ အစမှအဆုံးကို ဖတ်စေပါမည်။

⊙ ဆရာက ကလေးများကို "ဒီအကြောင်းအရာမှာ ရေးတဲ့သူက အဓိက ဘာပြောချင်တာလဲ"ဟု မေးပါမည်။

♦ ကလေးများ ပြောသည်ကို နားထောင်ပြီးမှ စာဘူးတောင်းငှက်အကြောင်း မှတ်မိသမျှ စိတ်ဝင်စားသည့် အချက် တစ်ကြောင်းချင်းစီ မိမိမှတ်စုစာအုပ်တွင် ရေးစေပါမည်။
(အနည်းဆုံး ၃ ကြောင်းခန့်)

♦ ကလေးများရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်ဆေးစေပါမည်။

⊙ ကလေးတစ်ဦးချင်းစီ ဖြေစေပြီး အတန်းသားများကို နားထောင်စေပါမည်။ ကလေးပြောစဉ် ဆရာက သင်ပုန်းမှတ်ချက် ရေးထားရပါမည်။

♦ ဆရာကပြန်ဖတ်ပြပြီး မှန်၊ မမှန်ကို ပြောပြပါမည်။

♦ ထို့နောက် မေးခွန်းနံပါတ် ၅ ကို ဖြေဆိုစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ ဆရာက ပြန်ဖတ်ပြပြီး "စာဘူးတောင်းငှက် အသိုက်နဲ့ တခြားငှက်သိုက် မတူတဲ့အချက်တွေ နေထိုင်မှု ထူးခြားပုံတွေကို သိကြပြီနော်"ဟု ပြောကာနိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း စာကြောင်းများကို အသံထွက်မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် လေးကြောင်းမျဉ်းတွင် ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁၁။ ပုံပြင်ကလေးတွေပြောကာရယ် ဗဟုသုတရှာကြမယ်

**လေ့ကျင့်ခန်း**

၁။ ရုပ်ပုံကိုကြည့်ပါ။ ငှက်မ ရှိတဲ့အသိုက်က ဘယ်အသိုက်ဖြစ်မလဲ။ ဘာကြောင့်လဲ။





၂။ စာဘူးတောင်းအသိုက်ရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ အချက်ကို ပြောပြပါ။
၃။ စာဘူးတောင်းအသိုက်က ဘာကြောင့် လွယ်လွယ်ကူကူ မပျက်စီးတာလဲ။
၄။ ဘာကြောင့် ပိုးစုန်းကြူးကလေးတွေကို အသိုက်အတွင်းကပ်ထားတာလဲ။
၅။ ဘာကြောင့်လက်သမားငှက်ကလေးများလို့ ခေါ်နိုင်သလဲ။




### အရေးကြီးသောအချက်များ

♦ မေးခွန်းနံပါတ်(၅)စာဘူးတောင်းငှက်သည် လက်သမားငှက်ဖြစ်ကြောင်း ဖြေဆိုစေရာတွင် လိုအပ်ပါက ဆရာကကူညီပေးရမည်။

♦ အောက်ပါအချက်များ ပါဝင်စေရန် ဆရာက ကူညီပေးရပါမည်။
- အလွယ်တကူ မပျက်စီးနိုင်
- ကောက်ရိုးခြောက်၊ မြက်ခြောက်ဖြင့် သေချာရက်လုပ်
- ပိုးစုန်းကြူးကို ရွှံ့နှင့်ကပ်ထား၍ အလင်းရောင်ရ
- ငှက်ဖိုတစ်ဦးတည်းနေစဉ်အသိုက်နှင့် ငှက်မနေထိုင်စဉ် အသိုက် ပြုလုပ်ပုံကွဲပြား မတူညီ။
- ငှက်မ နေရန် အခန်းပိုပါရှိ

DBE Box – Copyright Protected

## (စ) ရွှေဥဩ (ကဗျာ)




### အန်း (၁၁-စ) ရွှေဥဩ (ကဗျာ)
### အကြံပြုစာသင်ချိန် ၂ ချိန်

### သင်ယူမှုဦးတည်ချက်
- ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- ဆရာက ကလေးများကို ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံကိုကြည့်စေပြီး မေးခွန်းများမေးကာ နိဒါန်းပျိုးပါမည်။

  ဥပမာ။ ။ "ပုံထဲမှာ ဘာတွေတွေ့ရသလဲ"
  "သူတို့ ဘာတွေလုပ်နေကြတယ်ထင်သလဲ"
  စသည်ဖြင့် ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

**လုပ်ငန်းစဉ်**
- ⊙ ကဗျာပါအကြောင်းအရာကို ဆရာက အပြောစကားဖြင့် ရှင်းပြပါမည်။
- ဆရာက ကဗျာကို အသံနေ အသံထား မှန်မှန်ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုဆရာ့နောက်မှလိုက်၍ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
- ကလေးများကိုလည်း ဟန်အမူအရာဖြင့် ရွတ်ဆိုစေပါမည်။

**နိဂုံးချုပ်ခြင်း**
- "ကဗျာကို ဟန်အမူအရာနဲ့ ပြန်ပြီး ရွတ်ဆိုကြရအောင်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် အသံနေအသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ၊ မရှိ၊ ဟန်အမူအရာဖြင့် ရွတ်ဆိုနိုင်ခြင်း ရှိ၊ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ
- ကလေးများ ကဗျာကို ဟန်အမူအရာဖြင့် လွတ်လပ် ပျော်ရွှင်စွာ သီဆိုစေပါမည်။

### အရေးကြီးသောအချက်များ
- ကလေးများ နားလည်ရန်ခက်ခဲသော ဝေါဟာရများကို နားလည်လွယ်ကူသော စကားလုံးများဖြင့် ရှင်းပြရပါမည်။
- ကဗျာပါ အကြောင်းအရာကို ကလေးများ နားလည်အောင် ရှင်းပြရန်သာဖြစ်ပါသည်။ စကားပြေရေးသားရန် မလိုပါ။
- နွေဦးရောက်လျှင် ဥဩတွန်သံကြားရပုံနှင့် ကျောင်းပိတ်ချိန်ရောက်ပုံကို အမှတ်ရစေရန် ဆရာက ပြောပြပေးရပါမည်။

DBE Box – Copyright Protected

**အခန်း (၁၁-ဂ) ပန်းချစ်သူ (ပုံပြင်)**
**အကြံပြုစာသင်ချိန် ၅ ချိန် (ပထမအချိန်)**

### သင်ယူမှုဦးတည်ချက်

- ပုံပြင်ကို ဖတ်ရှုပြီး အချင်းချင်း ပြောပြတတ်ရန်
- ဇာတ်ကောင်စရိုက်ကို ပြောပြတတ်ရန်
- မိမိ ပတ်ဝန်းကျင်ကို စိတ်ဝင်စားတတ်ရန်
- မိမိထင်မြင်ချက်ကို ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ ပုံပြင်လေးတွေ အများကြီး သင်ခဲ့ကြတယ်နော်" "ဒီနေ့သင်မဲ့ ပုံပြင်ခေါင်းစဉ်လေးကို ဖတ်ကြည့်ပါအုံး" "ဘာအကြောင်းအရာ ဖြစ်မယ်ဆိုတာ စဉ်းစားကြည့်ကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်

**လုပ်ငန်းစဉ်**

- "ဘာအကြောင်းကလေးဖြစ်မယ်ဆိုတာ ပြောကြည့်ပါအုံး"ဟု ပြောပြီး ကလေးများကို ပြောစေပါမည်။
- ကလေးများပြောသော ထင်မြင်ချက်များကို ဆရာက မှတ်သားထားပါမည်။
- ဆရာက ပုံပြင်ကို ဖတ်ပြပါမည်။ ကလေးများကို နားထောင်စေမည်။
- ⊙ ဆရာက နောက်တစ်ခေါက် ဖတ်ပြပါမည်။ ထိုအချိန်တွင် ကလေးများကို ခဲတံကိုင်ထားစေပါမည်။ ဆရာ ခေတ္တနားသော နေရာတွင် (/) ချ၍ ဝါကျဆုံးသော နေရာတွင် (//) သင်္ကေတချရမည်ဖြစ်ကြောင်း ပြောပြပြီး ပုံပြင်ကို ဖြေးဖြေးမှန်မှန် ဖတ်ပြပါမည်။
- ထို့နောက် ဆရာက နောက်တစ်ခေါက်ဖတ်ပြပါမည်။
- ကလေးများကို နောက်မှလိုက်၍ ရွတ်ဆိုစေပါမည်။
- "ပုံပြင်ထဲမှာ ဘယ်သူတွေပါသလဲ" ဟုမေးပါမည်။
- ပုံပြင်ကို နားထောင်ဖတ်ရှုပြီးဖြစ်၍ ပုံပြင်နှင့် ပတ်သက်သော ကလေးများ၏ ထင်မြင်ချက်ကို မေးပါမည်။
- ⊙ ကလေးများ၏ထင်မြင်ချက်ကို အတန်းရှေ့တွင်ထွက်၍ ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများ မိမိတို့ထင်မြင်ချက်ကို ပြောကြားနိုင်ခြင်း ရှိ၊ မရှိနှင့် ဖတ်ပြနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**(ဂ) ပန်းချစ်သူ (ပုံပြင်)**



ဒုတိယတန်းကျောင်းသားလေး မောင်ဖိုးချစ်ဟာ ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေတို့နဲ့ အတူ ပျော်ပျော်ရွှင်ရွှင် နေပါသတဲ့။

မောင်ဖိုးချစ်ဟာ ကျောင်းစာသာမက ကာတွန်းစာစောင်တွေကိုပါ ဖတ်လေ့ရှိတယ်။ ဘောလုံးကစားတာကိုလဲ ဝါသနာပါသတဲ့။ ထူးခြားတာလေး တစ်ခုက မောင်ဖိုးချစ်ဟာ အပင်မှာပွင့်နေတဲ့ ပန်းကလေးတွေကိုကြည့်ပြီး သဘောကျတတ်သတဲ့။

ကျောင်းကပြန်လာတိုင်း ခြံထဲဆင်းပြီး သူ့အမေစိုက်ထားတဲ့ ပန်းခင်းကလေးတွေကို လျှောက်ကြည့်နေတတ်သတဲ့။

### အစီအစဉ်ကာချက်များ

- ဆရာက ကလေးများ ပြောသော အချက်များကို သင်ပုန်းမှတ်ချက် ရေးပါမည်။
- ကလေးများ အဖြတ်အရပ် မှန်မှန်ဖတ်နိုင်သည်အထိ ဆရာက ကူညီပေးရပါမည်။
- ကလေးများ၏ အတွေးထင်မြင်ချက်ကို လွတ်လွတ်လပ်လပ် ပြောကြားရေးသားစေမည်။

### အရေးကြီးသောအချက်များ

- ကလေးများပြောကြားချက်ကို ဆရာက မှတ်စုရေးမှတ်ထားရပါမည်။
- ကလေးများ၏ထင်မြင်ချက်ကို ပြောကြားရာတွင် ဆရာက မှားသည် မှန်သည် မပြောဘဲ နားထောင်ပေးရပါမည်။
- တစ်ပုဒ်လုံးနှင့် ပတ်သက်သော ထင်မြင်ချက်များကို မေးရာတွင် အချိန်ရရှိမှုပေါ် မူတည်၍ ကျား မ မခွဲခြားဘဲ ကလေးများအားလုံးကို ပြောစေပါမည်။
- စာဖတ်အားနည်းသော ကလေးများ ရှိပါက ဆရာက ဖေးမ ကူညီပေးရပါမည်။

DBE Box - Copyright Protected

## (ဂ) ပန်းချစ်သူ (ပုံပြင်)



ဒုတိယတန်းကျောင်းသားလေး မောင်ဖိုးချစ်ဟာ ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေတို့နဲ့ အတူ ပျော်ပျော်ရွှင်ရွှင် နေပါသတဲ့။

မောင်ဖိုးချစ်ဟာ ကျောင်းစာသာမက ကာတွန်းစာစောင်တွေကိုပါ ဖတ်လေ့ရှိတယ်။ ဘောလုံးကစားတာကိုလဲ ဝါသနာပါသတဲ့။ ထူးခြားတာလေး တစ်ခုက မောင်ဖိုးချစ်ဟာ အပင်မှာပွင့်နေတဲ့ ပန်းကလေးတွေကိုကြည့်ပြီး သဘောကျတတ်သတဲ့။

ကျောင်းကပြန်လာတိုင်း ခြံထဲဆင်းပြီး သူ့အမေစိုက်ထားတဲ့ ပန်းခင်းကလေးတွေကို လျှောက်ကြည့်နေတတ်သတဲ့။

### အရေးကြီးသောအချက်များ

- စာတစ်ပိုဒ်ချင်းစီ ဖတ်ရာတွင် အဖြတ်အရပ် အသံနေ အသံထားမှန်မှန် ဖတ်ပြီး ရပ်နားရမည့်နေရာများတွင် ခဲတံဖြင့် မှတ်သားစေပါမည်။
- ပုံပြင်တွင်ပါဝင်သော ပျက်စီး၊ ညှိုးနွမ်း၊ မြင်ကွင်း၊ ခြောက်လှန့်၊ သဘာဝ စသည့် ကလေးများ နားလည်ရန် ခက်ခဲသော စကားလုံးများ၏အဓိပ္ပာယ်ကို ရှင်းပြရပါမည်။
- ကလေးများ ဖြေဆိုသော အဖြေကို မှားသည် မှန်သည် မပြောဘဲ လက်ခံပေးရပါမည်။
- အဖြေမှန်မပေးနိုင်သော ကလေးများ ရှိပါက ဆရာက ဖေးမကူညီပေးရပါမည်။

## အခန်း (၁၁-ဂ) ပန်းချစ်သူ (ပုံပြင်)
## အကြံပြုစာသင်ချိန် ၅ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "မနေ့က ပြောခဲ့တဲ့ ပန်းချစ်သူပုံပြင်ထဲက ကလေးတို့မသိတဲ့ နားမလည်တဲ့ စကားလုံးလေးတွေကို ဖတ်ပြီး မျဉ်းသားပေးကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- "မနေ့က ပြောခဲ့တဲ့ ပုံပြင်လေးကို တစ်မျက်နှာချင်းစီ ဖတ်ကြည့်ပါအုံး၊ ဖတ်ရင်းနဲ့ ကလေးတို့နားမလည်တဲ့ စကားလုံးတွေကို မျဉ်းသားကြနော်"ဟု ပြောပါမည်။
- ⊙ ကလေးများ နားမလည်သော စကားလုံးများကို ရှင်းပြပါမည်။
- ကျန်စာမျက်နှာများကိုလည်း အထက်ပါအတိုင်း သင်ကြားပါမည်။
- "စာလုံးပေါင်း လေ့ကျင့်မယ်" အပိုင်းကို လေ့ကျင့်ရေးသားစေပါမည်။
- ပုံပြင်ကို အစအဆုံး တစ်ခေါက် ထပ်မံဖတ်စေပါမည်။
- "ပုံပြင်နဲ့ပတ်သက်တဲ့ မေးခွန်းလေးတွေ ဖြေကြည့်ကြရအောင်"
- "ပါဝင်သူ ဘယ်နှယောက်ရှိသလဲ" "ဘယ်သူနဲ့ ဘယ်သူ အဓိကပါသလဲ"ဟူသော မေးခွန်းများမေးပါမည်။
- မိမိတို့ ထင်မြင်ချက်များကို ကလေးအချင်းချင်း ပြောစေပါမည်။
- ⊙ "တစ်ပုဒ်လုံးပြီးသွားပြီဆိုတော့ မောင်ဖိုးချစ် ဘာတွေလုပ်သလဲ ဆိုတာကို ပြောကြည့်ကြရအောင်"ဟု မေးပါမည်။
- "မောင်ဖိုးချစ်က ဘာဖြစ်လို့ လိပ်ပြာလေးတွေကို လိုက်ရိုက်တာလဲ" ဟူသော မေးခွန်းများကို မေးပါမည်။

**နိဂုံးချုပ်ခြင်း**

- "ဘိုးဘိုးနဲ့ မောင်ဖိုးချစ် ပြောစကားတွေကို သေသေချာချာမှတ်ထားနော် နောက်နေ့မှာ သရုပ်ဆောင်ကြည့်ကြမယ်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများ စိတ်ပါဝင်စားစွာ လုပ်ဆောင်နိုင်ခြင်း ရှိ၊ မရှိနှင့် မေးခွန်းဖြေဆိုနိုင်မှုပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၁၁-ဂ) ပန်းချစ်သူ (ပုံပြင်)
## အကြံပြုစာသင်ချိန် ၅ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ "ဒီနေ့ ပန်းချစ်သူ ပုံပြင်ကလေးကို ဖတ်တတ်ပြီဆိုတော့ ပုံပြင်ထဲမှာပါတဲ့ ပါဝင်သူတွေနေရာမှာ သရုပ်ဆောင်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ⊙ "အပြောစကားဆိုရင် ဘယ်လိုရေးထားသလဲဆိုတာ သင်ပြီးပြီ မဟုတ်လား"ဟု မေးပါမည်။
- ♦ သရုပ်မဆောင်ခင် "ဘာကြောင့်ဘိုးဘိုးက ဖိုးချစ်ကို ခေါ်တာလဲ"ဟူသော မေးခွန်းကို မေးပါမည်။
- ♦ ကလေးများ၏ထင်မြင်ချက်ကို ဖြေစေပါမည်။
- ♦ ဆရာက ဇာတ်ကြောင်းပြောသူ၊ ဘိုးဘိုး၊ ဖိုးချစ်တို့ ပြောစကား ဟန်အမူအရာအတိုင်း တစ်ခေါက်ဖတ်ပြပါမည်။
- ♦ ကလေးများကို ၃ ယောက်တစ်အုပ်စု ဖွဲ့စေပါမည်။
- ⊙ ဇာတ်ကြောင်းပြောသူ၊ ဘိုးဘိုး၊ ဖိုးချစ်တို့ နေရာတွင် သရုပ်ဆောင်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ "ပုံပြင်လေးထဲက ဇာတ်ဆောင်တွေနေရာမှာ သရုပ်ဆောင်တတ်ကြပြီမဟုတ်လား" ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း ပုံပြင်ကို သရုပ်ဆောင်နိုင်ခြင်း ရှိ၊ မရှိနှင့် ပုံပြင်ကို သေချာနားလည်ပြီး မေးခွန်းများကို ဖြေနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁၁။ ပုံပြင်ကလေးတွေပြောကာရယ် ဗဟုသုတရှာကြမယ်



အဲဒီလို လျှောက်ကြည့်တဲ့ အခါတိုင်းမှာလဲ တုတ်တစ်ချောင်းကို ကိုင်ထားပြီး ပန်းပွင့်ကလေးတွေအပေါ် လာနားတဲ့ လိပ်ပြာကလေးတွေ၊ ပိတုန်းကလေးတွေ၊ ပျားကလေးတွေကို ခြောက်လှန့်ရိုက်ထုတ်တတ်သတဲ့။

ဒါကို အိမ်ပြတင်းပေါက်ကကြည့်နေတဲ့ သူ့ဘိုးဘိုးက

"ဖိုးချစ်ရေ လာပါဦးကွာ လိပ်ပြာကလေးတွေကို တုတ်တစ်ချောင်းနဲ့ ဘာဖြစ်လို့ ရိုက်နေရတာလဲ"

"ဒီအကောင်ကလေးတွေက သားရဲ့ပန်းကလေးတွေကို လာဖျက်ဆီးနေကြလို့ပါ ဘိုးဘိုး "

"သူတို့က မြေးလေးရဲ့ ပန်းတွေကို ဖျက်ဆီးတာ မဟုတ်ဘူးကွ အဲဒီ ပန်းကလေးတွေရဲ့ ပန်းဝတ်ရည်က သူတို့ရဲ့အစာပါ"

မောင်ဖိုးချစ်က နည်းနည်းစဉ်းစားလိုက်ပြီး

"သူတို့ဝတ်ရည် သောက်လိုက်တော့ ပန်းပွင့်ကလေးတွေ ပျက်စီးကုန်တယ်လေ ဘိုးဘိုးရဲ့"

### အရေးကြီးသောအချက်များ

- ♦ ပုံပြင်ပါ ဇာတ်ကြောင်းပြောသူ၊ ဘိုးဘိုး၊ ဖိုးချစ်တို့၏ ပြောစကားသံ ဟန်အမူအရာအတိုင်း သရုပ်ဆောင်စေပါမည်။
- ♦ ဇာတ်ကြောင်းပြောသူနှင့် သရုပ်ဆောင်တို့ပြောစကား ဟန်မတူညီပုံကို ဆရာက ရှင်းပြရပါမည်။
- ♦ " . . . " အတွင်းရှိ စကားလုံးများသည် စကားပြောများ ဖြစ်ကြောင်းရှင်းပြပါမည်။
- ♦ ဇာတ်ဆောင်၏ စိတ်ခံစားချက်အတိုင်း ပေါ်လွင်အောင် သရုပ်ဆောင်ရန် ညွှန်ကြားပေးရပါမည်။



DBE Box – Copyright Protected



"ဒါက သဘာဝပါကွယ် လိပ်ပြာကလေးတွေ မသောက်လဲ ပန်းကလေးတွေဟာ ကြာလာတော့ ညှိုးနွမ်းပြီး ကြွေရတာပဲ"

"ဒါတော့သိပါတယ် ဘိုးဘိုးရယ် ဒါပေမဲ့ သားက ပန်းကလေးတွေကိုချစ်တော့ သူတို့ပျက်စီးသွားမှာကို မမြင်ချင်လို့ပါ"

"ပန်းကလေးတွေမပျက်စီးဘဲ လိပ်ပြာကလေးတွေ ပျက်စီးမှာကို ငါ့မြေးက မြင်ချင်သလား"

မြေးအဘိုးနှစ်ယောက် ပြောနေတုန်းမှာပဲ လိပ်ပြာကလေးတွေ ပိတုန်းကလေးတွေက ပန်းပွင့်ကလေးတွေအပေါ် လာနားကြပြန်သတဲ့။ ဒီမြင်ကွင်းကို ပြတင်းပေါက်ကနေ ကြည့်ပြီး

"အခုလို ပန်းခင်းကလေးထဲမှာ ရောင်စုံလိပ်ပြာ၊ ပိတုန်းကလေးတွေနားနေတဲ့ မြင်ကွင်းနဲ့ စောစောက ငါ့မြေး တုတ်နဲ့ လိုက်ရိုက်နေတဲ့ မြင်ကွင်းနှစ်ခုမှာ ဘယ်ဟာ ပိုလှသလဲ "

မောင်ဖိုးချစ်လေးက သေသေချာချာကြည့်ရင်း စဉ်းစားပြီး

" အခုမြင်ကွင်းက ပိုလှပါတယ်ဘိုးဘိုး သားလဲ ပန်းပွင့်ကလေးတွေနဲ့အတူ လိပ်ပြာကလေးတွေကိုလဲ ချစ်တတ်ပါပြီ။"

ဒီလိုနဲ့ ပန်းချစ်တဲ့မောင်ဖိုးချစ်လေးဟာ ပတ်ဝန်းကျင်ကို ပိုပြီး စိတ်ဝင်စားသွားသတဲ့။

**ဒေါက်တာမြွေးလွင်**

**အခန်း (၁၁-ဂ) ပန်းချစ်သူ (ပုံပြင်)**
**အကြံပြုစာသင်ချိန် ၅ ချိန် (စတုတ္ထအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ♦ "ဒီနေ့တော့ ပုံပြင်ထဲမှာပါတဲ့ အကြောင်းအရာကလေးတွေ ဘာကြောင့်ဒီလိုဖြစ်ရတယ်ဆိုတာကို ဖြေကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ♦ တတိယအချိန်တွင် သရုပ်မဆောင်ရသေးသော အုပ်စုအနည်းငယ်ကို ထပ်မံပြောစေပါမည်။
- ⊙ "မောင်ဖိုးချစ်ရဲ့စိတ်ခံစားချက်ကို စဉ်းစားကြည့်ကြရအောင်" ဟု ပြောပါမည်။
- ♦ ဘိုးဘိုးမပြောခင် မောင်ဖိုးချစ် သဘောထား ဘိုးဘိုးနဲ့ အပြန်အလှန်ပြောပြီး မောင်ဖိုးချစ်သဘောထား
- ⊙ ဘိုးဘိုးနဲ့ မပြောခင် မောင်ဖိုးချစ် သဘောထားနှင့် ဘိုးဘိုးနဲ့ ပြောပြီး မောင်ဖိုးချစ် သဘောထားများကို ကလေးများ ပြောသည့်အတိုင်း နမူနာ ဇယားကွက်တွင် ဆရာက ရေးသားပြရပါမည်။
- ♦ ထိုသဘောထားများ ရေးသားပြီးပါက ဘိုးဘိုးနဲ့ မပြောခင် မောင်ဖိုးချစ် သဘောထားနှင့် ဘိုးဘိုးနဲ့ပြောပြီး မောင်ဖိုးချစ် သဘောထားများကို အနှစ်ချုပ်ပေးရပါမည်။
- ♦ "ဘိုးဘိုးရဲ့ ဘယ်စကားကို ကြားပြီး မောင်ဖိုးချစ် ပြောင်းလဲသွားတာလဲ"ဟု မေးပါမည်။
- ⊙ ဆရာက "မောင်ဖိုးချစ် ဘယ်လိုပြောင်းလဲသွားသလဲ" ဟု မေးကာ မောင်ဖိုးချစ်ရဲ့ပြောစကားတွေကို ကျောင်းသုံးစာအုပ်တွင် ပြန်ရှာစေပါမည်။ ပြောစေပါမည်။
- ⊙ ကလေးအချင်းချင်း ပြောကြည့်စေပါမည်။

### နိဂုံးချုပ်ခြင်း

- ♦ "ပုံပြင်ကလေးကိုဖတ်ပြီး မေးခွန်းတွေ ဖြေတတ်ကြပြီမဟုတ်လား"ဟု မေးပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း ပုံပြင်ကို သေသေချာချာနားလည်ပြီး မေးခွန်းများကို ဖြေနိုင်ခြင်း ရှိ၊ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- ♦ အချိန်ပေါ်မူတည်ပြီး ဘိုးဘိုးနှင့် မောင်ဖိုးချစ်တို့ပြောစကားကို အချင်းချင်း ပြောစေပါမည်။
- ♦ နားလည်မှုအားနည်းသော ကလေးရှိပါက ဆရာက ဖေးမကူညီပါမည်။
- ♦ ကလေး၏လုပ်ဆောင်မှုကို ဆရာက ချီးကျူး အားပေး စကား ပြောပါမည်။
- ♦ ထင်မြင်ချက်များကို မေးရာတွင် ပုံပြင်နှင့် မသက်ဆိုင်သော အဖြေဖြေဆိုသော ကလေးများရှိပါက ကလေးပြောသော အကြောင်းအရာမျိုး ဘယ်မှာရှိသလဲ ဆိုသည်ကို ဖတ်ခိုင်းပါမည်။ ထို့နောက် ပြန်ရှင်းပြပါမည်။

| ဘိုးဘိုးနဲ့မပြောခင် မောင်ဖိုးချစ်သဘောထား | ဘိုးဘိုးနဲ့ပြောပြီး မောင်ဖိုးချစ်သဘောထား |
|---|---|
| | |
| | |

ဤဇယားကွက်သည် နမူနာဇယားကွက် ဖြစ်ပါသည်။

DBE Box—Copyright Protected

## အခန်း (၁၁-ဂ) ပန်းချစ်သူ (ပုံပြင်)
## အကြံပြုစာသင်ချိန် ၅ ချိန် (ပဥ္စမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ပုံပြင်ကို အစအဆုံးတစ်ခေါက်ဖတ်စေခြင်းဖြင့် နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ဆရာက ကျောင်းသားများကို ပုံပြင်ပါ အကြောင်းအရာများအား မည်ကဲ့သို့ နားလည်ထားသည်ကို သိရှိရန် မေးခွန်းများ မေးပါမည်။

ဥပမာ။ ။ ဘိုးဘိုးက ပန်းနဲ့လိပ်ပြာ ဆက်နွယ်ပုံကို ဘယ်လိုရှင်းပြသလဲ။

♦ "ပုံပြင်လေးကို ကြိုက်သလား၊ ဘာကြောင့် ကြိုက်တာလဲ"

♦ "ကလေးတို့ရော ကိုယ့်ပတ်ဝန်းကျင်ကို ချစ်တတ်ပြီလား"

♦ "ပုံပြင်ကို ဖတ်ပြီး ဘယ်လိုခံစားရသလဲ" "ကလေးတို့ရဲ့ ထင်မြင်ချက်ကို ရေးသားပါ"

♦ ကလေးများ ထင်မြင်ချက်ကို ပြောစေ ရေးစေပါမည်။

⊙ ပန်းနှင့်လိပ်ပြာအပေါ်မှာ ပုံပြင်မဖတ်ခင်နှင့် ပုံပြင်ဖတ်ပြီး ကလေးတို့၏ ကိုယ်ပိုင်သဘောထားများကို ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "ကလေးတို့ရဲ့ခံစားချက် ထင်မြင်ချက်တွေကို ပြောနိုင်၊ ရေးနိုင်တယ် မဟုတ်လား၊ ခံစားချက်ကလေးတွေကို ပြောကြည့်ပါအုံး"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ကလေးများ မိမိတို့၏ထင်မြင်ချက် ခံစားချက်များ စိတ်ပါဝင်စားစွာ ပြောနိုင်ရေးနိုင်ခြင်း ရှိ၊ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

၁၁။ ပုံပြင်ကလေးတွေပြောကာရယ် ဗဟုသုတရှာကြမယ်

**စာလုံးပေါင်းလေ့ကျင့်မယ်။**

| | | | |
|---|---|---|---|
| ပျက်စီး | ညှိုးနွမ်း | မြင်ကွင်း | ဖျက်ဆီး |
| ခြောက်လှန့် | ပြတင်းပေါက် | ပန်းဝတ်ရည် | |

**လေ့ကျင့်ခန်း**

၁။ ဘိုးဘိုးက ပန်းနဲ့လိပ်ပြာဆက်နွယ်ပုံကို ဘယ်လို ရှင်းပြသလဲ။

၂။ မောင်ဖိုးချစ်က ဘယ်လို ပြောင်းလဲသွားသလဲ။

၃။ ကိုယ့်ရဲ့ခံစားချက်ကို ပြောကြည့်ကြရအောင်။

ကလေးတို့ရော ကိုယ့်ပတ်ဝန်းကျင်ကို ချစ်တတ်ပြီလား



**ပန်းကလေးတွေနဲ့ လိပ်ပြာကလေးတွေအပေါ် မောင်ဖိုးချစ်ရဲ့ သဘောထားကို ဇယားမှာ ဖြည့်ကြည့်ကြရအောင်**

| ဘိုးဘိုးနဲ့ မပြောခင် မောင်ဖိုးချစ် သဘောထား | ဘိုးဘိုးနဲ့ ပြောပြီး မောင်ဖိုးချစ် သဘောထား |
|---|---|
| | |

### အရေးကြီးသောအချက်များ

♦ နားလည်မှုအားနည်းသော ကလေးရှိပါက ဆရာက ဖေးမ ကူညီပေးရပါမည်။

♦ ကလေးများ၏ ဖြေဆိုမှုကို ဆရာက အားပေးချီးကျူးပေးရပါမည်။

♦ အချိန်ရပါက ကလေးအချင်းချင်း အဖြေကို ပြောစေပါမည်။

DBE Box - Copyright Protected

## (ဃ) ပျော်ပျော်ရွှင်ရွှင် ရေးဖို့ပြင်






ရက်စွဲ ၂ . ၁၂ . ၂၀၁၈
(တနင်္ဂနွေနေ့)

မနက်က မေမေနဲ့အတူ ဈေးသွားခဲ့ပါတယ်။
နေ့လယ်မှာ ကိုကိုနဲ့အတူ အခန်းရှင်းကြပါတယ်။
ညနေရောက်တော့ ကာတွန်းရုပ်ရှင်တွေ ကြည့်ကြပါတယ်။
အားလပ်ရက်က ပျော်စရာ ကောင်းပါတယ်။






မနက် ______
နေ့လယ် ______
ညနေ ______
ဘယ်လို ခံစားရသလဲ ______

### အဓိကအချက်များ

- ကလေးများ၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် ခံစားချက်များကို လွတ်လွတ်လပ်လပ် ပြောကြားစေပါမည်။
- ကလေးများပြောသော အကြောင်းအရာများကို ဆရာက သင်ပုန်း မှတ်ချက်ရေးပါမည်။
- ကလေးများ၏ ကိုယ်ပိုင်အတွေ့အကြုံကို လွတ်လွတ်လပ်လပ် ရေးသားစေပါမည်။
- ကလေးများ နေ့ရက်၊ မနက်၊ နေ့လယ်၊ ညနေ ကိုယ်ပိုင်အတွေ့အကြုံ ခံစားချက်များကို ရေးနိုင်သည်အထိ ဆရာက ကူညီပေးရပါမည်။
- ကိုယ့်အဖြစ်အပျက်များ၊ ခံစားချက်များကို သူငယ်ချင်းအား ပြောပြရသော ဝမ်းမြောက်မှုကို ခံစားနိုင်စေရန် ဆရာက ဦးဆောင် လမ်းညွှန် ပြုရပါမည်။

### အရေးကြီးသောအချက်များ

- ဆရာက ကျောင်းသုံးစာအုပ်ပါ နမူနာဖတ်စာကို ရှင်းပြရပါမည်။

## အခန်း (၁၁-ဃ) ပျော်ပျော်ရွှင်ရွှင် ရေးဖို့ပြင်
## အကြံပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ကျောင်းအားလပ်ရက် မိမိအတွေ့အကြုံများ ပြောပြတတ်ရန်
- နံနက်၊နေ့လယ်၊ညနေ အချိန်အလိုက် လုပ်ဆောင်ချက်များကို ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့တစ်တွေ ပုံပြင်၊ ဖတ်စာ၊ ကဗျာတွေကို သင်ခဲ့ကြပြီ ထင်မြင်ချက်တွေလဲ ရေးခဲ့ပြီးပြီဆိုတော့ ခုနောက်ဆုံး သင်ခန်းစာကို သင်ရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- "သင်ခန်းစာခေါင်းစဉ်က ဘာတဲ့လဲ ဖတ်ပြပါအုံး"
- "ဘာလုပ်ကြရမယ်ထင်သလဲ"
(ကလေးများအဖြေကိုစောင့်ပါမည်)
- "ကလေးတို့ တစ်ပတ်မှာ ကျောင်းဘယ်နှရက်တက်ရသလဲ" "တစ်ပတ်မှာနှစ်ရက်ပိတ်တယ်ဆိုတော့ အဲဒီရက်တွေကို အားလပ်ရက်လို့ ခေါ်တယ်"
- "အားလပ်ရက်မှာ ဘာလုပ်ခဲ့ကြတယ်ဆိုတာ အချင်းချင်း ပြောကြည့်ကြရအောင်" ဟု ပြောပါမည်။
- ⊙ ဆရာက ကျောင်းသုံးစာအုပ်ပါ နမူနာစာကြောင်းကို ဖတ်ပြပြီး နံနက်၊ နေ့လယ်၊ ညနေ အချိန်အလိုက် လုပ်ဆောင်ချက်များနှင့် ခံစားချက် (ပျော်သည်၊ ဝမ်းနည်းသည်၊ အလုပ်ရှုပ်သည်)ကို နောက်ဆုံးတွင် ပြောရမည်ဖြစ်ကြောင်း ရှင်းပြပါမည်။
- ⊙ အချိန်အပိုင်းအခြားအလိုက် ဘာလုပ်ခဲ့သည်ကို ကလေး အချင်းချင်း နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- အတန်းရှေ့တွင် နှစ်ယောက်တစ်တွဲထွက်၍ ပြောပြပါမည်။ ထိုသို့ပြောရာတွင် သူငယ်ချင်းအချင်းချင်း မနက်၊ နေ့လယ်၊ ည ဘာလုပ်ခဲ့သည်၊ ဘယ်လိုခံစားရသည်ကို ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "အားလပ်ရက်မှာ ဘာတွေလုပ်ခဲ့ကြတယ်ဆိုတာ ပြောခဲ့ကြတယ်နော်" "နောက်အချိန်မှာ ကလေးတို့ပြောခဲ့တာတွေ ရေးကြရမယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများ ပြောကြားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

## အခန်း (၁၁–ဃ) ပျော်ပျော်ရွှင်ရွှင် ရေးဖို့ပြင်
## အကြံပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း
### နိဒါန်း

- "မနေ့က မနက်၊ နေ့လယ်၊ ညနေ အချိန်အလိုက် ဘာတွေ လုပ်ခဲ့တယ်ဆိုတာပြောခဲ့ကြတယ်နော်၊ ဒီနေ့ မနေ့က ပြောခဲ့တဲ့ အကြောင်းအရာလေးတွေကို ရေးကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဆရာက ပထမဦးစွာ မည်သို့ရေးရမည်ကို ရှင်းပြပါမည်။
- ဆရာက သင်ပုန်းတွင် နမူနာအဖြစ် မိမိအားလပ်ရက် အကြောင်းရေးပြပါမည်။
  (ရက်စွဲ၊ မနက်၊ နေ့လယ်၊ ညနေ၊ ဘယ်လိုခံစားရသလဲ )
- ⦿ ကလေးများ ပထမအချိန်တွင် ပြောခဲ့သော အားလပ်ရက်တွင် မည်သို့ လုပ်ဆောင်ရမည်ကို မှတ်စုစာအုပ်တွင်ရေးစေပါမည်။
- ရေးထားသော အကြောင်းအရာများကို အချင်းချင်း အပြန်အလှန် အသံထွက်၍ ဖတ်စေပါမည်။
- အတန်းရှေ့ထွက်၍ နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

### နိဂုံးချုပ်ခြင်း

- "အားလပ်ရက်မှာ ဘာလုပ်ခဲ့ကြတယ်၊ ဘယ်လိုခံစားခဲ့ရတယ်ဆိုတာ ပြောခဲ့ကြ ရေးခဲ့ကြတယ်နော် သူငယ်ချင်းတွေကို ကိုယ့်ရဲ့အကြောင်း ပြောပြရတာ ပျော်တယ် မဟုတ်လား" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများ မိမိ အကြောင်းကို ရေးသားနိုင်ခြင်း ရှိ၊ မရှိပေါ် မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

၁၁။ ပုံပြင်ကလေးတွေပြောကာရယ် ဗဟုသုတရှာကြမယ်

**(ဃ) ပျော်ပျော်ရွှင်ရွှင် ရေးဖို့ပြင်**






ရက်စွဲ ၂ . ၁၂ . ၂၀၁၈
(တနင်္ဂနွေနေ့)

မနက်က မေမေနဲ့အတူ ဈေးသွားခဲ့ပါတယ်။
နေ့လယ်မှာ ကိုကိုနဲ့အတူ အခန်းရှင်းကြပါတယ်။
ညနေရောက်တော့ ကာတွန်းရုပ်ရှင်တွေ ကြည့်ကြပါတယ်။
အားလပ်ရက်က ပျော်စရာ ကောင်းပါတယ်။






မနက် ____________________
နေ့လယ် ____________________
ညနေ ____________________
ဘယ်လို ခံစားရသလဲ ________________

### အရေးကြီးသောအချက်များ

- ကလေးများ မိမိအတွေ့အကြုံကို ရေးသားရာတွင် ဆရာက အားနည်းသောကလေး ရှိပါက ဖေးမကူညီပေးရပါမည်။
- ကလေးများ ရေးသားထားသော စာကြောင်းများ၏ ကောင်းမွန်သော ရေးသားချက်များကို ဆရာက ချီးကျူးစကားပြောပေးရပါမည်။
- အချိန်ရလျှင် နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- အတွဲများပြောင်း၍ အချင်းချင်း ပြောစေပါမည်။
- သင်ခန်းစာပြီးချိန်တွင် ကလေးများ ရေးထားသော စာအုပ်ကို စုစည်း၍ စစ်ဆေးပါမည်။ စာအုပ်ကို စစ်ဆေးရာတွင် ကလေးများ ပိုမိုပျော်ရွှင်စေရန် ကောင်းသည့်အချက်များကို ချီးကျူးသော မှတ်ချက်များပေးသင့်ပါသည်။

DBE Box – Copyright Protected

## (င) မင်္ဂလာ(ကဗျာ)




**အခန်း (၁၁-င) မင်္ဂလာ ကဗျာ**
**အကြံပြုစာသင်ချိန် ၂ ချိန်**

### သင်ယူမှုဦးတည်ချက်

- ကဗျာကို အသံနေအသံထား မှန်မှန်ဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကလေးများကို ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပုံကို ကြည့်စေပြီး မေးခွန်းများမေးကာ နိဒါန်းပျိုးပါမည်။
ဥပမာ။ ။ "ပုံထဲမှာ ဘာတွေတွေ့ရသလဲ"
"သူတို့ဘာတွေလုပ်နေကြတယ်ထင်သလဲ"
စသည်ဖြင့် ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

**လုပ်ငန်းစဉ်**

⊙ ဆရာက ကဗျာကို အသံနေ အသံထား မှန်မှန်ရွတ်ဆိုပြပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

- ကလေးများကို ဆရာ့နောက်မှလိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများ ကိုယ်တိုင် ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ဆရာက မင်္ဂလာကဗျာတွင်ပါဝင်သော ဆောင်ရန် ရှောင်ရန်များကို ရှင်းပြပါမည်။

**နိဂုံးချုပ်ခြင်း**

- 'ကဗျာကို ပြန်လည်ရွတ်ဆိုကြရအောင်' ဟု ပြောပြီး နိဂုံးချုပ် ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် အသံနေအသံထား မှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ

- ကလေးများ ကဗျာကို ဟန်အမူအရာဖြင့် လွတ်လပ် ပျော်ရွှင်စွာ သီဆိုစေပါမည်။

### အရေးကြီးသောအချက်များ

- ကလေးများ နားလည်ရန်ခက်ခဲသော ဝေါဟာရများကို ကလေးနားလည်လွယ်ကူသော စကားလုံးများဖြင့် ရှင်းပြရပါမည်။

DBE Box – Copyright Protected

## ၃။ သင်ရိုးသစ်တွင် ပါဝင်သည့် အကြောင်းအရာများနှင့် အကျိုးကျေးဇူးများ

| စဉ် | အကြောင်းအရာ | သင်ရိုးသစ်တွင် ပါဝင်သည့် အကြောင်းအရာများနှင့် အကျိုးကျေးဇူးများ | သင်ရိုးသစ်၏ထူးခြားချက်များ |
|---|---|---|---|
| ၁။ | ဗျည်း၊ သရ သင်ကြားခြင်း၏ အခြေခံအချက်များ | တည်ဆောက်ပုံအရအဆင့်ဆင့်သင်ကြားခြင်းသာမက ပုံပြင်၊ ကဗျာများတွင် ပါဝင်သော အသုံးအနှုန်းများ မှတစ်ဆင့် ဝေါဟာရများကို သင်ယူနိုင်သော အခွင့်အရေးများ ရရှိနိုင်ပါသည်။ | သင်ကြားမှုနည်းစနစ်များမှတစ်ဆင့် ဗျည်းသရများ လေ့လာသင်ယူနိုင်ခြင်း။ |
| ၂။ | အကြောင်းအရာနှင့် ပုံစံအမျိုးမျိုးပါဝင်သော ပြဋ္ဌာန်းစာများ | ကဗျာ၊ ပုံပြင်စသည်တို့ကို ရွတ်ဖတ်ရုံသာမက တွေးတောခြင်း၊ စူးစမ်းလေ့လာခြင်းများ ပါဝင်သော ပြဋ္ဌာန်းစာများမှတစ်ဆင့် နားထောင်ခြင်းစွမ်းရည်၊ ပြောဆိုခြင်းစွမ်းရည်များစသည့် လူမှုဆက်ဆံရေး စွမ်းရည်များ တိုးတက်လာနိုင်သည်။ | သင်ရိုးသစ်၏ နည်းစနစ်များမှတစ်ဆင့် စွမ်းရည်များ တိုးတက်စေခြင်း၊ အခြားဘာသာရပ်များ သင်ကြားရာတွင် အခြေခံဖြစ်ခြင်း၊ ဘဝတစ်လျှောက်လုံး အသုံးဝင်သည့် မြန်မာစာဘာသာရပ်၏ စွမ်းရည်များ တိုးတက်စေခြင်း။ |
| ၃။ | ကလေးရှုထောင့်မှ စဉ်းစား၍ သင်ကြားခြင်း | ကလေးများ၏ဝါသနာ၊ စိတ်ပါဝင်စားမှု၊ ကလေးအရွယ်နှင့် ကိုက်ညီသော စွမ်းရည်များကို အလေးထားနိုင်ရန် ထည့်သွင်းထားသည်။ | ကလေးဗဟိုပြုချဉ်းကပ်နည်းကို အကောင်အထည်ဖော်နိုင်ခြင်း။ |
| ၄။ | စာသင်ချိန် တစ်ချိန်အတွင်း သင်ကြားပုံ | အနားအကြား၊ အပြောအဆို၊ အရွတ်အဖတ်၊ အရေးအသားများကို စနစ်တကျထည့်သွင်းပေးထားခြင်းဖြင့် စွမ်းရည် (၄)မျိုးကို ရရှိနိုင်ပါသည်။ | စွမ်းရည် ၄ မျိုး ပေါင်းစပ်ထားသော သင်ကြားမှုပုံစံ ဖြစ်ခြင်း။ |
| ၅။ | ကျောင်းသုံး စာအုပ်၏ ထူးခြားချက် | လေ့ကျင့်ခန်းစာအုပ်နည်းတူ ကျောင်းသုံးစာအုပ်၌ပင် ကူးရေးခြင်း၊ ရေးသားခြင်း၊ လေ့ကျင့်ခြင်း၊ ရှာဖွေခြင်း၊ စဉ်းစားခြင်းများ ပြုလုပ်နိုင်ပါသည်။ | လေ့ကျင့်ခန်းစာအုပ် ဝယ်ယူရန် အခက်အခဲရှိသော ကလေးများအတွက်ပါ လေ့ကျင့်နိုင်သော အခွင့်အလမ်းများ ပေးစွမ်းနိုင်ခြင်း၊ စာအုပ်တစ်အုပ်တည်းကို ဖတ်စာအုပ်နှင့် မှတ်စုစာအုပ်အဖြစ် (၂)မျိုး အသုံးပြုနိုင်ခြင်း။ |
| ၆။ | ကျောင်းသားများ၏ တိုးတက်မှု | စကားလုံးများကို လေ့ကျင့်ခြင်း၊ အလွတ်ကျက်မှတ်ခြင်းသာမက စာကြောင်းများကို ချောမွေ့စွာဖတ်ခြင်း၊ စကားပြောဆိုနိုင်ခြင်းများပါဝင်မည်။ တွေးခေါ်နိုင်စွမ်း၊ စူးစမ်းဆင်ခြင်နိုင်စွမ်းများကို ပြုစုပျိုးထောင်ပေးနိုင်သည်။ | အလွတ်ကျက်မှတ်ခြင်း သာမက တွေးခေါ်နိုင်စွမ်း၊ စူးစမ်းဆင်ခြင်နိုင်စွမ်းများကိုပါ ပြုစုပျိုး ထောင်ပေးနိုင်ခြင်း။ |
| ၇။ | အပြောစကားများ ထည့်သွင်းထားခြင်း | အပြောစကားများပါထည့်သွင်းထားခြင်းဖြင့် ဝေါဟာရများ ကြွယ်ဝစေပါသည်။ | ကျောင်းသားများနှင့် ရင်းနှီးလွယ်သော အသုံးအနှုန်းများ ထည့်သွင်းထားခြင်း။ |
| ၈။ | ဘာသာစကားအမျိုးမျိုးနှင့်ယဉ်ကျေးမှုအမျိုးမျိုး | တိုင်းရင်းသား ကျောင်းသားများအတွက်ပါ ရည်ရွယ်ပြီး (က) တိုင်းရင်းသား လူမျိုးများအကြောင်းကို ထည့်သွင်းခြင်း (ခ) လူမျိုးမရွေး သိရှိနိုင်သောအချက်များကို အလေးထားပြီး ဖော်ပြထားခြင်းကြောင့် ရိုးရှင်း၍ သိလွယ်သော စကားလုံးများဖြင့် မြန်မာစာ၊ မြန်မာဘာသာစကားကို လွယ်ကူစွာနားလည်လာနိုင်သည်။ | တိုင်းရင်းသားကျောင်းသားများ အသုံးပြုရန် လွယ်ကူသော အကြောင်းအရာများ ထည့်သွင်းထားခြင်း။ |
| ၉ | အတန်းလိုက် သတ်မှတ်ချက်များ | အတန်းလိုက်သင့်လျော်သော အသုံးအနှုန်းများကို ထည့်သွင်းထားခြင်းကြောင့် ကျောင်းသားများ၏ ဘာသာစကားကြွယ်ဝမှုနှင့် စဉ်းစားဉာဏ်ရည်ကို မြင့်မားလာစေနိုင်သည်။ | ဘာသာစကား၏ဖွဲ့စည်းပုံကို အခြေခံထားသော ကျောင်းသုံးစာအုပ်ပြုစုခြင်း။ |

DBE Book — Copyright Protected

## ၆။ အကဲဖြတ်ခြင်း၏အခြေခံအချက်များ

ဒုတိယတန်း မြန်မာစာသင်ကြားရေးအတွက် အမှတ်ပေးစံဇယားဖြင့်စစ်ဆေးအကဲဖြတ်ရာတွင် ကလေးများ၏ လုပ်ဆောင်မှုနှင့် စိတ်ပါ ဝင်စားမှု တို့ကို အကဲဖြတ်ရမည်ဖြစ်ပါသည်။ ထို့အပြင် မေးခွန်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် ကလေးများ၏ အသိပညာ၊ စွမ်းရည်များကို အကဲဖြတ်စစ်ဆေးရမည် ဖြစ်ပါသည်။ အကဲဖြတ်ရာတွင် အသုံးပြုရန် စစ်ဆေးအကဲဖြတ်မည့် ပုံစံများ၏ နမူနာများကို ဖော်ပြထားပါသည်။

### မေးခွန်းပုံစံဖြင့်စစ်ဆေးအကဲဖြတ်ခြင်းပုံစံ

| | |
|---|---|
| ဒုတိယတန်း | မြန်မာဘာသာရပ် |
| အခန်း | အခန်း (၁) သင်ခန်းစာ (ခ) အင်(-င်) အင့်(-င့်) အင်း(-င်း)အသတ်များ သင်ကြားကြစို့လား |
| ရည်ရွယ်ချက် | ဗျည်း၊ ဗျည်းတွဲနှင့် -င် -င့် -င်း အသတ်သင်္ကေတ ပေါင်းစပ်၍ အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန် |

| | |
|---|---|
| တတ်ကျွမ်းမှုများ | မှတ်မိခြင်း<br>-င် -င့် -င်း အသတ် သင်္ကေတအသုံးကိုရွတ်ဖတ်ရေးသားတတ်ခြင်း၊ -င် -င့် -င်း အသတ် သင်္ကေတကို အသုံးပြုရေးသားတတ်ခြင်း |
| မေးခွန်းအမျိုးအစားနှင့် မေးခွန်းပုံစံ | နှုတ်မေးနှုတ်ဖြေနှင့် ရေးသားခြင်း<br>(အဖြေမှန်ရွေးစေခြင်း) |

**မေးခွန်းနမူနာ**

**အင်(–င်) အင့်(–င့်) အင်း(–င်း) အသတ် သင်္ကေတကို ရွေးချယ်၍ ရေးပြပါ။**

| မေးခွန်း | | အဖြေမှန် | |
|---|---|---|---|
| (က) ပြတင်းများဖွင့်ထားပါ။ | | (က) ပြတင်းများဖွင့်ထားပါ။ | တင်း၊ ဖွင့် |
| (ခ) ရေငင်နေသလား။ | | (ခ) ရေငင်နေသလား။ | ငင် |
| (ဂ) လယ်ကွင်းပြင်မှာရေဖွေးဖွေး | | (ဂ) လယ်ကွင်းပြင်မှာရေဖွေးဖွေး | ကွင်းပြင် |

မှတ်ချက် ။ ။ ကျောင်းတွင်လည်းကောင်း၊အိမ်စာအဖြစ်လည်းကောင်း ပေး၍ လေ့ကျင့်ပေးနိုင်ပါသည်။

| | |
|---|---|
| **တတ်ကျွမ်းမှုများ** | နားလည်ခြင်း<br>-င် -င့် -င်း အသတ် သင်္ကေတအသုံးကို နားလည်၍အသုံးပြုတတ်ခြင်း |
| **မေးခွန်းအမျိုးအစားနှင့် နမူနာပုံစံ** | နှုတ်မေးနှုတ်ဖြေနှင့် ရေးသားခြင်း<br>(စကားလုံးအမှန် ရွေးစေခြင်း၊ မျဉ်းသားစေခြင်း) |

**မေးခွန်းနမူနာ**

**–င် –င့် –င်း အသတ်သင်္ကေတပါသော စကားလုံးများကို ရွေး၍ကူးရေးပါ။**

| | |
|---|---|
| (က) အစာများကို (ယင်၊ ယဉ်) မနားပါစေနဲ့။ | (က) အဖြေ။ ယင် |
| (ခ) (စဥ့်၊ စင့်) အိုးထဲမှာ ရွှေပြည့်ရှိတယ်။ | (ခ) အဖြေ။ စဥ့် |
| (ဂ) ပျိုမေလေးများ လယ်ထဲ(ဆင်း၊ စင်း)ကြမည်။ | (ဂ) အဖြေ။ ဆင်း |

**–င် –င့် –င်း အသတ် သင်္ကေတများကိုမျဉ်းသားပါ။**

| မေးခွန်း | အဖြေမှန် |
|---|---|
| (က) သတင်းစာ နေ့စဉ်ကြည့်ရှုပါ။ | (က) သတင်းစာ နေ့စဉ်ကြည့်ရှုပါ။ |
| (ခ) တွင်းရေ ကြည်လင်၏။ | (ခ) တွင်းရေ ကြည်လင်၏။ |
| (ဂ) ပျိုးပင်များသယ်လာကြသည်။ | (ဂ) ပျိုးပင်များသယ်လာကြသည်။ |

| | |
|---|---|
| **တတ်ကျွမ်းမှုများ** | အသုံးချခြင်း<br>-င် -င့် -င်း  အသတ် သင်္ကေတအသုံးကို နားလည်၍အသုံးပြုတတ်ခြင်း |
| **မေးခွန်းအမျိုးအစားနှင့်<br>နမူနာပုံစံ** | နှုတ်မေးနှုတ်ဖြေနှင့် ရေးသားခြင်း<br>စကားလုံးအမှန် ရွေးစေခြင်း |

**မေးခွန်းနမူနာ**
**ရုပ်ပုံကြည့်ကာ  စာရေးပါ။**





အဖြေ။ အပင်  အဖြေ။ လယ်ကွင်း  အဖြေ။ ထမင်း

မှတ်ချက်။ ။ ကျောင်းတွင်လည်းကောင်း၊အိမ်စာအဖြစ်လည်းကောင်း ပေး၍ လေ့ကျင့်ပေးနိုင်ပါသည်။

## အမှတ်ပေးစံယှဉ်ဖြင့်  စစ်ဆေးအကဲဖြတ်ခြင်းပုံစံ

| | |
|---|---|
| ဒုတိယတန်း | မြန်မာစာဘာသာရပ် |
| အခန်း | အခန်း (၈) သင်ခန်းစာ (၇) ပညာရှိဇီးကွက် |
| ရည်ရွယ်ချက် | ပုံပြင်ကို ဖတ်ရှုပြီး မိမိထင်မြင်ချက်များကို ပြောပြတတ်ရန်<br>ပုံပြင်စာကြောင်းပါ အသတ်၊ ပါဌ်ဆင့် စကားလုံးများကို ရှာဖွေတတ်ရန်<br>အချင်းချင်း ညီညီညွတ်ညွတ် နေထိုင်တတ်ရန် |

## လုပ်ငန်း (၁)

| **စစ်ဆေးမည့်<br>အဓိကအချက်** | **အလွန်ကောင်း** | **သင့်** | **ထပ်မံကြိုးစားရန်** |
|---|---|---|---|
| (၁) သိမှု<br>ပုံပြင်စာကြောင်းပါ<br>အသတ်၊ ပါဌ်ဆင့်<br>စကားလုံးများကို<br>ရှာဖွေတတ်ရန် | - ပုံပြင်စာကြောင်းပါ အသတ်၊ ပါဌ်ဆင့်စကားလုံးများကို ရှာဖွေ၍ ဖတ်နိုင် ရေးနိုင်သည်။ | - ပုံပြင်စာကြောင်းပါ အသတ်၊ ပါဌ်ဆင့် စကားလုံးများကို ရှာဖွေ၍ ဖတ်နိုင်သည်။ | - ပါဌ်ဆင့်စကားလုံးများကို မှန်မှန်ကန်ကန် စာလုံးပေါင်း မဖတ်နိုင်ပါ။ |
| (၂) ခံစားမှု<br>အချင်းချင်း<br>ညီညီညွတ်ညွတ်<br>နေထိုင်တတ်ရန် | - သူငယ်ချင်းအချင်းချင်း ညီညီညွတ်ညွတ် နေထိုင်လိုစိတ် ရှိကြောင်း ဖော်ထုတ်နိုင်သည်။ | - အချင်းချင်း ညီညီညွတ်ညွတ် နေထိုင်ရမည်ကို နားလည် သွားသည်။ | - ပညာရှိဇီးကွက်စကားကို ကျေနပ်လက်ခံသည်။ |

## ၁။ ဆရာလမ်းညွှန်စာအုပ် အသုံးပြုနည်း

### ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်သည် ဒုတိယတန်းမြန်မာစာသင်ကြားရေးအတွက် ပြုစုထားခြင်းဖြစ်သည်။ ဆရာများသည် ဤဆရာလမ်းညွှန်စာအုပ်ကို အသုံးပြုပြီး ကလေးများ မြန်မာဘာသာစကား၏ အနာအကြား၊ အပြောအဆို၊ အရွတ်အဖတ်၊ အရေးအသားနှင့် စဉ်းစားတွေးခေါ်ဖန်တီးမှုများစသော အခြေခံကျွမ်းကျင်မှုများကို သင်ကြားနိုင်စေရန် ပြုစုထားခြင်း ဖြစ်သည်။ မူလတန်းအောက်ဆင့်တွင် မြန်မာဘာသာစကား၏ဗျည်းနှင့်သရ အခြေခံသင်ကြားမှုပုံစံများကို နမူနာယူကာ ကျောင်းသားများအား မှန်ကန်ထိရောက်သော သင်ကြားမှုများကို ပြုလုပ်နိုင်စေရန် ရည်ရွယ်သည်။ ဆရာလမ်းညွှန်တွင် သင်ခန်းစာအသီးသီး၏ဦးတည်ချက်၊ သင်ကြားရာတွင် အရေးကြီးသောအချက်များ၊ သင်ကြားပုံ အဆင့်ဆင့်နှင့် စစ်ဆေးအကဲဖြတ်ခြင်းစသော လမ်းညွှန်ချက်များ ပါဝင်သည့်အတွက် သင်ကြားသင်ယူမှုလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်ပါသည်။ ဤဆရာလမ်းညွှန်စာအုပ်သည် ဆရာအတတ်သင်ပညာရေး သင်တန်းသားများ သာမက လက်တွေ့သင်ကြားရေးနယ်ပယ်ရှိ ဆရာများအတွက်ပါ လမ်းညွှန်အဖြစ် ရည်ရွယ်ပြုစုထားပါသည်။

## ၂။ ဆရာလမ်းညွှန်စာအုပ်တွင် ပါဝင်သော အကြောင်းအရာများ

ဤဆရာလမ်းညွှန်စာအုပ်တွင် သင်ပြမှုပုံစံများကို ထည့်သွင်းထားပါသည်။ ဆရာများကို ဆရာလမ်းညွှန်တွင် ဖော်ပြထားသော သင်ကြားမှုပုံစံများအတိုင်း သင်ကြားရန် တိုက်တွန်းလိုပါသည်။

### ဖွဲ့စည်းပုံ

ဆရာလမ်းညွှန်စာအုပ်တွင်

၁။ ကျောင်းသုံးစာအုပ် နမူနာပုံစံ

၂။ သင်ခန်းစာအမည်နှင့် အကြံပြုစာသင်ချိန်

၃။ သင်ယူမှုဦးတည်ချက်

၄။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်း

၅။ သင်ကြားသင်ယူမှုလုပ်ငန်း

၆။ သင်ခန်းစာတစ်ခုချင်း၏အဓိကအချက်များ၊ အရေးကြီးသောအချက်များနှင့် ဖွဲ့စည်းထားပါသည်။

ဆရာများအတွက် ထိရောက်ပေါက်မြောက်သော သင်ကြားမှုများ ပြုလုပ်နိုင်ရန် အထက်ဖော်ပြပါ ဖွဲ့စည်းပုံရှိ အစိတ်အပိုင်းအသီးသီးကို ချိတ်ဆက်ထားပါသည်။

**ကျောင်းသုံးစာအုပ် စာမျက်နှာအလိုက် သင်ခန်းစာများကို အညွှန်းအဖြစ် ကိုးကားနိုင်ရန် ဖော်ပြထားသည်။**



DEF Box – Copyright Protected

**၁။ ကျောင်းသုံးစာအုပ် နမူနာပုံစံ**

ဆရာများ၏သင်ကြားမှုအောင်မြင်ပေါက်မြောက်ရေးအတွက် အထောက်အကူဖြစ်စေရန် စာမျက်နှာအလိုက် ပုံစံငယ်အဖြစ် ထည့်သွင်းထားခြင်းဖြစ်ပါသည်။ သင်ကြားမှုလုပ်ငန်းစဉ်များကို လွယ်ကူစွာသိမြင်နိုင်ရန် လိုအပ်သောသင်ခန်းစာများတွင် နံပါတ်စဉ်တပ်၍ ဖော်ပြထားပါသည်။

**၂။ သင်ခန်းစာအမည်နှင့် အကြံပြု စာသင်ချိန်**

သင်ခန်းစာအမည်နှင့် သင်ကြားရန် အကြံပြုစာသင်ချိန်ကို ဖော်ပြထားသည်။ ကျောင်းသား၏တတ်မြောက်မှုနှင့် အခြေအနေပေါ်မူတည်၍ စာသင်ချိန်ကို ပြောင်းလဲသင်ကြားနိုင်ပါသည်။

**၃။ သင်ယူမှုဦးတည်ချက်**

ဆရာများအနေဖြင့် မည်သည့်သင်ကြား၊ သင်ယူမှုလုပ်ငန်းကို အသုံးပြုသင်ကြားသည်ဖြစ်စေ သင်ယူမှုဦးတည်ချက် ပေါက်မြောက်အောင် သင်ကြားရန် လိုအပ်သည်။

**၄။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်း**

ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများအပြင် ဆရာများကိုယ်တိုင်ပြုလုပ်ထားသော ရုပ်ပုံကားချပ်များ၊ ပစ္စည်းစစ်များ စသည့် သင်ထောက်ကူပစ္စည်းကို အသုံးပြု၍ သင်ကြားရပါမည်။

**၅။ သင်ကြားသင်ယူမှုလုပ်ငန်း**

သင်ကြားမှုအစီအစဉ်တွင် ဦးတည်ချက်ပေါက်မြောက်စေရန် သင်ကြားရမည့်အစီအစဉ်များကို လမ်းညွှန်ထားပါသည်။ နိဒါန်း၊ လုပ်ငန်းစဉ်၊ နိဂုံးချုပ်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း အစီအစဉ်များ ပါဝင်သည်။ ထိုလုပ်ငန်းစဉ်များကို အခြေအနေပေါ်မူတည်၍ လိုအပ်ပါက ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်းများ ပြုလုပ်နိုင်သည်။ စာသင်ချိန်တိုင်းတွင် ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်းများလည်း အသေးစိတ်ဖော်ပြထားသည်။ သင်ကြားမည့်ဆရာများအနေဖြင့် ညွှန်ကြားချက်များကို ကြည့်ရှုလေ့လာခြင်းအားဖြင့် မည့်သည့်အချက်ကို အခြေခံကာ အကဲဖြတ်ရမည်ဖြစ်ကြောင်း သိရှိနိုင်ပါသည်။

**၆။ အဓိကအချက်များနှင့် အရေးကြီးသောအချက်များ**

ဆရာလမ်းညွှန်စာအုပ်ကို အသုံးပြုသင်ကြားရာတွင် ဆရာများအတွက် အထောက်အကူပြုစေရန် အဓိကအချက်များနှင့် အရေးကြီးသောအချက်များဟူ၍ ခွဲခြားဖော်ပြထားပါသည်။

အဓိကအချက်များတွင် ဆရာက မဖြစ်မနေ သတိထား လုပ်ဆောင်ရမည့်အချက်များကို ဖော်ပြထားပါသည်။

အရေးကြီးသောအချက်များတွင် သင်ကြားပုံနည်းစနစ်များ၊ သင်ယူနေစဉ် ကျောင်းသားအခြေအနေပေါ်မူတည်၍ လုပ်ဆောင်ရမည့် အချက်များကို ဖော်ပြထားပါသည်။

(က) ဆရာ၏အတွေ့အကြုံနမူနာ

(ခ) ဗျည်းတူ စာလုံးဆင့်နှင့် ဗျည်းမတူ စာလုံးဆင့်များရှိကြောင်း ရှင်းပြထားသည့်အချက်များ။

(ဂ) အပြောနှင့် အရေးမတူသည်ကို ရှင်းပြထားသည့်အချက်များ

DBE Box - Copyright Protected

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# ဒုတိယတန်း
# မြန်မာဖတ်စာ

# ဆရာလမ်းညွှန်



DBE Box - Copyright Protected

၂၀၁၉-၂၀၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# ဒုတိယတန်း
# မြန်မာဖတ်စာ
# ဆရာလမ်းညွှန်

DBE Box – Copyright Protected

၂၀၁၉–၂၀၂၀

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၊ အုပ်ရေ – ၂၅၀၀၀ အုပ်
၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည်။

အလုပ်အမိန့်အမှတ် – BB ၁၂/၁၈ ဖြင့်
မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA)
ပုံနှိပ်တိုက်၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

DBE Box – Copyright Protected

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဆရာလမ်းညွှန်စာအုပ် အသုံးပြုနည်း | ၁ |
| ၂ | ဆရာလမ်းညွှန်စာအုပ်တွင် ပါဝင်သော အကြောင်းအရာများ | ၁ |
| ၃ | သင်ရိုးသစ်တွင် ပါဝင်သည့် အကြောင်းအရာများနှင့် အကျိုးကျေးဇူးများ | ၃ |
| ၄ | ဒုတိယတန်းမြန်မာစာသင်ချိန် ခန့်မှန်းချက် ဇယားနမူနာ | ၄ |
| ၅ | နယ်ပယ်အလိုက် သင်ခန်းစာများ ခွဲခြားထားခြင်း | ၇ |
| ၆ | အကဲဖြတ်ခြင်း၏အခြေခံအချက်များ | ၁၂ |
| ၇ | သင်ခန်းစာအလိုက် သင်ပြမှုပုံစံများ | |
| | အခန်း (၁) အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁) | ၁၄ |
| | အခန်း (၂) အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂) | ၃၁ |
| | အခန်း (၃) အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃) | ၄၆ |
| | အခန်း (၄) အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၄) | ၆၀ |
| | အခန်း (၅) အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၅) | ၇၇ |
| | အခန်း (၆) အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၆) | ၉၀ |
| | အခန်း (၇) အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၇) | ၁၀၄ |
| | အခန်း (၈) ပုံပြောကြမယ် နားထောင်ကွယ် စာလုံးဆင့်လည်း သင်ကြမယ် | ၁၁၉ |
| | အခန်း (၉) ကိုယ့်အကြောင်းကလေးတွေ ပြောကာရယ် စာပိုဒ်ကလေးတွေ ရေးကြမယ် | ၁၂၆ |
| | အခန်း (၁၀)ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင် စာသင်မယ် | ၁၃၅ |
| | အခန်း (၁၁)ပုံပြင်ကလေးတွေပြောကာရယ် ဗဟုသုတရှာကြမယ် | ၁၅၂ |


DBE Box – Copyright Protected

## ၁။ ဆရာလမ်းညွှန်စာအုပ် အသုံးပြုနည်း

### ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်သည် ဒုတိယတန်းမြန်မာစာသင်ကြားရေးအတွက် ပြုစုထားခြင်းဖြစ်သည်။ ဆရာများသည် ဤဆရာလမ်းညွှန်စာအုပ်ကို အသုံးပြုပြီး ကလေးများ မြန်မာဘာသာစကား၏ အနားအကြား၊ အပြောအဆို၊ အရွတ်အဖတ်၊ အရေးအသားနှင့် စဉ်းစားတွေးခေါ် ဖန်တီးမှုများစသော အခြေခံကျွမ်းကျင်မှုများကို သင်ကြားနိုင်စေရန် ပြုစုထားခြင်း ဖြစ်သည်။ မူလတန်းအောက်ဆင့်တွင် မြန်မာဘာသာစကား၏ပျဉ်းနှင့်သရ အခြေခံသင်ကြားမှုပုံစံများကို နမူနာယူကာ ကျောင်းသားများအား မှန်ကန်ထိရောက်သော သင်ကြားမှုများကို ပြုလုပ်နိုင်စေရန် ရည်ရွယ်သည်။ ဆရာလမ်းညွှန်တွင် သင်ခန်းစာအသီးသီး၏ဦးတည်ချက်၊ သင်ကြားရာတွင် အရေးကြီးသောအချက်များ၊ သင်ကြားပုံ အဆင့်ဆင့်နှင့် စစ်ဆေးအကဲဖြတ်ခြင်းစသော လမ်းညွှန်ချက်များ ပါဝင်သည့်အတွက် သင်ကြားသင်ယူမှုလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်ပါသည်။ ဤဆရာလမ်းညွှန်စာအုပ်သည် ဆရာအတတ်သင်ပညာရေး သင်တန်းသားများ သာမက လက်တွေ့သင်ကြားရေးနယ်ပယ်ရှိ ဆရာများအတွက်ပါ လမ်းညွှန်အဖြစ် ရည်ရွယ်ပြုစုထားပါသည်။

## ၂။ ဆရာလမ်းညွှန်စာအုပ်တွင် ပါဝင်သော အကြောင်းအရာများ

ဤဆရာလမ်းညွှန်စာအုပ်တွင် သင်ပြမှုပုံစံများကို ထည့်သွင်းထားပါသည်။ ဆရာများကို ဆရာလမ်းညွှန်တွင် ဖော်ပြထားသော သင်ကြားမှုပုံစံများအတိုင်း သင်ကြားရန် တိုက်တွန်းလိုပါသည်။

### ဖွဲ့စည်းပုံ

ဆရာလမ်းညွှန်စာအုပ်တွင်

၁။ ကျောင်းသုံးစာအုပ် နမူနာပုံစံ

၂။ သင်ခန်းစာအမည်နှင့် အကြံပြုစာသင်ချိန်

၃။ သင်ယူမှုဦးတည်ချက်

၄။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်း

၅။ သင်ကြားသင်ယူမှုလုပ်ငန်း

၆။ သင်ခန်းစာတစ်ခုချင်း၏အဓိကအချက်များ၊ အရေးကြီးသောအချက်များနှင့် ဖွဲ့စည်းထားပါသည်။

ဆရာများအတွက် ထိရောက်ပေါက်မြောက်သော သင်ကြားမှုများ ပြုလုပ်နိုင်ရန် အထက်ဖော်ပြပါ ဖွဲ့စည်းပုံရှိ အစိတ်အပိုင်းအသီးသီးကို ချိတ်ဆက်ထားပါသည်။

**ကျောင်းသုံးစာအုပ် စာမျက်နှာအလိုက် သင်ခန်းစာများကို အညွှန်းအဖြစ် ကိုးကားနိုင်ရန် ဖော်ပြထားသည်။**



DEE Box – Copyright Protected

## ၅။ နယ်ပယ်အလိုက် သင်ခန်းစာများခွဲခြားထားခြင်း

| စဉ် | သင်ခန်းစာ | ရည်ရွယ်ချက် | သင်ချိန် | နယ်ပယ် |  |  |  | အမျိုးအစား |  |  |  |  |  | အကျိုးကျေးဇူး |  |  |  |  |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
|  |  |  |  | အခြေခံ | အနားအကြား အပြောအဆို | အရွတ်အဖတ် | အရေးအသား | ရွတ်ဆိုခြင်း | စကားပြော | အခြေခံ | ကဗျာ | ပုံပြင် | သတင်း အချက်အလက် | ခံစားမှုစွမ်းရည် | စဉ်းစားတွေး ခေါ်နိုင်မှုစွမ်းရည် | ကိုယ်ကျင့်တရား | ယဉ်ကျေးမှု | ဗဟုသုတ ကျယ်ဝန်းမှု |
| **နယ်ပယ် (၁) အခြေခံ** |  |  |  |  |  |  |  |  |  |  |  |  |  |  |  |  |  |  |
| ၁ (ဂ) | အင် အင့် အင်း အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အင် အင့် အင်း အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ |  | ◎ |  |  |  |  |  |  |  |  |
| ၁ (ဃ) | အောင် အောင့် အောင်း အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အောင် အောင့် အောင်း အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ |  | ◎ |  |  |  |  |  |  |  |  |
| ၂ (ခ) | အိုင် အိုင့် အိုင်း အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အိုင် အိုင့် အိုင်း အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ |  | ◎ |  |  |  |  |  |  |  |  |
| ၂ (ဂ) | အိန် အိန့် အိန်း အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အိန် အိန့် အိန်း အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ |  | ◎ |  |  |  |  |  |  |  |  |
| ၃ (ဂ) | အုန် အုန့် အုန်း အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အုန် အုန့် အုန်း အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ |  | ◎ |  |  |  |  |  |  |  |  |
| ၃ (ဃ) | အွန် အွန့် အွန်း အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အွန် အွန့် အွန်း အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ် ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ |  | ◎ |  |  |  |  |  |  |  |  |
| ၄ (ခ) | အက် အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အက် အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ |  | ◎ |  |  |  |  |  |  |  |  |
| ၄ (ဂ) | အောက် အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အောက် အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ |  | ◎ |  |  |  |  |  |  |  |  |

◎ သင့်လျော်သည်။ ○ အခြေအနေအလိုက် အသုံးပြုနိုင်သည်။



DBE Box - Copyright Protected

| စဉ် | သင်ခန်းစာ | ရည်ရွယ်ချက် | သင်ချိန် | နယ်ပယ် | | | | အမျိုးအစား | | | | | | အကျိုးကျေးဇူး | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခြေခံ | အနာအကြား အပြောအဆို | အရွတ်အဖတ် | အရေးအသား | ရွတ်ဆိုခြင်း | စကားပြော | အခြေခံ | ကဗျာ | ပုံပြင် | သတင်း အချက်အလက် | ခံစားမှုစွမ်းရည် | စဉ်းစားတွေး ခေါ်နိုင်မှုစွမ်းရည် | ကိုယ်ကျင့်တရား | ယဉ်ကျေးမှု | ဗဟုသုတ ကျယ်ဝန်းမှု |
| **နယ်ပယ် (၁) အခြေခံ** | | | | | | | | | | | | | | | | | | |
| ၅ (က) | အိုက် အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အိုက် အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ | | ◎ | | | | | | | | |
| ၅ (ခ) | အစ် အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အစ် အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ | | ◎ | | | | | | | | |
| ၆ (က) | အတ် အပ် အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အတ် အပ် အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ | | ◎ | | | | | | | | |
| ၆ (ခ) | အွတ် အွပ် အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အွတ် အွပ် အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ | | ◎ | | | | | | | | |
| ၇ (က) | အိတ် အိပ် အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အိတ် အိပ် အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ | | ◎ | | | | | | | | |
| ၇ (ခ) | အုတ် အုပ် အသတ်များ သင်ကြားကြစို့လား | ဗျည်း၊ ဗျည်းတွဲနှင့် အုတ် အုပ် အသတ် ပေါင်းစပ်၍ အဓိပ္ပာယ်ရှိသော စာကြောင်းများကို အသံထွက် ရွတ်ဖတ်ရေးသားတတ်ရန် | ၉ | ◎ | ◎ | ◎ | ◎ | ◎ | | ◎ | | | | | | | | |
| ၈ (က) | စာလုံးဆင့် (ပါဠိဆင့်) များသင်ကြားကြစို့လား | စာလုံးဆင့် (ပါဠိဆင့်) များပါရှိသော အဓိပ္ပာယ်ရှိသော စာကြောင်းများကိုအသံထွက်ရွတ်ဖတ်ရေးသားတတ်ရန် | ၁၃ | ◎ | ◎ | ◎ | ◎ | ◎ | | ◎ | | | | | | | | |
| **နယ်ပယ် (၂) အနာအကြား၊ အပြောအဆို** | | | | | | | | | | | | | | | | | | |
| ၁ (က) | နွေရာသီကျောင်းပိတ်ရက် | နွေရာသီကျောင်းပိတ်ရက် အတွေ့အကြုံများကို ရုပ်ပုံများ အသုံးပြု၍ ပျော်ရွှင်စွာ ပြောနိုင်ရန်၊ သူငယ်ချင်းများ၏အတွေ့အကြုံများကို နားထောင်က မေးခွန်းများ မေးတတ်ရန် | ၂ | | ◎ | | | | ◎ | | | | | | | | | ◎ |

DBE Box – Copyright Protected

| စဉ် | သင်ခန်းစာ | ရည်ရွယ်ချက် | သင်ချိန် | နယ်ပယ် | | | | အမျိုးအစား | | | | | | အကျိုးကျေးဇူး | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခြေခံ | အနာအကြား အပြောအဆို | အရွတ်အဖတ် | အရေးအသား | ရွတ်ဆိုခြင်း | ဇာတ်လမ်း | အခြေခံ | ကဗျာ | ပုံပြင် | သတင်းအချက်အလက် | စိတ်ခံစားမှုညီ | စည်းကမ်းလိုက်နာ ပူးပေါင်းညီညွတ် | ကိုယ်ကျင့်တရား | ယဉ်ကျေးမှု | ပတ်ဝန်းကျင် ထိန်းသိမ်းမှု |
| **နယ်ပယ် (၂) အနာအကြား၊ အပြောအဆို** | | | | | | | | | | | | | | | | | | |
| ၃ (က) | ဘာကြောင့်ကြိုက်တယ် ပြောကြမယ် | မိမိကြိုက်နှစ်သက်သော ကိုယ်ပိုင်ပစ္စည်းလေးတွေ အကြောင်းကို အခြားသူများအား ပြောပြတတ်ရန်၊ ဘာကြောင့်ကြိုက်တယ်ဟူသော အချက်ကို မေးခွန်း မေးတတ် ပြန်ပြောပြတတ်ရန် | ၁ | | ◎ | | | | ◎ | | | | | | ◎ | | | |
| ၄ (က) | အမြှောက်ကြိုက်သူ | ပုံပြင်ပါ အကြောင်းအရာများကို နားထောင်ပြီး ပြန်လည်ပြောပြတတ်ရန်၊ သူတစ်ပါး၏ပြောဆိုမှုကို စဉ်းစားချင့်ချိန်ပြီးမှ မှန် မမှန် ဆင်ခြင်ဆုံးဖြတ်တတ်ရန် | ၄ | | ◎ | ◎ | | | | ◎ | | ◎ | | | ◎ | | | |
| ၅ (ဂ) | ကျေးလက်နှင့်မြို့ပြ | ကျေးလက်နှင့်မြို့ပြပုံပါ ရုပ်ပုံများကို သိရှိစေရန်၊ ကျေးလက်နှင့် မြို့ပြ ရုပ်ပုံကို နှိုင်းယှဉ်၍ မတူညီသည့် အချက်များကို ပြောပြတတ်ရန် | ၁ | | ◎ | | ◎ | | ◎ | | | | | | | | | ◎ |
| ၅ (ဃ) | ဘာကျွေးမှာလဲ | သင်ခန်းစာပါ တိရစ္ဆာန်လေးများ၏အစာကို ရွေးချယ်တတ်ရန်၊ ဝေါဟာရ ကြွယ်ဝစေရန် | ၁ | | ◎ | | ◎ | | | ◎ | | | | | | | | ◎ |
| ၆ (ဂ) | စကားလုံးဆက် ကစားကြစို့လား | စကားလုံး ကတ်ပြားများဖြင့် အဓိပ္ပာယ်ရှိသော စာကြောင်းများ ပြောဆိုတတ်ရန် | ၁ | | ◎ | | | | | ◎ | | | | | | | | |
| ၁၀ (ဃ) | ဘာယာဉ်တွေစီးဖူးသလဲ | မိမိစီးဖူးသောယာဉ်များကို သိရှိရန်၊ မေးခွန်းပေါ်မူတည်၍ အဖြေဝါကျကို အစီအစဉ်တကျ ပြည့်စုံစွာ ရေးသားတတ်ရန် | ၁ | | ◎ | | ◎ | ◎ | | | | | | | | | | ◎ |
| **နယ်ပယ် (၃) အရွတ်အဖတ်** | | | | | | | | | | | | | | | | | | |
| ၁ (ခ) | တောကြီးထဲကဆင် (ကဗျာ) | ကဗျာကို ပျော်ရွှင်စွာ ရွတ်ဆိုရင်း အင် အင့် အင်း သင်ခန်းစာပါ သင်္ကေတများကို မှတ်မိသိရှိလာစေရန် | ၂ | ○ | | ◎ | | ◎ | | | ◎ | | | ◎ | | | | |
| ၁ (င) | ဆယ့်နှစ်လရာသီပွဲတော် (ကဗျာ) | ဆယ့်နှစ်လရာသီ၏ အမည်နှင့် ပွဲတော်များကို မှတ်မိသိရှိပြီး ပြောပြတတ်ရန် | ၂ | ○ | | ◎ | | ◎ | | | ◎ | | | | | | ◎ | |
| ၂ (က) | မေ့သားလု (ကဗျာ) | ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | ○ | | ◎ | | ◎ | | | ◎ | | | ◎ | | | | |

| စဉ် | သင်ခန်းစာ | ရည်ရွယ်ချက် | သင်ချိန် | နယ်ပယ် | | | | အမျိုးအစား | | | | | | အကျိုးကျေးဇူး | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခြေခံ | အနားအကြား အပြောအဆို | အရွတ်အဖတ် | အရေးအသား | ရွတ်ဆိုခြင်း | စကားပြော | အခြေခံ | ကဗျာ | ပုံပြင် | သတင်း အချက်အလက် | ခံစားမှုစွမ်းရည် | စဉ်းစားတွေးခေါ်နိုင်မှုစွမ်းရည် | ကိုယ်ကျင့်တရား | ယဉ်ကျေးမှု | ဗဟုသုတ ကျယ်ဝန်းမှု |
| **နယ်ပယ် (၃) အရွတ်အဖတ်** | | | | | | | | | | | | | | | | | | |
| ၂ (င) | ညီထွေးနဲ့ ကိုလေး (ကဗျာ) | ကဗျာကို ကိုယ်ပိုင်ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | ○ | | ◎ | | ◎ | | | ◎ | | | ◎ | | | | |
| ၃ (ခ) | ယုန်ကလေးက နားရွက်ထောင် (ကဗျာ) | ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | ○ | | ◎ | | ◎ | | | ◎ | | | ◎ | | | | |
| ၈ (ခ) | ကြာအေး (ကဗျာ) | ကဗျာကို ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | ○ | | ◎ | | ◎ | | | ◎ | | | ◎ | | | | |
| ၈ (ဂ) | ပညာရှိဇီးကွက် (ပုံပြင်) | ပုံပြင်ကို ဖတ်ရှုပြီး မိမိထင်မြင်ချက်များကို ပြောပြတတ်ရန်၊ ပုံပြင်စာကြောင်းပါ အသတ်၊ ပါဌ်ဆင့် စကားလုံးများကို ရှာဖွေတတ်ရန်၊ အချင်းချင်း ညီညီညွတ်ညွတ် နေထိုင်တတ်ရန် | ၂ | | | ◎ | | | | | | ◎ | | | | | | |
| ၉ (ဂ) | တို့တာဝန် (ကဗျာ) | ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆို တတ်ရန် | ၂ | ○ | | ◎ | | ◎ | | | ◎ | | | | ◎ | | | |
| ၁၀ (ခ) | ဖိုးလနတ်သား (ကဗျာ) | ကဗျာကို ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | ○ | | ◎ | | ◎ | | | ◎ | | | ◎ | | | | |
| ၁၀ (ဂ) | ပျော်ရွှင်စရာ တို့ကျောင်းမှာ | မိမိကျောင်းအကြောင်းကို ပြောပြတတ်ရန် | ၄ | | | ◎ | | | | | | | ◎ | | | | | |
| ၁၁ (က) | စာဘူးတောင်းသိုက်ကလေးများ | သင်ခန်းစာကို ဖတ်ရှုပြီး အဓိပ္ပာယ်ကို နားလည်ရန်၊ စာဘူးတောင်းငှက်၏နေထိုင်မှုထူးခြားပုံကို သိရှိရန် | ၅ | | | ◎ | | | | | | | ◎ | | | | | ◎ |
| ၁၁ (ခ) | ရွှေဥသြ(ကဗျာ) | ကဗျာကို ဟန်အမူအရာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | ○ | | ◎ | | ◎ | | | ◎ | | | ◎ | | | | |
| ၁၁ (င) | မင်္ဂလာ (ကဗျာ) | ကဗျာကို အသံနေ အသံထား မှန်မှန်ဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန် | ၂ | ○ | | ◎ | | ◎ | | | ◎ | | | | ◎ | | | |

DBE Box _ Copyright Protected

| စဉ် | သင်ခန်းစာ | ရည်ရွယ်ချက် | သင်ချိန် | နယ်ပယ် | | | | အမျိုးအစား | | | | | | အကျိုးကျေးဇူး | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခြေခံ | အနားအကြား အပြောအဆို | အရွတ်အဖတ် | အရေးအသား | ရွတ်ဆိုခြင်း | စကားပြော | အခြေခံ | ကဗျာ | ပုံပြင် | သတင်း အချက်အလက် | ခံစားမှုဖွံ့ဖြိုး | ပေါင်းသင်း ဆက်ဆံမှုဖွံ့ဖြိုး | ကိုယ်ကျင့်တရား | ယဉ်ကျေးမှု | စူးစမ်း လေ့လာမှု |
| **နယ်ပယ် (၄) အရေးအသား** | | | | | | | | | | | | | | | | | | |
| ၂ (ဃ) | ရုပ်ပုံကြည့်ကာ စာရေးပါ။ စကား လုံးမှန်ဖို့လေ့ကျင့်စို့ | ရုပ်ပုံများကို ကြည့်ရှုပြီး ပြန်လည်ရေးသားတတ်ရန်၊ ဆရာပြောပြသော စကားလုံးများကို နားထောင်ပြီး ရေးသားတတ်ရန် | ၁ | | | | ◎ | | ◎ | | | | | | | | | |
| ၄ (ဃ) | ရုပ်ပုံကြည့်ကာ စာရေးပါ | ရုပ်ပုံကို ကြည့်၍ အပြောစကားကို အစီအစဉ်တကျ ရေးတတ်ရန် | ၁ | | | | ◎ | | ◎ | | | | | | | | | |
| ၇ (ဂ) | ရုပ်ပုံကြည့်၍စာစီမယ် | ပေးထားသောစကားစုများကို ဖတ်တတ်ရန်၊ ရုပ်ပုံကို ကြည့်ပြီး စာကြောင်းများကို အစီအစဉ်တကျ ပြန်လည်ရေးသားတတ်ရန် | ၁ | | | ○ | ◎ | | | ◎ | | | | | | | | |
| ၉ (က) | ကိုယ့်အကြောင်းကလေးတွေ ရေးကြည့်ကြရအောင် | ဖတ်စာကို အခြေခံ၍ မိမိအကြောင်းနှင့်ဆက်စပ်သော စာကြောင်း များကို ရေးသားတတ်ရန် | ၆ | | | ○ | ◎ | | | ◎ | | | ◎ | | | | | ◎ |
| ၉ (ခ) | စိတ်ခံစားချက် စကားလုံးတွေကို ရေးကြည့်ကြရအောင် | ကလေးများ၏ စိတ်ခံစားချက်စကားလုံးများကို ပြောပြတတ် ရေးသား တတ်ရန် | ၁ | | ○ | | ◎ | | | | | | | ◎ | | | | |
| ၁၀ (ဃ) | အဘိုးအိုနှင့် သားသုံးယောက် | တစ်ဦးနှင့်တစ်ဦး စည်းစည်းလုံးလုံးနေတတ်ရန်၊ ဖတ်စာပါ အကြောင်း အရာများကို ဖတ်ရှုပြီး စာကြောင်းတိုများကို ရေးသားတတ်ရန်၊ အပြောစကားနှင့် အရေးစကားမတူညီကြောင်း ခွဲခြားသိရှိရန် | ၆ | | ○ | ◎ | ◎ | | | | | ◎ | | | ◎ | | | |
| ၁၀ (င) | ဘကြီးဖြိုးတို့အိမ် | သင်ခန်းစာပါ အကြောင်းအရာကို ဖတ်ရှုပြီး ပြန်လည် ပြောဆို တတ်ရန်၊ အချင်းချင်း ကူညီလုပ်ဆောင်တတ်ရန် | ၅ | | ○ | ◎ | ◎ | | | | | ◎ | | | ◎ | | | |
| ၁၁ (ဂ) | ပန်းချစ်သူ | ပုံပြင်ကို ဖတ်ရှုပြီး အချင်းချင်း ပြောပြတတ်ရန်၊ ဇာတ်ကောင်စရိုက်ကို ပြောပြတတ်ရန်၊ မိမိ ပတ်ဝန်းကျင်ကို ချစ်တတ်ရန်၊ မိမိထင်မြင် ချက်ကို ရေးသားတတ်ရန် | ၅ | | ○ | ◎ | ◎ | | | | | ◎ | | | | ◎ | | |
| ၁၁ (ဃ) | ပျော်ပျော်ရွှင်ရွှင်ရေးဖို့ပြင် | ကျောင်းအားလပ်ရပ် မိမိအတွေ့အကြုံများ ပြောပြတတ်ရန်၊ နံနက်၊ နေ့လယ်၊ ညနေ အချိန်အလိုက် လုပ်ဆောင်ချက်များကို ရေးသား တတ်ရန် | ၂ | | | | ◎ | | | | | | | | ◎ | | | |

DBE Box - Copyright Protected

## ၄။ ဒုတိယတန်း မြန်မာစာသင်ချိန် ခန့်မှန်းချက် ဇယားနမူနာ

ဒုတိယတန်း မြန်မာစာသင်ချိန် ခန့်မှန်းချက် ဇယားကို နမူနာအဖြစ် ဖော်ပြထားပါသည်။

| အခန်း | သင်ခန်းစာ | အကြောင်းအရာ | သင်ချိန် | | လ |
|---|---|---|---|---|---|
| ၁ | | အသတ်လက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁) | | | |
| | က | နွေရာသီကျောင်းပိတ်ရက် | ၂ | | |
| | ခ | တောကြီးထဲကဆင် (ကဗျာ) | ၂ | | |
| | ဂ | အင် (-င်) အင့် (-င့်) အင်း (-င်း)အသတ်များသင်ကြားကြစို့လား | ၉ | | |
| | ဃ | အောင် (ော-င်) အောင့် (ော-င့်) အောင်း (ော-င်း) အသတ်များ သင်ကြားကြစို့လား | ၉ | | ဇွန် |
| | င | ဆယ့်နှစ်လရာသီပွဲတော်များ | ၂ | | |
| | | ပြန်လှန်သင်ကြားခြင်း | ၃ | | |
| ၂ | | အသတ်လက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂) | | | |
| | က | မေ့သားလှ (ကဗျာ) | ၂ | | |
| | ခ | အိုင် (ိုင်) အိုင့် (ိုင့်) အိုင်း (ိုင်း) အသတ်များသင်ကြားကြစို့လား | ၉ | ၃ | |
| | ခ | အိုင် (ိုင်) အိုင့် (ိုင့်) အိုင်း (ိုင်း) အသတ်များသင်ကြားကြစို့လား | | ၆ | |
| | ဂ | အိန် (ိန်) အိန့် (ိန့်) အိန်း (ိန်း) အသတ်များသင်ကြားကြစို့လား | ၉ | | |
| | ဃ | ရုပ်ပုံကြည့်ကာစာရေးပါ။ စကားလုံးမှန်ဖို့ လေ့ကျင့်စို့။ | ၁ | | |
| | င | ညီထွေးနဲ့ ကိုလေး (ကဗျာ) | ၂ | | |
| | | ပြန်လှန်သင်ကြားခြင်း | ၃ | | ဇူလိုင် |
| ၃ | | အသတ်လက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃) | | | |
| | က | ဘာကြောင့်ကြိုက်တယ် ပြောကြမယ် | ၁ | | |
| | ခ | ယုန်ကလေးက နားရွက်ထောင် (ကဗျာ) | ၂ | | |
| | ဂ | အုန် (ုန်) အုန့် (ုန့်) အုန်း (ုန်း)အသတ်များ သင်ကြားကြစို့လား | ၉ | ၈ | |
| | ဂ | အုန် (ုန်) အုန့် (ုန့်) အုန်း (ုန်း)အသတ်များ သင်ကြားကြစို့လား | | ၁ | |
| | ဃ | အွန် (ွန်) အွန့် (ွန့်) အွန်း (ွန်း) အသတ်များ သင်ကြားကြစို့လား | ၉ | | |
| | | ပြန်လှန်သင်ကြားခြင်း | ၃ | | |
| ၄ | | အသတ်လက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၄) | | | ဩဂုတ် |
| | က | အမြှောက်ကြိုက်သူ (ပုံပြင်) | ၄ | | |
| | ခ | အက် (-က်) အသတ်များ သင်ကြားကြစို့လား | ၉ | | |
| | ဂ | အောက် (ော-က်) အသတ်များ သင်ကြားကြစို့လား | ၉ | ၆ | |
| | ဂ | အောက် (ော-က်) အသတ်များ သင်ကြားကြစို့လား | | ၃ | |
| | ဃ | ရုပ်ပုံကြည့်ကာ စာရေးပါ။ | ၁ | | စက်တင်ဘာ |
| | | ပြန်လှန်သင်ကြားခြင်း | ၃ | | |

DBE Box - Copyright Protected

| အခန်း | သင်ခန်းစာ | အကြောင်းအရာ | သင်ချိန် | | လ |
|---|---|---|---|---|---|
| ၅ | အသတ်လက္ခဏာ သိမှတ်စရာ ဖျည်းနဲ့တွဲကြမှာ (၅) | | | | စက်တင်ဘာ |
| | က | အိုက် (ိုက်) အသတ်များ သင်ကြားကြစို့လား | ၉ | | |
| | ခ | အစ် (-စ်) အသတ်များ သင်ကြားကြစို့လား | ၉ | | |
| | ဂ | ကျေးလက်နှင့် မြို့ပြ | ၁ | | |
| | ဃ | ဘာကျွေးမှာလဲ | ၁ | | |
| | | ပြန်လှန်သင်ကြားခြင်း | ၃ | | |
| ၆ | အသတ်လက္ခဏာ သိမှတ်စရာ ဖျည်းနဲ့တွဲကြမှာ (၆) | | | | |
| | က | အတ် (-တ်) အပ် (-ပ်) အသတ်များ သင်ကြားကြစို့လား | ၉ | ၂ | |
| | က | အတ် (-တ်) အပ် (-ပ်) အသတ်များ သင်ကြားကြစို့လား | | ၇ | အောက်တိုဘာ |
| | ခ | အွတ် (ွတ်) အွပ် (ွပ်) အသတ်များ သင်ကြားကြစို့လား | ၉ | | |
| | ဂ | စကားလုံးဆက်ကစားကြစို့လား | ၁ | | |
| | | ပြန်လှန်သင်ကြားခြင်း | ၃ | | |
| ၇ | အသတ်လက္ခဏာ သိမှတ်စရာ ဖျည်းနဲ့တွဲကြမှာ (၇) | | | | |
| | က | အိတ် (ိတ်) အိပ် (ိပ်) အသတ်များ သင်ကြားကြစို့လား | ၉ | ၄ | |
| | က | အိတ် (ိတ်) အိပ် (ိပ်) အသတ်များ သင်ကြားကြစို့လား | | ၅ | နိုဝင်ဘာ |
| | ခ | အုတ် (ုတ်) အုပ် (ုပ်) အသတ်များ သင်ကြားကြစို့လား | ၉ | | |
| | ဂ | ရုပ်ပုံကြည့်ပြီးစာစီမယ် | ၁ | | |
| | | ပြန်လှန်သင်ကြားခြင်း | ၃ | | |
| ၈ | ပုံပြောကြမယ် နားထောင်ကွယ် စာလုံးဆင့်လည်း သင်ကြမယ် | | | | |
| | က | စာလုံးဆင့် (ပါဠိဆင့်များ) သင်ကြားကြစို့လား | ၁၃ | | |
| | ခ | ကြာအေး (ပတ်လည်သီချင်း) | ၂ | ၁ | |
| | ခ | ကြာအေး (ပတ်လည်သီချင်း) | | ၁ | ဒီဇင်ဘာ |
| | ဂ | ပညာရှိဖိုးကွက် | ၂ | | |
| | | ပြန်လှန်သင်ကြားခြင်း | ၃ | | |
| ၉ | ကိုယ့်အကြောင်းကလေးတွေပြောကာရယ် စာပိုဒ်ကလေးတွေ ရေးကြမယ် | | | | |
| | က | ကိုယ့်အကြောင်းကလေးတွေ ရေးကြည့်ကြရအောင် | ၆ | | |
| | ခ | စိတ်ခံစားချက် စကားလုံးတွေကို ရေးကြည့်ကြရအောင် | ၁ | | |
| | ဂ | တို့တာဝန် | ၂ | | |
| | | ပြန်လှန်သင်ကြားခြင်း | ၃ | | |

DBE Box - Copyright Protected

| အခန်း | သင်ခန်းစာ | အကြောင်းအရာ | သင်ချိန် | လ |
|---|---|---|---|---|
| **၁၀** | **ဖတ်စာကလေးတွေ ဖတ်ကာရယ် ပျော်ပျော်ရွှင်ရွှင် စာသင်မယ်** | | | ဒီဇင်ဘာ |
| | က | အဘိုးအိုနှင့် သားသုံးယောက် | ၆ | |
| | ခ | ဖိုးလနတ်သား (ကဗျာ) | ၂ | ဇန်နဝါရီ |
| | ဂ | ပျော်ရွှင်စရာ တို့ကျောင်းမှာ | ၄ | |
| | ဃ | ဘာယာဉ်တွေစီးဖူးသလဲ | ၁ | |
| | င | ဘကြီးဖြိုးတို့အိမ် | ၅ | |
| | | ပြန်လှန်သင်ကြားခြင်း | ၃ | |
| **၁၁** | **ပုံပြင်ကလေးတွေ ပြောကာရယ် ဗဟုသုတရှာကြမယ်** | | | |
| | က | စာဘူးတောင်းသိုက်ကလေးများ | ၅ | |
| | ခ | ရွှေညီညာ (ကဗျာ) | ၂ | |
| | ဂ | ပန်းချစ်သူ (ပုံပြင်) | ၅ | |
| | ဃ | ပျော်ပျော်ရွှင်ရွှင် ရေးဖွဲ့ပြင် | ၂ | |
| | င | မင်္ဂလာ (ကဗျာ) | ၂ | |
| | | ပြန်လှန်သင်ကြားခြင်း | ၁ | |
| | | ပုံပြအဘိဓာန် | | |
| | | စုစုပေါင်းစာသင်ချိန် | ၂၄၀ | |
| | | အရန်စာသင်ချိန် | ၄၈ | |

**မှတ်ချက်** ။ - နယ်ပယ်အလိုက် သင်ခန်းစာများ ခွဲခြားထားခြင်း ကဏ္ဍတွင် သင်္ကေတအသုံးပြုမှု အမှတ်အသား ◎ (သင့်လျော်သည်) နှင့် ○ (အခြေအနေအလိုက် အသုံးပြုနိုင်သည်)ကို ဖော်ပြထားပါသည်။

- သင်ကြားမည့် သင်ခန်းစာပေါ်မူတည်၍ အလေးထားရမည့် အချက်များကို ⦿ သင်္ကေတဖြင့် ဖော်ပြထားသည်ကို အထူးပြုသင်ကြားရမည် ဖြစ်ပါသည်။

DBE Box – Copyright Protected